http://www.dhammadownload.com

ဝိပဿနာတရားများ

ဆရာ ဦးတင့်ရီ နှင့် ဆရာ ဦးဘဘို

P.N.L / 2002

ISBN 978-99971-0-724-0

ဗွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့

အပြည်ပြည်ဆိုင်ရာ ပဋ္ဌာန်းတော်လုပ်ငန်းဌာန

(၁၀)ရက်တရားပတ်စဉ်

ဝိပဿနာတရားများ

ဆရာ ဦးတင့်ရီ နှင့် ဆရာ ဦးဘဘို

ISBN 978-99971-0-724-0

http://www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန

အမှတ် (၃၁-က)၊ အင်းလျားမြို့ဝင်လမ်း၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com

(၁၀) ရက်တရားပတ်စခန်း

ဝိပဿနာတရားများ

ဆရာ ဦးတင့်ရီ
ဆရာ ဦးဘဘိုး

http://www.dhammadownload.com

http://www.dhammadownload.com

တမ္ဘွင့်ပြုချက်အမှတ် - ၆၁၉/၂၀၀၁ (၉)

မျက်နှာဖုံးခွင့်ပြုချက် အမှတ် - ၂၅၀/၂၀၀၂ (၅)

ထုတ်ဝေသည့်အကြိမ် - တတိယအကြိမ်

ထုတ်ဝေသည့်လ - ၂၀၀၂ စုနှစ်၊ ဇူလိုင်လ

တန်ဖိုး - ၀မွဒါန

အုပ်ရေ - ၂၀၀၀ အုပ်

မျက်နှာဖုံးပန်းချီ - ဖိုးနိုင်လင်း

ထုတ်ဝေသူ - ဦးညွှန့်ဌေး (စိန်ပန်းမြိုင်စာပေ)
အမှတ် (၂၃) အေ၊ ဦးကောင်းလမ်း
ကြည့်မြင်တိုင်း။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - 5 Pixels
အမှတ်(၁၁၉)၊ မြေညီထပ်၊
အဇနာရထာလမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com

ပါဝင်သော အခန်းများ	စာမျက်နှာ
နိဒါန်း	၁
ပထမနေ့	၇
ဒုတိယနေ့	၃၇
တတိယနေ့	၆၃
စတုတ္ထနေ့	၇၅
ပဉ္စမနေ့	၁၀၅
ဆဋ္ဌမနေ့	၁၂၉
သတ္တမနေ့	၁၅၅
အဋ္ဌမနေ့	၁၉၁
နဝမနေ့	၂၂၅
ဒသမနေ့	၂၈၁

http://www.dhammadownload.com

ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့
အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန၊ ရန်ကုန်မြို့။
လက်ရှိတာဝန်ယူဆောင်ရွက်ကြသည့် အမှုဆောင်များစာရင်း (၂၀၀၅-၂၀၀၆)

စဉ်	အမည်	ရာထူးနှင့်အလုပ်အကိုင်	အဖွဲ့တာဝန်
၁။	ဦးနိုးညွန့်	၃တိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	ဥက္ကဋ္ဌ
၂။	ဦးဝင်းဆောင်	ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	အတွင်းရေးမှူး
၃။	ဦးကြည်လှ	၃တိယညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	တွဲဖက်အတွင်းရေးမှူး(၁)
၄။	ဦးသန်းမောင်	စာရင်းစစ်အရာရှိ(ငြိမ်း) စာရင်းဝင်ချုပ်ရုံး	တွဲဖက်အတွင်းရေးမှူး(၂)
၅။	ဒေါ်နုင်းရှေ	၃တိယညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းဝင်ချုပ်ရုံး	ငွေထိန်း
၆။	ဦးတင်ရွှေ	ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	အလုပ်အမှုဆောင်အဖွဲ့ဝင်
၇။	ဒေါက်တာ ဦးသိန်းရွှေမေ	ပါမောက္ခ၊ဌာနမှူး(ငြိမ်း) ဓိတ်ရောဂါပညာဌာန၊ ဆေးဘက္ကသိုလ်(၁)	အလုပ်အမှုဆောင်အဖွဲ့ဝင်
၈။	ဦးထိန်လင်း	ညွှန်ကြားရေးမှူး စာရင်းဝင်ချုပ်ရုံး	အလုပ်အမှုဆောင်အဖွဲ့ဝင်
၉။	ဒေါ်ညီညီစိန်	ညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	အလုပ်အမှုဆောင်အဖွဲ့ဝင်
၁၀။	ဒေါ်မြင့်မြင့်သန်း	ညွှန်ကြားရေးမှူး စာရင်းစစ်ချုပ်ရုံး	အလုပ်အမှုဆောင်အဖွဲ့ဝင်
၁၁။	ဒေါ်လှသွင်	၃တိယညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	အလုပ်အမှုဆောင်အဖွဲ့ဝင်
၁၂။	ဒေါ်ဃေမေကျော်	စာရင်းစစ်(ငြိမ်း) စာရင်းဝင်ချုပ်ရုံး	အလုပ်အမှုဆောင်အဖွဲ့ဝင်
၁၃။	ဒေါ်တင်ရွှေ	လ/ထညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းဝင်ချုပ်ရုံး	စာရင်းစစ်
၁၄။	ဦးလှသော်	၃တိယညွှန်ကြားရေးမှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး	အုပ်ချုပ်ရေးမှူး

http://www.dhammadownload.com

(၁၀) ရက်တရားပတ်စခန်း

ဝိပဿနာတရားများ

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်း

အပြည်ပြည်ဆိုင်ရာ ပဋ္ဌိပတ္တိလုပ်ငန်းဌာန ကြီးကိုမြန်မာနိုင်ငံ ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာ အဖွဲ့ကြီး၏မူလဥက္ကဋ္ဌဖြစ်သော ဆရာကြီး ဦးဘခင် (**ငွေစာရင်းမင်းကြီးဟောင်း**)က ဦးဆောင်ပြီး၊ **သာသနာတော် သက္ကရာဇ် ၂၄၉၆ ခု၊ ကောဇာသက္ကရာဇ် ၁၃၁၄ ခု၊ ကဆုန်လဆန်း (၁)ရက်၊ ၁၉၅၂ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် စတင်တည်ထောင်** ဖွင့်လှစ်ခဲ့ပါသည်။ ဆရာကြီးဦးဘခင်၏ ကြီးမားသော အမြော်အမြင် ကျေးဇူးကြောင့် မြန်မာပြည် အရပ်ရပ်မှ ပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာ သာမက ကမ္ဘာတစ်လွှား တိုင်းပြည်ပေါင်းများစွာမှ ပုဂ္ဂိုလ်များစွာတို့သည် ဤရိပ်သာ၌ ဆရာကြီး၏ ဥပနိဿယကို ခံယူကာ လာရောက် အားထုတ်ကြပါသည်။

ယခုအခါမှာ ဆရာကြီး၏ ကြိုးပမ်း အားထုတ်

http://www.dhammadownload.com

မှကြောင့် မြတ်စွာဘုရား၏ သာသနာသည် ကမ္ဘာ အရပ်ရပ်သို့ ပြန့်ပွားနေပြီ ဖြစ်ပါသည်။ ၁၉၈၇ ခုနှစ်တွင် သြစတြေးလျှနိုင်ငံရှိ ပါသ် (Perth) မြို့ ၌ လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ **'ဟက်ဒင်းတွန်း'** (Heddington) ရွာ၌လည်း ကောင်း၊ ၁၉၉၁ ခုနှစ် မေလတွင် အမေရိကန်နိုင်ငံ **'မာရီလင့်'** (Maryland) ပြည်၌ လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် သြစတြေးလျှအရှေ့ပိုင်း **ဆစ်ဒနီ** (Sydney) မြို့အနီး၌လည်းကောင်း ဤရိပ်သာရှိ ဓမ္မရောင်ခြည် စေတီတော်အတိုင်း ဓမ္မစေတီတည်ဆောက်ပြီး တရားဓမ္မဌာနများ ဖွင့်လှစ်ကာ ဆရာကြီး၏ တပည့်များ ဖြစ်ကြသော **ဆရာမကြီးဒေါ်မြသွင်** နှင့် **ဆရာဦးချစ်တင်**တို့ ဦးဆောင်၍ တရားပတ်များ မှန်မှန် ပြုလုပ်လျက်ရှိပါသည်။ ထို့ပြင် ဥရောပတိုက်ရှိ Austria နိုင်ငံတွင်လည်း ဓမ္မရောင်ခြည်စေတီတော် တည်ဆောက်ပြီး တရားဓမ္မဌာနများ ဖွင့်လှစ်ရန် စီစဉ်ကြိုးပမ်းလျက် ရှိကြောင်း သိရှိရပါသည်။ အိန္ဒိယ၊ ဂျာမနီ၊ စက်ဘူ၊ ဂျပန်၊ ဆွစ်ဇာလန်၊ အီတလီနှင့် ဟော်လန်နိုင်ငံများတွင်လည်း ဆရာကြီး ဦးဘခင်၏ နည်းနာအတိုင်းတရားပတ်များ ပြုလုပ်လျက်ရှိပါသည်။

http://www.dhammadownload.com

ယခုကဲ့သို့ မြတ်စွာဘုရား၏သာသနာတော် ထွန်းကားတိုးတက် ပြန့်ပွားသွားခြင်းမှာ ဝိမုတ္တိ ခေတ်အချိန်အခါရောက်နေ၍ဖြစ်ပါသည်။ သာသနာ ၂၅၀၀ ပြည့်ပြီး နောက်နေ့ကစ၍ ဝိမုတ္တိခေတ် ထဝင်လာပါသည်။ နောက် နှစ်(၅၀၀) ပြည့်သည် အထိဖြစ်ပါသည်။ ဝိမုတ္တိခေတ်မှာ မြတ်စွာဘုရားပွင့်တော်မူစဉ်ကကဲ့သို့ပင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးတရားများကို တိကျပြတ်သားစွာပွားများအားထုတ်မည်ဆိုလျှင် မဂ်ချမ်းသာ၊ဖိုလ်ချမ်းသာ ရနိုင်သောခေတ်အခါဖြစ်ပါသည်။

မြတ်စွာဘုရား၏သာသနာမှာ အချုပ်အားဖြင့် ဒါန၊ သီလ၊ ဘာဝနာပင်ဖြစ်ပါသည်။ ဘာဝနာဆိုသည်မှာ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာ ဟူ၍ရှိပါသည်။ ထိုလေးမျိုးထဲတွင် ဒါန၊ သီလ၊ သမထဘာဝနာများမှာ၊ မြတ်စွာဘုရားပွင့်တော်မူသည့်အချိန် မြတ်စွာဘုရားသာသနာတည်တံ့သည့် အချိန်မဟုတ်သော သာသနာပ အချိန်များတွင်ပြုလုပ်နိုင်သည့် ကုသိုလ်ဖြစ်သည်။

နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သည့် သံသရာမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း တစ်ခုတည်း ဖြစ်သော ဝိပဿနာတရားမှာမူ မြတ်စွာ ဘုရားများ

http://www.dhammadownload.com

သမ္ဘည္ပုတၱေဗြာဟ္မဏ်တော်ရေပြီး မြတ်စွာဘုရားတို့ ပွင့်တော်မူသည့်အချိန်၊ မြတ်စွာဘုရားတို့၏ သာသနာတော်တည်တော်မူသည့်အချိန်များ၌သာလျှင်ပေါ်ပေါက်ထွန်းကားနိုင်သောတရားမျိုးဖြစ်ပါသည်။

ယခုကျွန်တော်တို့လူ့ဘဝရထားကြပါသည်။ လူ့ဘဝဆိုသည်မှာ အလွန်ရခဲသည် ဟု မြတ်စွာ ဘုရား ဟောကြားခဲ့ပါသည်။ လူ့ပြည်က အပ်တစ်စင်း ထောင်၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်း ထောင်ပြီး ချလိုက်လျှင် အပ်ဖျားချင်းထိချင်ထိမည်။ လူ့ဘဝရဖို့မှာ ဒီထက်ခဲယဉ်းသည်ဟုမြတ်စွာဘုရား ကဟောကြားထားပါသည်။ ယခုဤမျှ လောက်ခဲယဉ်းသည့် လူ့ဘဝကို ရ,ထားကြသည့်အပြင် နောက်တစ်ဆင့်တိုးပြီး မြတ်စွာဘုရား၏ သာသနာနှင့်လည်း ကြုံကြိုက်နေရပါသည်။

လူ့ဘဝရဖို့ခဲယဉ်းသည် ထက်ပိုပြီးခဲယဉ်းခက်ခဲသည်မှာ လူဖြစ်ပြီးနောက် မြတ်စွာဘုရား၏ သာသနာနှင့် ကြုံကြိုက်ဖို့ပင် ဖြစ်ပါသည်။ ဤမျှ လောက် ခက်ခဲ၊ ခဲယဉ်းပြီး အလွန် ကြုံတွေ့နိုင်ခဲသည့် ခေတ်ကောင်းအခါကောင်းမျိုး နှင့် ကြုံကြိုက်နေရပါပြီ။ ယခုလိုဘဝမျိုးဖြစ်သည့်အချိန်မှာ နိဗ္ဗာန်

http://www.dhammadownload.com

ရောက်ကြောင်းတရား ဖြစ်သောဝိပဿနာ တရား ကို အတတ်နိုင်ဆုံး ကြိုးစားအား ထုတ်ကြပါရန် အလေးအနက်ထား၍ တိုက်တွန်း နှိုးဆော်အပ် ပါကြောင်း . . . .။

အမှုဆောင်အဖွဲ့

ဒွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၊

အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန၊

http://www.dhammadownload.com

http://www.dhammadownload.com

မြန်မာနိုင်ငံတော်
ဌေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့၊
အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန
၃၁ (က)၊ အင်းယားမြို့ပတ်လမ်း၊ ရန်ကုန်မြို့။
ဆရာဦးတင့်ရီနှင့် ဆရာဦးဘဘိုး တို့
ဟောပြောသော (၁၀)ရက် တရားပတ်စဉ်း
ဝိပဿနာတရားများ

ပထမနေ့

အခု ဒီကနေ့ ဒီရိပ်သာကို လာရောက်ကြတာဟာဝိပဿနာတရားများအားထုတ်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့လာကြတာ။ အဲဒီတော့ တရားပွားများအားထုတ်တယ်ဆိုတာလဲပဲအလုပ်လုပ်တဲ့ သဘောပဲ။ အလုပ်လုပ်တာနဲ့အတူတူပဲ။ လောကမှာ မိမိတို့အလုပ်လုပ်လို့ရှိရင်ရည်ရွယ်ချက်ထားပြီး လုပ်ကြတယ်။

ဥပမာ...ဝန်ထမ်းဆိုရင်လဲ မိမိတို့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တဖြည်းဖြည်းရာထူး

http://www.dhammadownload.com

တိုးတက်ဖို့ဆိုတဲ့ရည်ရွယ်ချက်ထားပြီးတော့ လုပ်ကြတယ်။အဲဒီလို မိမိတို့ ဝိပဿနာတရားပွားများ အားထုတ်တဲ့အခါမှာရည်ရွယ်ချက် တစ်ခုတည်းပဲ ထားရတယ်။ဘာရည်ရွယ်ချက်လဲဆိုတော့ **မိမိတို့ ဝိပဿနာတရားအားထုတ်ခြင်းသည် သစ္စာလေးပါး တရားကို ကိုယ်တွေ့၊ ဉာဏ်တွေ့ သိအောင်အား ထုတ် ခြင်းဆိုတဲ့ ရည်ရွယ်ချက် ထားရတယ်။** တခြားရည်ရွယ်ချက် မထားရဘူး။ ဥပမာ – ဘဝ ကောင်းရဖို့၊ပစ္စည်းဥစ္စာချမ်းသာဖို့ဆိုတဲ့ ရည်ရွယ်ချက်မျိုးမထားရဘူး။ဝိပဿနာတရားပွားများ အားထုတ်ခြင်းသည် သစ္စာလေးပါးတရားသိဖို့။ ဘာကြောင့် သစ္စာလေးပါးတရား သိဖို့လိုသလဲဆိုရင် မြတ်စွာဘုရားများပွင့်တော်မူခြင်းဟာ ပုဂ္ဂိုလ်သတ္တဝါ မရွေးမိမိတို့ပါရမီ အလျောက် သစ္စာလေးပါးတရားကို သိစေခြင်းအလို့ငှာ ပွင့်တော်မူကြတယ်။

သစ္စာလေးပါးတရားကို သိခြင်းအားဖြင့် သံသရာ ဝဋ်ဆင်းရဲက လွတ်ကင်းပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကိုရောက်နိုင်တယ်။တခြားကုသိုလ်က မရောက်နိုင်ဘူး။ **ဝိပဿနာ တရားပွားများ အားထုတ်ပြီးသစ္စာလေးပါးသိမှသာလျှင် သံသရာဝဋ်**

http://www.dhammadownload.com

ဆင်းရဲကလွတ်မယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာကိုဒီဘဝမှာတင် မျက်မှောက် ပြုနိုင်မယ်။

ဒါကြောင့် သစ္စာလေးပါးကို ရည်ရွယ်ချက် ထားပြီး အားထုတ်ကြရမယ်။ **သစ္စာလေးပါး** ဆိုတာ မြတ်စွာဘုရား ဓမ္မစက်ကြာဆိုတဲ့ တရားဦး မှာ ဟောသွားတယ်။ ဘာလဲဆိုတော့ ဒုက္ခ အရိယသစ္စာ၊ သမုဒယ အရိယသစ္စာ၊ နိရောဓ အရိယသစ္စာ၊ မဂ္ဂ **အရိယသစ္စာတဲ့**။ ဒုက္ခအရိယသစ္စာ ဆိုတာက လောကမှာ ဒုက္ခဆိုတဲ့ သဘောအမှန် ရှိတယ်။ အဲဒီ ဒုက္ခက ဘာလဲ။ ဘယ်အဆင့်ထိ သိရတဲ့ဒုက္ခ မျိုးလဲ ဆိုတော့ သာမညပုဂ္ဂိုလ်မျိုးသိတဲ့ ဒုက္ခမျိုး မဟုတ်ဘူး။ အရိယာပုဂ္ဂိုလ်မျိုးမှ သိတဲ့ ဒုက္ခဆိုတဲ့ အဆင့်အထိကိုသိရမယ်။ မြတ်စွာဘုရားက ဒုက္ခ အရိယသစ္စာနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဟောသွား သလဲဆိုရင် ဇာတိရှိတယ်။ ပဋိသန္ဓေ နေရခြင်းဆိုတဲ့ **သဘောတရားရှိတယ်**။ ပဋိသန္ဓေနေခြင်း၊ ဘဝဖြစ် ရခြင်းဆိုတဲ့သဘောတရားဟာအမှန်စင်စစ်ဇကနဲ့အား ဖြင့်ဆိုရင်တော့ ဆင်းရဲတဲ့သဘောတရားဖြစ်တယ်။

ပြီးတော့တစ်ခါ ဇရာဆိုတဲ့ အိုရခြင်းဆိုတဲ့

http://www.dhammadownload.com

သဘောတရားရှိတယ်။ အိုရခြင်းဆိုတာဟာလဲ မမြဲတဲ့သဘောတရားကြောင့်ဆင်းရဲတာပဲ။နောက် ပြီးတော့ နာရခြင်းဆိုတဲ့ **သဘောတရားလဲ ရှိတယ်။** ဘယ်သူမှ မနာဘဲမနေရဘူး။ တစ်ချိန်ကျတော့နာ ရတာပဲ။ နောက်သေရခြင်းဆိုတဲ့ **သဘောတရားလဲ ရှိတယ်။ မချစ်မနှစ်သက်တဲ့သူနဲ့အတူတကွပေါင်း ဖော်နေရခြင်း ဆိုတဲ့ သဘောတရားတွေ ရှိတယ်။** ဒါဟာလဲ ဆင်းရဲတာပဲ။ **ချစ်ခင်နှစ်သက်တဲ့သူတွေနဲ့ ကွဲကွာရတာမျိုးလဲရှိတယ်။** ဒါဟာလဲ ဆင်းရဲတဲ့ သဘောတရားတွေပဲ။ ပြီးတော့ **ကိုယ်လိုသလို မဖြစ်တဲ့ သဘောတရားတွေ ရှိတယ်။** ကိုယ်လိုသလို မဖြစ်တဲ့ သဘောတရားတွေဟာလဲ ဆင်းရဲတဲ့ သဘောတရား တွေပဲ။

အချုပ်အားဖြင့်ကတော့ခန္ဓာငါးပါးသည် ပင်လျှင် ဒုက္ခအစစ်အမှန်ဖြစ်တယ်လို့ မြတ်စွာဘုရား က ဟောတော်မူခဲ့တယ်။

ပုဂ္ဂိုလ်သတ္တဝါတွေဆိုတာ စင်စစ်အားဖြင့် ခန္ဓာငါးပါးပဲ။ ခန္ဓာငါးပါးဆိုတာ ဘာလဲဆိုတော့ **ရူပ ကွန္ဓာ**၊ရုပ်သဘောတရားတွေရှိတယ်။ **ဝေဒနာကွန္ဓာ**၊ ခံစားမှု **သဘောတရားရှိတယ်။ သညာကွန္ဓာ**၊မှတ် သားမှုသဘောတရားရှိတယ်။ **သင်္ခါရကွန္ဓာ** ဆိုတဲ့

http://www.dhammadownload.com

စေတနာ ဦးဆောင်တဲ့စေတသိက် သဘောတရား တွေရှိတယ်။ နောက်ပြီးတော့ ဝိညာဏကွန္ဓာ၊ သိမှု သဘောတရားတွေရှိတယ်။

ရူပကွန္ဓာ – ရုပ်သဘောတရား။ **ဝေဒနာ ကွန္ဓာ၊ သညာကွန္ဓာ၊ သင်္ခါရကွန္ဓာ၊ ဝိညာဏကွန္ဓာ** ဆိုတဲ့ သဘောတရားလေးမျိုးကတော့ ခြုံပြီးတော့ ခေါ်လိုက်ရင် **နာမ်ခန္ဓာ** လို့ခေါ်တယ်။ သိမှုနဲ့တကွ ဖြစ်ပေါ်လာတဲ့ စေတသိက် တွေပဲ။ အဲဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ အမှန်စင်စစ်ကတော့ ချမ်းသာတဲ့ သဘောတရား မဟုတ်ဘူး။ ဆင်းရဲတဲ့သဘောတရား တွေပဲ။

အဲဒီတော့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး သည် ဒုက္ခပဲလို့ သိအောင် ကြိုးစားရမယ်။ အဲဒီလိုသိမှု ကြောင့် ဘာကင်းသွားသလဲဆိုတော့ သမုဒယ ဆို တဲ့တွယ်တာတဲ့ သဘောတရားတွေ ကင်းသွားတယ်။

သမုဒယသစ္စာ ဆိုတာဟာလဲ ဘာလဲဆိုရင် အတိုချုပ် ပြောရရင် တဏှာပေါ့။ တဏှာဆိုတဲ့ကပ် ငြိတွယ်တာတဲ့ သဘောတရားကို သမုဒယအရိယ သစ္စာခေါ်တယ် တဏှာလို့လဲခေါ်တယ်။ ဘယ်ပေါ်မှာ ကပ်ငြိတွယ်တာတာလဲ။ ခန္ဓာငါးပါးပေါ်မှာကပ်ငြိ

http://www.dhammadownload.com

တွယ်တာမယ့် သမုဒယသစ္စာ ဆိုတာ ခန္ဓာငါးပါးမှာ ဖြစ်ပေါ်လာတဲ့ အာရုံမှာတွယ်တာတဲ့ သဘောတရား ရှိတယ်။ ဘဝကိုတွယ်တာတဲ့ သဘောတရားရှိတယ်။ အာရုံ (၆) ပါးက ဝင်လာတဲ့ သဘောတရားတွေကို တွယ်တာတဲ့ သဘောတရားရှိတယ်။ အဲဒီတွယ်တာတဲ့ သဘောတရားတွေဟာ တဏှာတွေ။

တဏှာတွေက ဘာခေါ်လဲဆိုရင် အကျဉ်း အားဖြင့် ကာမတဏှာဆိုတာရှိတယ်။ ဘဝတဏှာ ဆိုတာ ရှိတယ်။ ဝိဘဝတဏှာဆိုတာရှိတယ်။

ကာမတဏှာဆိုတာ ကာမဂုဏ် အာရုံတွေကို မှီပြီးတော့ တွယ်တာတဲ့ သဘောတရားတွေ၊ ကောင်းတဲ့ အာရုံဝင်လာရင် တွယ်တာတယ်။ **ဘဝတဏှာ ဆိုတာ** ဘဝတွယ်တာတယ်။ **ဝိဘဝတဏှာ ဆိုတာ** ကတော့ ဘဝပြတ်တာကိုတွယ်တာတယ်။ အဲဒီလို တွယ်တာတဲ့ သဘောတရားကို **သမုဒယအရိယ သစ္စာ** လို့ခေါ်တယ်။ တွယ်တာတဲ့ သဘောတရားကြီး ရှိနေသရွေ့ ဒုက္ခသာဖြစ်မှာပဲ။ အဲဒီတွယ်တာတဲ့ သဘောတရားကို ပယ်နိုင်မှ ဒုက္ခအရိယသစ္စာဆိုတာ မပေါ်တော့ဘူး။ ဒုက္ခအရိယသစ္စာ သိသွားရင် သမုဒယအရိယသစ္စာဆိုတဲ့ တွယ်တာတဲ့ သဘော

http://www.dhammadownload.com

တရားကိုပယ်နိုင်တယ်။ အဲဒီလို သမုဒယသစ္စာကို ပယ်နိုင်လို့ရှိရင်သမုဒယသစ္စာကို ပယ်နိုင်ခဲ့သော် ဘာဖြစ်မလဲ။ နိရောဓအရိယသစ္စာ ဆိုတဲ့ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင် တယ်တဲ့။

အဲဒီလို ဒုက္ခအရိယသစ္စာကို သိပြီးတော့ သမုဒယသစ္စာကို ပယ်နိုင်စွမ်း ဖြစ်လာပြီးတော့ နိရောဓအရိယသစ္စာဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ဘယ်လိုကျင့်ရမလဲဆိုတော့ မဂ္ဂအရိယသစ္စာဆိုတဲ့ မဂ္ဂင်လမ်းကြောင်းဆိုတာ ရှိတယ်။ အဲဒီမဂ္ဂအရိယသစ္စာဆိုတဲ့ မဂ္ဂင်လမ်းကြောင်းအတိုင်းကျင့်သွားခဲ့သော် ဒုက္ခအရိယသစ္စာကို သိလာမယ်။ သမုဒယသစ္စာကိုပယ်နိုင်မယ်။ နိရောဓအရိယသစ္စာကို မျက်မှောက်ပြုနိုင်မယ်။

ဒီမှာလာပြီးလုပ်တာ အဓိကအားဖြင့် သစ္စာလေးပါးသိဖို့ ကျွန်တော်တို့ ကျင့်ရမယ်။ တရားအားထုတ်ရမယ်။ ဘယ်ဟာနဲ့သွားမလဲ။ **မဂ္ဂအရိယသစ္စာဆိုတဲ့ မဂ္ဂင်လမ်းကြောင်းကို လိုက်ရမယ်။** မဂ္ဂင်လမ်းကြောင်းအတိုင်း လိုက်သွားရင် သစ္စာလေးပါးကိုသိမယ်။ မြတ်စွာဘုရား တို့မည်သည်မှာ ဒီပုဂ္ဂိုလ်ဟာ ကျွတ်ထိုက်တယ်၊ မကျွတ်ထိုက်ဘူး

http://www.dhammadownload.com

ဆိုတာသိတယ်။ စရိုက်အားဖြင့် ဘယ်လိုတရားမျိုး ဟောလိုက်ရင် ကျွတ်မယ်ဆိုတာ သိတယ်။

ပုဂ္ဂိုလ်တွေကလဲ ပါရမီရင့်တဲ့ ပုဂ္ဂိုလ်တွေ ဆိုတော့ တရားကို အကျဉ်းအားဖြင့် ဟောလိုက် ရုံနဲ့ပဲ သစ္စာလေးပါးကိုသိပြီး အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ တချို့ပုဂ္ဂိုလ်တွေကျတော့ တရားကို အကျဉ်းအားဖြင့် ဟောတယ်။ အကျယ်လဲ ဟောတယ်။ တရားအားမထုတ်ရဘဲနဲ့ အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ် တွေရှိတယ်။ ဒီခေတ်မှာတော့ မရှိ တော့ဘူး။ ဘုရား ပရိနိဗ္ဗာန်ပြုသွားပြီ။သာသနာတော်တော့ကျန်ခဲ့ တယ်။ အဆုံးအမတွေ ကျန်ခဲ့တယ်။

ဒီခေတ်မှာရှိတဲ့ ပုဂ္ဂိုလ်မျိုးကတော့ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေလဲဆိုတော့ **တရားကိုသုတမယဉာဏ် ဆိုတဲ့ မိမိကိုယ်တိုင် ဖတ်ခြင်းအားဖြင့် သိခြင်း၊ သူတစ်ပါး ပြောတာကို နာခြင်းအားဖြင့် သိခြင်း၊ မိမိ ကိုယ်တိုင်လဲပဲ စိန္တာမယဉာဏ်အား ဖြင့်တွေ. ရမယ်။ ဘာဝနာမယဉာဏ်ဆိုတဲ့တရားအားထုတ် ပြီးတော့မှ၊ ကိုယ်တွေ. လက်တွေ. တွေ.မှ သစ္စာ** လေးပါးကို သိမယ့်ခေတ်ဖြစ်နေတယ်။ အဲဒါကြောင့် မဂ္ဂင်ရှစ်ပါးတရားလမ်းကြောင်းကို တရားအားထုတ် ပြီး ပွားများအားထုတ်မှ ရမယ်။

http://www.dhammadownload.com

မဂ္ဂင်လမ်းကြောင်းက အကျင့်အားဖြင့် သီလ၊ သမာဓိ၊ ပညာပဲ။ သီလကို အခြေခံရမယ်။ မဂ္ဂင်ရှစ်ပါးမှာ သီလဆိုတဲ့ မဂ္ဂင်သုံးပါး ရှိတယ်။ **သမ္မာဝါစာ**၊ ကောင်းသောစကားကို ပြောဆိုခြင်း။ **သမ္မာကမ္မန္တ**၊ကောင်းသောအမှုကိုပြုလုပ်ခြင်း။ **သမ္မာအာဇီဝ**၊ ကောင်းသော အသက်မွေးမှုနှင့်နေခြင်း။ အဲဒီသုံးပါးက **သီလမဂ္ဂင်** လို့ခေါ်တယ်။ အဲဒီသုံးပါးနဲ့ညီအောင် ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုရင် သီလ စောင့်ထိန်းရမယ်။ သီလဆိုတာ ပုဂ္ဂိုလ်တွေ အနေအားဖြင့် (၅)ပါးသီလ ရှိတယ်။ (၈)ပါးသီလ ရှိတယ်။ (၉) ပါးသီလ ရှိတယ်။ (၁၀) ပါးသီလ ရှိတယ်။ ကျွန်တော်တို့ **မဂ္ဂင်အခြေခံ** ဖြစ်တဲ့ (၈)ပါး **သီလကို** စောင့်ထိန်းရမယ်။

(၈)ပါးသီလကို စောင်ထိန်းခြင်းအားဖြင့် ခုနပြောတဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်သုံးပါးကို ကျင့်လိုက်တာပဲ။ **သမ္မာဝါစာ ဆိုတာဘာလဲ**။ ကောင်းသောစကားကို ပြောဆိုခြင်း ဆိုတာစကားတွေ ပြောဖို့ ပြောတာမဟုတ်ဘူး။ သီလဆိုတာ နှစ်မျိုးရှိတယ်။ ရှောင်ကြဉ်ခြင်းအားဖြင့် ထိန်းသိမ်းတဲ့ သီလရှိတယ်။ ဆောင်ရွက်ခြင်းအားဖြင့်ထိန်းသိမ်းတဲ့ သီလရှိတယ်။ **ရှစ်ပါးသီလဆိုတာက**

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်းအားဖြင့် ထိန်းသိမ်းတဲ့သီလ၊ ရှောင်ကြဉ်ရမယ်။ မကောင်းတာတွေ ရှောင်ကြဉ်လိုက်ရင်ကောင်းတာတွေဖြစ်လာမယ်။ **သမ္မာဝါစာ**ဆိုတာ ကဘာလဲ ဆိုတော့ မကောင်းတဲ့ပြောဆိုမှု တွေကို ထိန်းသိမ်းလိုက်ရမယ်။ ရှောင်ကြဉ်လိုက်ရမယ်။ အဲဒါဆို သမ္မာဝါစာ ဖြစ်ရော။ အဲဒီ မကောင်းတဲ့ ပြောဆိုမှုတွေက ဘာရှိလဲ။ **မုသာဝါဒ** ဆိုတဲ့ လိမ်လည်ပြောဆိုခြင်း၊ **ဖရုသဝါစာ**ဆိုတဲ့ ကြမ်းတမ်းတဲ့ စကားကိုပြောဆိုခြင်း၊ **ပိသုဏာဝါစာ** ဆိုတဲ့ကုန်းချောတဲ့ စကား၊ တစ်ဦးနဲ့တစ်ဦး မတည့်အောင် ပြောဆိုခြင်း၊ **သမ္ဖပ္ပလာပဝါစာ** ဆိုတာက သိမ်ဖျင်းတဲ့စကား၊ အကျိုးမရှိတဲ့စကားမျိုး ပြောဆိုခြင်း၊ အဓိကအားဖြင့် ကျွန်တော်တို့ သမ္မာဝါစာဖြစ်အောင် ဒီလေးပါးကို ရှောင်ရမယ်။

သမ္မာဝါစာဆိုတာ **တရားအားထုတ်တဲ့ အခါမှာ သမ္မာဝါစာအကောင်းဆုံးကတော့ ဆိတ်ဆိတ်နေတာအကောင်းဆုံးပဲ**။ စကားမပြောဘဲနဲ့ မိမိတရားမိမိကျင့်တာ အကောင်းဆုံးပဲ။ ကျွန်တော်တို့ဆီမှာ စည်းကမ်းချက်တစ်ခု လုပ်ထားတယ်။ တရားအားထုတ်တဲ့အခါမှာ ပထမ (၈) ရက် တစ်ယောက်နဲ့တစ်

http://www.dhammadownload.com

ယောက်စကားမပြောပါနဲ့။ တရားနဲ့ပတ်သက်လို့ ဆွေးနွေးချင်လို့၊ ပြောပြချင်လို့ရှိရင် ကျွန်တော်တို့ ရှိပါတယ်။ ကျွန်တော်တို့နဲ့လာပြောဆိုနိုင်ပါတယ်။ နောက်ပြီးတော့ ဗိုလ်မှူးကြီးမောင်မောင် (အငြိမ်းစား) က အမြဲနေပါတယ်။ သူနဲ့လဲလာပြီးတော့ ပြောဆိုနိုင်ပါသည်။ တတ်နိုင်သလောက် စကားမပြောပါနဲ့။

စကားပြောခြင်းအားဖြင့် တရားအားထုတ်တဲ့အခါ အနှောင့်အယှက်ဖြစ်တယ်။ သမာဓိ ထူထောင်တဲ့အခါမှာ ခုနလို ဟိုစကားသည်စကား တွေလျှောက်ပြောလိုက်လို့ရှိရင် အနှောင့်အယှက် ဖြစ်ပါတယ်။ တရားအားထုတ်တဲ့အခါ ဘာဖြစ် တတ်လဲဆိုရင် ခုနပြောတဲ့ဟာတွေအာရုံကပြန်ဝင်လာတတ်တယ်။ ကိုယ့်မှာသမာဓိပျက်တယ်။ ပြန်ပြီးတော့ အာရုံယူရတယ်။

ဒါတွင်မဟုတ်သေးဘူး။ ကိုယ့်အနားမှာနေတဲ့ ပုဂ္ဂိုလ်ကသူ့တရားနဲ့သူနှလုံးသွင်းပြီး၊ သူ့အာရုံနဲ့သူနေတော့ကိုယ်ကစကားပြောလိုက်ရင် ဟိုပုဂ္ဂိုလ်မှာလဲ အနှောင့်အယှက်ဖြစ်တယ်။ နောက်ပြီးတော့ တရားအားထုတ်တဲ့နေရာမှာ မပြောအပ်တဲ့စကား (၃၂) မျိုးရှိတယ်။ ဘာတွေ မပြောအပ်ဘူးလဲ ဆိုတော့

http://www.dhammadownload.com

ဆွေမျိုးကိစ္စ တွေလဲမပြောအပ်ဘူး။ ပြီးတော့ စီးပွားရေးကိစ္စ မပြောအပ်ဘူး။ မင်းစိုးရာဇာကိစ္စ မပြောအပ်ဘူး။ အဲဒီလို မပြောအပ်တဲ့စကားတွေရှိတယ်။ မပြောအပ်တဲ့စကားတွေပြောမိမှာစိုးလို့မဖြစ်အောင်စကားမပြောနဲ့ လို့ပြောတာ။ အရေးကြီးလို့၊ နေထိုင်မကောင်းလို့မပြော မဖြစ်တာတွေပြောပါ။

အထူးသဖြင့် ထမင်းစားတဲ့အခါကျရင်ပြော တတ်ကြတယ်။ ကိုယ့်အာရုံနဲ့ ကိုယ်စားသောက်ကြပါ။ သမ္မာဝါစာဖြစ်သွားမယ်။ **သမ္မာကမ္မန္တ**၊ **ကောင်းစွာပြုလုပ်ခြင်း**။ ဒါကတော့ ကာယကံကို ထိန်းသိမ်းလိုက်တာ။ ကာယကံဆိုတာ မိမိကာယနဲ့ ပြုလုပ်လိုက်တာကို ထိန်းသိမ်းလိုက်တာ။ ဒီသီလ ထဲမှာ ပါသွားမှာပဲ။ ဒီသီလထဲမှ **ပါဏာတိပါတာ**၊ သူတစ်ပါး အသက်ကို သတ်ခြင်းမှ။ **ဝေရမဏိ**၊ ရှောင်ကြဉ်ပါ၏။ **အဒိန္နာ ဒါနာ**၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ။ **ဝေရမဏိ**၊ ရှောင်ကြဉ်ပါ၏။ **ကာမေသုမိစ္ဆာစာရာ**၊ ကာမဂုဏ်တို့ဌာ်မှားယွင်းစွာကျင့်ခြင်းမှ။**ဝေရမဏိ**၊ ရှောင်ကြဉ်ပါ၏။ အဲဒါပါသွားရင် မိမိမှာကာယကံအားဖြင့် လုံခြုံသွားမယ်။ သမ္မာကမ္မန္တ ဖြစ်သွားမယ်။

http://www.dhammadownload.com

သမ္မာအာဇီဝတဲ့၊ ကောင်းစွာ အသက်မွေးဝမ်းကျောင်းခြင်း။ မိမိတို့ တရားအားထုတ်တဲ့ အချိန်မှာ အသက်မွေးဝမ်းကျောင်းဟာ အမှန်ကန်ဆုံးပဲ။ ဒီဟာ အတွက် အထူးပြောနေစရာ မလိုဘူး။ မိမိတရား အားထုတ်တဲ့ အချိန်မှာမိမိရဲ့အသက်မွေးဝမ်းကျောင်း ဟာ အပြစ်ကင်းမဲ့တဲ့ အသက်မွေးဝမ်းကျောင်း၊ ကုသိုလ်ပွားနေတဲ့အတွက် အသက်မွေးဝမ်းကျောင်း ဖြစ်နေတော့ ဒီဟာရှစ်ပါးသီလစောင့် ထိန်းလိုက်ရင် **သမ္မာအာဇီဝ** ဖြစ်သွားမယ်။

အဲဒီရှစ်ပါးသီလ စောင့်ထိန်းပြီးတဲ့အခါကျရင် မဂ္ဂင်ရှစ်ပါးက သီလပြီးတဲ့အခါ သမာဓိဖြစ်အောင် လုပ်ပါတဲ့။ သမာဓိဆိုတာဘယ်သမာဓိ ပြောတာလဲ။ **သမ္မာသမာဓိ**၊**သမ္မာသမာဓိ**ဆိုတာက**မှန်ကန်သော အာရုံ၊ တစ်ခုတည်းသော အာရုံမိမိစိတ်ကို တည်ငြိမ်** အောင်ထားဖို့ပါ။ အဲဒီလို သမာဓိ ဖြစ်အောင် နောက်တစ်ဆင့် တက်ရမယ့် သမာဓိ မဂ္ဂင်သုံးပါး ရှိတယ်။ **သမ္မာဝါယာမ**၊**ကောင်းစွာ အားထုတ်ရမယ်**။ ဝါယမစိုက်ရမယ်။ ဝါယမဆိုတာဝီရိယပေါ့။ ကောင်း သောဝီရိယကို ဆောင်ထားရမယ်။ ကောင်းသော ဝီရိယနဲ့အား ထုတ်ရမယ်။

ကောင်းသောဝီရိယဆိုတာ ဘာလဲဆိုတော့

http://www.dhammadownload.com

သမ္မပ္ပဓာန် ဝီရိယဆိုတာပဲ။ ဘာဝီရိယလဲဆိုတော့ မိမိစိုက်ထုတ်ထားတဲ့ ဝီရိယဟာ (၁) မဖြစ်သေးတဲ့ အ, ကုသိုလ်မျိုးလဲ မဖြစ်အောင်၊ (၂) ဖြစ်ပြီးတဲ့ အ, ကုသိုလ်မျိုးလဲ ထပ်မံမဖြစ်ပွားရအောင်၊ (၃) မဖြစ်သေးတဲ့ ကုသိုလ်မျိုးလဲဖြစ်အောင်၊ (၄) ဖြစ်ပြီးတဲ့ ကုသိုလ်မျိုးလဲ ထပ်ပြီးတော့ပွားများရအောင် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တဲ့ဝီရိယ။ အဲဒါကို သမ္မာ ဝါယာမ ခေါ်တယ်။

အဲဒီဝီရိယနဲ့ ဘာကိုထူထောင်ရမလဲ။ သမ္မာ သတိတဲ့။ ကောင်းတဲ့အာရုံ၊ အ,ကုသိုလ်မှလွတ်ကင်းတဲ့ အာရုံပေါ် မိမိရဲ့သတိကို ထားပါ။ ဝီရိယနဲ့မှ သတိထားလို့ရတယ်။ အာရုံတစ်ခုပေါ်မှာ သတိထားမယ်ဆိုရင် ဝီရိယစိုက်ထုတ်ပြီးကောင်းတဲ့ အာရုံပေါ်မှာ သတိထားပါ။ အဲဒီလိုကောင်းတဲ့ အာရုံမှာသတိထားရင်ဘာ ဖြစ်လာမလဲဆိုတော့ သမ္မာသမာဓိ၊ ကောင်းတဲ့ သမာဓိဖြစ်လာမယ်။

သမာဓိဆိုတာ ဘာလဲ။ ကောင်းတဲ့အာရုံတစ်ခုပေါ်မှာ စိတ်ကိုစိုက်ထားတယ်။ သမာဓိနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ကမ္မဋ္ဌာန်း (၄၀) ဟောပြောခဲ့တယ်။ အဲဒီ ကမ္မဋ္ဌာန်း (၄၀) အနက်မှ ကျွန်တော်တို့ဆီမှာ သမာဓိ ထူထောင်တဲ့ နေရာမှာ

http://www.dhammadownload.com

ဘယ်ကမ္မဋ္ဌာန်းနဲ့ ထူထောင်မလဲ။ အာနာပါနသတိ ဆိုတဲ့ကမ္မဋ္ဌာန်းနဲ့ ထူထောင်တယ်။

အာနာပါနသတိကမ္မဋ္ဌာန်းဆိုတာ ထွက်လေ ဝင်လေဆိုတဲ့ အဿာသ ပဿာသဆိုတဲ့ ထွက်လေ ဝင်လေ နှာသီးဝမှာ အမြဲရှိတယ်။ မွေးကတည်းက ပါလာတယ်။ ထွက်လေ ဝင်လေပေါ်မှာ ဝိရိယစိုက်ပြီးတော့ သတိကပ်ပြီးတော့ ဝင်လေဆိုရင် ဝင်လေ မှန်းသိလိုက်၊ ထွက်လေဆိုရင် ထွက်လေမှန်း သိလိုက်ပြီးတော့ အဲဒီအာရုံကို စူးစူးစိုက်စိုက်ထားပြီးတော့ ရအောင် အားထုတ်တာက သမာဓိ ဖြစ်တယ်။ အာနာပါနသတိနဲ့ သမာဓိကို ထူထောင်ရမယ်။ အဲဒီလိုထူထောင်တဲ့နေရာမှာ ကျွန်တော်တို့တရားအားထုတ်ပြီဆိုတော့ အလုပ်လုပ်သလိုပေါ့။ လွယ်လွယ်ကလေးနဲ့တော့ မရဘူး။ ပင်ပန်းတယ်။ ဘီအေ အောင်, အောင် ကျွန်တော်တို့ (၁၄) နှစ်လောက် ကြိုးစားရတာ။

သစ္စာလေးပါး သိဖို့ဆိုတာကကျွန်တော်တို့ကပိပိတို့ဘဝ အသေချာအနန္တကပြစ်ခဲ့တဲ့ အ,ကုသိုလ်ကို ပယ်နိုင်ရမယ်။ အ,ကုသိုလ်ကိုပယ်နိုင်မှ၊ အ,ကုသိုလ် မရှိတော့မှသစ္စာလေးပါး သိနိုင်ဖွယ်ရှိတဲ့ အဆင့်

http://www.dhammadownload.com

ကိုရောက်မှာဆိုတော့ ဒီဘဝတွေက အ,ကုသိုလ်ကို ပယ်ရမယ်ဆိုတော့ တော်တော်လေးကြိုးစားရမယ်။

အဲဒီနေရာမှာ ကျွန်တော် သတိပေးချင်တာက (၁၀)ရက်လောက်ကလေး အားထုတ်တာ။ သမာဓိ ထူထောင်တဲ့နေရာမှာ ပြောပြတဲ့လူအတွက်ကတော့ လွယ်လွယ်လေးပဲ။ **မိမိရဲ့ဝိရိယနဲ့စိုက်ပြီး သတိကို နှာသီးဝ အထက်ရှုတ်ခမ်းနားမှာ စိုက်ထားပြီး၊ စိုက်ပြီးတော့မှ ဒီမှာ ဝင်လေ ထွက်လေ ဖြစ်ပေါ်လာမယ်။** ဒါလေးကိုသိနေပါ။ ကျွန်တော်တို့က ဒီလောက်ပဲ ပြောလိုက်တယ်။ ပြောလိုက်တော့ သာမည အားဖြင့် စဉ်းစားလိုက်တော့ အလုပ်ကမခက်ပါဘူး။ ဒီပေါ်မှာ အာရုံစိုက်ထားမယ်။ စိတ်ကလေး ဒီမှာ ထားမယ်။ ဒီမှာ ဝင်လေ ထွက်လေ မှတ်မယ်။

တကယ့်လက်တွေ့ကျတော့ ဒီအာရုံမှာ ထားလိုက်တာနဲ့ ထားလို့ကိုမရဘူး။ ဒါပြင်ရောက် သွားမယ်။ စိတ်က လွင့်သွားမယ်။ ဒီမှာ ကြာကြာ ထိုင်လာတဲ့အတွက် ဣရိယာပုတ်က ခန္ဓာငါးပါး မမြဲပါဘူး။ ဒုက္ခပါဆိုတာ ပြတယ်။ ပြတာကို ကျွန်တော်တို့က တစ်သက်လုံး ဣရိယာပုတ်တွေ ပြောင်းပြောင်းပြီးတော့ ဒီဒုက္ခကို ရှောင်လာခဲ့တယ်။ ထိုင်နေတယ်။ ထိုင်နေတာ တင်းလာတယ်၊ တောင့်

http://www.dhammadownload.com

လာတယ်၊ နာလာတယ်။ နာလာတော့ မတ်တတ်ထ, လိုက်တယ်။ မတ်တတ် ထ, လို့လဲ မရဘူး။ နာတာပဲ။

ဒီတော့ ကိုယ်ကလမ်းလျှောက်တယ်။ လမ်းလျှောက်လို့ကောရလား။ မရဘူး။ ပင်ပန်း လာတာပဲ။ ပင်ပန်းလာတော့ အိပ်လိုက်တယ်။ အိပ်လို့ကော ရသလားဆိုတော့ မရဘူး။ ခန္ဓာကိုယ် ဖောက်ပြန်လာတယ်။ ကိုယ်က မတ်တတ်ထ, လိုက် ပြန်ရော။ ရုပ်ရဲ့ ဖောက်ပြန်မှုကို ရုပ်ကပြနေတာပဲ။ ကျွန်တော်တို့က လက်မခံဘဲ ရှောင်လာခဲ့တယ်။

ကျွန်တော်တို့ တရားထိုင်တဲ့အခါကျတော့ ဣရိယာပုတ်က တတ်နိုင်သလောက် မပြောင်းဘဲ ငြိမ်ငြိမ်ထိုင်လိုက်ရော။ ငြိမ်ငြိမ်ထိုင်လိုက်တဲ့အတွက် ခန္ဓာကိုယ်က နာမယ်၊ ကျဉ်မယ်၊ ထုံမယ်။ ဒါတွေက ပေါ်လာတာ။ ပေါ်လာတဲ့အခါကျတော့ ဒီမှာလဲ ကိုယ်ကမှတ်ရတာ လွတ်လွတ်သွားတယ် ခန္ဓာကိုယ်က ကာယိက ဒုက္ခပေါ်လာတဲ့အခါ ကျွန်တော်တို့ သတိပေးချင်တာက ပထမတစ်ရက် အင်မတန်ပင်ပန်းပါတယ်။ ဒုတိယရက်လဲ ပင်ပန်းချင် ပင်ပန်းဦးမယ်။ တတိယရက်မှာတော့ စိတ်ငြိမ်လာတယ်။

http://www.dhammadownload.com

စိတ်ငြိမ်လာတာနဲ့အမျှကာယိကဒုက္ခတွေ အလိုလို ပြေသွားလိမ့်မယ်။ ဘာကြောင့်လဲ။ စိတ်ဆိုတာ တစ်ချိန်မှာ အာရုံတစ်ခုပေါ်မှာပဲ ထားလို့ရမယ်။ ဒီပေါ်မှာ စွဲစွဲမြဲမြဲအာရုံထားနိုင်ရုံ ကျန်တာတွေကိုမသိဘူး။ သို့သော် ကျွန်တော်တို့က သမာဓိမရခင် စွဲစွဲမြဲမြဲ အာရုံမထားနိုင်တော့ ဒါပြင်ဟာတွေသိတယ်။ သတိပေးချင်တာက ပထမတစ်ရက်မှာ တော်တော် စိတ်ပျက်တယ်။ ပင်ပန်းတယ်။ ကိုယ်လိုချင်သလို မဖြစ်ဘူး။ နှာသီးဖျားမှာ ထားတယ်။ မဖြစ်ဘူး။ ပင်ပန်းတယ်။ ဒီတော့ တချို့ကတော့ ဘယ်လောက်ထိ ဖြစ်လာကြသလဲဆိုရင် အိမ်ပြန်ချင်တဲ့ စိတ်ဖြစ်လာတယ်။ နေလို့မဖြစ်ဘူး ထင်တယ်။ အဲဒီလို စိတ်ဖြစ်လာတဲ့ အခါကိုယ်တစ်ယောက်တည်း ဖြစ်တာမဟုတ်ဘူး။ ကိုယ့်အလျင်က အားထုတ်ခဲ့တဲ့ လူတွေလဲ ဖြစ်ခဲ့တယ်ဆိုတာ သတိထားပြီးတော့ ကြိုးစားသွားရင် ရမယ်ဆိုပြီးသည်းခံပြီး ထိုင်သွားပါ။

ထိုင်သွားရင် တတိယနေ့ကျရင် သိသိသာသာကြီးတိုးတက်လာပါလိမ့်မယ်။ တရားရဲ့အရသာတွေလာပါလိမ့်မယ်။ တချို့ကတော့ ပါရမီအလျောက် ဒုတိယနေ့ကျတော့ တော်တော်ကောင်းလာတယ်။

http://www.dhammadownload.com

တချို့တော့လဲ တတိယနေ့လောက်မှ သမာဓိလေး ကောင်းလာတယ်။ အဲဒါလေး သတိပေးချင်ပါတယ်။

အဲဒီတော့ တရားပတ် (၁၀)ရက်မှာ အာနာပါန ဘယ်နှစ်ရက်လောက် လုပ်ရမလဲဆိုတော့ (၃) ရက်လောက်လုပ်ရမယ်။ အဲဒီလောက်ကျတော့ သမာဓိ ဖြစ်လာမယ်။ ဝိပဿနာကို ကူးနိုင်လောက်တဲ့ သမာဓိဖြစ်လာမယ်။ စိတ်တည်ငြိမ်မှုဆိုတဲ့ သမာဓိ ရလာမှဝိပဿနာကို ကူးနိုင်မယ်။ ဝိပဿနာဆိုတာ ဘာလဲဆိုတော့ ခုနကပြောတဲ့ သီလ၊သမာဓိ၊ ပညာ ကိုပြောတာ။

ပညာဆိုတာက ဝိပဿနာ သဘောတရားတွေ ကို သိတဲ့ပညာကို ပြောတာ။ အဲဒါက မဂ္ဂင်ရှစ်ပါး မှာ သမ္မာသင်္ကပ္ပနဲ့ သမ္မာဒိဋ္ဌခေါ်တယ်။ သမ္မာ သင်္ကပ္ပ ဆိုတာ ကောင်းစွာဆင်ခြင်သုံးသပ်ခြင်း၊ ရုပ်နာမ်ခန္ဓာငါးပါးပေါ်မှာ ဆင်ခြင်သုံးသပ်တယ်။ အဲဒီလိုသုံးသပ်ခြင်းအားဖြင့် သမ္မာဒိဋ္ဌဆိုတာကောင်း သော အမြင်၊ မှန်ကန်သော အမြင်၊ မှန်ကန်သော အသိတွေရမယ်။ ဒီအကြောင်းကတော့ နောက်မှ ကျွန်တော်တို့ပြောပါမယ်။

ပထမအလုပ်ကတော့ သီလစောင့်ထိန်းရ

http://www.dhammadownload.com

မယ်။ အာနာပါန ကမ္မဋ္ဌာန်းနဲ့ မိမိသမာဓိကိုရအောင် ထူထောင်ရမယ်။ တရားအားထုတ်တယ်ဆိုတာ ပါရမီဖြည့်တာပဲ။ ခုနပြောတဲ့ မဂ်ဥာဏ်၊ ဖိုလ်ဥာဏ်ကို ရည်သန်ပြီးတော့ ဒီပြင်တဏှာနိဿိတဆိုတဲ့ တဏှာကပ်ငြိမှု၊ ဒိट्ठိနိဿိတဆိုတဲ့ အမှားအယွင်းကို ကပ်ငြိမှုမရှိဘဲ သစ္စာလေးပါးကို သိနိုင်စွမ်းအလို့ငှာ တရားအားထုတ်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တဲ့ ကုသိုလ်တိုင်းဟာ ပါရမီမြောက်တဲ့ ကုသိုလ်ပေါ့။

အဲဒီတော့ ဝိပဿနာတရား အားထုတ်တယ်ဆိုတာ ကိုယ့်ပါရမီ ကိုယ်ပြန်ပြီးဖြည့် နေတာ။ ပါရမီ (၁၀) ပါးထဲမှာ ဝိပဿနာတရား ထိုင်တဲ့အခါမှာ ပါရမီသုံးပါးဟာ အခြေခံပဲ။ အဲဒီပါရမီ (၃) ပါးကို မဖြည့်ဘဲနဲ့တော့ တရားထိုင်လို့ မအောင်မြင်နိုင်ဘူး။ အဲဒီပါရမီ (၃) ပါးက ဘာလဲဆိုတော့ **ခန္တီ ပါရမီ** တဲ့။

ခန္တီပါရမီဆိုတာက သည်းခံနိုင်စွမ်းရှိရမယ်။ သည်းခံနိုင်စွမ်း ရှိရမယ်ဆိုတာ အစစအရာရာပေါ့။ ဥပမာ အစားအသောက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ သက်သတ်လွတ်စားရမယ်။ ချက်ကျွေးတာစားရမယ်။ ကိုယ့်အိမ်လို ကိုယ်စားချင်တဲ့ ဟင်းမရနိုင်ဘူး။

http://www.dhammadownload.com

အဲဒီအခါကျတော့ ကိုယ်ကစိတ်ထဲသည်းခံရမယ်။ သည်းခံတယ်ဆိုတာကလဲ အခြေခံက ဘာလဲဆိုရင် ပညာနဲ့ သည်းခံရမယ်။ စားတဲ့သောက်တဲ့နေရာမှာ ငါစားတာ သောက်တာ အရသာယူပြီးတော့ စားသောက်တာ မဟုတ်ဘူး။ တရားထိုင်နိုင်ဖို့ အာဟာရတော်မျှတအောင် စားတဲ့သောက်တဲ့ သဘောပဲဆိုပြီး သည်းခံရမယ်။

ပြီးတော့ ဒီမှာနေရထိုင်ရတာ အိမ်လိုမဟုတ်ဘူး။ ခြိုးခြိုးခြံခြံ နေရမယ်။ ဒါတွေလဲသည်းခံရမယ်။ အထူးသဖြင့် တရားထိုင်တဲ့နေရာမှာ စိတ်ကကိုယ်လို သလိုမရဘူး။ လွင့်တယ်။ လွင့်ရင် စိတ်မပျက်ရဘူး။ ငါ လိုသေးလို့ပဲ။ ငါ ကြိုးစားရဦးမယ်ဆိုပြီးတော့ သည်းခံပြီး ရအောင်ဆက်လုပ်ရတယ်။ ခန္ဓာကိုယ်မှာ ကာယိက ဒုက္ခတွေ၊ ကိုက်တယ်၊ ခဲတယ်၊နာတယ်၊ ထုံတယ်၊ ကျဉ်တယ်ဆိုရင် တတ်နိုင်သလောက်သည်းခံရမယ်။ ဥပေက္ခာပြုပြီးတော့ ဝင်လေ ထွက်လေကိုပဲ စူးစူးစိုက်စိုက်ရနိုင်သလောက်လုပ်သွားရမယ်။

ထိုင်နေတဲ့နေရာမှာ ထိုင်တာကဝေဒနာပဲ ရောက်နေတယ်။ ဝေဒနာ ပြင်းထန်လာတယ် ဆိုရင် ကျွန်တော်တို့ ဆက်မထိုင်နိုင်ဘူး။ ဝေဒနာတွေ

http://www.dhammadownload.com

ပြင်းထန်လာလို့ အာရုံကဘယ်လိုမှယူလို့မရဘူးဆိုရင် ဣရိယာ ပုတ်ပြောင်းလိုက်ပါ။ ဣရိယာပုတ် ပြောင်းပြီး ထိုင်သွား။ သို့သော် ခန္ဓာကိုယ်ကို အလိုမလိုက်ပါနဲ့။ ဆက်ပြီးထိုင်ပါ။ နောက်တစ်ခုက နေကွမ္မပါရမီတဲ့။ နေကွမ္မပါရမီ ဖြည့်ရတယ်။

နေကွမ္မပါရမီဆိုတာ ကာမဂုဏ်အာရုံတွေ ဖြတ်ခဲ့တယ်။ ယခုဒီကိုလာတယ်ဆိုရင်ပဲ ဥပမာ... ကာယက်ဆိုတဲ့ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စ၊ ဆွေမျိုးတွေကိစ္စ၊ ကာယက်၊ ဝစီက်အားဖြင့် ပြတ်သွားပြီ။ ဘာကျန်လဲဆိုတော့ မနောက်စိတ်ကလေး ကတော့ ဖြစ်ပေါ်လာမယ်။ မိမိစိတ်က အဲဒါတွေ တွေးမိမယ်။

အဲဒါ လောကီကာမဂုဏ် အာရုံတွေပဲ။ အဲဒါတွေပေါ်လာရင် ဆက်မလိုက်နဲ့။ နှာသီးဝမှာရှိတဲ့ ရှူတာရှိုက်တာလေးကို ပြန်ပြီးလုပ်ရမယ်။ နေကွမ္မပါရမီမြောက်အောင် လောကီအာရုံ တွေဖြတ်ရမယ်။ မဖြတ်လို့မရဘူး။ ဒါကြောင့်မို့ ရိပ်သာကို လာရတယ်။ ရိပ်သာဆိုတာ အိမ်နဲ့မတူဘူး။ ပြတ်သင့်တဲ့ အာရုံတွေ ပြတ်သွားတယ်။ ပြီးတော့ ဥပေက္ခာပါရမီ ဆိုတာ ဘယ်ကိစ္စဖြစ်ဖြစ် အညီအမျှရှုသွားရမယ်။ အညီအမျှ

http://www.dhammadownload.com

ဆိုတာ ဝမ်းလဲမသာနဲ့။ ဝမ်းလဲ မနည်းနဲ့။ ဒီသုံးပါး မပါဘဲနဲ့တော့ မရဘူး။

ကျွန်တော်တို့ တရားအားထုတ်တဲ့ အခါကျတော့ လက်နှက်ငါးမျိုးကို အားကိုးရတယ်။ **စေတသိက်ငါးပါး** ရှိတယ်။ စေတသိက်ငါပါး ဆိုတာ ဘာလဲဆိုတော့ **သဒ္ဓါဆိုတဲ့ စေတသိက် ရှိရမယ်။** သဒ္ဓါဆိုတာက ယုံကြည်မှုပါ။ ဘယ်သူပဲဖြစ်ဖြစ် အလုပ်တစ်ခုခု လုပ်တယ်ဆိုရင် ယုံကြည်မှုမရှိရင် အလုပ် မအောင်မြင်ဘူး။ ယုံကြည်မှု ရှိရတယ်။ ဝိပဿနာတရား အားထုတ်တယ်ဆိုရင် ဝိပဿနာတရားသည် မြတ်စွာဘုရား အဆုံးအမဖြစ်တယ်။ မြတ်စွာဘုရားသည် သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲကနေ နိဗ္ဗာန်ချမ်းသာကိုရအောင် စွမ်းဆောင်ခဲ့တယ်ဆိုတဲ့ ဘုရားပေါ်မှာ ယုံကြည်မှု၊တရားပေါ်မှာယုံကြည်မှု သံဃာပေါ်မှာ ယုံကြည်မှုဆိုတဲ့ ဒီလိုသဘောတရား ရှိရမယ်။

ယုံကြည်မှုက တရားအားထုတ်ခါစ ကဥပမာ နှစ်ဆယ်ရာခိုင်နှုန်း ရှိတယ်ဆိုပါတော့။ တရားရလာတဲ့အခါတရားတက်လာသည်နှင့် အမှုယုံကြည်မှုက တက်လာရမှာပေါ့။ သဒ္ဓါရှိလို့ ဒီရောက်လာကြတာ။ သဒ္ဓါမရှိရင် ရောက်မလာကြဘူး။ သဒ္ဓါ

http://www.dhammadownload.com

ရှိရင် သဒ္ဓါကြောင့် ကြိုးစားရမယ့် ခုနပြောတဲ့ ဝီရိယမျိုး၊ သမ္မပ္ပဓာန်ဆိုတဲ့ဝီရိယမျိုး၊ ဝီရိယစိုက်ရမယ်။ ဝီရိယ ဆိုတာက စေတသိက် ခေါ်တယ်။ စိတ်ကို ဆောင်ထားရမယ်။ ထက်သန်တဲ့ ဝီရိယ ဆောင်ထားရမယ်။ ဝီရိယမှ သတိဖြစ်အောင် လုပ်ထားရမယ်။ မိမိလုပ်နေတဲ့လုပ်ငန်းပေါ်မှာ ဆောင်ထား ရမယ်။ အဲဒီလို သတိနဲ့ ဝီရိယပေါင်းစပ်ပြီး အားထုတ်လိုက်လို့ရှိရင် ခုနပြောတဲ့ သမာဓိဖြစ်လာမယ်။ သမာဓိဆိုတာ ဘာလဲဆိုတော့ တစ်ခုတည်းသော အာရုံမှာ စူးစူးစိုက်စိုက်ထားနိုင်တဲ့ အချိန်လေးကို သမာဓိခေါ်တယ်။ စေတသိက်မှာတော့ ဧကဂ္ဂတာ စေတသိက်ခေါ်တယ်။

အဲဒီလို သဒ္ဓါရှိရမယ်။ သဒ္ဓါကြောင့် ဝီရိယ တက်လာမယ်။ ဝီရိယမှ သတိဖြစ်အောင်လုပ်ရမယ်။ သမာဓိဖြစ်လာရင် ဘာလိုက်လာမလဲဆိုတော့ နောက်က ပညာဆိုတာရလာမယ်။ မိမိ သမာဓိလုပ်တဲ့ အခါမှာ ပညာကဘယ်လိုရမလဲဆိုတော့ သြော်ဒီလို စိတ်ထားရင်၊ ဘယ်လို သတိလေးကို ကပ်ထားရင်၊ ဘယ်လို သမာဓိ ဖြစ်လာမလဲဆိုတာ တဖြည်းဖြည်း သဘောပေါက်လာမယ်။

http://www.dhammadownload.com

အဲဒီလို ကြိုးစားအားထုတ် သွားရမယ်။ ကျွန်တော်တို့ ဒီမှာလုပ်တဲ့ လုပ်ငန်းအခြေခံတွေ ပြောပြတယ်။ လုပ်တဲ့အချိန်ပိုင်းတွေ ရှိသေးတယ်။ အဲဒါတွေကို ဆရာဦးဘတိုး ပြောပြပါလိမ့်မယ်။ ကျွန်တော်တို့ ဒီရိပ်သာမှာလာရောက် တရားအားထုတ်သူများအတွက်သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိုတိုတုတ်တုတ်နဲ့ပဲ ရှင်းပြပါ့မယ်။ အဲဒီ စည်းကမ်းအတိုင်း လိုက်နာပြီး တရားအားထုတ်မှလဲ တိုးတက်မှုရှိမယ်။ အောင်မြင်မှု ရှိမယ်။ ကိုယ်မှန်းထားတဲ့ ရည်ရွယ်ချက်ကိုလဲရမယ်။

အဲဒီတော့ တရားအားထုတ်ဖို အချိန်ယောကနံနက် (၄) နာရီထိုးရင် ကြေးစည် (၄) ချက် ခေါက်မယ်။ အိပ်ရာက, ထပြင်ဆင်ပြီး၊လေးနာရီခွဲအချိန်ကစပြီး တရားပွားများအားထုတ်ရမယ်။ **လေးနာရီခွဲ အချိန်က ခြောက်နာရီအထိ တရားအားထုတ်တဲ့ အချိန် သတ်မှတ်ထားတယ်။** ခြောက်နာရီထိုးရင် ကြေးစည်တစ်ချက် ခေါက်လိုက်မယ်။ ဒါနှားတဲ့ အချိန်၊ ခြောက်နာရီဆို တရားအားထုတ်တဲ့နေရာကနေ ကိုယ့်နေရာကိုယ်ပြန်။ မပြန်ချင်လဲအပြင်မှာ နည်းနည်းပါးပါးလမ်းလျှောက်။ (၆)နာရီ (၁၅)မိနစ်၊

http://www.dhammadownload.com

မိနစ်(၂၀)လောက်မှာ နံနက်စာစားဖို့ ကြေးစည်(၃) ချက် ခေါက်မယ်။

ကြေးစည် (၃)ချက် ခေါက်တဲ့ အချိန်မှာ ထမင်းစားဆောင်မှာ နံနက်စာစားပြီးရင်အပေါ်တက်လာပြီး ခဏနား။ တရားအားထုတ်ချိန် နံနက် (၇) နာရီခွဲမှာ ကြေးစည်တစ်ချက် ခေါက်လိုက်တော့ တရားပြန်ပြီး အားထုတ်ရမယ်။ (၇) နာရီခွဲ ကနေ (၁၀) နာရီအထိ တရားအားထုတ်ချိန် သတ်မှတ်ထားတယ်။ (၁၀) နာရီကျရင် ကြေးစည်တစ်ချက် ခေါက်မယ်။ ခေါက်လို့ရှိရင် ရေမိုးချိုးအနားယူ။ နံနက် (၁၀) နာရီ (၄၅) မိနစ်မှာ နံနက်စာစားဖို့ ကြေးစည် (၃) ချက် ခေါက်တဲ့အချိန်မှာ ထမင်းစားဆောင်ဆင်းပြီး နံနက်စာစားရမယ်။

ပြန်လာပြီး ကိုယ့်နေရာမှာနား။နားတဲ့အခါမှာလဲ ကိုယ်ပွားများအားထုတ်ထားတဲ့ တရားကိုပဲ ဆက်လက်ပြီး၊ သတိထားပြီး အားထုတ်နေရမှာပဲ။ ကျွန်တော်တို့ စောစောက ပြောထားတဲ့အတိုင်း တစ်ယောက်နဲ့တစ်ယောက် စကားမပြောရဘူး ဆိုတော့ကိုယ့်တရားနဲ့ဆက်ပြီးတော့အပေါင်းအဖော်လုပ်ပြီး ခဏအနားယူတဲ့သဘော။ (၁)နာရီ ထိုးတော့ ကြေးစည်တစ်ချက် ခေါက်မယ်။ ခေါက်ရင်တရားပြန်

http://www.dhammadownload.com

အားထုတ်မယ်။ (၅) နာရီအထိ ထိုင်တဲ့အချိန် သတ်မှတ် ထားတယ်။ (၅) နာရီကျရင် ကြေးစည် တစ်ချက်ခေါက်မယ်။ ခေါက်ရင် ခဏနားတဲ့အချိန်ပဲ။ အဲဒီအချိန်မှာ ကျွန်တော်တို့က ရှစ်ပါးသီလစောင့် ထိန်းထားတဲ့ ယောဂီများအတွက် အဖျော်ရည်များ အဆင်သင့် ဓမ္မာရုံမှာပဲ ထားပါမယ်။ အဖျော်ယမကာ သုံးဆောင်ဖို့ပါပဲ။

အဲဒီကနေပြီး (၅) နာရီခွဲမှာ ဓမ္မာရုံမှာ အား လုံးစုပြီးကြတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ကျေးဇူးရှင် ဆရာကြီးဦးဘခင် (၁၀) ရက်စခန်းတုန်းက ဟော သွားတဲ့ တရားတိပ်ခွေကို ဖွင့်ပြမယ်။ အဲဒါ မိနစ် (၅၀)၊ (၅၅) မိနစ်လောက်ကြာမယ်။ အဲဒါ (၁၀) ရက်လုံးလုံး ဖွင့်ပြမှာ။ သဘောတရားနဲ့ ဇယားနဲ့ ဖွင့်ပြမှာ။ ပထမ အာနာပါနယူတဲ့အချိန်၊ အာနာပါန အကြောင်း ဟောမှာပါ။ ကိုယ်လုပ်ခဲ့တဲ့ အလုပ်နဲ့ ဟောပြောတာဟာပဲပြီး ပြုပြင်နိုင်ပြီး ဆက်လက်ပွားများ အားထုတ်နိုင်တယ်။ (၆) နာရီခွဲလောက် တရားနာ ပြီးတဲ့အချိန်မှာ အနားယူပြီးတော့ (၇)နာရီ ကြေးစည် တစ်ချက်ခေါက်ရင် ဒီနေရာမှာ ခုလိုပဲ ပြန်တွေ့ မယ်၊ အမေးအဖြေလုပ်မယ်၊ တရားစစ်မယ်။

http://www.dhammadownload.com

ကျွန်တော်တို့ အာနာပါန တရားပွားများတဲ့ အချိန်မှာ အာနာပါန တရားအကြောင်း ပြောမယ်။ တစ်ဦးချင်းအနေနဲ့ အာနာပါနဆိုတဲ့ ဝင်လေ ထွက်လေ သတိထားလို့ရသလား၊ စိတ်က ဘယ်လောက် လွင့်သလဲ၊ ပျံ့သလဲ၊ အဲဒီ ပျံ့လွင့်တဲ့စိတ်ကို မလွင့်အောင် မပျံ့အောင် ပြန်ပြီးတော့ သမာဓိ ဘယ်လို ထူထောင်ရမယ်ဆိုတဲ့ လက်တွေ့လုပ်ငန်းလေးတွေ ရှင်းပြမယ်။ လမ်းမှန်ပေါ်ရောက်အောင် ကျွန်တော်တို့ တင်ပေးမယ်။

ယခု ကျွန်တော်တို့ (၇) နာရီခွဲ (သို့မဟုတ်) တရားဟောတဲ့အချိန် ကြာသွားရင် (၈) နာရီလောက် ဖြစ်ရင်ဖြစ်သွားမယ်။ **အဲဒီအချိန်မှာ တရားပြန်ထိုင်ရမယ်၊ ပထမဦးဆုံးရှစ်ပါးသီလ ယူရမယ်။ သီလ ဆောက်တည်ရမယ်။** ဒါကို ကျွန်တော်တို့ ဘုရားရှစ်နိုးခန်းထဲမှာ သွားမယ်၊ အဲဒီမှာ သီလ ယူရမယ် သီလယူပြီးရင် မိမိတို့ ခန္ဓာကိုယ်နဲ့ အသက်ကိုဘုရားထံမှာ အပ်ရမယ်၊ ဆရာကြီးထံမှာ အပ်ရမယ်။ ပြီးမှ မြတ်စွာဘုရားထံမှာ အာနာပါန ကမ္မဋ္ဌာန်းတောင်းမယ်။

ကျွန်တော်တို့နဲ့ အတူ ပထမ တစ်နာရီမှာ ဘုရားခန်းထဲမှာ ပွားများအားထုတ်ရမယ်။ (၉) နာရီ

 ်ုးတင်ရီ၊ဦးဘာ

အချိန်မှာ ကြေးစည်တစ်ချက် ခေါက်လိုက်ရင် တရား အားထုတ်တာ ရပ်နားပြီးတော့ အိပ်ဖို့အချိန် ရှိတယ်။ အဲဒီဇယားလေးပါ။

ယခု ကျွန်တော်တို့ စပြီးတော့ တရားယူဖို့ ခဏလေး (၅)မိနစ်လောက် နားလိုက်ဦးပေါ့၊ (၈)နာရီ တိတိမှာ ဗိုလ်မှူးကြီးမောင်မောင် (အင်ဂြိမ်းစား) က နေရာချပေးပါလိမ့်မယ်။ ဘုရားခန်းထဲကို အရောက် လာကြပါ။ အဲဒါပါပဲ။

(သာဓု .... သာဓု ..... သာ"ဓု)

http://www.dhammadownload.com

http://www.dhammadownload.com

ဒုတိယနေ့

တရားအားထုတ်တာ တစ်ရက် ပြည့်သွားပြီ၊ အာနာပါနကမ္မဋ္ဌာန်းနဲ့ထူထောင်ပြီး။ သမာဓိဖြစ်အောင် လုပ်ကြတယ်။ မနေ့က အာနာပါနဆိုတာ ဘာလဲဆိုတာ သေသေချာချာ ဟောခဲ့ပြီးပြီ၊ ဒီနေ့ဆိုလည်း ဆရာကြီးဟောတဲ့တရားထဲမှာ အာနာပါနအကြောင်းတော်တော်လေး ပါသွားတော့ အာနာပါန ကမ္မဋ္ဌာန်းအကြောင်း ဘာလဲဆိုတာ သိလောက်ပြီ၊ ကျွန်တော်တို့က သစ္စာလေးပါးကို သိအောင်ဆိုပြီး သစ္စာလေးပါးထဲမှာ မဂ္ဂသစ္စာဆိုတာ ပွားများအားထုတ်တဲ့တရား၊ မဂ္ဂသစ္စာဆိုတာ မဂ္ဂင်လမ်းကြောင်းပေါ့။

မဂ္ဂင်ရှစ်ပါးမှာ (သီလ ၊ သမာဓိ၊ ပညာ ဆိုပြီး သိက္ခာသုံးပါးနဲ့ ပြောလို့ရတယ်) မဂ္ဂင်ရှစ်ပါးလမ်း

http://www.dhammadownload.com

ကြောင်းနဲ့ ပွားများအားထုတ်ရင် ဒုက္ခသစ္စာဆိုတာ သိအပ်တဲ့ တရား၊ မဂ္ဂင်ရှစ်ပါးကတော့ ပွားများအား ထုတ်ရင် ဒုက္ခ သစ္စာဆိုတာ သိအပ်တဲ့တရား၊ မဂ္ဂင် ရှစ်ပါးကတော့ ပွားများအပ်တဲ့တရား၊ မဂ္ဂင်ရှစ်ပါး လမ်းကြောင်းအတိုင်း လိုက်ပြီးပွားများ အားထုတ်ခဲ့ လို့ရှိရင် ဒုက္ခသစ္စာကို သိမယ်။

မနေ့ကလည်း ဒုက္ခသစ္စာ ဘာလဲဆိုတာ ပြောပြီးပြီ။ ဒုက္ခသစ္စာကို ကိုယ်တွေ့ဉာဏ်တွေ့သိ လာတဲ့အခါကျမှ သမုဒယသစ္စာဆိုတာ ပယ်အပ်တဲ့ တရား ဒုက္ခရဲ့ဖြစ်ခြင်း အကြောင်းရင်းဟာ ဘာကြောင့် ဖြစ်သလဲဆိုတာ၊ သမုဒယကြောင့် ဖြစ်တယ်ဆိုတာ ဟောခဲ့ပြီ။ သမုဒယဆိုတာ တဏှာပေါ့၊ သမုဒယ တဏှာကိုပယ်နိုင်မှ နိရောဓဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်တယ်။

အဲဒီတော့ သစ္စာလေးပါးမှာ ပွားများအပ်တဲ့ တရားက မဂ္ဂသစ္စာ၊ သိအပ်တဲ့ တရားက ဒုက္ခသစ္စာ၊ ပယ်အပ်တဲ့ တရားက သမုဒယသစ္စာ၊ ဆိုက်အပ်တဲ့ တရားက နိရောဓသစ္စာ။ အဲဒီလို ပွား။ သိ၊ပယ်၊ဆိုက် ဆိုပြီး လက်တွေ့လုပ်တဲ့ အခါကျတော့ ဒီမဂ္ဂသစ္စာက စပြီးတော့ အလုပ်, လုပ်ရမယ်။

http://www.dhammadownload.com

မဂ္ဂသစ္စာက စပြီး အလုပ်လုပ်တော့ ကျွန်တော်တို့က သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် ဆိုပြီး သိက္ခာသုံးပါးနဲ့ ခွဲပြရမယ်။ **သီလဆိုတာ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို အ, ကုသိုလ် မဖြစ်အောင် စောင့်ထိန်းထားတာက သီလမဂ္ဂင်၊** သီလနဲ့စောင့်ထိန်းလို့ရှိရင် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေမှာအ, ကုသိုလ် မဖြစ်နိုင်ဘူး။ ကျွန်တော်တို့က မနေ့ကရှစ်ပါးသီလ ယူပြီးပြီ၊ သီလကို စင်ကြယ် အောင်ထိန်းသိမ်းထားတယ်၊ ဒါတင်မကသေးဘူး၊ ဒီရိပ်သာမှာ သီလစောင့်ထိန်းတဲ့အခါရှစ်ပါးမကဘူး၊ **ဣန္ဒြိယသံဝရသီလဆိုတာ** ရှိသေးတယ်၊ **အဲဒီ ဣန္ဒြိယသံဝရသီလဆိုတာ** ဘာလဲဆိုတော့ အာရုံခြောက်ပါးနှင့် တွေ့ထိသမျှအပေါ်မှာ အ,ကုသိုလ် မဖြစ်အောင် ထိန်းသိမ်းထားရတယ်။

မြင်တဲ့အခါမှာ မြင်သိစိတ် ပေါ်မယ်၊မြင်သိစိတ် ပေါ်တဲ့အခါမှာ အ,ကုသိုလ် မဖြစ်အောင် ထိန်းသိမ်းထားရမယ်။ ကြားသိစိတ် ပေါ်မယ်၊ ကြားသိစိတ်ပေါ်တဲ့အခါမှာ အ,ကုသိုလ်မဖြစ်အောင်၊ နံသိစိတ်ဆိုတာလဲ အနံ့ပေါ်မှာ အ, ကုသိုလ် မဖြစ်အောင်၊ ထိသိစိတ် ဆိုတာလဲ ကာယနဲ့ ထိတဲ့ အပေါ်မှာ အ, ကုသိုလ် မဖြစ်အောင်၊ မနောအဲဒီဒွါရ

http://www.dhammadownload.com

ခြောက်ပါးမှာ မနောဆိုတဲ့ စိတ်ကနေ ဖြစ်ပေါ်တဲ့ အရာတွေမှန်သမျှ အ, ကုသိုလ် မဖြစ်အောင် ဣန္ဒြိယ သံဝရသီလပါ စောင့်ထိန်းထားတော့ သီလတော် တော်စင်ကြယ်တယ်။

အိမ်မှာဆောက်တည်တဲ့သီလဆိုရင် လောကီ အာရုံထဲမှာဆိုတော့ ဒီလောက်စင်ကြယ်ချင်မှစင်ကြယ် မယ်၊ ဒီလို ရိပ်သာနေရာမျိုးမှာ အ,ကုသိုလ်ကင်း အောင်၊ ပတ်ဝန်းကျင်အခြေအနေကလည်း ဖန်တီးပေး ထားတော့ အ, ကုသိုလ် ဖြစ်စရာအကြောင်း မရှိဘူး၊ မရှိတော့ ဣန္ဒြိယသံဝရသီလနဲ့ ပြည့်စုံတယ်။

ဒါကြောင့် ဒီမှာ စောင့်ထိန်းတဲ့ သီလက အဓိသီလ၊ ဒီလို စင်ကြယ်အောင် လုပ်တာ၊ သီလ ဝိသုဒ္ဓိ၊ သီလ၏ စင်ကြယ်ခြင်း၊ သီလဝိသုဒ္ဓိဟာ ပထမဦးစွာ အခြေခံပဲ၊ သီလစင်ကြယ်အောင်လုပ် ရမယ်၊ သီလစင်ကြယ်အောင် လုပ်ပြီးမှ စိတ္တဝိသုဒ္ဓိ ကို တက်လှမ်းရမယ်။

စိတ္တဝိသုဒ္ဓိ၊ စိတ်ကို ဖြူစင်အောင် ထားရမယ် ဆိုတော့ သမာဓိကို အာနာပါနနဲ့ သမာဓိဖြစ်အောင် ထူထောင်ပေးခဲ့တယ်၊ အာနာပါနဆိုတာ ဘာလဲ ဆိုရင်ကိုယ်က စိတ်အာရုံကိုနာသီးဝအထက် နှုတ်ခမ်း

http://www.dhammadownload.com

တစ်နေရာရာမှာ တစ်နေရာရာလို့ ဘာလို့ပြောရလဲ ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မတူလို့ပြော ရတယ် တချို့ကနှာသီးဝမှာ သိတယ်၊ တချို့က အထက် နှုတ်ခမ်းတစ်နေရာရာမှာ သိတယ်၊ အဲဒီ နေရာကို ပထမဦးဆုံးစိတ်ကို ညွှတ်ထားလိုက်ပါ၊ ညွှတ်ထားလိုက်ပြီးတော့သတိထားလိုက်ပါ၊ စိတ် ကိုညွှတ်ထားပါ၊ဆိုတာက အာရုံပေါ်စိတ်ကို တင် ပေးပါ၊ အာရုံကိုတင်ပေးတယ်ဆိုတာ စိတ်ကိုနှာသီးဝ အထက်နှုတ်ခမ်း တစ်နေရာရာမှာတင်ထား၊ တင် ထားတော့၊ တစ်ခါတင်တာနဲ့ စိတ်ကမနေဘူး၊ ထပ်ကာထပ်ကာ တင်ပေးရတယ်၊ အဲဒီလို ထပ်ကာ ထပ်ကာ တင်ပေးမှစိတ်က ဒီမှာနေတယ်။

အရေးကြီးတာက ဒီနေ့ ဒီနေရာမှာ ကိုယ် တိုင်ကိုယ်ကျ လုပ်ကြည့်တဲ့အခါ တွေ့ရှိတဲ့ လုပ်ငန်း အခက်အခဲတွေကို ကျွန်တော်တို့ ပြောပြခဲ့တာနဲ့ ဟပ် မိအောင် ရှင်းပြမယ်၊ စိတ်ကို အာရုံပေါ် တင်ပေးပြီး တော့ သတိထားပါ။ အာရုံပေါ် စိတ်ကင်ပေးပြီးထား တာက တစ်ချက်၊ အဲဒီအာရုံပေါ် တင်ပေးပြီး ဒီနေရာ မှာ သတိလေးကပ်ထားရင် သတိဆိုတာ အာရုံတစ် ခုကို ထင်ရှားအောင် လုပ်နိုင်လုပ်တတ်တယ်၊ သူ့မှာ

http://www.dhammadownload.com

အားရှိတယ်၊ ဘာထင်ရှားလာ မလဲဆိုတော့ထွက်လေ ဝင်လေ ထင်ရှားလာမယ်၊ ထွက်လေဝင်လေနဲ့ မွေးက တည်းကစပြီး အသက်ရှူလာတယ်၊ ဒီနေ့ထိပဲ၊ အိပ်လဲ ရှူနေတယ်၊ သွားရင်းလာရင်းလဲ ရှူနေတယ်၊ ဝင်လေ ထွက်လေဟာအမြဲရှိတယ်။

သို့သော်လည်း သတိမထားတော့ ကိုယ် အသက် ရှူနေမှန်း တစ်ချိန်လုံး သိနေလား၊ မသိဘူး မဟုတ်လား၊ သတိမထားလို့၊ သတိမူတော့ မြူလေး တောင် မြင်တယ်တဲ့၊ သတိမမူတော့ ဂူကြီးတောင် မမြင်ဘူးတဲ့၊ ဒီလိုဆိုရိုးစကားရှိတယ်၊ သတိထား လိုက်တဲ့အခါ ဝင်လေထွက်လေဟာ ထင်ရှားလာ တယ်၊ အဲဒီ ဝင်လေထွက်လေကို သိလာတဲ့အခါ ကျ ရင် ဝင်လေထွက်လေကို ဝင်တဲ့အခါမှာ သတိကပ်ပြီး ဝင်တယ်လို့ မှတ်လိုက်၊ အဲဒီလို မှတ်နိုင်အောင်သတိ ကပ်ထားရမယ်၊ သတိကပ်မထားရင် ဝင်တာနဲ့ ထွက် တာ သိချင်မှသိမယ်၊ သတိသာ ကပ်ထားလိုက်ရင် ဝင်တဲ့အခါမှာ ဝင်တယ်ဆိုတာ သိမယ်၊ ထွက်လေရှူ တာ ထွက်တာ သိတယ်၊ အဲဒါကို ကိုယ်က မှတ်လိုက် ရုံပဲ။

http://www.dhammadownload.com

အာနာပါနသတိ ထားဖို့က သုံးချက်ရှိတယ်၊ (၁) အထက်နှုတ်ခမ်းတစ်နေရာ၊ (၂) ဝင်လေသိတာ ကိုသိရင် ဝင်တာလေးကိုမှတ်လိုက်၊ (၃) ထွက်လေ သိရင် ထွက်လေမှတ်၊ အဲဒီလို သုံးချက်မှတ်လိုက်ရင် အာနာပါန သတိလို့ခေါ်တယ်။

လက်တွေ့လုပ်တဲ့အခါကျတော့ ကျွန်တော်တို့ သတိထားပြီးမှတ်လို့ပြောလိုက်တာဟာ အပြောလွယ် သလောက် အလုပ်ကျတော့ခက်တာကို ဒီနေ့ အာနာ ပါန နည်းကိုပွားများအားထုတ်တဲ့အခါ ကိုယ်တိုင် မတွေ့ဘူးလား၊ စိတ်လေလွင့်တာ ကိုယ်တိုင်မတွေ့ ဘူးလား၊ စိတ်တွေသိပ်လွင့်တယ်၊ ကိုယ်က ထင်တယ်၊ ဒါဟာ ဒီလိုလုပ်ရင် စိတ်ကလွင့်မှာ မဟုတ်ဘူးလို့ တကယ်လုပ်ကြည့်တဲ့အခါကျတော့ စိတ်ကလွင့်တယ်။

စိတ်က ဘယ်ကိုရောက်သလဲဆိုတော့ အိမ် ပြန် ရောက်ချင်ရောက်မယ်၊ စီးပွားရေးဘက် ရောက်ချင် ရောက်မယ်၊ ဆွေးမျိုးဥာတိကိစ္စ တွေးမိချင် တွေးမိ မယ်၊ ဒါမှမဟုတ်ရင် ကိုယ်လိုချင်တဲ့ အာရုံပေါ် မှာရောက်သွားမယ်၊ အဲဒီလို မရောက်ဘူးလား၊ ရောက်တယ်၊ တစ်ခါတလေတော့ ဝင်လေထွက်လေ မှတ်တယ်၊ မှတ်တာမရဘူး၊ မရတော့ စိတ်ပျက်တယ်၊

http://www.dhammadownload.com

စိတ်ကလွင့်လွင့်သွားတယ်၊ စိတ်ကိုပြန်ဖမ်းရတာ ခက်တယ်၊ကိုယ်ထင်သလောက်မလွယ်ဘူး၊ ဒီပေါ်မှာ မရတဲ့အတွက် ဘာစိတ်ဝင်လာသလဲဆိုတော့ မကျေနပ်တဲ့စိတ်ဝင်လာတယ်၊ ဘာလို့ မရရလဲလို့ မကျေနပ်ဘူး။

နောက်တစ်ခုက ဘာတွေဝင်လာသလဲဆိုတော့ **ထိန**မိ**ဒ္ဓ**၊ ရှုရင်း မှတ်ရင်းနဲ့ စိတ်ကထိုင်းလာတယ်၊ မှိုင်းလာတယ်၊ မှိုင်းလာတော့ ပျင်းလာတယ်၊ မှိုင်းလာတယ်ဆိုတာ အိပ်ငိုက်လာတယ်၊ **ထိန** ဆိုတာ ပျင်းတာကို ပြောတာ၊ **မိ**ဒ္ဓ ဆိုတာက ငိုက်မျဉ်းတာ၊ အဲဒီသဘောတရားတွေ ပေါ်မလာဘူးလား၊ နောက်တစ်ခါဆိုရင် **ဥ**ဒ္ဓ**စ္စ** ဆိုတာရှိတယ်၊ စိတ်တွေအင်မတန်လွင့်တယ်၊ နောက်တစ်ခါ စိတ်တွေကပြီးခဲ့တဲ့ကိစ္စတွေကို ပြန်ပြန်တွေးပြီးပူပန်တာတွေ ပေါ်လာတယ်၊အဲဒီတုန်းကလုပ်လိုက်ရင်ကောင်းသား၊ မလုပ်လို့မှားတယ်၊ လုပ်မိရင်ဘယ်လောက်ကောင်း လဲဆိုတဲ့ သဘောတရားတွေဝင်လာတတ်တယ်။

ပြီးတော့ ဘယ်လိုစိတ်မျိုး ဝင်တတ်သေးလဲ ဆိုရင် **သံ**သယ**စိတ်** ဝင်လာတတ်တယ်၊ ဒီမှာတရားထိုင်တာ ဝင်လေထွက်လေ မှတ်လို့မရဘူး၊ ရမှရပါ့

http://www.dhammadownload.com

မလား၊ ဒီတရားက ကိုယ်နဲ့ပဲ အဆင့်အတန်း မှီပါ့
မလား၊ ပါရမီမှ ရှိရဲ့လား၊ ပါရမီမရှိဘဲ ဒီတရားရ
ပါ့မလားဆိုတာ ဝိစိကိစ္ဆာဆိုတဲ့ သံသယတွေဖြစ်ပေါ်
လာတယ်၊ အဲဒါကို မြတ်စွာဘုရားက ဘယ်လိုဟော
သလဲဆိုတော့ ပုထုဇဉ်မှန်သမျှ ဒီတရားတွေဟာ
စိတ်ကို အမြဲဖုံးလွှမ်းနေတာပဲတဲ့၊ ဖုံးလွှမ်းပြီးတော့
စိတ်ကို ညစ်ညူးအောင်လုပ်တတ်တဲ့ စေတသိက်
တရားတွေပါ။

စေတသိက်ဆိုတာ ဘာလဲ၊ စိတ်ကိုမှီတွယ်
ပြီးတော့ခြယ်လှယ်တဲ့တရားတွေ။ ဥပမာ လောဘဆို
ပါတော့၊ လောဘဆိုတာ လိုချင်တဲ့စိတ်၊ လောဘ
ဆိုတာ စေတသိက်၊ စိတ်ကတော့ သိကာ မတ္တပဲ၊
(အမြဲတမ်းပဲ ကျွန်တော်တို့ ယခုပြောနေတာက
လောဘ စေတသိက်ကို အမည်တပ်ပြီးပြောတာ)
ဒေါသဆိုတာ စေတသိက်၊ မောဟဆိုတာ စေတ
သိက်၊ စိတ်ကိုဖုံးလွှမ်းနေတဲ့တရား၊ ညစ်ညူး
အောင်လုပ်တဲ့ တရားတွေကို မြတ်စွာဘုရားက
နိဝရဏတရားလို့ ခေါ်ပါတယ်။

နိဝရဏတရားဆိုတာ ဘာလဲ၊ စိတ်ကိုညစ်
ညူးအောင်လုပ်တတ်တဲ့တရား၊ စိတ်မှာ အမြဲယှဉ်ပြီး
တော့အမြဲပေါ်နေတယ်၊ အဲဒီလိုစိတ်တွေပေါ် နေတာ

http://www.dhammadownload.com

က ပုထုဇဉ်တို့ သဘောတရားမှာ ဒီစိတ်တွေအမြဲဖုံးလွှမ်းနေတယ်။

စိတ်ဆိုတာပင်ကိုအားဖြင့် အင်မတန်ကြည်လင်တဲ့ သဘောတရားရှိတယ်၊ အင်မတန် တည်ငြိမ်တဲ့ သဘောတရားရှိတယ်၊ အင်မတန် ထက်သန်တဲ့ သဘောတရားရှိတယ်၊အင်မတန်မှ ချမ်းသာတဲ့သဘောတရားရှိတယ်၊စိတ်ကိုခုနကပြောတဲ့ နိဝရဏတရားငါးပါး ဖုံးလွှမ်းနေတဲ့အခါလပြည့်ဝန်းဟာ ဘယ်လောက်သာပါစေ တိမ်တွေဖုံးလို့ရှိရင်အရောင်မထွက်သလိုပဲ၊ ကြည်လင်တဲ့ သဘောတရားတွေရှိတဲ့ ပင်ကိုစိတ်ဟာအရောင် မထွက်နိုင်ဘူးတဲ့၊ ဒီအညစ်တရားတွေ အမြဲဖုံးလွှမ်းတဲ့ အဲဒီတရားကို မြတ်စွာဘုရားကနိဝရဏတရားငါးပါးလို့ခေါ်တယ်။

နိဝရဏတရားငါးပါးက ဘာလဲဆိုတော့ (၁) **ကာမစ္ဆန္ဒနိဝရဏတဲ့၊ စိတ်သည်ကာမဂုဏ် အာရုံတွေမှာပဲ အမြဲကျက်စားနေတယ်၊** အမြဲဒီစိတ်တွေ ဖုံးလွှမ်းနေတယ်။ စဉ်းစားကြည့်ရင် သိမှာပါ၊ ဒါပုထုဇဉ်တို့ သဘောပဲ၊ ပုထုဇဉ်တို့ သဘောမှာ အမြဲရှိတယ်၊ ဒါသဘာဝပဲ၊ ဒါကြောင့် တရားထိုင်တဲ့အခါမှာ ဒီစိတ်တွေဖြစ်တတ်တယ်ဆိုတာစောစောကတည်းက ပြော

http://www.dhammadownload.com

ခဲ့တယ်၊ စိတ်မပျက်နဲ့၊ ရအောင်လုပ်၊ မနေ့ကပြော ခဲ့တယ်။

နောက်တစ်ခု ဘာလဲဆိုတော့ (၂) ဗျာပါဒ နိုဝရဏတဲ့၊စိတ်က မကျေနပ်ဖြစ်နေတယ်၊ ဒါဘေါသ၊ ဘာကြောင့် မရရသလဲ၊ မရတာကိုပဲ မကျေမနပ်ဖြစ် နေတယ်၊ ကိုယ်က လုပ်တော့လုပ်တာပဲ၊ ဒါပေမယ့် စိတ်ဖမ်းလို့ မရဘူး၊ ဖမ်းလို့ရရင်လဲ ခဏလေးပဲ၊ လွင့်တာက များနေတယ်၊အဲဒီတော့ ကိုယ်ကလွန်ဆွဲ နေတယ်၊ ဒီနေ့ကတော့ ပင်ပန်းမယ်လို့ မနေ့ကကြို တင် ပြောထားတယ်၊ ပင်ပန်းတယ်၊ ဒီတရားကိုအမည် တပ်ပြောတဲ့အခါကျတော့ ဗျာပါဒနိုဝရဏတဲ့။

ဗျာပါဒနိုဝရဏဆိုတာ ဒေါသပဲ၊ ဒီဟာလဲ ဖုံးလွှမ်းနေတာပဲ။ နောက်တစ်ခုက (၃) ထိနမိဒ္ဓနိုဝ ရဏတဲ့၊ ပျင်းတယ်၊ ငိုက်တယ်၊ ထိုင်းတယ်၊မှိုင်းတယ် ဆိုတဲ့ သဘောတရားတွေဟာ စိတ်ကိုညစ်ညူးစေတဲ့ တရားပဲ။ နောက်တစ်ခုက (၄) ဥဒ္ဓစ္စကုက္ကုစ္စတဲ့၊ ဥဒ္ဓစ္စ ဆိုတာ စိတ်ပျံ့လွင့်တယ်၊ ကုက္ကုစ္စဆိုတာ နောက်တစ်ဖန် ပြန်ပြီးပူပန်တယ်၊ ဒီတော့ဆင်းရဲတာ ပေါ့၊ ဥဒ္ဓစ္စဆိုတာလဲ ပုစွန်ဆိတ်ခုန်သလို ဟိုရောက် လိုက်သည်ရောက်လိုက် အင်မတန် ပျံ့လွင့်နေတာ၊

http://www.dhammadownload.com

ဥဒ္ဒစ္စမျှားတဲ့ပုဂ္ဂိုလ်တွေဟာ အိပ်တောင် အိပ်မပျော်ဘူး၊ အဲဒီလောက်ပျံ့လွင့်နေရင် အိပ်လို့မပျော်ဘူး။

ဒီတရားတွေဟာ နိဝရဏတရားတွေကို ခေါ်ပါတယ်၊ လေးပါးရှိသွားပြီ။ **နောက်ဆုံးတရားက (၅) ဝိစိကိစ္ဆာ**။ သံသယ–ကိုယ်လုပ်နေတာ မှန်ရဲ့လား၊ ရမှရပါ့မလားဆိုတဲ့ သဘောတရားတွေ အဲဒီလို ဖြစ်တတ်တယ်၊ အဲဒီတော့ ဒီနိဝရဏ တရားငါးပါး ဖုံးလွှမ်းနေသမျှတော့ ကြည်လင်တဲ့ စိတ်မဖြစ်နိုင်ဘူး။

ကျွန်တော်တို့က သမာဓိ ဘာလဲ၊ သမာဓိထူထောင်ပြီး တစ်ခုတည်းသော အာရုံမှာ စိတ်ကိုစိုက်တတ်အောင်၊ ကိုယ်ထားတဲ့ နေရာမှာနေအောင်၊ အာရုံက ဘာလဲဆိုတော့ ဝင်လေထွက်လေကို ပြောတာ၊ တခြားဟာတွေ ဘာမှမသိဘူး၊ ဝင်လေထွက်လေပဲ သိနေတယ်၊ အဲဒါ သမာဓိပဲ၊ သမာဓိဟာ စိတ်ကို ဖုံးလွှမ်းနေတဲ့ နိဝရဏတရားတွေ ကင်းအောင်၊ ကွာအောင် ခွာပစ်လိုက်တဲ့ စွမ်းရည်ရှိတယ်၊ သတ္တိရှိတယ်၊ သမာဓိ လုပ်တယ် ဆိုတာက သမထပဲ၊ သမထ ဆိုတာ စျာန်တရားပဲ။

http://www.dhammadownload.com

"ဗျာန်" ဆိုတာက ဗျာနုကလာတာ၊ ဒီဗျာန်ဆိုတာက စိတ်ကို တစ်ခုတည်းသော အာရုံမှာ စူးစူးစိုက်စိုက် ရှုနေတာကို ဗျာန်လို့ခေါ်တယ်၊ မိုးပေါ်ပျံတဲ့ဗျာန် မဟုတ်ဘူး၊ ဗျာန်ဆိုတာက စိတ်ကိုတစ်ခုတည်းသော အာရုံမှာ စူးစူးစိုက်စိုက် ထားတတ်တာကို ဗျာန်လို့ခေါ်တယ်၊ အာနာပါန လုပ်တယ်ဆိုတာ သမထ၊ အာနာပါနနဲ့ သမာဓိ ထူထောင်တယ်ဆိုတာ ဗျာန်တရား ပွားများအားထုတ်တာ၊ ဗျာန်ဘက်မှာ အင်္ဂါငါးပါး ရှိတယ်၊ ငါးပါးက ဘာတွေလဲ၊ (၁) ဝိတက်၊ (၂) ဝိစာရ၊ (၃) ပီတိ၊ (၄) သုခ၊ (၅) ဧကဂ္ဂတာတဲ့။ အဲဒီဗျာန်အင်္ဂါငါးပါးကို ရအောင်ကြိုးစားပြီးတော့ သမာဓိဆိုတဲ့အားနဲ့ ဖုံးလွှမ်းနေတဲ့ နိဝရဏတရားတွေ ခွာပစ်တယ်၊ ကွာသွားပြီဆိုရင် ခုနက ပြောသလို လပြည့်လဝန်းကြီးဟာ တိမ်တွေကင်းစင်လို့ တောက်ပလာမယ်၊ ကြည်လင်လာမယ်၊ သူဖုံးရင် ညစ်နွမ်းတဲ့ သဘောရှိတယ်၊ မကြည်လင်ဘူး၊ မတောက်ပဘူး။ ထိုင်းတယ်၊ မှိုင်းတယ် ဒီသဘောမျိုးရှိတယ်။

ဒါတွေကို ဘယ်လိုခွာမလဲဆိုတော့ ဒီဗျာန်အင်္ဂါငါးပါးက ကျွန်တော်တို့ အာနာပါနနဲ့ ဝင်လေ

http://www.dhammadownload.com

ထွက်လေ မှတ်ပါဆိုတော့ ပထမအလုပ်က ဘာလဲ ဆိုရင် စိတ်ကို အာရုံပေါ်တင်ပေးတာ၊ ဝိတက်ဆိုတာ စိတ်ကို အာရုံပေါ်တင်ပေးတာ၊ အာရုံပေါ်တင်ပေး လိုက်ရင် ဒီနေရာမှာ စိတ်ကရောက်တော့ ဒီနေရာမှာ ဝင်လေ ထွက်လေ ရှိတယ်၊ ဝင်လေ ထွက်လေကို ဝင်တာ ကိုဝင်တယ်၊ ထွက်တာကို ထွက်တယ်လို့ မှတ်နိုင်ရင် တင်ထားတဲ့အာရုံကို သုံးသပ်လို့ရတယ်၊ ဝင်လေ ပေါ်တင်ထားလိုက်တယ်၊ စိတ်ကလေးကို တင်ထား လိုက်တယ်၊ သတိထား လိုက်တယ်၊ ထား လိုက် ပြီးတော့ဝင်လေကို ဝင်လေမှန်းသိတယ်၊ထွက် လေကို ထွက်လေ မှန်းသိတယ်၊ အဲဒါကို ဝင်တယ် ထွက် တယ်ဆိုပြီး တော်တော်ကြာကြာလေး မှတ်နိုင် ရင်ဒါဘာလုပ်နေလဲဆိုတော့တင်ထားတဲ့ အာရုံကို သုံးသပ်တယ်၊ တင်ထားတဲ့ အာရုံကိုသုံးသပ်တာ ဝိစာရလို့ ခေါ်တယ်၊ ဝိတက်ဝိစာရ။ ဝိတက်ကစိတ် ကို အာရုံပေါ်တင်နိုင်တယ်၊ဝိစာရက တင်ထားတဲ့ အာရုံပေါ်မှာ ကိုယ်က သုံးသပ်လို့ရတယ်။

အဲဒီတော့ ဒီနေ့လုပ်တာ၊ ခဏတစ်ဖြုတ် တော့ အာရုံတင်လို့မရဘူးလား။ ထွက်လေ ဝင်လေ သုံးသပ်လို့ မရဘူးလား။ ကြာကြာတော့ မှတ်လို့

http://www.dhammadownload.com

မရဘူးပေါ့။ ကိုယ်က (၁၅) မိနစ်လောက် မှတ်ချင်တယ်။ (၁) မိနစ်၊ (၂) မိနစ်ကြာရင် စိတ်ကလွင့်သွားတယ်။ ကိုယ်က ပြန်ပြီးလွင့်သွားတဲ့စိတ်ကို ပြန်ခေါ်ဒီလိုလုပ်နေရတယ်။ ဒီတော့ ဝိစာရဆိုတာ တင်ထားတဲ့ အာရုံကို တော်တော်လေး သုံးသပ်နိုင်လို့ရှိရင် ဘာလိုက်လာသလဲဆိုတော့ ကိုယ်က အာရုံတင်လို့ရတယ်။ ဝင်လေ ထွက်လေ ပေါ်မှာလဲသုံးသပ်လို့ရတယ်ဆိုရင် နောက်က ပီတိဆိုတဲ့ ကျေနပ်မှုလေးလိုက်လာတယ်။ ကိုယ်လုပ်တဲ့ အလုပ်ကရနေတယ်။ ကျေနပ်နေပြီ။ အဲဒီ အာရုံလေးရနေတယ်။

ပီတိရနေလို့ရှိရင် နောက်က ဘာလိုက်လာမလဲ။ သုခဆိုတာ လိုက်လာမယ်။ သုခဆိုတာ ချမ်းသာမှု သဘောလေးပေါ့။ အေးငြိမ်းမှု သဘောပေါ့။ ကိုယ်ကလဲ ဒီဟာလေးမှတ်နေတယ်။ မှတ်တာလဲရတယ်။ စိတ်တွေလဲ လွင့်မသွားဘူးဆိုရင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဆိုတာ စိတ်ချမ်းသာမှု၊ ပြီးတဲ့ အခါကျတော့ ဧကဂ္ဂတာဆိုတာ ဝင်လေထွက်လေကနေ စိတ်တော်တော်နဲ့ မပြေးတော့ဘူး။ ဒါပဲသိနေတယ်။ တော်တော်လေး စိတ်နိုင်ပြီ၊ တစ်ခုတည်းသော အာရုံမှာ စိုက်နိုင်ပြီဆိုတာ ဧကဂ္ဂတာ စိတ်ပဲ။

http://www.dhammadownload.com

အဲဒီတော့ သမာဓိလုပ်တဲ့နေရာမှာ ဒီနေ့တော့ ဝိတက်၊ ဝိစာရ နဲ့ပဲ နပန်းလုံးနေရတယ်။ ဝိတက်၊ ဝိစာရ ဆိုတာ ပထမအဆင့်၊ ဒုတိယအဆင့်ပါ။ တော်တော်လေး ရလာတဲ့အခါကျရင် တော်တော်ကြာကြာလေး ထိုင်နိုင်လာတယ် ထိုင်တယ်ဆိုတာက ထိုင်တိုင်းရတာ မဟုတ်ဘူး။

နံနက် တစ်ကြိမ်ထိုင်တာ ရတယ်။ နောက်တစ်ကြိမ် ထိုင်တော့ ရချင်မှရတယ်။ နောက်တစ်ခါကျတော့ ဆက်ပြီး မကောင်းဘဲနေတယ်။ ညနေပိုင်းကျတော့ နည်းနည်းလေးကောင်းချင်လာတယ်။ ဒါတွေ မရှိဘူးလား။ တစ်ဆက်တည်း ထိုင်လို့ကောင်းရင် နောက်တစ်ခါ ဒီထက်ကောင်းမှာပဲဆိုပြီး မျှော်လင့်ချက်နဲ့ မထိုင်ရဘူး။ တရားက လောဘကပ်သွားရင် မရဘူး။

ကိုယ့်ဟာကိုယ် ရအောင်လုပ်မယ်။ရတဲ့အခါကျတော့ ကိုယ်က ဝမ်းသာဖို့ မလိုဘူး။ မရတဲ့အခါကျတော့လဲ စိတ်ပျက်ဖို့မလိုဘူး။ ငါရအောင်လုပ်မယ်။ မနေ့တုန်းကလဲ ကြိုးပြီးတော့ သတိပေးလိုက်တယ်။ စိတ်ပျက်တယ်၊ စိတ်မပျက်နဲ့။ မရတာကို ရအောင်လုပ်။ မရတဲ့အချိန် ကုန်သွားပြီ။ ရအောင်ထပ်လုပ်ဆိုပြီးတော့ သတိပေးလိုက်ပါတယ်။

http://www.dhammadownload.com

လက်တွေ့ လုပ်တဲ့အခါ အခက်အခဲတွေ ကျော်လွန်နိုင်အောင် ဆိုပြီး ဆရာတို့က ရှင်းပြတယ်။ **ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါငါးပါးက ခုနစ်တန်ကို ဖုံးလွှမ်းနေတဲ့ နိဝရဏတရားကို ခွာခွာပစ်တယ်။** ဘယ်လို ခွာသလဲ။ ဝိတက်၊ စိတ်အာရုံကို တင်ပေးရမယ်။ အာရုံတင်တဲ့ အလုပ်က ဝိတက်အလုပ်။ အာရုံတင်ပေးနိုင်ရင် ဟိုဘက်မှာစိတ်ကို ညစ်နွှမ်းစေတဲ့၊ ဖုံးလွှမ်းနေတဲ့ နိဝရဏငါးပါးထဲက ဘယ်ဟာကို ပယ်သလဲ။

ထိနမိဒ္ဓဆိုတာ မရှိတော့ဘူး။ လောကီစကားနဲ့ပြောရင် ဝတ္ထုစာအုပ် ဖတ်တယ်။ သိပ်များကောင်းနေရင် တစ်ညလုံးတောင် ဖတ်တယ်။ အိပ်ငိုက်လားမငိုက်ဘူး။ **အာရုံကို တင်ပေးတယ်။** ရုပ်ရှင်ကြည့်ရင် ကောင်းတဲ့ရုပ်ရှင်ဆိုရင် အိပ်မငိုက်ဘူး။ အာရုံတင်ပြီးနိုင်ရင် ငိုက်မျည်းတဲ့စိတ်၊ ထိုင်းတဲ့စိတ် မရှိဘူး။ ဝိတက် အလုပ်က အဲဒီအလုပ်၊ ဝိတက် အလုပ်ကစိတ်ကို အာရုံပေါ်တင်ပေးလိုက်လို့ရှိရင် စိတ်ကို ထိုင်းတယ်၊ မှိုင်းတယ်ဆိုတဲ့ နိဝရဏတရား၊ စိတ်ကို ညစ်ညူးစေတဲ့တရားကိုသူကခွာပစ်တယ်။

ဝိတက်အလုပ်က ထိနမိဒ္ဓကို ခွာတယ်။ ငါးမျိုးထဲက တစ်မျိုးကွာသွားပြီ၊ ဝိတက်ကို နှိုင်နှိုင်လုပ်

http://www.dhammadownload.com

နိုင်လို့ရှိရင် ငိုက်မျှင်းတဲ့သဘော မရှိတော့ဘူး။ ဝိတက်က အာရုံတင်ပေးလို့ ဝင်လေထွက်လေကို သုံးသပ်လို့ရနေပြီ။ ဝိစာရ၊ ဝင်လေထွက်လေကို သုံးသပ်လို့ရနေရင် ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်ရနေပြီ မဟုတ်လား သံသယရှိသေးသလား၊ မရှိတော့ဘူး။ မရှိရင် ဟိုဘက်က ဝိစိကိစ္ဆာဆိုတဲ့ နီဝရဏတရား၊ သံသယဆိုတဲ့ဖုံးလွှမ်းနေတဲ့ စိတ်စေတသိက်တရား ခွာပစ်လိုက်တယ်။

အဲဒီ ဝိစာရက ဝိစိကိစ္ဆာကို ခွာပစ်လိုက်တယ်။ ခွာပစ်ပြီးလိုက်တော့ နောက်ဘာလာလဲ ဆိုတော့ပီတိ။ ပီတိဖြစ်နေတဲ့ အချိန်လေးမှာ ကိုယ်လုပ်တဲ့ အလုပ်ပေါ်မှာ ရနေလို့ ကျေနပ်မှုရှိနေတဲ့အခါ မကျေနပ်မှုဆိုတဲ့ ဒေါသဆိုတဲ့ဗျာပါဒတရားကို ခွာပစ်လိုက်တယ်။ ကျေနပ်နေတဲ့လူက ဒေါသမဖြစ်ဘူး။ ကိုယ်ရနေတယ် ဆိုတော့ ခုနပြောတဲ့ နီဝရဏဗျာပါဒ မရှိတော့ဘူး။ သုခဆိုတာ နောက်တစ်ဆင့်ရတော့ ချမ်းသာမှုတွေ ဖြစ်လာတဲ့အခါကျရင် တစ်ဖက်ကဘယ် နီဝရဏ ကင်းကွာအောင်ခွာထား သလဲဆိုတော့ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ။

ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စဆိုတာ ပူပန်စေတတ်တဲ့ တရားတွေ၊ ဆင်းရဲတဲ့တရားတွေ၊ တစ်ဖက်က သုခ

http://www.dhammadownload.com

ဆိုတဲ့ ချမ်းသာမှုဖြစ်ရင် ဆင်းရဲတဲ့ စေတသိက်ဘယ်ရှိတော့မလဲ။ မရှိတော့ဘူး။ အဲဒါကို ခွာတယ်။ **တစ်ခုတည်းသော အာရုံကို စိုက်ထားပြီး စိတ်က ဧကဂ္ဂတာကျနေတဲ့ ပုဂ္ဂိုလ်ကျတော့ ပထမဆုံးပြောထားတဲ့ ကာမစ္ဆန္ဒနီဝရဏဆိုတဲ့ ကာမဝုထ်အာရုံတွေ တစ်ခါတည်း ဖြတ်တယ်။**

အဲဒီ နီဝရဏတရားငါးပါးကို ကွာသွားလို့ရှိရင် ကွာသွားတဲ့ အချိန်လေးမှာ စိတ်က ဧကဂ္ဂတာကျနေတယ်။ ကြာကြာတော့ မဟုတ်ဘူး။ တစ်မိနစ်ပဲရရ၊ နှစ်မိနစ်ပဲရရ။ စိတ်က ဧကဂ္ဂတာကျနေရင် စိတ်ကို ဖုံးလွှမ်းနေတဲ့ နီဝရဏတရားတွေ ကင်းတယ်။ စိတ်ကအိမ်တို့၊ စီးပွားရေး ကိစ္စတို့ကို မရောက်တော့ဘူး။ ခုနပြောတဲ့ စိတ်ပျက်တာ၊ စိတ်မကျေနပ်တာတွေ မရှိတော့ဘူး။ ဒါက ခွာလို့ရတယ်။ ထိနမိဒ္ဓ ကတော့ ဝင်တတ်တယ်။ ကိုယ်က သတိထားရမယ်။ အိပ်ငိုက်လို့ မဖြစ်ဘူး။ အိပ်ငိုက်ရင် သမာဓိ မဖြစ်တော့ဘူး။

သမာဓိဆိုတဲ့ စိတ်ဟာ တည်ကြည်တယ်။ ကြည်လင်တယ်။ ထက်သန်တဲ့ သဘောရှိတယ်။ သမထဆိုတာ အဲဒါကို ပြောတာ။ **သမာဓိဖြစ်နေတဲ့ စိတ်က ကုသိုလ်စေတသိက်။** သမာဓိဖြစ်နေတဲ့စိတ်

http://www.dhammadownload.com

က အ, လောဘ၊အ, ဒေါသ၊အ, မောဟစေတသိက် ယှဉ်တယ်။ ခုနပြောတဲ့ နိဝရဏတရားတွေ ဖုံးလွှမ်းနေတဲ့ စိတ်က အ, ကုသိုလ်စိတ်၊ အ, ကုသိုလ်စေတသိက်။ ဝင်လေထွက်လေ သိနေတဲ့အချိန်မှာ၊ ဝင်လေ ထွက်လေပေါ်မှာ လောဘလဲမရှိဘူး။ **အ,လောဘ**။ သူ့ကို ဒေါသဖြစ်စရာလဲ မရှိဘူး၊ **အ, ဒေါသ**။ မောဟဖြစ်စရာလဲမရှိဘူး။ ဘာလို့လဲ သူရဲ့စိတ်က ဇကဂ္ဂတာအဆင့် ထိရောက်နေပြီ။ သီလအခြေခံ ပြီးတော့ သမာဓိ တရားပွားများရမယ်။ သမာဓိ မဂ္ဂင်မှာ သုံးပါးပဲ ရှိတယ်။

သီလမဂ္ဂင်မှာတော့ **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ**၊ ယခုလုပ်နေတဲ့ အလုပ်က **သမ္မာဝါယာမ**၊ **သမ္မာသတိ**၊ **သမ္မာသမာဓိ** ဒီလမ်းကြောင်းသုံးခုပဲ ရှိတယ်။ ဒီလမ်းကြောင်းအတိုင်း လိုက်သွားလို့ရှိရင် **သမာဓိဖြစ်**တယ်။ **သမာဓိဖြစ်အောင် ဘာလုပ်ရမလဲ ဆိုရင် သမ္မာဝါယာမ၊ ဝိရိယအခြေခံပဲ**။ ဝိရိယ မပါဘဲ ဘာအလုပ်မှ လုပ်လို့ မရဘူး။ မအောင်မြင်ဘူး။

ဝိရိယပြီးတဲ့အခါကျတော့ သတိလေးထားရမယ်။ ယခု သတိသာ ထားနိုင်ရန် ဝင်လေထွက်လေ ဟာ မှတ်လို့ရတယ်။ သတိလက်လွတ် သွားတဲ့အခါ

http://www.dhammadownload.com

ကာမစ္ဆန္ဒနီဝရဏ ရောက်လိုက်၊ ဗျာပါဒ ရောက်လိုက်၊ ထိနမိဒ္ဓရောက်လိုက်၊ ဥဒ္ဓစ္စ ကုက္ကုစ္စ ဖြစ်လိုက်၊ ဝိစိကိစ္ဆာဖြစ်လိုက်ဆိုတော့ သမာဓိ မဖြစ်ဘူး။အဲဒီဟာတွေ ခွာပစ်တာ ဝီရိယ။ သတိ၊ သတိက အရေးကြီးဆုံး၊ အာရုံတင်ပြီး ဝင်လေထွက်လေကို သတိကပ်လာတဲ့ အချိန်လေးမှာ ဒီတရားတွေ ကွာနေတယ်။

ဝီရိယ သတိ ပေါင်းစပ်လိုက်တော့ သမာဓိ ဖြစ်လာတယ်။ သမာဓိဆိုတာ ဒါပဲ။ **စိတ်ကို အာရုံတစ်ခုတည်းမှာ စူးစူးစိုက်စိုက်နဲ့ ကပ်ထားနိုင်ရင် ဒီစိတ်သည် သမာဓိဖြစ်တယ်။** သမာဓိဖြစ်နေတဲ့ စိတ်ဟာ ဖြူစင်တယ်။ တည်ငြိမ်တယ်။ သန့်ရှင်းတယ်။ အေးငြိမ်းတယ်ဆိုတဲ့ အင်္ဂါရပ်တွေဟာ သမာဓိရဲ့ အလုပ်တွေ။

သမာဓိ ဖြစ်နေလို့ရှိရင် အ,လောဘ၊ အ, ဒေါသ၊ အ, မောဟတွေယှဉ်နေတဲ့အတွက် အ,ကုသိုလ်တရားတွေ ကင်းတယ်။ ကင်းနေတော့ အေးငြိမ်းတယ်။ အေးငြိမ်းတယ်ဆိုတဲ့သဘောတရားကို **သမထ**။ **သမထ**ဆိုတာ ဘာလဲ၊ အေးငြိမ်းတဲ့ သဘောတရားကို **သမထ**လို့ ခေါ်တယ်။ ဘယ်လို အေးငြိမ်းလဲ။ နိဝရဏ ကင်းကွာနေတဲ့ အခါမှာစိတ်ဟာ တည်ငြိမ်မှု

http://www.dhammadownload.com

ရတယ်။ အဲဒီတော့ ဝိရိယနဲ့ သတိကိုမျှတအောင် လုပ်ပြီး မှတ်သွားရင် ရပါတယ်။

ထိုင်တဲ့အခါကျတော့ ကာယိက ဒုက္ခတွေ မပေါ်ဘူးလား။ ပေါ်တာပေါ့။ ထိုင်နေကျမှမဟုတ်ဘဲ။ နာရီဝက် တစ်နာရီတော့ ဘယ်ရဦးမလဲ။ စိတ်မပျက်နဲ့။ (၁၅) မိနစ်ရအောင်လုပ်။ မိနစ် (၂၀)၊ နာရီဝက်ရအောင် လုပ်ပြီးတဲ့ အခါကျတော့ မိနစ် (၄၀)ရအောင်လုပ်။ အဲဒီလို ကြိုးစားပြီး လုပ်ရမယ်။

ဝိရိယကို အခြေခံပြီး သတိထားရင် သတိဆိုတာ ပိုတယ်မရှိဘူး။ မြတ်စွာဘုရားက ဟောတယ်၊ သတိဆိုတာ လိုတာပဲရှိတယ်။ နောက်တစ်နေ့ ဒီထက်ပိုပြီး ရအောင်လုပ်။ ဒီနေ့ထက်တော့ ပိုကောင်းလာမယ်။ အားတော့ မလျှော့နဲ့။ ယုံကြည်ချက် မလျှော့နဲ့။ ဘာလို့တုံးဆိုရင် တရားထိုင်တယ်ဆိုတာ အင်္ဂါ ၈ပါးရှိတယ်။ စေတသိက် ၈ပါးကို အခြေခံပြီး အလုပ်လုပ်မှ ပွားများအားထုတ်တဲ့တရားက ကိုယ့်ရည်ရွယ်ချက်နဲ့ ပြည့်စုံတယ်။

ဒါက ဘာတုံးဆိုရင် ပထမဦးဆုံး သဒ္ဓါတဲ့။ သဒ္ဓါဆိုတာ ယုံကြည်ချက်။ ဘုရား တရားသံဃာပေါ်မှာ ယုံကြည်ရမယ်။ ယခုမြတ်စွာဘုရား အဆုံးအမ

http://www.dhammadownload.com

အတိုင်းလိုက်နာတဲ့ နေရာမှာလဲ ယုံကြည်ရမယ်။ သဒ္ဓါ ယုံကြည်ချက်မရှိဘဲနဲ့ အလုပ်လုပ်လို့မရဘူး။ ပထမ သဒ္ဓါရှိရမယ်။ **သဒ္ဓါရှိမှ ဝီရိယရှိလာမယ်။** သဒ္ဓါမရှိ ဘဲနဲ့ ဝီရိယ မလာဘူး။ သဒ္ဓါပိုကောင်းရင် ဝီရိယပို ကောင်းတယ်။ သဒ္ဓါရှိမှ ဝီရိယလိုက်တယ်။ **ဝီရိယ ရှိမှ သတိဖြစ်တယ်။ သတိဖြစ်မှ သမာဓိဖြစ်တယ်။ သမာဓိဆိုတဲ့ တည်ငြိမ်မှုရမှ စိတ်က အ,ကုသိုလ် တရားတွေကင်းမှ ပညာဆိုတဲ့ အသိဉာဏ်တက်လာ** တယ်။ တိုးလာတယ်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ လက်နက်။ စေတသိက်တရား တွေချည်းပဲ။ စိတ်ကို ဒါနဲ့ အမြဲ ယှဉ်နေအောင်လုပ်ရမယ်။ စေတသိက် တရားဆိုတာ စိတ်ကို ခြယ်လှယ်တဲ့တရားတွေ၊ စိတ် ကို ဒီတရားတွေနဲ့ ဆောင်ထားပါ။ အခုနပြောတဲ့ နိုဝရဏ တရားတွေက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ မာန၊ ဒိट्ठဆိုတဲ့ အ,ကုသိုလ် စေတသိက်တွေ ခွာပစ်။ ဒါတွေက စိတ်ကို ညစ်ညူးအောင်လုပ်တဲ့ တရား။ ဟိုဟာတွေက စိတ်ကိုကြည်လင်အောင် လုပ်တဲ့တရား။ ဘယ်ဟာကို ယူမလဲ။

http://www.dhammadownload.com

အဲဒီတော့ ကိုယ်က စိတ်ကို တည်ငြိမ်မှုရ အောင် ဖြတ်စွာဘုရားက သမာဓိကမ္မဋ္ဌာန်း လေးဆယ် ပြဋ္ဌာန်းခဲ့တယ်။ ဒီမှာက အာနာပါနနဲ့ သမာဓိကိုထူ ထောင်ခဲ့တယ်။ ဒါက ကုသိုလ်စေတသိက်။ အ, ကု-သိုလ်စေတသိက်ဆိုတဲ့ နိဝရဏတရားတွေကို ခွာပစ်၊ တွန်းလှန်ပစ်နိုင်တာကတော့ ဈာန်တရားပဲ။သမာဓိပဲ။ သမာဓိဖြစ်အောင်လုပ်ရင် ဒါတွေကွာသွားမယ်။ ကြိုး စားပြီးအားထုတ်ရမယ်။ နက်ဖြန်တစ်ရက်ကို ပိုပြီး အားထုတ်ရမယ်။

ဥပမာ ကာယိက ဒုက္ခတွေ သိပ်ဖြစ်လာရင် ပထမဦးဆုံး နည်းနည်းပါးပါး သည်းခံပေါ့။ သိပ်လဲ အလိုမလိုက်နဲ့၊ အာရုံလေးမိနေရင် တစ်ခါတလေ ကိုက်တာခဲတာ ပြေသွားတယ်။ ပြေသွားတယ်ဆိုတာ ဘာလဲဆိုရင် စိတ်က ဒီမရောက်ဘူး။ စိတ်ကဒီရောက် မှသိတယ်။ အာရုံ ရှိမှ စိတ်ဖြစ်တယ်။ အာရုံမရှိရင် စိတ်မဖြစ်ဘူး။ အာရုံကတင်ထားတော့ ကျွန်တဲ့နေရာ တွေက ဘာမှမသိဘူး။ သို့သော်လည်းပဲ ခုတော့ ဒီလောက်တော့မရသေးဘူး။ ဒီလဲသိ၊ ဟိုလဲသိ၊ ဒီသိ လိုက်၊ ဟိုသိလိုက်ပေါ့။ မှန်မှန်လေးရှု၊ အလိုက်သင့် လိုက်သွား။ သိမ်မွေ့သွားရင်လဲ သိမ်မွေ့သွားပါစေ။ စိတ်က ဘယ်မှမပြေးရင်ပြီးတာပဲ။

http://www.dhammadownload.com

သို့သော်လဲပဲ သိမ်မွေ့သွားတဲ့အခါ စိတ်က လွင့်သွားတတ်တယ်။ လွင့်လွင့်ချင်း သိတယ်။ လွင့်သွားတဲ့အာရုံကိုဖြတ်လိုက်။ ဖြတ်ပြီးတော့ ပြန်ပြီးမှန်မှန်လေးပြန်မှတ်၊ ပြီးတော့ အာရုံပေါ်စိတ်ကိုပြန်တင်။ **တင်ပြီးတော့ ပြန်မှတ်။ အဲဒါကို ထပ်ကာ ထပ်ကာ ပွားများ အားထုတ်ရင် သမာဓိဆိုတာ ဖြစ်လာမယ်။** တိုးတက်မှုဆိုတာ ရှိလာမယ်။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြဦးစို့။

(သာဓု ... သာဓု ... သာဓု)

http://www.dhammadownload.com

http://www.dhammadownload.com

တတိယနေ့

အာနာပါနလုပ်တာ ဒုတိယနေ့မှာ ဘယ့်နှယ်နေကြတုံး။ မနေ့ကထက် ပိုပြီးတော့ရသလား။ လျော့သွားသလား။ ပိုရတယ်။ မနေ့ကထက် ပိုရသွားတာပေါ့။ ပထမနေ့က အင်မတန် ပင်ပန်းတယ် ကိုယ်တွေ့ပဲ။ သို့သော်လည်း ပင်ပန်းပေမယ့် ကိုယ်ကစိတ်ကို တစ်ခုတည်းသော အာရုံမှာစိုက်တတ်တဲ့နည်းကို ဆရာတို့က ပြောပြလိုက်တဲ့ အခါကျတော့ လုပ်တဲ့အခါကျတော့ ပိုပြီး စိတ်အာရုံလေးကို ကိုယ်ထားတဲ့နေရာမှာ နေတဲ့သဘောတရားကို ကိုယ်သိသွားတယ်။

ဒီနေ့ တတိယနေ့ဆိုတော့ မနေ့ကထက် ပိုပြီးတော့ တိုးတက်ရမှာပေါ့။ မနေ့ကဆိုရင် လွင့်တယ်။ စိတ်အများကြီးလွင့်တယ်။ ဒီနေ့ဆိုရင် မနေ့ကလောက်

http://www.dhammadownload.com

တော့ မလွင့်တော့ဘူး ဝင်လေထွက်လေကို မှတ်လို့ ရတယ်။ ထိုင်တဲ့အခါမှာလည်း အံဝင်ခွင်ကျဖြစ်သွားတယ် ပိုပြီးတော့ ကြာကြာလေးထိုင်နိုင်တယ်။ ဒါက တော့ အလေ့အကျင့်ပါ။

အလေ့အကျင့်ဆိုတာ လုပ်ရင်းလုပ်ရင်းနဲ့ တိုးတက်မှုရှိလာတယ်။ အရေးကြီးတာကတော့ ကိုယ် လုပ်တဲ့ အလုပ်ပေါ်မှာ ယုံယုံကြည်ကြည်နဲ့ သဒ္ဓါ တရား ပြည့်ဝစွာနဲ့ထားပြီး လုပ်မယ်ဆိုရင် လုပ်ငန်း အောင်မြင်လာမယ်။ တစ်နေ့ကပြောသလိုပေါ့ ယုံ ကြည်ချက် အပြည့်အဝရှိလာရင် ဝီရိယဆိုတာ နောက် ကလိုက်တယ်။ ဝီရိယနဲ့ ထူထောင်ပြီး သတိနဲ့ ဝင် လေ ထွက်လေပေါ်မှာ ထားရမယ်။ အဲဒါကို ကိုယ်က ယုံယုံကြည်ကြည်နဲ့ လုပ်သွားမယ်ဆိုရင် သမာဓိဆို တာ ဖြစ်လာတယ်။

သမာဓိဆိုတာကတော့ တည်ငြိမ်တဲ့ သဘော တရားရှိတယ်။ စိတ်က သမာဓိဖြစ်တဲ့အခါကျရင် ကြည်လင်နေတယ်။ ဘာဖြစ်လို့ ကြည်လင်နေလဲ ဆိုတော့ နီဝရဏတရားတွေ ကင်းကွာနေတယ်။ တစ် နေ့က ပြောတာ ဒီသဘောတရားတွေ ပေါ်လာရင် ဒီဟာတွေက စိတ်ကိုညစ်နွမ်းစေတဲ့သဘောတရား တွေပဲ။ ဒီဟာတွေကို ခွာပစ်ရမယ်။ ခွာပစ်ရမယ်ဆို

http://www.dhammadownload.com

တော့ ဒါတွေဘာကြောင့် ပေါ်လာသလဲဆိုရင် သမာဓိ အားနည်းတဲ့အခါကျရင် ဒါတွေပေါ်လာတယ်။ သမာဓိအားကောင်းရင် ဒါတွေမပေါ်ဘူး။

ကိုယ်က ဒီနေ့ အာနာပါန သမာဓိလုပ်နေတဲ့ဟာ မဂ္ဂင်လမ်းကြောင်း (၈)ပါးထဲမှ **သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ**ဆိုတဲ့ **သမာဓိမဂ္ဂင်လမ်း**ကြောင်းကို လိုက်ပြီးတော့ စိတ်ကိုတည်ငြိမ်မှုရအောင် စိတ်ကို ကပ်နေတဲ့ နိဝရဏတရားတွေကင်းအောင် ကွာအောင် ခွာပစ်တာ။ ခွာပစ်ပြီး ဝင်လေထွက်လေ လေးမှာ သိနေလို့ရှိရင် ဒီစိတ်သည် အ,ကုသိုလ်စိတ် ကင်းတယ်။

ဘယ်အ,ကုသိုလ်စိတ်တွေ ကင်းလဲဆိုရင် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စေတသိက်တွေကင်းနေတဲ့အတွက် မဟာကုသိုလ်စိတ်တွေ ဖြစ်နေတယ်။ ကုသိုလ်တွေဖြစ်တော့ ကုသိုလ်တွေက နောက်ထပ် ကာထပ်ကာပွားများမှု ဝစ်လေထွက်လေ သိတဲ့အချိန်မှာ နိဝရဏတရားတွေ ကင်းနေတယ်။ အ,ကုသိုလ် စေတသိက်တွေ ကွာနေတယ်။ ကုသိုလ်စေတသိက်တည်းဟူသော အ,လောဘ၊ အ,ဒေါသ၊ အ,မောဟ စေတသိက်တွေ ဖြစ်နေတော့ မဟာကုသိုလ်စိတ်ဖြစ်တယ်။

http://www.dhammadownload.com

မဟာကုသိုလ်စိတ်တစ်ခု ဖြစ်ပြီးရင် နောက်တစ်ခါသိအောင်လုပ်ရင် မဟာကုသိုလ်စိတ်ဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ထပ်ကာထပ်ကာပွားများအားထုတ်ရမယ်။ ဘာဝနာဆိုတာ ထပ်ကာထပ်ကာ ပွားများအားထုတ်ရတဲ့ သဘောရှိတယ်။

ဒုတိယနေ့ဆိုရင် နာသီးဝ အထက် နှုတ်ခမ်းတစ်နေရာမှာ ဝင်လေထွက်လေ သိတယ်မဟုတ်လား။ ဝင်သွားရင်ထိတဲ့ သဘောတရားလေး။ ထွက်သွားရင်ထိပြီးထွက်သွားတာလေး။ ထိတာလေးကို သိ၊ ဝင်လေထွက်လေလေးကို မှတ်ရုံမကဘူး။ အကယ်၍ ဝင်လေထွက်လေ ဟာထိတဲ့ သဘောတရားလေးပေါ်လာလို့ရှိရင် ထိတာလေးကိုပါ ထပ်မှတ်၊ ထိတဲ့သဘောတရားလေးကိုလဲ မှတ်သွား။

ထိတာလေးကိုလဲ သိ၊ ဝင်လေထွက်လေကိုလဲ သိ၊ နောက်ပြီးတော့ တမင်တကာ မှန်မှန်လေးရှုနေတဲ့ အတွက်ကြောင့် စိတ်ကလွင့်တာ နည်းသွားမယ်။ မှန်မှန်ရှုပါ။ သိပ်ပြီးတော့ ပြင်းပြင်း ထန်ထန်ရှုပေးဖို့ မဟုတ်ဘူး။ အဲဒီလို ကိုယ်က အသက်ရှုနေပါလားလို့ သိနေရင် သတိသိပ်မကွာဘူး။ အသက်ရှုနေတာသိနေတော့ စိတ်ကမလွင့်ဘူး။ တစ်ချက်အာရုံလေးတင်ပြီး ဝင်လေကို ဝင်လေမှတ်၊ ထွက်လေကို ထွက်လေမှတ်။

http://www.dhammadownload.com

အဲဒီလို ဝင်လေထွက်လေမှတ်နေတုန်း ထိတာလေးကို သိနေရင် သိတာလေးကိုမှတ်၊ မှတ်စရာတွေက များနေတော့ လွင့်တာနည်းသွားမယ်။ လက်တွေ့လုပ်တဲ့အခါကျတော့ အဲဒီလိုစိတ်ကိုမပြေးအောင် အာရုံကို တင်ပြီးတော့ အဲဒီလိုမှတ်။ တစ်ခါတလေ ထိုင်နေတဲ့အခါ ဒုတိယနေ့မှာ နိမိတ်လေးတွေပေါ်တတ်တယ်။

နိမိတ်ဆိုတာ အလင်းရောင်လေးတွေ၊ တိမ်ခိုးတိမ်ငွေ့လေးတွေ တွေ့တတ်တယ်။ အလင်းရောင်လေးတွေဖျတ်ခနဲ၊ ဖျတ်ခနဲ ဒါမှမဟုတ်ရင်လဲ လသာ နေတဲ့အခါ လင်းနေသလို တွေ့တတ်တယ်။ အလင်းရောင်လေးတွေ တွေ့လာလို့ရှိရင် သမာဓိဖြစ်လာတဲ့ နိမိတ်ပဲ။ သို့သော် သမာဓိဖြစ်လာတဲ့ နိမိတ်ကို ကိုယ်က ' လိုက်လိုက်လို့ရှိရင် နိမိတ်ပေါ်ရင် နိမိတ်နောက် မလိုက်နဲ့ နိမိတ်အတိုင်းပဲ သိနေ။ ဝင်လေထွက်လေကို ပဲပြန်မှတ်။ ပေါ်လာတိုင်း နိမိတ်နောက်ကို မလိုက်နဲ့။ လိုက်ရင် ဝင်လေ ထွက်လေ ပျောက်သွားတယ်။ ပေါ်တတ်တဲ့လူ ပေါ်တယ်။ လူတိုင်း လူတိုင်း ပေါ်မယ်လို့တော့ မဟုတ်ဘူး။ အကယ်၍ပေါ်ခဲ့ရင် နိမိတ် နောက်ကို မလိုက်နဲ့။

http://www.dhammadownload.com

သမာဓိကို ရင့်အောင် အလုပ်လုပ်နေရတယ် ဆိုတော့ ကျွန်တော်တို့က ဒီမှာသုံးရက်ပေးထားတာ။ ဒုတိယနေ့ သမာဓိကောင်းလာတယ်။ တတိယနေ့ ဆိုရင် ဒီနေ့ထက်တော့ ပိုကောင်းလာမယ်။ ပင်ပန်းတယ်။ ကြောင့်ကြစိုက်ပြီးတော့ အားထုတ်ရတယ်။ ဒီနေ့ဆိုလို့ရှိရင် ပင်ပန်းတာနည်းသွားမယ်။ ကြောင့်ကြစိုက်ပြီး အားထုတ်တယ်ဆိုရင် " ငါ ဒါရမှရပါ့မလား " ဆိုတဲ့ ကြောင့်ကြမှုလေးတွေပါလာတယ်။ ဒီနေ့ဆိုလို့ရှိရင် ရလာတဲ့အခါကျတော့ မကြောင့်ကြဘဲနဲ့ သမာဓိအားနဲ့ ဝင်လေ ထွက်လေ မှတ်နိုင်တယ်။ ကြောင့်ကြစိုက်ပြီး အားမထုတ်ရဘူး။ ပြီးတဲ့အခါကျတော့ကြာကြာလေး ထိုင်နိုင်လာတယ်။ မနေ့က ထက်ဒီနေ့ပိုပြီးကြာကြာ ထိုင်နိုင်မှာပေါ့။

ဆရာတို့ သတ်မှတ်ထားတာက တစ်နာရီရအောင်ထိုင်။ တစ်နာရီကို ချက်ချင်းရ,ရမယ်တော့ မဟုတ်ဘူး။ တစ်ခါထိုင်ရင် တစ်နာရီရအောင်ကြိုးစားထိုင်။ နာရီဝက်ရလဲ တိုးပြီး မိနစ် (၄၀) လောက်ရအောင်ထိုင်။ ပြီးတဲ့အခါကတော့ တစ်နာရီပြည့်အောင် တက်နိုင်သလောက် ရအောင်ထိုင်သွား။ (၁၀) ရက်မပြည့်ခင်တော့ အကုန်လုံး တစ်နာရီထိုင်လို့ ရသွားတယ်။ အသားကျသွားတယ်။ အလုပ်လုပ်တဲ့အခါ

http://www.dhammadownload.com

ကျတော့ သမာဓိရဲ့ အကျိုးခံစားရတယ်။ အဲဒီသဘော ရှိတယ်။ သမာဓိ ပိုအားကောင်းလာအောင် ကြိုးစား အား ထုတ်ရမယ်။

ကြိုးစား အားထုတ်ဖို့ဟာကလဲ လမ်းကြောင်း ကတော့ သမ္မာဝါယာမတဲ့။ ဝိရိယကို အခြေခံပြီးကြိုး စားရမယ်။ သမ္မာသတိ၊ ဝိရိယနဲ့ သတိပေါင်းစပ်ရင် သမာဓိ ဖြစ်တယ်။ **သမာဓိ ဖြစ်လာတဲ့စိတ်ကတည် ငြိမ်တဲ့သဘောတရား ဆောင်တယ်။ အေးငြိမ်းတဲ့ သဘောတရား ဆောင်တယ်။ ကြည်လင်တဲ့သဘော တရားဆောင်တယ်။** ဘာဖြစ်လို့လဲ ကုသိုလ် စေတ သိက်တွေ ယှဉ်နေလို့။ အ, ကုသိုလ် စေတသိက်နဲ့ ယှဉ်နေတဲ့ အခါကျတော့ စိတ်တွေကညစ်တယ်၊ထိုင်း တယ်၊မှိုင်းတယ်၊မချမ်းသာဘူး။ ကုသိုလ်စေတသိက် နဲ့ ယှဉ်နေတဲ့အချိန်မှာ စိတ်ကလေးက တည်ငြိမ်တဲ့ သဘောတရားလေးတွေ ကိုယ့်ဟာကိုယ် တွေ့လာ လိမ့်မယ်။

အဲဒီလို သိလို့ရှိရင် ကာယိကဒုက္ခတွေနည်း သွားလိမ့်မယ်။ ကာယိကဒုက္ခ ဖြစ်လာတဲ့အခါတော် နိုင်လောက် သည်းခံရမယ်။ သည်းခံပြီးတော့ ဝင်လေ ထွက်လေ လေးကိုပဲမှတ်။ အာရုံပေါ် စိတ်ကိုတင် တင်ပြီးထားလို့ရှိရင်၊ သတိလဲ ကပ်ထားမယ်ဆိုရင်၊

http://www.dhammadownload.com

ဝင်လေ ထွက်လေကို မှတ်နိုင်လို့ရှိရင် သမာဓိ ဖြစ်တယ်။

စိတ်က အာရုံပေါ်ကြာကြာတင် နိုင်လို့ရှိရင် ကာယိက ဒုက္ခတွေကိုလဲ ခံလို့ရတယ်။ တစ်ခါတလေဒီမှာ မိနေလို့ရှိရင် နာတာ၊ ကျဉ်တာတွေပျောက်သွားတယ်။ ကိုယ်တွေ့ တွေ့တယ်။ အမှန်ကတော့ ပျောက်သွားတာ၊ လျော့သွားတာတော့မဟုတ်ဘူး။ နာတဲ့နေရာကို စိတ်ကမရောက်တော့ နာတာကျဉ်တာ မသိဘူး။ သိရင်လဲ နည်းနည်းပဲသိတယ်။ သို့သော်လဲပဲ ရုပ်ဆိုတဲ့ ဖောက်ပြန်တတ်တဲ့ သဘောတရားတွေက အမြဲရှိနေတယ်။အဲဒါကြောင့် ကာယိက ဒုက္ခတွေ သိပ်ပြင်းထန်လို့ရှိရင် မခံမရပ် ဖြစ်လာရင် ဆက်လုပ်လို့ အကျိုးမရှိတော့ဘူး။

အဲဒီအခါကျ မလွဲမရှောင်သာလို့ ဣရိယပုတ်ကိုပြင်လိုက်ပေါ့။ ပြင်ပြီးတော့ နည်းနည်းပြေသွားပြီဆိုရင် အသစ်ပြန်ပြီး စိတ်ကို အာရုံပေါ်ပြန်တင်။ ကာယိကဒုက္ခ ရှိသေးတယ်ဆိုရင်လဲ သည်းခံရမယ်။ သိပ်ပြီးတော့ အလိုမလိုက်နဲ့။ နည်းနည်းလေးနာတာကို ပြောင်းလိုက်လို့ရှိရင် သမာဓိ မဖြစ်ဘူး။ သမာဓိဖြစ်အောင် သည်းခံရမယ်။ နောက်ကျ

http://www.dhammadownload.com

တော့လဲ နာတာတော့ သိတာပေါ့လေ။ ဒါပေမယ့် မှတ်လို့ရတယ်။ စိတ်ကကေဂ္ဂတာကျရင်နာတာကို မသိတော့ဘူး။ အာရုံတစ်ခုတည်း ပေါ်မှာနေတယ်။ ဒုတိယနေ့မှာတော့ဒါကို ကြိုးစားရမယ်။

နောက် ကျွန်တော်တို့ ဒုတိယနေ့မှာ သမာဓိ ထူထောင်တာ (၃)ရက် ပေးထားတယ်။ (၃)ရက်ပေး ထားတော့ နှက်ဖြန် တစ်ရက်ပဲ ကျန်တယ်။ တစ်ရက် ပြီးလို့ရှိရင် နှက်ဖြန်ညဆိုရင် တတိယအဆင့် ဖြစ်တဲ့ ပညာစခန်းကို တက်လှမ်းရမယ်။

အဲဒီ ပညာစခန်းကတော့ သမ္မာသင်္ကပ္ပနဲ့ သမ္မာဒိဋ္ဌိ၊ ခုဟာက သီလမဂ္ဂင်အနေနဲ့ သီလတည် ဆောက်ပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာ ဇီဝ၊ သီလမဂ္ဂင်သုံးပါး သီလခံယူတယ်။ ဣန္ဒြိယသံ ဝရ သီလကိုပါ စောင်ထိန်းတော့ သီလစင်ကြယ်မှု တော့ရပြီ။ သီလစင်ကြယ်မှုရရင် သီလ ဝိသုဒ္ဓိဖြစ် တယ်။ စိတ်ကို စင်ကြယ်အောင် လုပ်ဖို့ကတော့ သီလ ဆောက်တည်လိုက်တာနဲ့ ကာယက၊ဝစီက၊လုံ သွားတယ်။

သို့သော်လဲ မနောက်က သီလနဲ့ မထိန်းနိုင် ဘူး။ မနောက်ကို ထိန်းရမှာ သမာဓိနဲ့ ပြန်ပြီးထိန်း ရမှာ။ ဒီစိတ်ကို နိုင်မှ မနောက်က အ, ကုသိုလ်မ

http://www.dhammadownload.com

ဖြစ်မှာ။ စိတ္တဝိသုဒ္ဓိဖြစ်အောင် သမာဓိစခန်းကို တက်လှမ်းတယ်။ စိတ္တဝိသုဒ္ဓိဖြစ်အောင် သမာဓိစခန်းနဲ့ ထူထောင်တယ်။ သမာဓိစခန်း ထူထောင်လို့ နီဝရဏတရားတွေ ကင်းနေတဲ့အချိန်မှာ စိတ်ရဲ့စင်ကြယ်မှုရတယ်။ စိတ်ရဲ့စင်ကြယ်မှုဟာ စိတ္တဝိသုဒ္ဓိ ခေါ်တယ်။ ယခုစိတ္တဝိသုဒ္ဓိအဆင့်ကို ရောက်နေတယ်။

စိတ္တဝိသုဒ္ဓိအဆင့်ကို ရောက်နေတာ နက်ဖြန်တစ်ရက်ကို ဒီထက်ပိုပြီး အားကောင်းအောင်ကြိုးစားရမယ်။ အဲဒီလို ကြိုးစားပြီးတော့မှ ယခုမျိုးထောင်ထားတဲ့ သီလသမာဓိအားနဲ့ ပညာစခန်းကိုတက် လှမ်းရမယ်။ သမာဓိအားမပါဘဲနဲ့ ဝိပဿနာဆိုတာ ရှုလို့မရဘူး။ သမာဓိအားနဲ့မှ ဝိပဿနာထင်ရှားအောင် ရှုလို့ရတယ်။

ဒီဟာအတွက် သမာဓိကို ပျိုးထောင်နေတာ။ ဝိပဿနာရှုတဲ့ အခါကျတော့ ပရမတ်တရားကို မြင်အောင်ရှုရမယ်။ ဒါက ဉာဏ်မျက်စိနဲ့ ကိုယ်တွေ့ဉာဏ်တွေ့ တွေ့ရမယ့် သဘောတရား။ အဲဒီတော့ ဒိဋ္ဌဝိသုဒ္ဓိ အမြင်ရဲ့ စင်ကြယ်မှုရမယ်။ အခုဟာက သီလ စင်ကြယ်မှုရပြီး စိတ်၏စင်ကြယ်မှု အခုလုပ်နေတယ်။ စိတ်ကိုဖြူစင်အောင် အာနာပါနနဲ့လုပ်

http://www.dhammadownload.com

ထားတယ်။ ဝိပဿနာကူးနိုင်အောင် နက်ဖြန်တစ်ရက်ကို အစွမ်းကုန်ကြိုးစားရမယ်။ ဒီထက်ပိုပြီး စိတ်တည်ငြိမ်မှုတွေ ရလာမယ်။ ညနေပိုင်းမှာ တရား နာပြီးရင် ဝိပဿနာအကြောင်းကို ပြောမယ်။ ဝိပဿနာအဆင့်ကို တက်လှမ်းရမယ်။ အဲဒါပါပဲ။

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

http://www.dhammadownload.com

စတုတ္ထနေ့

အာနာပါနလုပ်တာ (၃) ရက်မြောက်နေ့။ (၃) ရက်မြောက်နေ့ဆိုတော့ အစ ပထမ တရားထိုင်ကြ ကတည်းက ပြောခဲ့တယ်။ ပထမ (၂) ရက်ကတော့ ပင်ပန်းတယ်။ ရချင်မှ ရမယ်။ တတိယနေ့မှပဲ စိတ် က ငြိမ်သင့်သလောက်ငြိမ်သွားမယ်လို့ ပြောခဲ့တယ်။ ဘယ်လိုနေကြမလဲ။ မနေ့က ထက်ပိုပြီး မှတ်လို့ ရလား။ စိတ်လွင့်တာ နည်းသွားတယ်။ မဟုတ်လား။ အမှန်ကတော့ သမထဘာဝနာဆိုတာ ဈာန်ဘက်ကို သွားတာ။ သမာဓိရအောင် လုပ်တာ။ အကောင်းဆုံး ကတော့ ဥပစာရသမာဓိတဲ့။ ရနိုင်ရင်ပိုကောင်းတယ်။ ဒီထက်ကတော့ အပွန့်သမာဓိဆိုတာကတော့ အပြည့် အဝ သမာဓိဖြစ်သွားတယ်။ ဥပစာရသမာဓိဆိုတာ

http://www.dhammadownload.com

ကျွန်တော်တို့ ဒီမှာပြနိုင်တဲ့အချိန်က (၃)ရက်ပဲဆိုတော့ ဥပစာရသမာဓိကို ရချင်မှ ရမယ်။

သို့သော် ဥပစာရ သမာဓိမရသည့် တိုင်အောင် ဥပစာရသမာဓိအနည်းအပါးလောက်တော့ ဖြစ်မယ်။ ဥပစာရသမာဓိဆိုတာ ဘယ်လိုအဆင့်မျိုးကို ပြောတာလဲဆိုတော့ တရားထိုင်တဲ့အခါမှာ အထူးသဖြင့် အာနာပါန နိမိတ်ပေါ်တတ်တယ်။ အလင်းရောင်တွေ ဘာတွေ ပေါ်တတ်တယ်။ အလင်းရောင်တွေက ဖျတ်ခနဲပေါ်လာပြီး ပျောက်သွားမယ်။ ဒါမှမဟုတ်လဲ တော်တော်လေး ကြာကြာ ပေါ်လာမယ်။ ပေါ်လာပြီးတော့ ပျောက်သွားမယ်။ တည်ငြိမ်မှုတော့မရှိသေးဘူး။ အဲဒီလို နိမိတ်မျိုးရလာတာက ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။

ဒီနိမိတ်က ဘာလဲဆိုတော့ မိမိစိတ်ကသမာဓိတော်တော်လေး အသင့်အတင့်ဖြစ်လာပြီး အခိုက်အတန့်အားဖြင့်တော့ နှာသီးဝမှာ ဝင်လေ ထွက်လေ လေးကို တော်တော်လေး တည်ငြိမ်စွာ မှတ်နိုင်ပြီဆိုတဲ့အခါ ပေါ်ပေါက်လာတတ်တယ်။ ဒါမိမိရဲ့ စိတ်ကကြည်လင်မှုလေးကို ပြတဲ့သဘောတရားလေးပဲ။ အဲဒီလို ဥဂ္ဂဟနိမိတ်ဖြစ်ပြီးတဲ့နောက်မှာ ဘာလာတတ်လဲ။ ပဋိဘာဂနိမိတ် လာတတ်တယ်။ ပဋိဘာဂ

http://www.dhammadownload.com

နိမိတ်ဆိုတာ ခုနပြောတဲ့ နိမိတ်လေး ပေါ်ပေါက်ပြီးတော့ ပျောက်မသွားဘဲနဲ့ တည်ငြိမ်ပြီးလာတယ်။ အလွန်တောက်ပလာတယ်။ အဲဒီလိုဟာမျိုးရတာက သမထ·သက်သက်သွားတဲ့အခါဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်တို့က အာနာပါနကို ဘယ်နည်းသုံးလဲဆိုတော့ အာနာပါနက လေးမျိုးရှိတယ်။ ဂဏနာနည်းဆိုတာက ဂဏန်းနဲ့ မှတ်တဲ့နည်းပေါ့။

တစ်၊နှစ်၊သုံးနဲ့ မှတ်တာ။ ဒါမသုံးခဲ့ဘူး။ အနုဗန္ဓနာနည်းဆိုတာ နှာသီးဝ,ကို အစ၊ ရင်ချိုင့်ကို အလယ်၊ ချက်တိုင်ကို အဆုံးဆိုပြီး မှတ်တဲ့နည်း။ ကျွန်တော်တို့ မသုံးခဲ့ဘူး။ ကျွန်တော်တို့သုံးခဲ့တာ နှာသီးဝ,မှာစိုက်ပြီးတော့ နှာသီးဝမှာ ဝင်လေ ထွက်လေကို ဖြစ်သမျှကို ဒီနေရာကနေမှတ်နေတယ်။ မှတ်ပြီးတော့ ထိတွေ့မှုလေးကို မှတ်တယ်။ ကျွန်တော်တို့ ဘယ်နည်းသုံးလဲဆိုတော့ ဌပနာနည်းနဲ့ဖုသနနည်းဆိုတာ သုံးတယ်။

ဌပနာနည်းနဲ့ ဖုသနနည်း ဆိုတာ ဒီနေရာမှာ ဝင်လေ ထွက်လေ လိုက်မှတ်တယ်။ မှတ်တဲ့ နေရာမှာ တတ်နိုင်လို့ရှိရင် ဝင်လေက အစ၊ အလယ်၊ အဆုံး။ ထွက်လေကအစ၊ အလယ်၊အဆုံး မှတ်လို့ ရရင် မှတ်ကြည့်ရတယ်။

http://www.dhammadownload.com

ဒါပေမယ့် ဒါကို အရေးမပေးခဲ့ဘူး။ ဘာကို အရေးပေးခဲ့တုံး ဆိုရင် ထိမှုလေးကို အရေးပေးပြီး မှတ်ခိုင်းခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဝိပဿနာ ကူးတဲ့အခါကျတော့ သမာဓိက ဘာသမာဓိလိုသလဲ ဆိုတော့ ဈေးကသမာဓိရရင် ဝိပဿနာရှုလို့ရတယ်။ ဈေးကသမာဓိ ဆိုတာက အနိုက်အတန့်အားဖြင့် မိမိစိုက်ထားတဲ့နေရာမှာ စူးစူးစိုက်စိုက်လေး စိုက်နိုင်ရင် ဈေးက သမာဓိ ခေါ်တယ်။

ဘာလို့ ဈေးက သမာဓိခေါ်လဲဆိုတော့ ဝိပဿနာမှာ ဖြစ်တဲ့ ပျက်တဲ့သဘောကို ရှုမှာပဲ။ စိတ်က ဈာန်လိုငြိမ်နေဖို့ မဟုတ်တော့ဘူး။ ရှုလိုက်တဲ့ အခါ စူးစူးစိုက်စိုက်လေး ရှုလိုက်ရင် စူးစူးစိုက်စိုက်လေးရှုလိုက်တာနဲ့ ဒီအသိလေးက ပျက်သွားတာပဲ။ ထပ်စိုက်ရမှာပဲ။ အဲဒီတော့ စူးစူးစိုက်စိုက် လေး အနိုက်အတန့်အားဖြင့် စိုက်တတ်လို့ရှိရင် ဝိပဿနာ ကူးလို့ရတယ်။ ခုသုံးရက်ဆိုရင် ကြာကြာလေးစိုက်နိုင်တာပဲ။ မိမိစိတ်ကို စိုက်နိုင်တဲ့သဘောမျိုး ရောက်နေပြီ။ အဲဒီလိုရောက်ရင် ကျွန်တော်တို့ ဝိပဿနာပွားများ အားတုတ်လို့ရပြီ။

အဲဒီတော့ သုံးရက်မြောက်တဲ့နေ့မှာ အာနာ

http://www.dhammadownload.com

ပါနကမ္မဋ္ဌာန်းကနေပြီးတော့ ဝိပဿနာဆိုတဲ့ ဘာဝနာကို ပွားများအားထုတ်ဖို့ ကြိုးစားရမယ်။ ဝိပဿနာဆိုတာ ဘာလဲဆိုတော့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ဆရာကြီး ပြောသွားပြီ။ သဘောအားဖြင့် သိသင့်သလောက်တော့ သိကြပြီပေါ့။ သို့သော် ထပ်ပြီးမှတ်မိအောင် ဝိပဿနာမထိုင်ခင် ကျွန်တော် နည်းနည်းလေးရှင်းပြတာပါ။ ဝိပဿနာဆိုတာ ဘာလဲ။

ပညတ္တိ၊ ပညတ်တရားကို။ ဌပေတွာ၊ ခွာလှန်ပယ်ရှားပြီး။ ပရမတ္ထ ၊ ပရမတ်သဘောတရားကို။ ဝိသေသေန၊ အထူးထူးအပြားပြားအားဖြင့်။ ပဿတိ၊ ရှုတတ်မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏တဲ့။ ဝိပဿနာတရားဆိုတာ ပညတ်တရားတွေကို ခွာလှန်ပယ်ရှားပြီးတော့ အထူးအထူးအပြားပြားဖြင့် ရှုတာကို ဝိပဿနာ ခေါ်တယ်။ ဝိပဿနာမှာ ပညတ်ကိုခွာလိုက်လို့ ရှိရင် ပရမတ္ထသဘောတရားကိုတွေ့မယ်။ ဝိပဿနာဆိုတာ ပညတ်ကိုခွာပြီးတော့ ပရမတ်သဘောတရားကို အထူးထူးအပြားပြားအားဖြင့် ရှုတာကို ဝိပဿနာလို့ ခေါ်တယ်။

အဲဒီလို ပရမတ်သဘောတရားကို ရှုတဲ့အခါ ဘယ်လိုရှုရမလဲဆိုတော့ ဝိဝိဓေန၊ အထူးထူးအပြား

http://www.dhammadownload.com

ပြားအားဖြင့်။ **အနိစ္စာဒိအာကာရေနေ**၊ **အနိစ္စ** ဆိုတဲ့ မမြဲခြင်းစသော အခြင်းအရာအားဖြင့်။ ပဿတိ၊ ရှု တတ်မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပ ဿနာ၊ ဝိပဿနာမည်၏တဲ့။ အဲဒီ ပရမတ္ထသဘော တရားပေါ်မှာမှီပြီးတော့ သူတို့ရဲ့လက္ခဏာ အမှတ် အသားဖြစ်တဲ့ **အနိစ္စ**ဆိုတဲ့သဘော တရား။ ဒုက္ခ၊ ဆင်းရဲတဲ့ သဘောတရား။ **အနတ္တ** ဆိုတဲ့အစိုးမရတဲ့ သဘောတရားတွေကို မိမိဉာဏ်အားဖြင့် ထင်အောင် မြင်အောင်ရှုတာကို ဝိပဿနာလို့ ခေါ်တယ်။

အဲဒီတော့ ပထမအချက်က ဝိပဿနာတရား အားထုတ်မယ့်ပုဂ္ဂိုလ်က မိမိစိတ်ထဲမှာ ဘာရှင်းသွား ရမလဲဆိုတော့ ပညတ်နဲ့ ပရမတ်ကို ပထမရှင်းသွား ရမယ်။ ပညတ်ဆိုတာ ဘာလဲ။ ပရမတ်ဆိုတာ ဘာလဲ။ ပညတ်ဆိုတာ ဆရာကြီး ခုနပြောသွားတယ်။ လူတို့ အားဖြင့် တစ်ဦးနဲ့ တစ်ဦး သိမှုနားလည်အောင်မှတ် သားပြီး သမုတ်တဲ့ ပြောဆိုတဲ့ဟာတွေကို ပညတ် ခေါ်တယ်။ **သစ္စာအားဖြင့် သမ္မုတိသစ္စာခေါ်တယ်။ အဟုတ်တကယ်ရှိတဲ့ တရားမဟုတ်ဘူး။**

အလေ့အထအားဖြင့် ပြောသွားတာ အပေါ်

http://www.dhammadownload.com

ယံကြောအားဖြင့်တော့ ဟုတ်တယ်။ ပရမတ္ထဆိုတာ ဇကန်အမှန်စင်စစ်ရှိတယ်။ သူ့ရဲ့ သဘောတရားက မဖောက်ပြန်ဘဲရှိတယ်။ အဲဒီသဘောကို ပရမတ္ထ သဘောတရား ခေါ်တယ်။ ပရမတ်ဆိုတာ ဘယ်တော့မှမပြောင်းဘူး။ ပညတ် သဘောတရားက ပြောင်းတယ်။ ပရမတ်နဲ့ပညတ် ဘယ်လိုခွဲမလဲဆိုရင် (ဥပမာအားဖြင့်) သစ်တောထဲမှာ ကျွန်းပင်ကြီးတစ်ပင်ရှိတယ် ဆိုပါတော့။ ဒါကို ကျွန်းပင်ခေါ်လိုက်တယ်။ ဒါကြီးကို လဲ့လိုက်တယ်။ ကျွန်းလုံးကြီးကို ပိုင်းလိုက်တယ်။ ကျွန်းပင် မရှိတော့ဘူး။ ကျွန်းတုံးဖြစ်သွားပြီ။ ကျွန်းတုံးတွေကို မျှောလိုက်ပြီး စက်ပေါ်မှာ တင်လိုက်တော့ ကျွန်းတုံးခေါ်သေးလား။ မခေါ်တော့ဘူး။ တိုင်ရယ်လို့ ဖြစ်သွားမယ်၊ ဖျဉ်ပြားဖြစ်သွားမယ် အစရှိသဖြင့် ဖြစ်သွားမယ်။

ဒီဟာတွေ အသုံးချလိုက်တဲ့အခါ အိမ်ဆောက်လိုက်တဲ့အခါကတော့ အိမ်လို့ခေါ် လိုက်တယ်။ ဇရပ် ဆောက်လိုက်တဲ့အခါကျတော့ ဇရပ်လို့ ခေါ်တယ်။ ဗီရိ လုပ်တော့ ဗီရိလို့ ခေါ်လိုက်မယ်။ ကုလားထိုင် လုပ်လိုက်တော့ ကုလားထိုင်ခေါ်မယ်။ အမျိုးမျိုးပြောင်းပြောင်းပြီးတော့ မတည်

http://www.dhammadownload.com

မြဲဘူး။ သို့သော်လဲပဲ သစ်ပင်ဘဝကနေ နောက်ဆုံး အိမ်၊ ဇရပ်၊ ဗီရို၊ စားပွဲ၊ ကုလားထိုင်ဖြစ်တဲ့ အထိ မပြောင်းတဲ့ သူရဲ့သဘာဝသတ္တိကတော့ ဘာသတ္တိလဲ။ ကျွန်းသစ်ဆိုတဲ့ သတ္တိကအမြဲတမ်းပါနေတယ်။

ပညတ်ဆိုတာကတော့ အခေါ်အဝေါ်အားဖြင့် အသိအမှတ်ပြုတာ။ လူရယ်၊ ပုဂ္ဂိုလ်ရယ်၊ လူနတ် ဗြဟ္မာ။ ဒါတွေဟာ အခေါ်အဝေါ်တွေ ပညတ်နဲ့ခေါ်တာ။ ဇကန်စင်စစ်တော့ သတ္တုချကြည့်လိုက်ရင် နက်နက်နဲနဲ နောက်ပိတ်ဆုံး ကြည့်လိုက်ရင် မုချ အမှန်စင်စစ်တော့ မရှိဘူးတဲ့။ ရှိမှာက ဘာပဲရှိလဲဆိုတော့ ပရမတ္ထသဘောအားဖြင့်သာ ရှိမယ်တဲ့။

ပရမတ္ထသဘောတရားဆိုတာ ဘာလဲ။ ပရမတ္ထသဘောတရားဆိုတာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဒီလေးပါးကို ပရမတ္ထ သဘောတရားခေါ်တယ်။ ဒီစိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတာဘာလို့ ပရမတ္ထသဘောတရား ခေါ်သလဲ ဆိုတော့ ဇကန်အမှန်ရှိတယ်။ ဇကန်အမှန်ရှိပြီးတော့ သဘောတရားအားဖြင့် ဘယ်တော့မှ မပြောင်းဘူး။ ဒါကြောင့် ပရမတ္ထခေါ်တယ်။

စိတ်ဆိုတာဘာလဲ။ အာရုံတစ်ခုသို့ညွှတ်

http://www.dhammadownload.com

တတ်တဲ့ သဘော၊ အာရုံတစ်ခုကို ယူတတ်တဲ့ သ
ဘောတရားကို စိတ်လို့ခေါ်တယ်။ မြန်မာလိုတိုတို
ပြောမယ်ဆိုရင် သိမှုလေးကိုစိတ်လို့ခေါ်လိုက်တယ်။
ဥပမာ မျက်စိနှင့်ပတ်သက်ပြီး ရူပါရုံဆိုတဲ့ အာရုံ ရှိ
တယ်။ ရုပ်ဝတ္ထုတွေ ရှိတယ်။ ရူပါရုံ ရုပ်ဝတ္ထုတွေပေါ်
မှာ မျက်စိကနေပြီး ညွှတ်လိုက်တဲ့ သဘောလေးကို
ညွှတ်လိုက်တဲ့အခါမှာ ဘာလေးပေါ်လာလဲဆိုတော့
မြင်သိလိုက်တဲ့ သဘောလေးပေါ်လာတယ်။ သိမှုကို
စိတ်လို့ ခေါ်တယ်။

အသံကြားလိုက်တယ်။ အသံဆိုတဲ့ အာရုံကို
ညွှတ်လိုက်တဲ့ သဘောဟာ စိတ်ပဲ။ ကြားသိစိတ်
ဖြစ်သွားတယ်။ သို့သော်လဲ စိတ်ဆိုတာ ဘယ်တော့မှ
တစ်ခုတည်းနဲ့ဖြစ်ပေါ်လို့မရဘူး။ စိတ်ဆိုတဲ့သဘော
တရားဖြစ်ပေါ်တာနဲ့ တစ်ပြိုင်နက် ဘာပေါ်လာသလဲ
ဆိုတော့ သူနဲ့ အပေါင်းအဖော်ဖြစ်တဲ့ စေတသိက်
ပေါ်လာတယ်။

စိတ်တစ်ခုဖြစ်လာရင် စေတသိက်ဆိုတဲ့
သဘောတရား ပါလာတယ်။ စေတသိက် ဆိုတာ
စိတ်နဲ့အတူတကွဖြစ်တယ်။ အဲဒီ စိတ်နဲ့အတူတကွ
ချုပ်တယ်။ အဲဒီ စိတ်နဲ့အာရုံယူတာခြင်းတူတယ်။
အဲဒီစိတ်နဲ့မှီရာ ဝတ္ထုချင်းတူတယ်။ အဲဒီလက္ခဏာ

http://www.dhammadownload.com

သဘောတရား ကို စေတသိက်ခေါ်တယ်။ ဥပမာ အားဖြင့် အသံကြားလိုက်တယ်။ အသံကြားလိုက်တယ်ဆိုရင် သိရုံနဲ့မပြီးဘူး။ သိလိုက်တာနဲ့ဘာတွေပေါ်လာလဲ။ ဒီဟာဖြင့် ၄က်သံပဲ။ ၄က်ကလေးရဲ့အသံလေးကသာယာလိုက်တာ။ လိုချင်လိုက်တာစသဖြင့် အဲဒါလေးတွေပေါ်မှာ သဘောတရားလေးတွေက စေတသိက်သဘောတွေ။ စိတ်နဲ့ အတူဖြစ်ပြီးတော့ ယှဉ်ဖော်ယှဉ်ဖက်တွေ ပါလာတယ်။

စေတသိက်က အားလုံး(၅၂)ပါးရှိပါတယ်။ အဲဒီ (၅၂) ပါးမှာ အ, ကုသိုလ်စေတသိက် (၁၄) ပါး။ ကုသိုလ် စေတသိက် (၂၅) ပါး ။ ပြီးတော့ ကုသိုလ်၊ အ, ကုသိုလ် အချို့ဟ်ဋ္ဌ ဖြစ်တဲ့ စေတသိက် (၆) ပါး။ ပြီးတော့ စိတ်ဖြစ်တိုင်း ကုသိုလ်စိတ်ဖြစ်စေ၊ အ,ကုသိုလ် စိတ်ဖြစ်စေ အမြဲတမ်း ယှဉ်ဖော်ယှဉ်ဖက် စေတသိက် (၇) ပါး ရှိတယ်။

အဲဒီစေတသိက်(၇)ပါး ဖဿ၊ ထိတွေ့မှု။ ဥပမာ ရူပါရုံနဲ့ မျက်စိအိမ်အတွင်းမှာ စက္ခုပသာဒ ဆိုတဲ့ အကြည်ဓာတ်ကလေးနဲ့တိုက်ဆိုင်ရင်ထိတွေ့မှု ဖဿ ပေါ်ရတယ်။ ဖဿ မရှိဘဲနဲ့ သိမှုမြင် သိစိတ်မ ဖြစ်ဘူး။ ဥပမာ ကျွန်တော့်နောက်မှာရှိတဲ့ ကုလားထိုင်ကို စက္ခုပသာဒနဲ့ ယခုအခိုက်အတန့်မှာ ထိတွေ

http://www.dhammadownload.com

မှုမရှိဘူး။ အဲဒီတော့ ကုလားထိုင်ပေါ်မှာ မြင်သိစိတ် ဆိုတာ ပေါ်မလာဘူး။ မြင်သိစိတ် ဖြစ်အောင် အတူ တကွ ဘာပါလာရမလဲဆိုတော့ ဖဿပါရမယ်။ ဖဿ ပြီးတော့ ဝေဒနာတစ်ပြိုင်နက် ပေါ်လာတယ်။ ဝေဒ နာဆိုတာ နာတာ၊ ကျေဉ်တာကိုပြောတာမဟုတ်ဘူး။ ခံစားမှုဆိုတဲ့ ဝေဒနာပေါ်လာတယ်။ သညာဆိုတာ မှတ်တဲ့ သဘောပဲ။ စေတနာဆိုတာ ပေါ်လာတယ်။ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ် ပြီးတော့ မနသိကာရဆိုတာ နှလုံးသွင်းမှုပေါ်လာ တယ်။ စိတ်ထဲမှာ နှလုံးသွင်းလိုက်ရတယ်။ နှလုံးမ သွင်းဘဲနဲ့တော့ မဖြစ်ဘူး။ ဒီတော့ မနသိကာရ၊ ပြီး တော့ ဖီဝိတိန္ဒြေဆိုတဲ့ နာမ်သက်၊ စိတ်ရဲ့ နာမ်သက်၊ စိတ်က အင်မတန်မြန်တယ်။ မျက်စိတစ်မှိတ်လျှပ် တစ်ပြက်ကလေးမှာ ကုဋေတစ်သိန်းဖြစ်တယ်။ ချုပ် တယ်။

သို့သော် အခိုက်အတန့်လေးကတော့ အဲဒီ ဖီဝိတိန္ဒြေပေါ်လာတယ်။ ဒီဟာလေး တည်မြဲဖို့ ဒီ အာရုံပေါ်မှာ စူးစူးစိုက်စိုက်ကလေး ဓကဂ္ဂတာခေါ် တဲ့ စေတသိက်ပေါ်လာတယ်။ အဲဒီ ခုနှစ်ပါးနဲ့အ, ကုသိုလ်၊ ကုသိုလ် စေတသိက်တွေက တစ်ခါတည်း

http://www.dhammadownload.com

ပေါ်လာတယ်။ ဥပမာ လိုချင်တဲ့သဘောတပ်မက်တဲ့စိတ်၊ လိုချင်တဲ့သဘောက လောဘခေါ်တယ်။ လောဘစိတ်ဖြစ်လာရင် လောဘစိတ်နဲ့ ဒီစိတ်ပေါ်မှာ လောဘဆိုတဲ့ စေတသိက်ဖြစ်လာရင်၊ လောဘစိတ်နဲ့ ဒီစိတ်ပေါ်မှာ လောဘဆိုတဲ့စေတသိက်တည်ပြီး လောဘစိတ်ဆိုရင်စေတသိက်ပေါင်း(၁၉)ပါးလောက်ပါတယ်။

အဲဒါတွေ ပေါင်းလိုက်ပြီးတော့ သိမ္ဘသက်သက် မဟုတ်တော့ဘဲ လောဘဖြစ်လာတယ်။ ဒေါသထွက်လာရင်လဲ ဒေါသဆိုတာ စေတသိက်ပဲ။ ဒေါသနဲ့ ဆိုင်တဲ့ စေတသိက်တွေနဲ့ ပေါင်းလိုက်တော့ ဒေါသစိတ်ဆိုပြီး အ,ကုသိုလ် စိတ်ဖြစ်သွားတယ်။ ကုသိုလ်စိတ်ဖြစ်ရင်လဲ သဒ္ဓါတို့,သတိတို့, ဟိရိသြတ္တပ္ပဆိုတဲ့ မကောင်းတာကို ပြုလုပ်ရမှာ ရှက်တာတို့, ကြောက်တာတို့ စသည်ဖြင့် အဲဒီစေတသိက်တွေပါလာရင် ကုသိုလ်စိတ် ဖြစ်သွားတယ်။

ဒီတော့ လယ်တီဆရာတော်ကြီးက ဘာနဲ့ ဥပမာပေးလဲဆိုတော့ **စိတ်နဲ့စေတသိက်က ယှဉ်ဖော်ယှဉ်ဖက်ဖြစ်ပြီး ဒီစေတသိက်ဆိုတာ စိတ်ကိုမှီတွယ်ပြီးတော့ စိတ်ကိုခြယ်လှယ်တဲ့** သဘောကို စေတ

http://www.dhammadownload.com

သိက် လို့ခေါ်တယ်တဲ့။ သူ့ကြောင့် အကုသိုလ်စိတ် ဖြစ်သွားတယ်။ ကုသိုလ်စိတ် ဖြစ်သွားတယ်။ အဲဒီလို စိတ်တွေ အမျိုးမျိုး ဖြစ်သွားတယ်။ အဲဒီ စေတသိက်တွေကြောင့်စိတ်ဟာ သိမှုလေးတစ်ခုသာမဟုတ်တော့ ဘဲနဲ့တော့ စိတ်တွေဟာ ဘယ်လိုဖြစ်သွားသလဲ ဆိုတော့ စိတ်က အကျဉ်းအားဖြင့် (၈၉)၊ အကျယ် အားဖြင့် (၁၂၁) ဖြစ်သွားရတယ်။ စိတ်များသွား တာက စေတသိက်တွေကြောင့် ဖြစ်တယ်။

စိတ် နဲ့ စေတသိက် ကိုဘယ်လို ဥပမာ ပေးပြန်လဲဆိုတော့ လယ်တီဆရာတော်ကြီးက ဒီစိတ် ကို မှီတွယ်ပြီး စိတ်ကိုခြယ်လှယ် ထားတယ်ဆိုတာ ပိုပြီးထင်ရှားအောင် ဥပမာ ပန်းချီကား ရေးမယ် ဆိုပါတော့။ ရေဆေးနဲ့ ပန်ချီကားရေးတော့မယ် ဆိုရင် ရေချည်းပဲ ပန်းချီကားပေါ်မှာဆွဲလိုက်တာ ရုပ်ပုံပေါ် သလားမပေါ်ဘူး။ သို့သော် ဒီရေကို သက်ဆိုင်ရာ အရောင်ထည့်လိုက်မယ်။ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် ထည့်လိုက်မယ်စသည်ဖြင့်ရောင်စုံလေး တွေနဲ့ ကားပေါ်မှာ ဆွဲလိုက်တဲ့အခါကျတော့ ဒီရေနဲ့ အရောင်တွေကြောင့်ကားချပ်ပေါ်မှာ ပုံပန်းသဏ္ဌာန် ကလေးတွေ၊ အရုပ်ကလေးတွေ တွေ့လာတယ်။

http://www.dhammadownload.com

အဲဒီလိုပဲ စိတ်က စေတသိက်ကြောင့် စိတ်တွေအများကြီး ပြစ်လာတယ်။ စိတ်နဲ့ စေတသိက် ကိုပေါင်းတော့ ဘာဖြစ်လဲဆိုတော့ နာမ်တရားလို့ ခေါ်လိုက်တယ်။ ဒီနာမ်တရားဟာ ပရမတ္ထသဘော အားဖြင့် ဘယ်တော့မှ မပြောင်းလဲဘူး။

ဥပမာ စိတ်က လောဘဖြစ်တယ် ဆိုပါတော့ လောဘစိတ်ရဲ့ သဘောသဘာဝ သတ္တိကလိုချင်တဲ့ သဘောတရား၊ တပ်မက်တဲ့ သဘောတရား၊ ငြိတွယ်တဲ့ သဘောတရားကို လောဘ လို့ခေါ်လိုက်တယ်။ ဥပမာ မြန်မာတစ်ယောက်မှာ ဖြစ်တဲ့လောဘနဲ့ အင်္ဂလိပ်တစ်ယောက်မှာဖြစ်တဲ့ လောဘစိတ်ဟာ ပညတ်အားဖြင့်တော့ မြန်မာရယ်၊ အင်္ဂလိပ်ရယ်လို့ ခွဲလို့ရတယ်။ ပရမတ်သဘောအားဖြင့်တော့ သူဖြစ်တဲ့ လောဘစိတ်နဲ့ ကိုယ့်ဖြစ်တဲ့လောဘစိတ်အတူတူပဲ။ လိုချင်တာပဲ။ တပ်မက်တာပဲ။ ငြိတွယ်တာပဲ။ ထိုနည်းတူစွာပဲ လူမှာဖြစ်တဲ့ ဒေါသနဲ့ခွေးမှာဖြစ်တဲ့ ဒေါသ ကောမတူဘူးလား။ အတူတူပဲ။ သဘောတရား အားဖြင့် မပြောင်းလဲဘူး။ ဒေါသဆိုတာ ကြမ်းတမ်းတယ်၊ ခက်ထန်တယ်၊ စိတ်တွေ ပြောင်းလာတယ်။

ကုသိုလ်ဆိုတာ ထိုနည်းတူစွာပဲ။ ကုသိုလ်

http://www.dhammadownload.com

စိတ်တွေဖြစ်ပေါ်လာရင် ဘယ်သူ့မှာပဲ ဖြစ်ပေါ်ဖြစ်ပေါ်၊ ဘယ်လူမျိုးမှာပဲဖြစ်ပေါ်ဖြစ်ပေါ် လူမှာ ဖြစ်ပေါ်သည်ဖြစ်စေ၊ နတ်မှာဖြစ်ပေါ်သည်ဖြစ်စေ ကုသိုလ်စိတ် သဘာဝအားဖြင့် အတူတူပဲ။ သူ့မှာ ဖြစ်ပေါ်သည့်စိတ်၊ ယုံကြည်မှုစိတ်။ ဥပမာ ဘုရား၊ တရား၊ သံဃာပေါ်မှာ ယုံကြည်မှုဆိုတဲ့ စိတ်၊ သတိဆိုတဲ့ စေတသိက်ကလေးသူ့မှာ ပါလာမယ်။

ခုနပြောတဲ့ ဟိရီတို့၊ ဩတ္တပ္ပတို့ ဒါတွေ ပါလာမယ်။ ပြီးတော့ အ,လောဘတို့၊ အ,ဒေါသတို့၊ အ,မောဟတို့။ ကုသိုလ်လုပ်တဲ့အခါ ဒေါသမရှိဘူး။ ဥပမာ ဒါနပြုတယ်ဆိုပါတော့။ ဒါနဆိုတာသဘောအားဖြင့် ပစ္စည်းကိုလှူလိုက်ရင်ဒီပစ္စည်းမှာ လောဘတပ်မက်နေရင် လှူနိုင်ပါ့မလား။ မလှူနိုင်ဘူး။ တပ်မက်နေမှာပဲ။ ကိုယ်က လှူလိုက်တယ်။ စွန့်လိုက် တယ်ဆိုကတည်းက မလိုချင်တဲ့စိတ်နဲ့၊ အ,လောဘ စေတသိက်နဲ့၊ အ,ဒေါသ စေတသိက်နဲ့ ဒီလို လှူလိုက်တော့ ကုသိုလ်ဖြစ်တယ်။ ဘယ်သူပဲ လှူလှူ၊ နိုင်ငံခြားသားပဲ လှူလှူ၊ မြန်မာပဲ လှူလှူ ကုသိုလ်စိတ်ကတော့ ဒီအတိုင်းပဲလာတယ်။ အဲဒါကြောင့်မို့လို့ဒါကိုပရမတ္ထသဘောတရားလို့ခေါ်တယ်။

http://www.dhammadownload.com

စိတ်ရယ်၊ စေတသိက်ရယ်။ ပြီးတော့ရုပ် သဘောတရားဆိုတာ ရှိသေးတယ်။ ရုပ်သဘော တရားဆိုတာ ကတော့ရုပ်ဆိုတာဘာလဲ။ ရုပ္ပတိတိရှု ပံတဲ့။ ဆရာကြီးလဲ ပြောသွားပြီ။ ဖောက်ပြန်တဲ့လက္ခ ဏာရှိခြင်းကြောင့် ရုပ်လို့ခေါ်တယ်။ ရုပ်ဆိုတာ သူ့ သဘာဝသတ္တိကိုက အခြေခံဘာရှိ သလဲဆိုတော့ မဟာဘူတရုပ် (၄) ပါး၊ ဥပါဒါန်ရုပ်က (၂၄) ပါး ပေါင်းလိုက်ရင် (၂၈)ပါး။ မဟာဘူတာရုပ်လေးပါး ဆိုတာ အခြေခံအမာခံအားကောင်းတဲ့ရုပ်။ ထင်ရှား ရှိတဲ့ ရုပ်လေးပါး။ ဓာတ်ကြီးလေးပါးလို့ခေါ်တယ်။ ပထဝီ ဆိုတာ မာတဲ့၊ ပျော့တဲ့သဘော အမှုအရာ လက္ခဏာကို ပထဝီဓာတ်လို့ခေါ်တယ်။

ဥပမာ သာမည်ပြောကြတော့ မြေဓာတ်လို့ ခေါ်လိုက်တယ်။ ဒါသာမည်ပြောလိုက်တာ။ အမှန် ကတော့ ပရမတ္ထသဘောအားဖြင့် မြေဓာတ်ရယ်လို့ မဟုတ်ဘူး။ မာတဲ့ သဘောတရား၊ ပျော့တဲ့ သဘော တရား ရှိတဲ့ဟာကို ပထဝီဓာတ်လို့ခေါ်လိုက်တယ်။ ပြီးတော့ ပူတဲ့ သဘောတရား၊ အေးတဲ့ သဘော တရားဆိုတာရှိတယ်။ ဒါကို တေဇော လို့ခေါ်တယ်။ ပြီးတော့ ထောက်ကန်လှုပ်ရှားတဲ့ သဘောတရား

http://www.dhammadownload.com

ဆိုတာရှိတယ်။ ဝါယောဓာတ်လို့ ခေါ်လိုက်တယ်။ ပြီးတော့ ဖွဲ့စည်းတဲ့ သဘောတရား၊ ယိုစီးတဲ့ သဘောတရားဆိုတာရှိတယ်။ အဲဒါကို အာပေါဓာတ်လို့ ခေါ်လိုက်တယ်။

ရုပ်တစ်ခုမှာ ဘယ်ကစလဲဆိုတော့ အင်မတန်သေးငယ်တဲ့ ကလာပ်စည်းလေးတွေက စ,တယ်။ ဆရာကြီးပြောသွားတယ် မဟုတ်လား။ ကျွန်တော်တို့ကတော့ သာမည်အားဖြင့် ဒီကုလားထိုင်လေးဟာ တလုံးတစည်းတည်း ရှိတယ်လို့ ပညတ်အားဖြင့်ထင်လိုက်တယ်။ ပရမတ္ထသဘောအားဖြင့် ဒီဥစ္စာကမဟုတ်ဘူး။ ဘာခေါ်သလဲဆိုတော့ အင်မတန်မှ သေးငယ်တဲ့အစုလေးတွေ စုအောင်ဖွဲ့စည်းထားလို့ အခိုင်အမာ ဆောင်တယ်။ သူ့ကို သေသေချာချာ ကြည့်လိုက်လို့ရှိရင် သဘာဝအတိုင်း အင်မတန်သေးငယ်တဲ့ ရုပ်ကလာပ်လေးတွေ စုပေါင်းဖွဲ့စည်းထားတာရှိတယ်။ အဲဒီ စုပေါင်းဖွဲ့စည်းထားတဲ့ ရုပ်ကလာပ်ကိုဘာခေါ်လဲ။ ပရမာဏုမြူ ခေါ်တယ်။

ပရမာဏုမြူဆိုတာ ဆရာကြီးလဲပြောသွားပြီ။ ပုံပန်းသဏ္ဌာန်အားဖြင့် နွေအခါမှာ လှည်းဘီး နောက်ကဖုန်တွေထတဲ့ အသေးဆုံးဖုန်ကို ယူလိုက်။ အစိတ်

http://www.dhammadownload.com

ပေါင်း လေးသောင်းခြောက်ထောင် ခြောက်ရာငါးဆယ့် ခြောက်စိတ်စိတ် တစ်စိတ်ဖြစ်တယ်။ ပရမာဏုမြူ ကတော့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတညာဏ်နဲ့မှ မြင်လို့ရတယ်။ ကျွန်တော်တို့ မမြင်စကောင်းဘူး။ ဒီလောက်သေးငယ်တယ်။

သို့သော်လဲပဲ ဘယ်လောက်ပဲ သေးငယ်သေးငယ်ခုနပြောတဲ့ ဓာတ်ကြီးလေးပါးပါတယ်။ အဲဒီ ရုပ်ကလပ်ကလေးမှာ ပူတဲ့သဘောတရား၊ အေးတဲ့သဘောတရား၊ မာတဲ့သဘောတရား၊ ပျော့တဲ့သဘောတရား။ ဖွဲ့စည်းတဲ့ သဘောတရား၊ ယိုစီးတဲ့ သဘောတရား၊ နောက်ပြီးတော့ လှုပ်ရှားတဲ့သဘောတရား၊ ထောက်ကန်တဲ့ သဘောတရားလေးပါးစလုံး ရုပ်ကလာပ်တိုင်းမှာပါတယ်။

ဘယ်ရုပ်ကလာပ်ပဲဖြစ်ဖြစ်၊ အဲဒီဓာတ်ကြီးလေးပါးကလဲ တစ်ခုနဲ့တစ်ခုဟာ အထောက်အပံ့ပြုထားတယ်။ အညမညပြုတဲ့ သဘောတရားရှိတယ်။ အညမညသဘောက ဘာနဲ့သဏ္ဌာန်ပေးလဲ ဆိုတော့ ဥပမာ ဒေါက်ကလေး (၃)ခုနဲ့ထောက်ထားတယ်။ တစ်ခုနဲ့တစ်ခု အမှီသဟဲပြုနေတယ်။ ခြေသုံးချောင်း တစ်ချောင်း ဖြုတ်လိုက်လို့ရှိရင် (၂)ချောင်းတည်းနဲ့ တည်နေသလား။ မတည်ဘူး။ လဲသွားမယ်။

http://www.dhammadownload.com

တစ်ချိန်တည်းမှာ (၃)ချောင်းရှိမှ တည်နေမယ်။ အဲဒီလိုပဲ မဟာဘူတရုပ်လေးပါးက တောဇောချည်းပဲ ပူတဲ့ရုပ် မရှိဘူး။ ပထဝီဆိုတဲ့ မာတဲ့သဘောချည်းလဲ မဟုတ်၊မတည်နိုင်ဘူး။ ရုပ်ဖြစ်လာပြီဆိုရင် ဓာတ်လေးပါး ပေါင်းလာတယ်။ တစ်ခုနဲ့တစ်ခု ဖွဲ့စည်းပြီး တည်လိုက်တယ်။ အဲဒီလို ဓာတ်လေးပါး ပေါင်းလိုက်တာနဲ့ တစ်ပြိုင်နက် အနည်းဆုံးနောက် ထပ်ဓာတ်လေးပါး ထပ်ပေါ်လာတယ်။

ဘာလဲဆိုတော့ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ သြဇာ ဆိုတဲ့ အထောက်အပံ့ပေးတဲ့ ရုပ်လေးပါး ပေါ်လာတယ်။ ဝဏ္ဏဆိုတာ ရုပ်အဆင်းသဏ္ဌာန် ပေါ်လာတဲ့ သတ္တိ။ ဂန္ဓဆိုတဲ့ အနံ့ဆိုတာ ပေါ်လာတယ်။ ရသဆိုတဲ့ အရသာ ပေါ်လာတယ်။ သြဇာဆိုတဲ့ သြဇာဓာတ်ဆိ ပေါ်လာတယ်။ အနည်းဆုံး အင်္ဂါ (၈)ပါး၊ ဓာတ် (၈)ပါးရှိမှ ရုပ်ကလာပ်တစ်ခု ဖြစ်တယ်။ ရုပ်ကလေးတွေ ကုန္ဓေကုဋ္ဌာပေါင်းလိုက်ရင် အစိုင်အခဲ ဖြစ်လာတယ်။

ရုပ်ဆိုတဲ့ သဘောတရားဟာ ဘယ်ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ဖြစ်၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သစ်ပင်တို့၊ ဘာတို့မှာ ဖြစ်ဖြစ်၊ ဒီဟာတွေ အကုန်လုံးဟာ

http://www.dhammadownload.com

ဖွဲ့စည်းထားတာ။ ခွဲလိုက်လို့ရှိရင် နောက်ဆုံးက လာပ်လေးမှာ ဒီ (၈) ပါး အမြဲတမ်းရှိတယ်။ ပြီး တော့လဲပဲဒီ (၈)ပါးမှာ ခုနပြောတဲ့ ဓာတ်ကြီးလေးပါး တစ်ခုခုကနေ အမြဲတမ်းလွန်ကဲတဲ့ သဘောတရားနဲ့ တည်နေတတ်တယ်။ ဒီစားပွဲမှာ ရုပ်ကလာပ်တွေ ရှိတယ်။ သူ့မှာ ပူတဲ့၊ အေးတဲ့ သဘောလဲရှိတယ်။ မာတဲ့သဘော၊ ပျော့တဲ့သဘော ရှိတယ်။ လှုပ်ရှား နေတာရှိတယ်။ ဖွဲ့စည်းတဲ့ သဘောတွေရှိတယ်။

သူ့ကို ကျွန်တော်တို့ ကြည့်လိုက်ရင်မာတဲ့ သဘောရှိတယ်။ ပထဝီဓာတ်လွန်ကဲနေရင် မာတဲ့ သဘော၊ ပျော့တဲ့ သဘောကျွန်တော်တို့ သိတယ်။ တေဇောလွန်ကဲရင် ပူတဲ့၊ အေးတဲ့ သဘောသိတယ်။ ဝါယောလွန်ကဲနေရင် လှုပ်ရှားတဲ့ သဘောအမူအရာ ကိုသိတယ်။ အဲဒီတော့ လွန်ကဲတာ ရှိတယ်။ တေဇော ဓာတ်ထဲမှာလဲ ပထဝီဆိုတဲ့ မာတာ၊ ပျော့တာ ရှိတာပဲ။ လှုပ်ရှားတဲ့ ဝါယောဓာတ်လဲပါတာပဲ။ ဖွဲ့စည်းခဲ့တဲ့ အာပေါဓာတ်လဲပါတာပဲ။ ဓာတ်ကြီးလေးပါးကဘယ် တော့မှာ ခွဲလို့မရဘူး။ အဲဒါကို ရုပ်လို့ ခေါ်တယ်။

ကျွန်တော်တို့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ရုပ်

http://www.dhammadownload.com

ကလာပ်လေးတွေ အများကြီးနဲ့ ဖွဲ့စည်းထားတယ်။ ပညတ်သဘောအားဖြင့် လက်ဆိုတာ ရှိတယ်။ ပခုံးဆိုတာရှိတယ်။ ပရမတ်သဘောအားဖြင့် ကျွန်တော်တို့ ခန္ဓာကိုယ်ဟာ အတူတူပဲ။ ဘာပဲရှိလဲဆိုတော့ ရုပ်သဘောတရားပဲ ရှိတယ်။ အများကြီး စုပြုံးတော့ ဖွဲ့စည်းထားတဲ့ သဘောတရား၊ ကလာပ်ကလေး၊ ကလာပ်ကလေးတိုင်းမှာ အနည်းဆုံး ရုပ်(၈)ပါး ရှိတယ်။ ကျွန်တော်တို့ သိဖို့က ထင်ရှားတဲ့(၄)ပါးကို သိထားရင် ဝိပဿနာရှုလို့ရတယ်။ ပထဝီဆိုတာ မာတဲ့၊ ပျော့တဲ့အမှုအရာ လက္ခဏာ၊ တောင်းဆိုတာ ပူတဲ့၊ အေးတဲ့သဘော အမှုအရာလက္ခဏာ၊ ဝါယောဆိုတာ လှုပ်ရှားတဲ့၊ ထောက်ကန်တဲ့သဘော အမှုအရာ လက္ခဏာ၊အာပေါဆိုတဲ့ ဖွဲ့စည်းတဲ့သဘော အမှုအရာလက္ခဏာ၊ အဲဒါက ကျွန်တော်တို့ထင်ထင်ရှားရှားသိနိုင်တယ်။

ဥပမာအားဖြင့်နွေအခါကျရင်ပူတယ်။အခိုက်အတန့်အားဖြင့် ဘာလွန်ကဲနေလဲ။ တောင်းလွန်ကဲနေတယ်။ ပူတဲ့တောင်းလွန်ကဲနေရင်ပူတာပဲ။ ကျွန်တော်တို့ ထိုင်တယ်။ ထိုင်တဲ့အခါကျတော့ တောင့်တယ်၊ တင်းတယ်။ တောင့်တယ်၊ တင်းတယ်ဆိုတာ

http://www.dhammadownload.com

ဘာလဲ။ ပထဝီဓာတ်လွန်ကဲရင် တောင့်တာ၊ တင်းတာ ပါပဲ။ အဲဒီတော့ ဒူးကိုက်တယ်၊ ပေါင်ကိုက်တယ် ဆိုတာ ပညတ်အားဖြင့် သိလိုက်တယ်။ ပရမတ် အားဖြင့် သဘောတရားက ဒူးဆိုတာမရှိဘူး။ ရုပ် သဘောတရားပဲရှိတယ်။

ရုပ်သဘောတရားက ဖောက်ပြန်တဲ့အတွက် အမျိုးမျိုးဖြစ်တယ်။ တောင့်တယ်၊ တင်းတယ်ဆိုတာ ပထဝီလွန်ကဲနေရင် တောင့်တယ်၊ တင်းတယ်။ ကျွန် တော်တို့ ဝိပဿနာရှုတဲ့အခါကျတော့ ဒါကိုဓာတ်ကြီး လေးပါးကို မြင်အောင် ရှုရမယ်။ ဒူးနာ တယ်ဆိုတာ ဖယ်လိုက်ပြီးတော့ ရုပ်သဘောတရားပဲ။ နာတယ် ဆိုတာ ပထဝီဓာတ် လွန်ကဲနေတာပါပဲ။ ပူတယ် ဆိုရင် ပူတဲ့သဘောပဲ။ တဖော လွန်ကဲနေတာပဲ။ ပူတယ်ဆိုတာနာမ်က သိတာပဲ။ စိတ်နဲ့ စေတသိက် ပေါင်းလိုက်တော့ နာမ်ခေါ်တယ်။

အဲဒီတော့ မိမိခန္ဓာကိုယ်ဟာ ပညတ်သဘော အားဖြင့်သာ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကနာတာ။ ပရမတ်သဘော အားဖြင့်တော့ ရုပ်သဘော၊ နာမ် သဘောပဲ ရှိတယ်။ တခြားဟာတွေ ဘာမှမရှိဘူး။ အဲဒီလို ရှုနိုင်ရမယ်။ လူဆိုတာ နာမည်တပ်လိုက် တာ။ ဒီဟာဖြင့် မိန်းမ။ ဒီဟာဖြင့် ယောကျ်ား။ ဒီဟာ

http://www.dhammadownload.com

ဖြင့် တိရစ္ဆာန်။ ဒီဟာဖြင့် လူ၊ နတ်၊ ဗြဟ္မာ နာ
မည် တပ်လိုက်တယ်။ သို့သော်လဲ ခုနလို သတ္တ
ချကြည့်လိုက်ရင် ရူပ်နဲ့နာမ်ပဲ ရှိတယ်။ ပရမတ်
သဘောအားဖြင့် ရှိတယ်။

အဲဒီလို ထင်အောင်၊ မြင်အောင် ရှုတာကို
ဝိပဿနာရှုတယ်လို့ခေါ်တယ်။ ရူပ်၊ နာမ်ကို မြင်
အောင်ရှုတာပဲ။ စိတ်၊ စေတသိက်၊ ရူပ်၊ အဲဒီ (၃)
ပါးကို ဘာခေါ်လဲဆိုတော့ သစ်တဓာတ်ခေါ်တယ်။
သစ်တဓာတ်ဆိုတာ ပြုပြင်ပြောင်းလဲတဲ့ သဘော
တရားဖြစ်နေတယ်။ မပြုပြင် မပြောင်းလဲလို့လဲမရဘူး။
နံနက်မိုးလင်းတာနဲ့ ကိုယ်လက်သန့်စင်အောင် လုပ်
ရတယ်။ ကိုယ့်ကိုယ်ကို အာဟာရတွေနဲ့ ဖြည့်ရတယ်။
အဲဒီလို အမျိုးမျိုးပြုပြင်ပြောင်းလဲပြီး ဥတုနဲ့ သပ္ပာယ
ဖြစ်အောင်နေရတယ်။ အဲဒီလို စိတ်၊ စေတသိက်၊
ရူပ်က ဖြစ်ပေါ်နေတယ်။

နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထသဘောတရားကတော့
အ,သစ်တ ဓာတ်တဲ့။ ပြုပြင်ပြောင်းလဲမှု မရှိတဲ့
သဘောတရား။ နိဗ္ဗာန်ကို ဘယ်တော့မှ သိလဲဆိုတော့
ရူပ်၊ နာမ်၊ ခန္ဓာအရိုက်အတန့်အားဖြင့် ရူပ်နာမ်
ပေါ်မှာဝိပဿနာရှုရင် ဝိပဿနာဉာဏ် တွေတက်

http://www.dhammadownload.com

လာတဲ့ အခါကျတော့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရောက်တဲ့ အခါကျတော့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါတယ်။ မိမိခန္ဓာကိုယ်ပေါ်ရှာရတယ်။ မိမိခန္ဓာကိုယ်ပေါ်မှာ ဘာလို့ရှာရလဲဆိုတော့ ရူပ်သဘော၊ နာမ်သဘော အားဖြင့် ကိုယ်တွေ့အားဖြင့်သိအောင်၊ ဉာဏ်တွေ့ အားဖြင့် သိအောင်ရှာရတယ်လို့ မြတ်စွာဘုရားက ဟောခဲ့တယ်။

ဥပမာ ဓာတ်ကြီးလေးပါးဟာ ပရမတ်သဘော အားဖြင့် ဘယ်တော့မှ မပြောင်းလဲဘူး။ ပူလို့ရှိရင် ခြေထောက်မှာပူတယ်။ ပညတ်အားဖြင့် ခြေထောက်လို့ ခေါ်လိုက်တယ်။ လက်မှာပူတယ်။ ပညတ်အား ဖြင့် လက်လို့ခေါ်လိုက်တယ်။ ပရမတ်သဘော အားဖြင့် ခြေထောက်မှာ ပူတာနဲ့ လက်မှာပူတာ ဘာကွာလဲ ဘာမှာမကွာဘူး။ ပူတာ ပူတာပဲ။ ဘယ်မှာ ပူပူပူတာပဲ။ နာတာဆိုရင်လဲ ဘယ်မှာနာနာ နာတာပဲ။ **အဲဒီလို အသိမျိုးသိသွားရင် ရူပ်သဘောတရား၊ နာမ်သဘောတရား သိသွားမယ်။** အဲဒီလို သိပြီးတဲ့ အခါရူပ်နာမ်ပေါ်မှာ ရှုရင်းနဲ့ ရူပ်နာမ်တို့ရဲ့ လက္ခဏာကို အမှတ်အသားကို ကိုယ်ကရှုရတယ်။

ဒီရူပ် နာမ်တွေဟာ မြတ်စွာဘုရားကမမြ

http://www.dhammadownload.com

ဘူးတဲ့။ ဘာသဘောတရားရှိလဲဆိုရင် ဖြစ်ပြီးရင် ပျက်တဲ့ သဘောတရားရှိတယ်။ ဒီတော့ ကိုယ်က ရုပ်နာမ်ကိုရှုရှုပြီး ရုပ်နာမ်ပေါ်မှာ လက္ခဏာအမှတ် အသားကိုသိပြီး ဉာဏ်အားဖြင့် ကြည့်ရတယ်။ ရှုတဲ့အခါကျတော့ ဘာနဲ့သိမလဲဆိုရင် ခန္ဓာအတွင်းမှာ ရုပ်ကလာပ်တွေက အမြဲတမ်းရှိတယ်။ ဖောက်ပြန်နေတယ်။ ပြောင်းလဲနေတာကို ခုနကရတဲ့ သမာဓိနဲ့ စူးစူးစိုက်စိုက်နဲ့ စိုက်စိုက်ပြီး ကြည့်သွားတယ်။

ဘာလေးတွေ ပေါ်လာမလဲ ဆိုတော့ ကာယ သမ္ဘဿဏာ ဝေဒနာ ဆိုတဲ့ အင်္ဂလိပ်လိုတော့ (Sensation) ခံစားမှုတွေ အမျိုးမျိုးပေါ်လာတယ်။ ခံစားမှုတွေ အမျိုးမျိုးပေါ်လာတဲ့အခါ ကျရင် ပညတ်ဆိုတာ ဖျောက်လိုက်ရမယ်၊ လက်ကပူတယ် ဆိုရင် လက်ကိုဖျောက်လိုက်၊ အမှန်စင်စစ်ဖြစ်နေတာ ကိုရှုရမယ်၊ ပူတာဖြစ်နေရင် ပူတာက ရုပ်ပဲ၊ ပူတာ ကိုသိတာက နာမ်ပဲရှိတယ်၊ တင်းတာတွေ့ရင်လဲ တင်းတဲ့ သဘောတရားက ရုပ်ပဲ၊ တင်းမှန်းသိတာက နာမ်ကသိတာပဲ၊ သိတာနာမ်ခေါ်တယ်၊ စိတ်နဲ့စေတ သိက်ပေါင်းလိုက်တော့နာမ်ခေါ်တယ်၊ ထပ်ကာထပ် ကာရှုသွား၊ အဲဒီလိုရှုသွားရင်၊ ဒီဟာတွေဟာ မြဲသ

http://www.dhammadownload.com

လားဆိုတော့မမြဲဘူး၊ ပြောင်းလဲနေတယ် လှုပ်ရှား နေတဲ့ဟာတွေ တွေ့လိမ့်မယ်၊ အဲဒီလိုတွေ့တဲ့အခါ ကျတော့မမြဲဘူး၊ အနိစ္စဆိုပြီးတော့နှလုံးသွင်းရတယ်။ အဲဒီလိုဝိပဿနာဆိုတာ ပထမ ရုပ်နာမ်ကို သိအောင် ရှုရတယ်။ ရုပ်နာမ်ရဲ့လက္ခဏာအမှတ်အသား၊ မမြဲတဲ့ သဘောတရားကို သိအောင်ထပ်ရှုရတယ်၊ အဲဒီလို ရှုနိုင်အောင်၊ ဝိပဿနာကူးတဲ့အခါကျရင် ကူးတတ် သွားအောင်၊ သဘောတရားလေးကိုသိသွားအောင် ပြောသွားမယ်၊ ပြောသွားတဲ့အခါကျရင်ပြောတဲ့ အခါမှ သမ္မုတိသစ္စာဆိုတာ ပညတ်နဲ့ ပြောသွားရမယ်၊ ပရမတ်နဲ့ပြောလို့မရဘူး ပညတ်နဲ့ ကျွန်တော်တို့က ပြောသွားမယ်။

ဥပမာ–မိမိရဲ့စိတ်ကို နှာသီးဝမှာစိုက်ထားပါ ဆိုလိုက်ရင် စိတ်ကို စူးစူးစိုက်စိုက်ကလေးစိုက်လိုက်၊ စိုက်လိုက်ပြီးလို့ရှိရင်၊ နှာသီးဝမှာ ဘာပေါ်လာမလဲ၊ တစ်ခုခု ခံစားမှုလေးပေါ်လာမယ်၊ သိမှုလေးပေါ်ချင် ပေါ်လာမယ်၊ ပူတာလေးပေါ်ချင်ပေါ်လာမယ်၊ တင်း တာလေး ပေါ်ချင်ပေါ်လာမယ်၊ ရွရွဖြစ်ချင်လဲ ဖြစ် မယ်၊ ထုံတဲ့ သဘောဖြစ်ချင်ဖြစ်နေလိမ့်မယ်၊ အဲ ဒီလိုဖြစ်နေတဲ့အချိန်၊ ကိုယ့်ရဲ့ ခံစားမှုလေးသိနေတယ်၊

http://www.dhammadownload.com

ပေါ်ပေါ်နေတာလေးကို ဉာဏ်အားဖြင့် သိနေတယ်၊ ဒါကို သတိကပ်ထားရမယ်၊ သတိကပ်ထား လိုက်တဲ့ အခါကျတော့ ဒါဟာဘာဖြစ်နေတာလဲ၊ ရုပ်ကဖြစ်နေ တာပဲ ကိုယ်ကစူးစူးစိုက်စိုက်၊ စိုက်ပြီးကြည့်နေတဲ့ အခါကျရင် သူကမမြဘဲနဲ့ ပြောင်းနေတာတွေ့မယ်၊ တင်းချင်လဲ ပိုတင်းနေလာမယ်၊ လျော့ချင်လဲလျော့ သွားမယ်၊ ဒါမှမဟုတ်လဲ တင်းရာကနေပြီး အေးသွား မယ်၊ ပူသွားမယ်၊ ဒါမှမဟုတ်လဲ လှုပ်လှုပ်ရှားရှား လေးတွေ့ရမယ်၊ အဲဒီလိုတွေ့တဲ့အခါကျတော့ ဒါဟာ မမြဲတဲ့သဘောတရားပဲ၊ အနိစ္စဆိုတာကဖြစ်ပြီးပျက်တဲ့ သဘောတရား၊ အဲဒီလို ကိုယ်ကမှတ်ရတယ်။

ကျွန်တော်တို့က ဦးခေါင်းငယ်ထိပ်မှာ စိတ် ကိုထားပါဆိုလို့ရှိရင် ဦးထိပ် ငယ်ထိပ်ကို စိတ်ကို ပြောင်း စိုက်လိုက်ပါ၊ ဒီပြင်နေရာမှာ မစဉ်းစားနဲ့၊ ဒီနေရာမှာ စိုက်လို့ပြောတာ၊ ဒီနေရာမှာ စိတ်ကို စိုက်ထားလိုက်၊ စိုက်ထားလိုက်ရင် ရုပ်ကလာပ် ကလေးတွေရဲ့၊ သဘောတရားက ကိုယ်ရဲ့သမာဓိ အားနဲ့ ဘယ်လိုလာတွေ့မလဲဆိုရင်၊ ရွရွရွ ဖြစ်ချင် ဖြစ်မယ်၊ ရှိန်ရှိန် ရှိန်ရှိန်လေးနဲ့ ဖြစ်ချင်ဖြစ်မယ်၊

http://www.dhammadownload.com

တစ်ယောက်နဲ့တစ်ယောက်နဲ့ မတူဘူး၊ တချို့ကျတော့ တင်းသလိုလာတွေ့တယ်၊ အဲဒီလို လက္ခဏာတွေ တွေ့လာရင်၊ ကာယသမ္မသဏာ ဝေဒနာခေါ်တယ်၊ ကာယပသာဒနဲ့ထိတွေ့ မှုရှိလို့ပေါ်တာ၊ ရုပ်သဘောတရားပဲ၊ အဲဒီရုပ်သဘောတရားဟာ မြဲသလားဆိုတော့ မမြဲဘူး၊ ဖောက်ပြန်နေတယ်၊ အဲဒီလို ကိုယ်ကရှုရမယ်။

ပြီးတဲ့အခါမှ ကျွန်တော်တို့က ခန္ဓာကိုယ်တစ်ခုလုံးကို ရှုတတ်အောင်ပြောင်းသွား၊ ဦးထိပ်ငယ်ထိပ်ကနေ မျက်နှာကိုရွှေ့ဆိုရင် မိမိစိတ်ကိုမျက်နှာမှာထားကြည့်လိုက်၊ မိမိရဲ့စိတ်ကို မျက်နှာမှာထားကြည့်လိုက်ရင် သမာဓိနဲ့ ဒီမှာ ရုပ်ကလာပ်လေးတွေက ဘယ်တော့မှငြိမ်တာမရှိဘူး၊ အမြဲတမ်းလှုပ်ရှားနေတယ်၊ အဲဒီဖြစ်ပျက်မှုလေးတွေကြောင့် ခံစားမှုလေးတွေပေါ်လာတယ်၊ မိမိရဲ့ ခံစားမှုလေးတွေပေါ်မှာ ကြည့်ပြီးတော့ မြတ်စွာဘုရားတရားတော်အတိုင်း၊ ပူလို့ရှိရင် တေဇောလွန်ကဲတဲ့ရုပ်၊ ဝါယောဆိုရင် လှုပ်ရှားနေတဲ့သဘောတရား၊ ဥပမာ–ပါးကလှုပ်နေတယ်ဝါယောလွန်ကဲတဲ့ ရုပ်သဘောတရားပဲ၊ ပူလာရင် ရုပ်သဘောတရားက တေဇောရုပ်၊ အဲဒီလို မှတ်မှတ် သွားရမယ်။

http://www.dhammadownload.com

မျက်နှာပြီးရင် ဦးခေါင်း နောက်ဘက်ကို ပြောင်းမယ်၊ ပခုံးနှစ်ဖက်ကိုပြောင်းမယ်၊ ပြီးရင် လက်မောင်းတွေ လက်တွေပြောင်းမယ်၊ ခန္ဓာကိုယ်ကို ဝိုင်းဝိုင်းပြီးရှိုဖို့ ပြောင်းမယ်၊ ပထမ ရှခါစတော့ ခြံပြီးရှရတယ်၊ မြင်လွယ်အောင် သိလွယ်အောင်ခြုံ ပြီးရှရတယ်၊ မိမိရဲ့ပေါင်ကို ရှပါဆိုရင် ပေါင်ဆိုတာ ကျွန်တော်တို့က ပညတ်နဲ့ ပြောလိုက်တာ၊ ပေါင်ဆိုတာ အဲဒီ ပေါင်ဆိုတဲ့နေရာကို ဒီမှာဘာဖြစ်နေလဲ၊ သတိလေးနဲ့ကပ်ထား၊ သတိလေးနဲ့ကပ်ထားပြီးရင် ခြံပြီးတော့ ရှလိုက်၊ တစ်နေရာရာမှာ တစ်ခုခုဖြစ်နေတာ လာတွေ့တတ်တယ်၊ တွေ့ရင် အဲဒီတွေ့တာလေးတွေကို ရုပ်သဘောတရားပဲဆိုတာ သိနေရမယ်၊ ဒါရုပ်ပဲ၊ ပူမယ်၊ အေးမယ်၊ တင်းမယ်၊ တောင့်မယ်၊ ရွှေ့လျားမယ်၊ ရွရွနဲ့ယားသလို ခံစားမှုမျိုးတွေ့ရင် ရုပ်သဘောတရားတွေပဲဆိုပြီး ဒါတွေဟာ မတည်ငြိမ်ဘူး၊ မမြဲဘူးဆိုပြီး နှလုံးသွင်းမှတ်သွားရမယ်၊ အဲဒီလို မှတ်သွားခြင်းအားဖြင့် တဖြည်းဖြည်းနဲ့ ပညတ်အာရုံတွေ ပျောက်သွားပြီး၊ ပရမတ်ဆိုတဲ့ သဘောတရားကို ကိုယ်တွေလက်တွေ့ထင်ရှားတွေ့လာမယ်၊ ရုပ်နာမ် ကွဲသွားပြီးတော့၊ အနိစ္စကိုလည်းသိလာပြီ

http://www.dhammadownload.com

ဆိုရင် ဝိပဿနာရောက်လာပြီး ပညတ်ကို ခွာပြီး ပရမတ်ကိုရှုတာ ဒါပါပဲလားဆိုတာ သိလာမယ်။

ယခု ဝိပဿနာရှုဖို့ အစီအစဉ်လေးပြော ပြမယ်၊ ယခုအချိန်ကစပြီး ဝိပဿနာတရားကိုပွား များအားထုတ်ရမယ်ဆိုရင် အမျိုးသား အမျိုးသမီး တွေသက်ဆိုင်ရာမှာ နေရာယူပြီးတဲ့အခါ မြတ်စွာ ဘုရားထံမှာ ဝိပဿနာတရားတောင်းမယ်၊ ပြီးတော့ ဝိပဿနာတရားများကိုပွားများအားထုတ်ဖို့ ကိုယ်တွေ ဉာဏ်တွေ တွေ့အောင် ဘယ်လိုနှလုံးသွင်းရမယ်ဆို တာ၊ ရှုပုံ ရှုနည်းပြောပြသွားမယ်၊ ခန္ဓာကိုယ်တစ်ခုလုံး ဦးထိပ်ကစပြီး ခြေဖဝါးအထိ ပိုင်းပိုင်းပြီးပြောသွားမယ်၊ ပြောတဲ့ အတိုင်းလိုက်ပြီး ရှုသွားရမယ်၊ ရှုသွားတဲ့ အခါမှာ သမာဓိ အားကောင်းဖို့လိုတယ်၊ **အဲဒီတော့ ဝီရိယနဲ့ သတိကြီးစွာထားပြီး** ရှုတဲ့နေရာမှာ စူးစူး စိုက်စိုက် စိုက်ပြီးပညတ်ခွာပြီး၊ ပရမတ်တရားတွေ ထင်ရှားလာအောင် ရှုရမယ်။

(သာဓု ... သာဓု ... သာဓု)

■ ■ ■

http://www.dhammadownload.com

ပဌမနေ့

ဝိပဿနာတရား မနေ့ကကူးလိုက်တာ ဒီနေ့ တစ်နေ့လုံး တရားအားထုတ်တာ တစ်ရက်တော့ပြီး သွားပြီ။ ဝိပဿနာတရား အားထုတ်တယ်ဆိုတော့ စောစောက မဂ္ဂင်လမ်းကြောင်း ရှစ်ပါးမှ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂင်သုံးပါးရှိတယ်၊ သီလမဂ္ဂင်ကတော့ ပထမနေ့ကတည်းက သီလ တည်ဆောက်ပြီးတော့ သီလ မကျိုးမပေါက်အောင် နေခဲ့တယ်။ ဒီရိပ်သာမှာနေတဲ့ အခါကျရင် သီလကျိုးပေါက်စရာ အကြောင်းဘာမှမရှိဘူး။ အိမ်မှာ ဆောက်တည်တဲ့ သီလကမှ ကျိုးပေါက်နိုင်သေးတယ်၊ ဒီမှာစကားမပြော အဓိဋ္ဌာန်နဲ့ ဝစီပိတ်ထားလိုက်တော့ ကျိုးပေါက်စရာ အခွင့်အရေးနည်းသွားတယ်။ မရှိသလောက် ပါပဲ၊ ကိုယ့်ဟာကိုယ်လဲ သိတယ်။ အဲဒီတော့ အဓိသီလ

http://www.dhammadownload.com

ဖြစ်တယ်။ ဣန္ဒြိယသံဝရသီလနဲ့ ဆင်ခြင်ထ.
အာရုံ (၆)ပါးနဲ့ တွေ့ထိသမျှ အကုသိုလ် မဖြစ်ဏ
ကိုယ်ကသတိလေးနဲ့ထိန်းထားတော့ အဓိသီလတဲ့၊
အဓိသီလဆိုတာ သီလဝိသုဒ္ဓိ ဖြစ်တော့ အင်မတန်
စင်ကြယ်တဲ့ သီလဖြစ်တာပေါ့၊ သီလ စင်ကြယ်မှလဲ
အရာရောက်တာ၊ သီလစင်ကြယ်မှု လေးရှိသွားပြီ၊
ပြီးခဲ့တဲ့ (၃)ရက်က ဘာတွေလုပ်ခဲ့လဲ၊ သမာဓိထူ
ထောင်ခဲ့တယ်၊ သမာဓိစခန်းကို တက်လှမ်းခဲ့တယ်၊
သမ္မာဝါယာမ၊ သမ္မာသတိသမ္မာသမာဓိ ဒီလမ်းကြောင်း
(၃)ခုနဲ့ လိုက်ခဲ့တယ်။ လိုက်ခဲ့တော့ သမ္မာဝါယမ
ဆိုတာ ဝီရိယထူထောင် ပြီးတော့ သတိထားခဲ့တယ်။
ဝင်လေ ထွက်လေပေါ်မှာ စိတ်ကနေတယ်၊ အကြာကြီး
တော့ မနေဘူး။ နေသင့် သလောက်နေတယ်။

ဒါကဘာလဲဆိုရင် စိတ်ကို ကိုယ်ထားတဲ့
နေရာမှာနေအောင် ကိုယ်ကကျင့်ရမယ်။ လေ့ကျင့်
ရမယ်။ အနည်းဆုံးမရဘူးဆို တစ်နေ့က ပြောသလို
ဥပစာရ သမာဓိမရောက်တောင် ခဏိကသမာဓိတော့
ရောက်မယ်။ ခဏိကသမာဓိဆိုတာ စိတ်ကိုအခိုက်
အတန့်အားဖြင့် တည်ငြိမ်မှု ရနေတာပဲ၊ စိတ်ခဏ
ငြိမ်နေတာပဲ။ သမ္မာသက်ပွဆိုတာ ပရမတ်သဘော

http://www.dhammadownload.com

ဖြစ်တဲ့ ရုပ်သဘော နာမ်သဘောတရားတွေပေါ်ဆင်ခြင်တာကို သမ္မာသင်္ကပ္ပ၊ တစ်နည်းအားဖြင့် ဝိပဿနာရှုတာ။ နောက်ဆုံး ဒီလိုရှုရင်း၊ ရှုရင်းနဲ့ ဘာဖြစ်လာသလဲဆိုတော့ သမ္မာဒိဋ္ဌိ အမြင်တွေ စင်ကြယ်လာတယ်။ ဟိုတုန်းကမှားပြီးတော့ မြင်ခဲ့တာ၊ ယခုတော့ အမှန်တွေ မြင်လာတယ်၊ မြင်လာတော့ အမြင်စင်ကြယ်တာပေါ့။ သမ္မာသင်္ကပ္ပနဲ့ သမာဒိဋ္ဌိဆိုတာ ပညာမဂ္ဂင်ပဲ။ သီလမဂ္ဂင် လဲပြီးခဲ့ပြီ။ သမာဓိမဂ္ဂင်နဲ့ ဝိပဿနာရှုခဲ့တယ်။

ဝိပဿနာဆိုတာ အချုပ်ကတော့ပညတ်ကို ခွာပြီး ပရမတ်တရားကို ရှုတာပဲ၊ ပရမတ် တရားဖြစ်တဲ့ ရုပ် သဘော၊ နာမ် သဘောကို သိအောင်ကြိုးတင်ပြီး ပြောထားပြီး၊ ဒါတွေက ဘာညာဏ်လဲဆိုတော့ သုတမယညာဏ်၊ ဆရာတို့ ပြောလို့သိတာတို့၊ ဆရာတို့ မပြောခင် စာအုပ်တွေဖတ်ဖူးခဲ့လို့ သိနေမှာပဲ၊ ဓမ္မစက်ကြီးသုတ်၊ အနတ္တလက္ခဏာသုတ်တွေ ဖတ်ဖူးတဲ့ လူတွေ သိသင့်သလောက်တော့သိမှာပါ။ ဒါပေမယ့် ညာဏ်က သုံးဆင့်ရှိတယ်။ သုတမယညာဏ်ဆိုတာ စာဖတ်ပြီးတော့သိတာ။ ပုဂ္ဂိုလ်တစ်ဆုံတစ်ယောက်ကပောလို့သိတာ၊ စိန္တာမယညာဏ်

http://www.dhammadownload.com

ဆိုတာ အဲဒီလိုပြောလို့၊ နာလို့ကြားလို့ သိတဲ့အပေါ်မှာ ကိုယ်က ဆင်ခြင်သုံးသပ်တာ၊ ဒါပေမယ့်လို့ သုတမယဉာဏ်တို့၊ စိန္တာမယဉာဏ် တို့ဆိုတာ တကယ် ကိုယ်တွေ့ဉာဏ်တွေ့ သိတာမဟုတ်ဘူး။ ဘာဝနာမယဉာဏ်ကျမှ ကိုယ်တွေ့ ဉာဏ်တွေ့ တကယ်သိတာ။

ဥပမာ–ဆားကို ဘယ်လိုနေတယ်ဆိုတာ စာနဲ့ရေးပြမယ်။ တစ်ယောက်က ဖတ်မယ်။ တစ်ယောက်က အလွတ်ကျက်မယ်။ စာမေးပွဲဖြေမယ်၊ တစ်ရာပေးရင် တစ်ရာရမယ်။ တကယ်သိလားဆိုတော့ မသိဘူး။ ဆားက ငန်တယ်ပြောမှာပဲ။ တကယ်လက်တွေ့ ဆားကို မြည်းကြည့်တဲ့လူက ဒါဆားပဲလို့ သူများပြောလို့၊ သူများဟောလို့ ဖတ်ထားလို့ သိတဲ့လူနဲ့၊ ဆားကို မြည်းကြည့်တာနဲ့ မတူဘူး၊ သူ့ကို ဒီပြင်ဟာဖြူ၊ဖြူ၊ဖွေးဖွေး အပွင့်ကို မြည်းကြည့်ခိုင်း၊ ဒါဆားမဟုတ်ဘူးလို့ သူပြောမယ်။ စာဖတ်ထားတဲ့သူက ဆားနဲ့ ပုံသဏ္ဌာန်တူရင် ဒါလဲ ဆားပဲလို့ပြောမှာ၊ အဲဒီသဘောက ဘာဝနာမယဉာဏ်လက်တွေ့ သမ္မာသင်္ကပ္ပဆိုတဲ့ ဝိပဿနာတရားပွားခြင်းဖြင့် ပရမတ်တရားကိုမြင်အောင်ရှုမယ်၊ ပရမတ်တရားကလေးပါးပဲရှိတယ်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ သခ်ိတနယ်မှာတော့ စိတ်၊ စေတသိက်၊ ရုပ်။

http://www.dhammadownload.com

အသစ်တနယ်မှာတော့ ပြုပြင်ပြောင်းလဲခြင်းမရှိတဲ့ အတွက် နိဗ္ဗာန်။ နိဗ္ဗာန်ကတော့ ကျွန်တော်တို့ ယခုဒီစိတ်နဲ့ တွေ့လို့မရသေးဘူး၊ သို့သော်လဲပဲ သစ်တနယ် မှာရှိတဲ့ စိတ်၊ စေတသိက်၊ ရုပ်သဘော တရားတွေကို ဘာဝနာမယဉာဏ်နဲ့ သိနိုင်ကြတယ်။ ရှာရင်တွေ့မယ်။ တရားက ဘယ်မှာရှိတုံးဆိုတော့ ဟောဒီခန္ဓာ ကိုယ်ထဲမှာရှိတယ်။ အကုန်ရှိတယ်။ သစ္စာလေးပါးလဲ ဒီခန္ဓာကိုယ်ထဲမှာရှိတယ်။ တွေ့တဲ့ လူက တွေ့တယ်။ တွေ့တဲ့ပုဂ္ဂိုလ် သူတော်ကောင်း ကြီးတွေကတော့ "တရားရှာကိုယ်မှာတွေ့တယ်" တဲ့။

ဒီတော့ မနေ့က ဆရာတို့ကကြောင်းပေး လိုက်တယ်။ ဝိပဿနာကို မိမိခန္ဓာကိုယ်ထဲ ဉာဏ် သွင်းပြီးတော့ ရှုခိုင်းလိုက်တယ်။ တစ်ကိုယ်လုံး ရှုခိုင်းလိုက်တော့ ရှုခဲ့ပြီးပြီမဟုတ်လား။ ဒါရုပ်၊ ဒီရုပ်ရဲ့သဘောတရားပေါ်မှာ ဆင်ခြင်လိုက်တော့ ဒီဟာတွေ အမြဲတမ်းပြောင်းလဲနေပါလား၊ မမြဲပါ လား၊ အနိစ္စလို့ သိလိုက်တယ်။ ခန္ဓာထဲဉာဏ်သွင်း ပြီး ရှုလိုက်တဲ့အခါမိမိရဲ့ ခန္ဓာကိုယ်ထဲမှာ ဧကန် အမှန်ရှိတဲ့ ပရမတ်တရားတွေ တွေ့မယ်။ ပညတ် ဆိုတဲ့ မိမိရဲ ခန္ဓာကိုယ်ကြီး၊ ငါဆိုတာ ငါ့လက်၊

http://www.dhammadownload.com

ငါ့ခြေ၊ ငါ့ခေါင်းဆိုပြီးတော့ အမည်တပ်ပြီး ခေါ်ထား တဲ့ဟာတွေက ပညတ်။ ခန္ဓာကိုယ်ကြီးလို့ ခေါ်လိုက် တော့ခန္ဓာကိုယ်ကြီးက ပညတ်နဲ့ ခေါ်လိုက်တာ။ ငါဆိုတာ ဘာလဲ၊ ပညတ်။ ပညတ်ဆိုတာကတော့ ဇကန်အမှန်ရှိတာ မဟုတ်ဘူး။ သမ္မုတိသစ္စာနယ်ထဲ မှာတော့ ရှိတာပေါ့။ သို့သော်လဲ ဇကန်အမှန်ရှိလား ဆိုတော့ မရှိဘူး။ ပုံပန်းသဏ္ဌာန်နဲ့၊ အစိုင်အခဲနဲ့ တစ်ယောက်နဲ့ တစ်ယောက်နားလည်နေကြတယ်။ အဲဒါတွေဟာ ပညတ်တွေပဲ။ သူက အမြင်ပြောင်းလဲ နေတဲ့သဘောတွေရှိတယ်။ ပြောင်းပြောင်းသွားတယ်။ ပြောင်းပြောင်းသွားတဲ့ သဘောတရားတွေနဲ့ ဖုံးထား လို့ မိမိကိုယ်ကို ခန္ဓာကိုယ်ကြီးလို့ထင်နေတာ။ ခေါင်း၊ မျက်နှာ၊ လက်ခြေ၊ ဝမ်းဗိုက်ဆိုတဲ့ နာမည် တွေ တပ်ပြီးသိတာက ပညတ်တွေ။

ဒီခန္ဓာကိုယ်ထဲမှာ ဉာဏ်သွင်းပြီး ပညတ်ကို ခွာလိုက်ပါ။ ခန္ဓာကိုယ်ကိုမှီပြီးဖြစ်တဲ့အခေါ်အဝေါ် သဘောတရားတွေ ခွာလိုက်ပါ။ သညာတွေ ခွာ လိုက်ပါ။ ခေါင်းလို့သိနေတဲ့ အမှတ်အသားတွေခွာ လိုက်ပါ။ ခွာပြီးတော့ ပရမတ်တရားတည်း ဟူသော ရုပ်နာမ် သဘောတရားတွေဟာ ခန္ဓာထဲမှာ ဇကန်

http://www.dhammadownload.com

အမှန်ရှိတယ်။ ဇကန်အမှန်ရှိတဲ့ ပရမတ်တရားကို မမြင်ဘူး။ ယခုတော့ ပျိုးထောင်ထားတဲ့ သမာဓိ တည်းဟူသော မှန်ပြောင်းနဲ့ကြည့်တော့ ပညတ်ကွာ သွားပြီး ပရမတ်တရားကို ထင်ထင်ရှားရှား တွေ့လာ တယ်။ ဘာဖြစ်လို့တွေ့လဲ၊ ဇကန်ရှိလို့ တွေ့လာတယ်။ ကောင်းပြီ၊ ဦးထိပ် ငယ်ထိပ်မှာ စိတ်စိုက်ခိုင်းလိုက် တယ်။ စိုက်ဆိုတဲ့သဘောထဲမှာ ဘာပါတုံး၊ သမာဓိ အားပါတယ်။ ဝီရိယပါတယ်။ သတိပါတယ်။ အဲဒီ တော့မှ စိုက်လို့ရတာ၊ ဝီရိယကလဲ အားနည်း၊ သမာဓိ ကလဲမရှိရင် မစိုက်နိုင်ဘူး၊ စိတ်ကဘယ် ရောက်သွားမှန်းမသိဘူး။ အဲဒီလိုဆိုရင် ကိုယ့်စိတ် ကို သမာဓိ ဖြစ်အောင်မလုပ်ရသေးဘူး။ သမာဓိ တည်းဟူသော မှန်ပြောင်းနဲ့ကြည့်မှ ပရမတ်တရား တည်းဟူသော ဇကန်ရှိသော ရုပ်နာမ်သဘောတရား ကို ဉာဏ်တွေ ကိုယ်တွေ တွေ့မယ်။ မျက်စိဖွင့်ကြည့် လိုက်လို့ ရုပ်ဆိုတာ မတွေ့နိုင်ဘူး။ နာမ်ဆိုတာလဲ မတွေ့ဘူး။ အင်မတန် ခက်ခဲနက်နဲတယ်။

မြတ်စွာဘုရားတစ်ဆူပွင့်မှ ဒီတရားပေါ်တာ၊ သာသနာကွယ်သွားပြီဆိုရင် ဝိပဿနာတရားဆိုတာ မရှိတော့ဘူး။ ဘာကျန်လဲဆိုရင် ဒါန၊ သီလနဲ့

http://www.dhammadownload.com

သမာဓိပဲကျန်တယ်။ ဒါန၊ သီလ၊ သမာဓိကဘာသာ တိုင်းမှာရှိတယ်။ ဘုရားမပွင့်မီ သီလရှိတဲ့လူရှိတာပဲ။ သမာဓိ အလုပ်လုပ်နေတဲ့ လူတွေရှိတာတဲ့၊ ဘုရား ပွင့်တော့ လောကီဈာန်တွေရနေတဲ့ လူတွေရှိတာပဲ၊ အများကြီးမဟုတ်လား။ သမာဓိရှိလို့ပေါ့၊ သူတို့ သီလ မစင်ကြယ်ဘူးလား။ စင်ကြယ်သင့်သ လောက် စင်ကြယ်တာပေါ့။ ဒါပေမယ့်လို့ သူတို့မှာ ဝိပဿနာဉာဏ်ဆိုတဲ့ သစ္စာ (၄)ပါးတရားတွေကို သူတို့ မသိဘူး။ ဘုရားတစ်ဆူပွင့်မှ ဒီတရားပေါ်မှာ။ အဲဒီတော့အချိန်အခါကြီး အင်မတန်ကောင်းနေတယ်။ ဝေဘူဆရာတော်ကြီး မှာခဲ့တဲ့အတိုင်း အခါကလဲ အင်မတန်ကောင်းဗျာ၊ အချိန်ကလဲ အင်မတန် ကောင်းဗျာ၊ အခွင့်အရေးကလဲ ကောင်းဗျာ၊ ကိုယ်က ယူတတ်ရင်၊ ယခု ယူတတ်ရင်၊ ယခုယူရင် ယူလို့ ရနေတဲ့တရားပါဗျာ၊ ဆရာတော်ကြီးက အားမလို အားမရဟောခဲ့တယ်။ ဒီတရားက ခုယူတော့ ခုမရဘူး လား၊ ရတာပေါ့။ ဆိုင်းဦး၊ နောက်မှဘာကိစ္စတွေ၊ ညာကိစ္စတွေ ပြီးမှဆိုတော့၊ ဒီတရားကမရတော့ဘူး။

အဲဒါကြောင့် အင်မတန် အခွင့်ရေးထူးနဲ့ ကြုံတဲ့ အချိန်အခါလေးမှာ ဆရာတို့က တိုက်တွန်း

http://www.dhammadownload.com

နေတာ။ ပါရမီရှိရင် အသက်ကြီးတယ် ငယ်တယ် မဟုတ်ဘူး၊ အချိန်ကျရင် ရောက်လာ ကြတယ်။ ဒါဘာဖြစ်လို့လဲ၊ ပါရမီက လှုံ့ဆော်လို့၊ အဲဒါကြောင့် သေသေချာချာ ဝိရိယ ထူထောင်ပြီး၊ သတိထားပြီး ခန္ဓာကိုယ်ပေါ်မှာ စောစောကပြောထားတာ ပြန်ကောက်မယ်ဆိုရင် ဦးထိပ်ငယ်ထိပ်ကို စိတ်စိုက်လိုက်ပါဆိုရင် ဘာနဲ့စိုက်မတုံး။ ဝိရိယနဲ့ သတိနဲ့ စိုက်ထားရမယ်။ ဝိရိယနဲ့ သတိအားနည်းရင်မထင်ရှားဘူး၊ အားကောင်းရင် ကောင်းသလောက်ထင်ရှားတယ်။ မှန်ဘီလူး လိုပေါ့။ မှန်ဘီလူး ကောင်းရင် အများကြီးမြင်တယ်။ မှန်ဘီလူးညံ့နေရင် နည်းနည်းလေးမြင်တယ်။ အဲဒီလို ရှုခိုင်းတာ၊ အဲဒီလို ရှုခိုင်းလိုက်တော့ သမာဓိမှာ ဘာပါလဲဆိုတော့ သတိပါတယ်။ သတိဆိုတာ အာရုံထင်ရှားအောင် လုပ်တယ်။ ဦးထိပ် ငယ်ထိပ်ကို ဆရာတို့က စူးစူး စိုက်စိုက်လေးထားလိုက်ပါဆိုတော့၊ ရုပ်သဘောတရား တွေပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲ၊ ဦးထိပ် ငယ်ထိပ် တစ်ဝိုက်မှာ ပူတဲ့သဘောတွေ၊ ဖွေ့ဖွေ့သဘောတွေ၊ ရွရွလေးတွေ၊ တင်းနေတဲ့သဘောတွေ တချို့တလေ များ ဆံပင်လေးတွေထောင်နေတယ်လို့ ထင်ရတယ်။

http://www.dhammadownload.com

ရှုလိုက်ရင် တစ်ယောက်က အေးရင် အားလုံးအေး ရမယ်၊ ဒီလိုမဟုတ်ဘူး၊ တစ်ယောက်အေးရင် တစ်ယောက်မှာ လှုပ်ရှားတဲ့ သဘောဖြစ်ချင်ဖြစ်မှာပေါ့။ ကိုယ်ဖြစ်တာနဲ့ သူများဖြစ်တာ ဘာမှမဆိုင်ဘူး။ ကိုယ့်အကြောင်းနဲ့ ကိုယ်ဖြစ်တာ။

ခေါင်းကိုရှုပါဆိုတော့ ခေါင်းဆိုတဲ့သညာ ကိုဖျောက်လိုက်။ ခေါင်းမရှိဘူး၊ ဒါပေမယ့်လို့ စိတ်ကိုတော့ ဒီနေရာမှာထား၊ အဲဒီနေရာမှာ ဖြစ်နေတဲ့ သဘောတရားတွေပူချင်ပူမယ်၊ အေးချင်အေးမယ်၊ လှုပ်ရှားချင် လှုပ်ရှားမယ်၊ ရုပ်ဆိုတာ ရှိတယ်၊ ရုပ်ဆိုတာမနေ့က ပြောပြီးပြီ၊ ရုပ်ဆိုတာ ဓာတ်ကြီးလေးပါး အခြေခံပြီးတော့ ပူတဲ့သဘောတရားရှိတယ်။ အေးတဲ့ သဘောတရားရှိတယ်။ တောင့်တဲ့တင်းတဲ့သဘော ဘရားလဲရှိတယ်။ ပထဝီ၊တေဇော၊ ဝါယော၊ အာပေါ လေးပါးရှိတယ်၊ ကာယသမ္မဿဇာ ဝေဒနာ အားဖြင့် သိနိုင်တယ်၊ ပထဝီကိုသိနိုင်တယ်၊ တေဇောကို သိနိုင်တယ်၊ ဝါယော သိနိုင်တယ်၊ အာပေါသဘော တရားကို မသိနိုင်ဘူး၊ ဖွဲ့စည်းတယ်ဆိုတာ အင်မတန် သိမ်မွေ့တော့ရုပ်အနေနဲ့ ကာယသမ္မဿဇာဝေဒနာ အနေနဲ့မပေါ်ဘူး။ အဘိဓမ္မာ သင်ထားတဲ့ လူတွေ သိတယ်။

http://www.dhammadownload.com

ရုပ်ဆိုတာက အစိုင်အခဲကို မြင်ရင်မဟုတ်သေးဘူး၊ ရုပ်ကို မြင်ရမှာ ဘယ်လိုသဘောတရားအနေနဲ့ မြင်ရမလဲဆိုရင် သူ့ရဲ့သဘောလက္ခဏာမျိုး မြင်ရမယ်၊ အစိုင်အခဲကိုမမြင်ရဘူး၊ ပုံပန်းသဏ္ဌာန်မရှိဘူး၊ ပညတ်ကတော့ ပုံပန်းသဏ္ဌာန်ရှိတယ်။ အစိုင်အခဲရှိတယ်၊ ဒီဟာ ခုပြောနေတဲ့ ကက်ဆက်ဟာ အစိုင်အခဲကြီး၊ ပညတ်သဘော၊ ပရမတ်သဘောဆိုရင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ လေးပါးဖွဲ့စည်းထားတာမြင်ရမယ်။

မိမိခန္ဓာကိုယ်ထဲမှ အာရုံစိုက်ထားရင် ဒီသဘောလေးတွေပေါ်လာရင် ဘာကြောင့်ပေါ်လာတာတုံး၊ သမာဓိအားမပါရင် ဝိပဿနာ မဖြစ်ဘူး။ ဟုတ်တယ် မဟုတ်လား၊ သမာဓိအားနဲ့ ပေါ်လာတော့ ရှုဖို့ အကွက်ကလေး ဖော်ပေးလိုက်သလိုပေါ့။

သမာဓိအားကောင်းတော့ ပူတယ်၊အေးတယ်၊ တောင့်တယ်၊ တင်းတယ်၊ လျှပ်ရှားတယ်ဆိုတဲ့တစ်ခုခုကိုယ်ကသိလာတယ်၊ သိလာရင် ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်၊ လျှပ်ရှားတယ်ဆိုတဲ့ သဘော တရားသည် ရုပ်တွေရဲ့ သဘောတရားပဲ။ မြတ်စွာဘုရားက "ဣတိရူပံ" တဲ့၊ အဲဒီလိုပူတာ၊

http://www.dhammadownload.com

အေးတာ၊ တောင့်တာတင်းတာ၊ လှုပ်ရှားတာလေးတွေ၊ ရုပ်လို့ မှတ်လိုက်ပါ။

ဓမ္မစကြာသုတ်တို့ အနတ္တလက္ခဏာသုတ်တို့ ဖတ်ဖူးတယ် မဟုတ်လား၊ ကိုယ်လဲ အလွတ်ရတယ်မဟုတ်လား၊ ရုပ်တွေကို ပူတဲ့အေးတဲ့ သဘောတရားတွေနဲ့ သုံးသပ်ကြည့်ပါတဲ့၊ ပူတာလေးတွေပေါ်မှာ စိတ်ကလေးညွှတ်ပြီး၊ သုံးသပ်ကြည့်၊ ဒီပူတာလေးဟာ ငြိမ်မနေဘူး၊ လှုပ်ရှားနေတယ်။ ပြောင်းလဲနေတယ်၊ ပူတာပိုပြီး ပူချင်ပူမယ်၊ အေးချင်အေးမယ်၊ ဒါမှမဟုတ် လှုပ်ရှားတဲ့ သဘောတရားဝင်ချင်ဝင်လာမယ်၊ အဲဒါတွေကို ရုပ်တဲ့၊ အဲဒီရုပ်ကိုသေသေချာချာသုံးသပ်ကြည့်ရင် ဒီရုပ်ဟာမမြဲဘူး၊ ဖောက်ပြန်တဲ့ အမူအရာရှိတယ်၊ ပြောင်းလဲတဲ့အမူအရာရှိတယ်၊ အဲဒီလိုပြောင်းလဲတဲ့ ဝိပရိဏာမရှိတဲ့ အတွက်ကြောင့် " ရူပံအနိစ္စ " တဲ့၊ မြတ်စွာဘုရားက အနိစ္စလား၊ နိစ္စလား? ရဟန်းများအားမေးတဲ့အခါ ရဟန်းတွေက အနိစ္စဘန္တေ၊ မမြဲပါဘုရား၊ ဒါကို ဘာဝနာမယဉ္စာဏ်နဲ့ သိပြီးဖြေတာ **"ရူပတိတိရူပံ"** တဲ့၊ **ရူပတိတိ**၊ ဖောက်ပြန်တဲ့သဘော အမူအရာရှိခြင်းကြောင့်။ **ရူပံ**၊ ရုပ်လို့ ခေါ်တယ်။ အဲဒီရုပ် အမြဲဖောက်ပြန်နေတယ်၊ တည်

http://www.dhammadownload.com

ငြိမ်တဲ့ သဘောမရှိဘူး၊ အဲဒီလိုရုပ်သဘော တရားကို ဉာဏ်ထဲ ထင်ထင် ရှားရှားမြင်လာပြီ၊ ဉာဏ်တွေ့ သိပြီ၊ ကိုယ်တွေ့လည်းသိပြီ။ ရုပ်ပူတဲ့၊ အေးတဲ့ သဘောတရားတွေဟာ၊ ပူတယ်လို့ သိတာဘာ ကြောင့်တုံး၊ နာမ်ကြောင့် သိတယ်၊ နာမ်ကဘယ်လို သိတုံး၊ ခံစားလို့သိတာ၊ ပူတာကို ပူတယ်လို ခံစား လိုက်လို့သိတာ၊ ခံစားမှုကတဆင့်ဒါ ပူပါကလား၊ ခံစားမှုနာမ်က သိတာ၊ ရုပ်ကမသိဘူး။

သူ့ဟာသူ ဖောက်ပြန်နေတာပဲ ပူချင်ပူမယ်၊ အေးချင်အေးမယ်၊ တောင့်ချင်တောင့်မယ်၊ တင်းချင် တင်းမယ်၊ ဒါပေမယ့် ရုပ်နာမ်တွဲနေတော့ ရုပ်ကပူတဲ့ သဘောတရားတွေကို **ကာယသမ္ဖဿဇာဝေဒနာ** ကြောင့်သိလိုက်တာက ခံစားမှုအားဖြင့် ဝေဒနာအား ဖြင့်သိတာ၊ သိမှုလေးဟာ ရုပ်ပေါ်မှာမှီပြီးဖြစ်တာ၊ ရုပ်ပူရင်ပူတယ်လို့ သိတယ်၊ ရုပ်တင်းရင် တောင့်ရင် သူကတင်းတယ်၊တောင့်တယ်လို့သိတယ်၊ ကိုက်တယ်၊ ခဲတယ်၊ ထုံတယ်၊ ကျဉ်တယ်ဆိုရင် ခံစားမှုသဘော အားဖြင့်သိတယ်၊ ရုပ်ကပူတော့ နာမ်ကပူတယ်လို့ သိတယ်၊ ပူတဲ့ရုပ်က ဖြစ်ပြီးပျက်ရင် နာမ်ဆိုတဲ့သိမှု

http://www.dhammadownload.com

ကလဲသိပြီး ပျက်တယ်။ ဒါကြောင့်ရုပ်နဲ့နာမ်ကလဲ အနိစ္စပဲ၊ မြတ်တာမဟုတ်ဘူး၊ ရုပ်နာမ်အနိစ္စပဲလို့ အဲဒီလို ဉာဏ်မျိုး သိမှုလေးဖြစ်လာမှ ဝိပဿနာဉာဏ် ဖြစ်တယ်။

သတိထားရမှာက ဒီနေရာက ရှုလိုက်လို့ ခေါင်းကြီးက ပူနေပါလားဆိုရင် ဝိပဿနာ မဟုတ်တော့ဘူး၊ ပညတ်ကို ရှုနေတာ၊ ပူတဲ့သဘောတရားပဲလို့ သိရင် ရုပ်သဘောတရားကို မြင်နေပြီ၊ ပညတ်ကွာသွားပြီ၊ ဒါမှ ဝိပဿနာ ပရမတ်တရား၊ ပရမတ်ဆိုတာ စိတ်၊ စေတသိက်၊ ရုပ်၊ ယခု ရုပ်ကိုတွေ့ပြီ မဟုတ်လား၊ တိုက်ရိုက် တွေ့တာ၊ ပူတာကို တိုက်ရိုက်တွေ့တယ် လှုပ်ရှားတာ လည်းတိုက်ရိုက် တွေ့တယ် မဟုတ်လား၊ တည့်တည့်ကြီးတွေ့တာ ဒါရုပ်ဆိုတာ ကိုယ်က သိနေပြီ၊ ဘယ်သူလာပြီး ဒါရုပ်မဟုတ်ပါဘူးလို့ ပြောရင်ယုံဦးမလား၊ အဲဒါ**ဘာဝနာမယဉာဏ်**၊ ဧကန် အမှန်သိတဲ့ဉာဏ်၊ ဒီဉာဏ်မျိုးနဲ့ ဝိပဿနာရှုတာ၊ ရုပ်တွေရဲ့ သဘောတရားတွေလဲ ကိုယ်ကသိတယ်၊ သိတော့ ကိုယ်ကပထမဦးဆုံး ဝိပဿနာအဆင့်မှာ ဘာကို ကွဲပြားရမလဲဆိုရင်၊ ရုပ်နဲ့နာမ် ကိုကွဲပြားရမယ်၊ ယခု ကိုယ်လဲ ရှုခဲ့ပြီ။ ရုပ်နာမ် ကွဲကွဲပြားပြား

http://www.dhammadownload.com

သိပြီ မဟုတ်လား၊ နာမ်ကရုပ်ပေါ်မှာတည်ပြီးတော့၊ ခံစားမှုအားဖြင့် သိတယ်၊ ရုပ်နာမ်ပဲခန္ဓာကိုယ်မှာရှိတယ်၊ လက်ဆိုတာ မရှိဘူး၊ ခြေထောက်ဆိုတာ မရှိဘူး၊ ကျောဆိုတာ မရှိဘူး၊ သို့သော် ဆရာတို့ကပိုင်းပိုင်းရှုဆိုတာ ဒီလိုပဲ – ပညတ်နဲ့ ပြောရတာ။

ဥပမာ – ခေါင်းမှာ ပူတယ်၊ ပူတဲ့သဘောက ပရမတ် သဘောတရား ၊ ဘယ်တော့မှ မဖောက်ပြန်ဘူး၊ ခေါင်းမှာပူတာနဲ့ ခြေထောက်မှာ ပူတာဘာခြားနားလဲ၊ ပူတာက ပူတာပဲ မဟုတ်လား၊မပြောင်းလဲဘူး၊ ပူတဲ့သဘောတရားက ကိုယ့်မှာပူပူ၊ ဘယ်ပုဂ္ဂိုလ်မှာပဲပူပူ၊ပြောင်းလဲသလား၊မပြောင်းလဲဘူး၊ အေးရင်လဲ ဒီအတိုင်းပဲ လှုပ်ရှားရင်လဲ ဒီအတိုင်းပဲ၊ ပထဝီဆိုတဲ့ သဘောက တောင့်မယ်၊ တင်းမယ်၊ ခြေထောက်မှာ ဖြစ်လာမယ် ဆိုပါတော့၊ ကြာကြာထိုင်တာ (၄၅) မိနစ်၊ (၁) နာရီ ဆိုရင် သူငယ်လေးတစ်ယောက်က ပြောတယ်၊ ဘာမှ မဖြစ်ဘူး၊ တစ်နာရီကျော်လောက် ကျတော့သပ်ကြီး လျှိုထားသလို ပြင်းပြင်းထန်ထန် ဝေဒနာတွေ ဖြစ်လာတယ်။ ကိုယ်ကဖြစ်တာ မဟုတ်ဘူး၊ သူ့ ဘာသာသူ ဖြစ်လာတာ၊ ခြေထောက်ကြီး တောင့်နေတယ်၊ ပေါင်ကြီးတောင့်နေတယ် ဆိုပြီး

http://www.dhammadownload.com

မှတ်လိုက်ရင် ပညတ်သဘောတရားပဲ၊ ပထဝီ လွန်ကဲ နေလို့ ဒီလိုတောင့်တယ်၊ တင်းတယ်၊ တေဇောလွန်ကဲရင် ပူမယ်၊ အေးမယ်၊ ဝါယောလွန်ကဲရင်၊ လှုပ်ရှားမယ်၊ ဒီခန္ဓာကိုယ်တစ်ခုလုံးမှာ ရုပ်သဘောတရားနာမ်သဘောတရားပဲရှိတယ်၊ ဘယ်နေရာပဲရှုရှု လွန်ကဲလာတဲ့တစ်ခုခုက ထင်ရှားလာမယ်၊ တစ်ခါတလေ တချို့ နေရာတွေမှာဘာမှ မလွန်ကဲတော့မသိသလိုဖြစ်နေတယ်၊ ဒါပေမယ့်လို့ ရုပ်သဘောတရား၊ နာမ်သဘောတရား မရှိတဲ့နေရာမရှိဘူး၊ ရှိနေတာပဲ။

သူ့ဟာသူ သိမ်သိမ်မွေ့မွေ့လေး ဖြစ်နေတာပဲ၊ သမာဓိ အားကနည်းတော့ မပေါ်ဘူး၊ အဲဒီနေရာမှာ သမာဓိအား ကောင်းကောင်းနဲ့ ပြန်စိုက်ရင် သိမ်သိမ်မွေ့မွေ့လေးတွေချင်တွေ့မယ်၊ ခန္ဓာကိုယ် တစ်ခုလုံးမှာ ရုပ်ကလာပ်လေးတွေအပြည့်ရှိတယ်၊ ရုပ်ကလာပ်လေးတွေအပြည့်ရှိရင် ရုပ်ကလာပ်လေးတွေဟာ ဘယ်လောက်သေးလဲဆိုရင်၊ တစ်နေ့ကပြောခဲ့ပြီ၊ အလွန်သေးငယ်တဲ့အသေးငယ်ဆုံးဖြစ်တဲ့ ရုပ်ကလာပ်ထဲမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ အဋ္ဌကလာပ်ရုပ်ပါတယ်၊ ဒီခန္ဓာကိုယ်တစ်

http://www.dhammadownload.com

ခုလုံးဟာ ကုဋေပေါင်းများစွာ ရုပ်ကလာပ်လေးတွေ၊ ယခုပြောနေကြတဲ့ (Electron) တို့ဘာတို့ဆိုတာက နောက်ထပ်ခွဲလို့ရသေးတယ်၊ အသေးဆုံး ရုပ်ကလာပ် ဆိုပေမယ့်သူ့သတ္တိတွေကအကုန်ရှိတယ်၊ ပထဝီချည်း နေလို့မရဘူး၊ အာပေါချည်းနေလို့မရဘူး၊ ဝါယောချည်း နေလို့မရဘူး၊ တေဇောချည်း နေလို့မရဘူး၊ တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်၊ တစ်ခုကိုတစ်ခု အညမည သဘောတရားရှိတယ်၊ အတူတကွဖြစ်တယ်၊ အတူတကွပျက်တယ် ဆိုတဲ့သဘောတရားတွေ ရှိတယ်။

ဒါကြောင့် ဒီရုပ်ကလေးတွေဟာ ဘယ်လောက်ပဲ သေးငယ်သော်လည်း သူ့မှာ သူ့သဘောတရားရှိနေတယ်၊ ပူတာကို ပူတယ်လို့ သိတာက အကြည်ဓာတ်၊ **ကာယသမ္ဖဿဇာဝေဒနာ** အားဖြင့် ပူတာကို ပူနေတဲ့ သဘောတရား လွန်ကဲနေရင် ပူတာကို သိတယ်၊ သို့သော်လည်း လေးပါးလုံးပါတယ်၊ တေဇောဆိုပါတော့ တေဇောဆိုတဲ့ မီးဓာတ်ဟာ၊ ပထဝီမပါဘူးလား၊ မီးကိုရိုက်လိုက်ရင် ဖုန်းဆိုမြည်သွားတာ၊ အမာခံရှိလို့၊ သို့သော်လဲ မီးက တေဇောဓာတ် လွန်ကဲနေတာ၊ အာပေါဆိုတဲ့

http://www.dhammadownload.com

ဖွဲ့စည်းတာလဲပါတယ်။ ဝါယော မပါဘူးလား၊ မီးဟာ အငြိမ်မနေဘူး၊ ဓာတ်လေးပါးလုံးပါတယ်၊ ခန္ဓာကိုယ် ထဲမှာ အကြည်ဓာတ်မရှိတဲ့ နေရာဟာဆံပင်နဲ့ လက် သည်း အကြည်ဓာတ်မရှိဘူး၊ ဒါကြောင့် ဆံပင် ညှပ်ရင် နာလား၊ မနာဘူး၊ ခံစားမှုမရှိဘူး၊ လက် သည်းလိုးတော့ နာလား၊ မနာဘူး၊ ခံစားမှုမရှိဘူး၊ ကျန်တဲ့နေရာတွေ အကြည်ဓာတ်ရှိတယ် ရုပ်က လာပ်တွေ အပြည့်၊ ဒီရုပ်ကလာပ်လေးတွေက ခုန ပြောတဲ့ သဘောတရားနဲ့ သူရှိန်ရှိန် သုတ်သုတ်၊ လှုပ်လှုပ်ရွရွ ခဏမစဲတသဲသဲ၊ ဖရိုဖရဲပြိုကွဲပျက်စီး၊ လောင်ကျွမ်းပျက်စီးတာ တွေရှိတယ်၊ ရှိနေတော့ အနိစ္စ လက္ခဏာတွေရှိနေတယ်။

ပထမ ရုပ်နာမ်ကွဲဖို့အရေးကြီးတယ်၊ ရုပ် နာမ်ကို ကွဲကွဲပြားပြား သိပြီးတဲ့နောက်၊ ရုပ်ဆိုတဲ့ သဘောတရားပေါ်မှာ ပူတာ၊ အေးတာ၊ တောင့်တာ၊ တင်းတာ၊ လှုပ်ရှားတဲ့အပေါ်မှာ ပူတာ၊ အေးတာ၊ တောင့်တာ၊ တင်းတာ၊ လှုပ်ရှားတဲ့အခါ အဲဒီအပေါ် မှာရှုလို့ရှိရင် သူ့ရဲ့လက္ခဏာကဘာလဲ ရုပ်လက္ခဏာ၊ အနိစ္စမမြဲဘူး၊ မမြဲတော့ မမြဲဘူးလို့ မှတ်လိုက်၊

http://www.dhammadownload.com

ရှိသလား၊ မရှိဘူး၊ ဖောက်ပြန်တဲ့ သဘောတရားရှိတယ်၊ ဒါကြောင့်မို့ " ရှုပ် အနိစ္စံ " တဲ့၊ ရုပ်ကမမြဲဘူး၊ အဲဒီလိုသိရမယ်၊ ရုပ်ရဲ့သဘောတရား ခန္ဓာထဲမှာပေါ်တယ်၊ ပေါ်တာကိုခံစားမှုအားဖြင့် နာမ်ကသိတယ်၊ အဲဒီပေါ်တာကို သုံးသပ်ကြည့်တဲ့အခါရုပ်သဘောတရားတွေမမြဲပါလား၊ အနိစ္စလို့ သိတာဉာဏ်ကသိတာ၊ ရုပ်လက္ခဏာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သို့သော် အနိစ္စကို ထင်ထင်ရှားရှား ကွဲကွဲပြားပြား သိအောင်ရှု၊ အနိစ္စ သိပြီးရင်၊ ဒုက္ခအလိုလို သိလာမယ်၊ မမြဲလို့ ဆင်းရဲတယ်၊ ပူတယ်၊ အေးတယ်ဆိုတဲ့ သဘောတရားတွေ ခန္ဓာကိုယ်ထဲမှာ ဒါတွေပဲရှိပါလား၊ ငါမပူနဲ့ ဆိုလို့ရလား မရဘူး၊ မအေးနဲ့ဆိုလို့ ရလား၊ မရဘူး၊ ဒီကတင်းတယ် တောင့်တယ်၊ မတင်းနဲ့ မတောင့်နဲ့ လို့ ဆိုလို့ရလား၊ မရဘူး၊ အဲဒီတော့ အစိုးရသလား၊ ရုပ်သဘောတရားတွေပေါ် အစိုးရသလား၊ ကိုယ်လိုသလို ဖြစ်သလား၊ မဖြစ်ဘူး၊ မဖြစ်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ့။

အခုရှုမှာ အနိစ္စကိုပိုပြီး ထင်ထင်ရှားရှား သိအောင်ရှု၊ ဒုက္ခနဲ့ အနတ္တ အလိုအလျောက် သိလာမယ်၊ အနိစ္စရှု ရုပ်တွေနာမ်တွေဟာ မမြဲပါလား၊ အနိစ္စ

http://www.dhammadownload.com

လို့ ကိုယ်ကသိနေတာ ဉာဏ်၊ ဉာဏ်ဆိုတာ ဝိပဿနာဉာဏ်၊ အင်မတန်အဖိုးတန်တယ်၊ မဟာကုသိုလ် ဉာဏ်နဲ့ယှဉ်ပြီး၊ ကုသိုလ်မှာ အကြီးဆုံး၊ ရုပ်၊ နာမ်သဘောတရားကို သိနေတယ်၊ လက္ခဏာကိုသိတဲ့ ဉာဏ်က အနိစ္စဝိဇ္ဇာဉာဏ်လို့ခေါ်တယ်။ အနိစ္စဝိဇ္ဇာဉာဏ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဝိဇ္ဇာဆိုတာ အနိစ္စကို သိတဲ့ဉာဏ်သည် ကုသိုလ်စိတ်၊ ဒီထဲမှာ လောဘ၊ ဒေါသ၊ မောဟမပါဘူး၊ အဲဒီတော့ အလောဘ၊ အဒေါသ၊ အမောဟ၊ မဟာကုသိုလ်စိတ်၊ အနိစ္စလို့ တစ်ခါသီ၊ ကုသိုလ်စိတ် ဖြစ်တယ်၊ အာနာပါနတုန်းက ထွက်လေ ဝင်လေသိရင် ကုသိုလ်စိတ် ဖြစ်တယ်၊ နိဝရဏတရားတွေဝင်တယ်ဆိုရင် အကုသိုလ်စိတ်မဟုတ်ဘူးလား၊ အနိစ္စလက္ခဏာကိုကြည့်ပြီး မမြဘူးလို့ကိုယ်သိတဲ့ ဉာဏ်ထဲမှာ မှတ်လိုက်ရမယ်။

ရှုဖို့ အကွက်ကလေးတွေ သမာဓိအားနဲ့ ဖော်လိုက်တယ်၊ ပေါ်လာတဲ့အခါမှာ ကိုယ်ကသုံးသပ်ရမှာက ဒါတွေဟာ ရုပ်ပဲ၊ ပူတာ၊ အေးတာ၊ တောင့်တာ၊ တင်းတာ ရုပ်သဘောတရားပဲ၊ ဇကန်အားဖြင့် အနိစ္စလား နိစ္စလား?၊ အနိစ္စလို့ ကိုယ်က သုံးသပ်လိုက်တာက ဉာဏ်၊ နာမ်သဘောတရားကို သိတယ်၊

http://www.dhammadownload.com

ရုပ်ကလဲ ဖြစ်ပြီးရင် ပျက်တယ်၊ နာမ်ကလဲ သိပြီးရင် ပျက်တယ်၊ ဒီဟာတွေက အနိစ္စလို့ မမြဲဘူးဆိုပြီး ခေါင်းထဲဝင်သွားတယ်၊ ဝိပဿနာဆိုတာ ဒါပဲ။

ဒါတော့ ကိုယ်ကရှုရင် ပညတ်ကို ပျောက်ပါစေ၊ထိုင်တာကြာတော့တောင့်လာတယ်၊ တင်းလာတယ်၊ အဲဒီမှာ ငါနာတယ်ဆိုရင် ပညတ်၊ ဝိပဿနာ မဟုတ်ဘူး၊ လမ်းမှန်တွေဖြစ်အောင် မှန်တဲ့လမ်းပေါ် တင်ပေးနေတယ်၊ လက်တွေ့အားဖြင့် နှလုံးသွင်းရမယ်၊ အဲဒီလို ဝိပဿနာရှုသွားရင် ငါဆိုတာပျောက်သွားပြီး နောက်ဆုံးကျတော့ ခန္ဓာကိုယ် တစ်ခုလုံးပျောက်နေမယ်၊ ဘာတွေရှိလဲ၊ ခန္ဓာကိုယ်ထဲမှာ ရှိန်ရှိန် သုတ်သုတ် လှုပ်လှုပ်ရှရှ ခဏမစဲ တသဲသဲ ဖရိုဖရဲ ပြိုကွဲပျက်စီး လောင်ကျွမ်း ပျက်စီးတာတွေကိုတွေ့ရမယ်၊ တစ်ခါတလေကျလို့ရှိရင်၊ ပိုင်းပိုင်း ရှုတော့ နေရာမလပ်ရှိတာ တွေ့ရမယ်၊ တစ်ကိုယ်လုံး ဘာမှ မကျန်ဘူး၊ ပေါ်တဲ့နေရာ လိုက်ရှုရင်၊ ဒီနေရာပေါ် လိုက်၊ ပျောက်လိုက် ရှုလိုက်၊ နောက်တစ်နေရာပေါ် လိုက်၊ ပျောက်လိုက်၊ ရှုလိုက်၊ လိုက်တမ်းပြေးတမ်း ကစားသလို ဖြစ်တတ်တယ်။ မပေါ်တဲ့အခါ ကျလို့ ရှိရင် ဘြော် ဒါမပေါ်ဘူး၊ ရုပ်သဘော နာမ်သဘော

http://www.dhammadownload.com

ကတော့ ရှိတယ်၊ သို့သော် အနည်းဆုံးကတော့ အာရုံစိုက်ထားတဲ့ စိတ်ကလေးကတော့ သိပြီးပျက်သွားတယ်၊ သူလဲအနိစ္စပဲ၊ ပြန်ရှု ခုနမပေါ်တဲ့နေရာမှာပြန်ရှုတော့ပေါ်လာရော၊ **မပေါ်တာကိုစိုးရိမ်ခြင်းကြောင့်ကြခြင်းမရှိနဲ့.** ရုပ်ရဲ့ ပရမတ်သဘောကို မြင်အောင် ထင်အောင်ရှု၊ ပညတ်ကို ဖျောက်ပြီးရှု၊ ဒါ ဝိပဿနာပဲ။

ဒီနေ့တော့ တော်တော်လေးအချိန်ကြာသွားပြီ၊ မနက်ဖြန်မှာ ဆက်ပြီးလိုတာလေးတွေ ဖြည့်စွက်ဟောမယ်၊ ရှုပုံရှုနည်း သိအောင် ပြောပြတာ၊ ဝေဒနာဆိုတာ သုံးမျိုးရှိတယ်၊ **သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရှိတယ်၊** အထူးသဖြင့်က သုခဝေဒနာ ဒုက္ခဝေဒနာရှိတယ်၊ ဝေဒနာဆိုရင် ဒုက္ခဝေဒနာမှ ဝေဒနာလို့ထင်နေတာ၊ မဟုတ်ဘူး၊ သုခဝေဒနာရှိတာပဲ၊ သုခဝေဒနာလည်း အနိစ္စပဲ၊ ရှုပါ၊ ဒုက္ခဝေဒနာပေါ်ရင်လဲ အနိစ္စပဲရှု၊ ဝေဒနာပေါ်မှာ ကြိုက်တယ်၊ မကြိုက်တယ်ဆိုတာ မဟုတ်ဘူး၊ ဝေဒနာကို သုခဝေဒနာကိုလိုချင်ပြီး ကြိုက်ပြီး ဒီအတိုင်းလေးများ ရှုရရင်၊ ဘယ်လောက်များကောင်းလိုက်မလဲ၊ တောင့်တလိုက်သေးတယ်၊ ဒုက္ခဝေဒနာ

http://www.dhammadownload.com

ပေါ်လာတော့ ဒါတွေမလိုချင်ဘူး၊ ဘာလို့နာကျင်တာ တွေပေါ်လာရတာလဲ၊ သူ့အကြောင်းနဲ့သူ ပေါ်တာ ပေါ့။ နောက်မှ အကျိုးတရား၊ အကြောင်းတရားတွေ ဆက်ပြီး ဟောပြမယ်။ အရေးကြီးတာက ဝေဒနာ ပေါ်မှာ ကြိုက်တယ်၊ မကြိုက်တယ် သဘောမထား ဘဲ ဝေဒနာဆိုတာ ခံစားမှုတစ်ရပ်ပဲလို့ရှုပါ၊ ငါမပါ ဘဲ ရှု၊ ရှုရင် ပိုပြီးသည်းခံနိုင်တယ်။ တရားအား ထုတ်တယ် ဆိုတာပညာနဲ့ ယှဉ်ပြီးသည်းခံရမယ်။ ဆက်ပြီး ကြိုးစားကြဦး။

(သာဓု ... သာဓု .... သာဓု)

http://www.dhammadownload.com

F.9B

http://www.dhammadownload.com

ဆဋ္ဌမနေ့

ဒီနေ့ ဝိပဿနာတရား ပွားများအားထုတ်တာ ဒုတိယမြောက်နေ့ ဖြစ်သွားပြီ၊ ဒုတိယမြောက်နေ့ ဆိုရင်အနည်း ဆုံးကတော့ ရုပ်သဘော၊ နာမ်သဘောတွေကို ရှင်းလောက်ပြီ၊ ပညတ်ကို ခွာပြီး ပရမတ်တရားကို ရှုတယ်။ ပရမတ်တရားဆိုတာ ရုပ်နာမ် သဘောတရားကို ခေါ်တယ်၊ ခန္ဓာထဲ ဉာဏ်သွင်းပြီးတော့ ပရမတ်တရားကို ရှာတဲ့အခါ ကျရင် သမာဓိအားနဲ့ ရှာရမယ်။ အဲဒီတော့ သမ္မာသင်္ကပ္ပဆိုတာ ကောင်းစွာ ဆင်ခြင်ခြင်း၊ ဝိပဿနာရှုတာပဲ၊ ဘယ်ပေါ်မှာဆင်ခြင်လဲ၊ ရုပ်နာမ် သဘောတရားပေါ်မှာ ဆင်ခြင်တယ်၊ ရုပ်နာမ် သဘောတရားဆိုတာ ဘယ်မှာရှိလဲ၊ မိမိရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတယ်၊ ဒါတွေကို မမြင်အောင်က

http://www.dhammadownload.com

ပညတ်က ဖုံးထားတယ်၊ ပညတ်ဆိုတာက ငါ၊ ငါ ဆိုတာပညတ်၊ ငါကဖုံးထားလိုက်တယ်။ ပရမတ် တရားကို မမြင်အောင် ပုံပန်းသဏ္ဌာန်နဲ့ ဖုံးထား လိုက်တယ်၊ အခေါ်အဝေါ်နဲ့ ဖုံးထားလိုက်တယ် ဒါခေါင်းပဲ၊ ခြေပဲ၊ လက်ပဲ၊ ကျောပဲ၊ အဲဒါတွေက ပညတ်တွေ ခန္ဓာကိုယ်ထဲ ဥ ဏ်သွင်းပြီး၊ ရှုတဲ့ အခါကျတော့ အဲဒီ အခေါ်အဝေါ်နဲ့ ပုံပန်းသဏ္ဌာန် တွေကို ခွာပစ်လိုက်ရမယ်၊ ခွာလိုက်တော့မှ ဒီခန္ဓာ ထဲမှာ လာတွေ့တယ်။

တွေ့တာ ဘယ်လိုရှာလဲဆိုတော့ သမာဓိအားနဲ့ စူးစူးစိုက်စိုက် ဦးထိပ်ငယ်ထိပ်ကို ရှုခိုင်းလိုက်တယ်၊ ကိုယ်က စူးစူးစိုက်စိုက် ရှုလိုက်တဲ့အခါ သမာဓိ အားကောင်းတော့ ဘာပေါ်လာသလဲဆိုရင် ရုပ် သဘောတရားတွေကို ခံစားမှုအားဖြင့် သိလာတယ်၊ ရုပ်သဘောတရားတွေက ဘာလဲဆိုတော့ ပူတဲ့အေး တဲ့ သဘောတရား၊ မာတဲ့၊ ပျော့တဲ့သဘောတရား၊ နောက်ပြီးတော့ လှုပ်ရှားတယ်၊ ထောက်ကန် တယ်ဆိုတဲ့ သဘောတရား၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာပေါဆိုတာ ရှုလို့မရဘူး၊ အင်မတန် သိမ်မွေ့လွန်းတယ်၊ ထင်ထင်ရှားရှားရှုနိုင်တဲ့ ရုပ် သဘောတရားကတော့ ပထဝီဓာတ်ကို ရှုလို့ရတယ်၊

http://www.dhammadownload.com

တေဇောခါတ်ကို ရှုလို့ရတယ်၊ ဝါယောဓာတ်ကို ရှုလို့ရတယ်၊ အဲဒီ သဘောတရားတွေဟာ ခန္ဓာကိုယ် တစ်ခုလုံးမှာ ရုပ်ကလာပ်တွေရှိတယ်၊ ရုပ်ကလာပ် တိုင်းမှာ ဒီသဘောတရားတွေ ရှိတယ်၊ ရုပ်ကလာပ် တစ်ခုမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့ အဋ္ဌကလာပ် ရုပ်ရှိ တယ်၊ ဘယ်လောက်ပဲ သေးငယ်သေးငယ် ဒီသဘော တရားတွေ ရှိတယ်။ ဒီဟာတွေ သိန်းသန်းကုဋေ စုပေါင်းလိုက်မှ သန်းဥသန်းဖျားလောက် ဖြစ်တယ်။

အဲဒီအခါကျရင် ကိုယ်က အစိုင်အခဲလေးတွေ သွားမြင်တယ်၊ သို့သော်လဲ ဘယ်လောက်ပဲ သေးငယ်တဲ့ ရုပ်ကလေးရှိပေမယ့်လို့ ဒီသဘော တရားလေးတွေက အကုန်ရှိတယ်၊ ခန္ဓာကိုယ်ထဲမှာ စုပေါင်းဖွဲ့စည်းထားတဲ့ ရုပ်ကလာပ် နေရာလေးမှာ တစ်ယောက်နဲ့ တစ်ယောက်မတူဘူး၊ တစ်ယောက် က တင်းတဲ့ သဘောတရားသိရင် ဒါဟာ ပထဝီ လွန်ကဲလို့၊ ပထဝီလွန်ကဲရင် တင်းတဲ့ သဘောတရား၊ တေဇောလွန်ကဲရင် အေးတဲ့ပူတဲ့ သဘောတရား၊ ဝါယောလွန်ကဲရင်လှုပ်ရှားတဲ့ သဘောတရား၊ ထောက်ကန်တဲ့ သဘောတရား၊ ဒီသဘောတရား

http://www.dhammadownload.com

တွေကို ခံစားမှုအားဖြင့်သိလာတယ်၊ အဲဒီတော့ ရုပ်သဘောတရားတွေကို ခံစားမှုအားဖြင့် နာမ်ကသိတယ်၊ ခန္ဓာငါးပါးရှိတယ်၊ အတိုချုပ်လိုက်ရင် ရုပ်နာမ်ခေါ်တယ်။ ခန္ဓာငါးပါးမှာ ရုပ်ကတစ်ပါးပဲရှိတယ်၊ နာမ်ခန္ဓာကလေးပါးရှိတယ်၊ ဝေဒနာကွန္ဓာ ခံစားတဲ့သဘောတရား၊ သညာကွန္ဓာ မှတ်သားတဲ့ သဘောတရား၊ သင်္ခါရကွန္ဓာတဲ့။

ဒီနေရာမှာ စေတနာကို အကြောင်းပြုပြီး ပေါ်လာတဲ့ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ စေတသိက်တရားတွေ၊ ဝိညာဏကွန္ဓာဆိုတာ သိမှုသက်သက်၊ အဲဒီလေးခုဟာ အတူတကွ ဖြစ်ပြီး အတူတကွ ပျက်တယ်၊ သိမှုလေးဟာ ဒီထဲ အကုန်ပါတယ်၊ မြင်တဲ့ ရှုပါရုံပေါ်မှာ ဘာတွေဖြစ်လာလဲ၊ ကြိုက်တယ်၊ မကြိုက်တယ်၊ ကောင်းတယ်၊ မကောင်းဘူးဆိုတာ အကုန်ပါလာတယ်၊ နာမ်ခန္ဓာလေးပါးက သူဟာ သိမှုပဲ၊ အဲဒီတော့ ရုပ်နာမ်ဆိုတာကိုက တရစပ် ရှုလိုက်တဲ့အခါကျတော့ အမှန်ရှိတဲ့ ပရမတ်တရားပဲကျန်တယ်၊ ပရမတ်တရားက ဘာလဲ၊ ရုပ်နာမ် သဘောတရားပဲ၊ ခန္ဓာထဲမှာ ကျန်တယ်၊ ရုပ်နာမ် သဘောတရားပဲ ရှိတယ်၊ ဒီပြင်သဘောတရား ဘာမှမရှိဘူး၊ ပညတ်ကို မဖျောက်ရင်တော့

http://www.dhammadownload.com

ငါဆိုတာ ရှိတယ်လို့ထင်တယ်၊ ပညတ်ပျောက်ရင်တော့ ရုပ်နာမ်ပဲရှိတယ်၊ အဲဒီတော့ ရုပ်နဲ့နာမ်ကွဲဖို့ အရေးကြီးတယ်၊ ရုပ်နာမ်မကွဲဘဲ ဝိပဿနာရှုလို့မရဘူး၊ ရုပ်နဲ့နာမ် ကွဲရမယ်။

ခန္ဓာထဲမှာ သမာဓိအားနဲ့ ကြည့်တဲ့အခါ ရုပ်သဘောတရားတွေ ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်၊ လှုပ်ရှားတယ်၊ တစ်ခုခုတွေလို့ရှိရင် ဒီဟာတွေဟာ ရုပ်ပဲ၊ အဲဒီတော့ရုပ်တွေကို ကိုယ်ကသိတာက ဘယ်လိုသိတုံး၊ ခံစားမှုအားဖြင့်သိတယ်။ ပူတာရုပ်၊ သိတာက နာမ်အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ ရုပ်နဲ့ သိမှုဒါပဲရှိတယ်၊ ဒီပြင် ဘာမှမရှိဘူး၊ ပညတ်ကိုဖျောက်ပြီး ပရမတ်ကို ရှုနိုင်ရင် ရုပ်နာမ်ကွဲပြား ကွဲပြားသွားတယ်၊ ဒီပေါ်မှာသုံးသပ်ကြည့်တဲ့ အခါကျတော့ သူဟာ အမြဲပြောင်းလဲနေတဲ့ သဘောတရား ရှိတယ်၊ ဝိပရိဏာမ သဘောနဲ့ မြဲတယ်ဆိုတာ မရှိဘူး၊ ခုနပြောတဲ့ ပူတာတွေရင် သူက ရှိန်ရှိန်၊ ရှိန်ရှိန်နဲ့ အမြဲပြောင်းလဲနေတယ်၊ ပြောင်းပြောင်းသွားတယ်၊ ဒါကြောင့်သူ့ကို မမြဲတဲ့အတွက်ကြောင့် အနိစ္စပဲ၊ ရုပ်တို့ရဲ့ လက္ခဏာကအနိစ္စ၊ သဘောတရားသိပြီးတဲ့အခါ ရုပ်လက္ခဏာက ဖောက်ပြန်တဲ့အတွက်

http://www.dhammadownload.com

ကြောင့် ဖြစ်ပြီးရင်ပျက်တယ်၊ ပျက်ပြီးရင် ဖြစ်တယ်၊ မမြဲတဲ့ သဘောတရားသူ့မှာရှိတယ်၊ အဲဒါကို ကိုယ်တွေ့ဉာဏ်တွေ့ တွေ့အောင် ရှုရမယ်၊ တွေ့တဲ့အခါမှာ ကိုယ်က ဘာမှရှာစရာမလိုဘူး၊ တွေ့တာကို ရှုရမယ်။

ဝိပဿနာရှုတဲ့အခါမှာ ဦးထိပ်ငယ်ထိပ်မှာ စူးစူးစိုက်စိုက်ကလေး စိုက်ထားတော့ ရှုကွက်ကလေး ဖော်ပေးလိုက်တယ်၊ ဘယ်လိုဖော်ပေးလိုက်လဲ ခုနပူတဲ့ အေးတဲ့သဘောတရား တစ်ခုခုသိသွားတယ်။ ဒါဟာ ဘာကြောင့်သိလဲ၊ သမာဓိအားနဲ့ သိတယ်၊ ရှုတဲ့နေရာလေးကို သတိထား လိုက်တော့ ဒီမှာ ဖြစ်နေတဲ့ ရုပ်သဘောတရား ပေါ်လာတယ်၊ ကိုယ်က ဉာဏ်နဲ့ သုံးသပ်ရမယ်၊ ဒီသဘောတရားက ရုပ်ပဲ၊ ဒီရုပ်ကို သုံးသပ်ကြည့်လိုက်တော့ မမြဲပါလား၊ အမြဲပြောင်းလဲနေတဲ့ သဘောတရားရှိပါလားဆိုတဲ့ အနိစ္စလက္ခဏာ ရှုရမယ်၊ ကိုယ်က ဘာပေါ်ချင်တယ်ဆိုတဲ့ သဘောနဲ့ မရှုရဘူး၊ ဒါပြင်ဟာတွေ မစဉ်းစားရဘူး ကိုယ်တွေ့ တွေ့နေတဲ့ အပေါ်မှာ ခုနပြောတဲ့ သဘောတရားပေါ်ရင် သတိလေးကပ်ထား၊ ကပ်ပြီးတော့သုံးသပ်ရင် ရုပ်သဘောတရား ရွှေ့လျောနေတယ်၊ ပြောင်းလဲ

http://www.dhammadownload.com

နေတယ်ဆိုတာဥာဏ်ထဲမှာ ပေါ်လာမယ်၊ ဘာလို့ ရုပ်တွေဟာ ဖြစ်ပြီးပျက်လဲ၊ ပျက်ပြီးဖြစ်လဲ ဆိုတာ အကြောင်းတရား လေးပါးရှိတယ်။ ရုပ်ဟာ အကြောင်းတရား လေးပါး ပေါ်မှာ မှီပြီးဖြစ်တယ်။

အဲဒါဘာလဲဆိုတော့ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်က မွေးကတည်းက ကမ္မဇရုပ် ပါလာတယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်က ကံရှိသလောက် ဒီရုပ်ပေါ်မှာနေ နေရတယ်၊ ကံကုန်သွားရင် ရုပ်ပျက်ပြီး သေရော၊ အဲဒါကမ္မဇရုပ်ခေါ်တယ်၊ ဘဝကံကြောင့်ဖြစ်လာ တဲ့ရုပ်၊ နောက်တစ်ခု မွေးပြီးတဲ့အခါ မွေးမွေးချင်း ဘာစားလဲ၊ အာဟာရ၊ အာဟာရပေါ်မှာ မှီဝဲနေ တယ်၊ အာဟာရကို မှီဝဲနေလို့ ပျက်ပြီးရင် အသစ် တစ်ခု ပြန်ဖြစ်တယ်၊ အာဟာရက သြဇာဓာတ်က နေရုပ်အသစ် အသစ်တွေဖြစ်အောင် ပြန်ပြီး အစား ထိုးတယ်၊ နောက်တစ်ခုကဘာလဲ၊ စိတ်ကြောင့်ဖြစ် တယ်၊ စိတ်ကြောင့် ရုပ်တွေ ပြောင်းတယ်၊ စိတ် ဆိုးတဲ့အခါကျရင် မျက်နှာနီလာမယ်၊ ခက်ထန် လာမယ်၊ ရုပ်ပြောင်းသွားမယ်၊ ဝမ်းသာနေတဲ့ ပုဂ္ဂိုလ် တစ်ယောက် သူ့ရုပ်ဟာကြည်လင်နေမယ်။

ဝမ်းနည်းနေတဲ့ ပုဂ္ဂိုလ်တို့၊ စိတ်ဆင်းရဲနေတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့ဟာ မျက်နှာကြည့်ရင်တောင်မှ သိနိုင်တယ်။ စိတ်ပြောင်းရင် ရုပ်ပြောင်းတယ်၊ စိတ်ကလဲ တရစပ် ပြောင်းတယ်၊ ရုပ်တွေကလဲ ပြောင်းတယ်၊ ကံ၊ စိတ်၊ အာဟာရ၊ ဥတု၊ ဥတုက ပူတယ်။ အေးတယ် မဟုတ်လား။ ပူတဲ့အခါကျရင် ရုပ်က ပြောင်းသွားပြီ၊ ပူတဲ့ရုပ်က ပေါ်လာတယ်။ ပူတဲ့ အခါကျတော့ အေးတဲ့နေရာရှာတယ်၊ အေးတဲ့ အခါကျ ရုပ်ကအေးနေတော့၊ အနွေးထည် ဝတ်ထားရတယ်၊ ရာသီဥတု ပြောင်းတိုင်းပြောင်းတိုင်း ရုပ်ကပြောင်းတယ်၊ ရုပ်ဟာ အကြောင်းတရား လေးပါးပေါ်မှာ တည်တယ်၊ အကြောင်းတရားလေးပါး မရှိရင် ရုပ်ကပျက်တယ်၊ အာဟာရ ထမင်း (၇) ရက်လောက် မစားရင်သေမယ်၊ ကံကုန်ရင် သေမယ်၊ ဥတုကြောင့်လဲ သေနိုင်တယ်။ စိတ်ကြောင့် ရုပ်တွေဟာ ပျက်စီးနိုင်တယ်၊ ဒါကြောင့်မို့ စိတ်ကြောင့်ဖြစ်တဲ့ ရောဂါတွေအများကြီးပဲ၊ အကြောင်းတရား လေးပါ·ပေါ်မှာ မှီပြီး၊ ဖြစ်တဲ့ရုပ်က ဖြစ်ပြီးပျက်တယ်၊ ပျက်ပြီး ဖြစ်တယ်၊ ဖြစ်ပျက် အစဉ်ကြီးဟာ အမြဲရှိနေတယ်။

ဒါကြောင့်မို့ အနိစ္စ ရုပ်ဖြစ်ပြီးရင် ပျက်တယ်၊ ရှုတဲ့ အခါကျရင် ရုပ်ရဲ့ လက္ခဏာဟာ အနိစ္စ

http://www.dhammadownload.com

လက္ခဏာကို မြင်အောင်၊ ထင်အောင် ရှုရမယ်၊ သိမှုကလဲ သိပြီးရင် ပျက်တယ်၊ အသစ်ပြန်သိတယ်၊ သိပြီးပျက်တယ်၊ အဲဒါကြောင့် ရုပ်နာမ်နှစ်ခုလုံးဟာ မမြဲဘူး၊ အနိစ္စ၊ အနိစ္စ အစဉ်ကြီးဟာ ရှိနေတယ်၊ ဒါကြောင့်ခန္ဓာကိုယ်တစ်ခုလုံး ဘယ်နေရာမှ တည်ငြိမ်မှုမရှိဘူး၊ တစ်ချိန်လုံး ခဏမစဲတသဲသဲ ဖရိုဖရဲ ပြိုကွဲ ပျက်စီးနေတယ်၊ ပညတ်ကဖုံးထားတော့ မနေ့ကလဲ ငါပဲ၊ ဒီနေ့လဲ ငါပဲ၊ သို့သော်လည်း ယခု တည့်တည့်လေး မြင်နေတာ၊ အသစ်သစ်ကလေးတွေ ဖြစ်နေတာ၊ ပြောင်းလဲနေတာ၊အဲဒီသဘောတရားပဲ။

ဒီမီးချောင်းကြည့်၊ ခုလင်းနေတာ ဒီမီးပဲ၊ ဘယ်ဟုတ်မလဲ၊ နောက်အသစ် ဓာတ်အားကနေပြီး သန္တာန်အစဉ်နဲ့ အမြဲလင်းနေတယ်၊ အဲဒီလိုပဲ ရုပ်က ဖြစ်ပြီးရင် ပျက်တယ်၊ နာမ်ကလဲသိပြီးရင် ပျက်တယ်။ ရုပ်နာမ်သည် အနိစ္စဆိုကာ ကိုယ်ကသဘောပေါက်အောင် သုံးသပ်ရမယ်၊ အဲဒီတော့ တခြားဘာမှ စဉ်းစားဖို့မလိုဘူး၊ ကိုယ့်သမာဓိအားနဲ့ ရှုလိုက်တဲ့အပေါ်မှာ သတိလေးကပ်ပြီး၊ မှန်တဲ့ လမ်းကြောင်းအတိုင်း သုံးသပ်သွားရင်း ဝိပဿနာရှုတာပဲ၊ ပညတ်ပါလာရင် ဝိပဿနာ

http://www.dhammadownload.com

မဟုတ်တော့ဘူး၊ ငါပါလာရင် ဝိပဿနာ မဟုတ်တော့ဘူး၊ ထုံတယ်၊ ကျဉ်တယ်၊ ကိုက်တယ်ဆိုပြီး အောက်ပိုင်းတွေမှာ ဖြစ်တယ်၊ ထုံတယ်၊ ကျဉ်တယ်၊ ကိုက်တယ်ဆိုတာ ပထဝီဓာတ် လွန်ကဲလို့ ဖြစ်တဲ့ ရုပ်သဘောတရားပဲ၊ ပူတယ် အေးတယ် ဆိုတာ တေဇော လွန်ကဲလို့၊ ဝါယောလွန်ကဲတဲ့ နေရာမှာ လှုပ်လှုပ်ရှားရှား တွန်းကန်တဲ့ သဘောတရား၊ လှုပ်ရှားတဲ့ သဘောတရားရှိတယ်၊ အဲဒါ ဝါယော သဘောတရားပဲ၊ အဲဒီလို ပရမတ်မြင်ပြီး တော့ ရှုရမယ်။

ကိုယ့်ဒူးခေါင်း နာတယ်ဆိုရင် ပညတ်။ ကျောကုန်းကြီးတောင့်နေတာ၊ တင်းနေတာ၊ ပခုံးကြီးတင်းနေတာကို ငါ့ပခုံးကြီးတင်းနေတာပဲဆိုရင် ဒါပရမတ် မဟုတ်တော့ဘူး၊ ပညတ်ကိုမြင်တာ၊ ရုပ်နာမ်ကွဲပြားပြီးသိမှ၊ ကွဲပြားပြီးမြင်မှ ပိုပြီးတော့ ထင်ရှားတယ်၊ ဝေဒနာဆိုတာ အများအားဖြင့်တော့ ဘယ်လိုဟာမျိုးကို အောက်မေ့တတ်လဲဆိုရင် နာကျင်တဲ့ သဘောတရားကို ဝေဒနာထင်တယ်။ အမှန်ကတော့ ဝေဒနာဆိုတာ ခံစားမှုပဲ၊ ဝေဒနာဆိုတာ သုံးမျိုးရှိတယ်၊ ဒုက္ခဝေဒနာရှိတယ်၊ သုခဝေဒနာရှိတယ်၊ ဥပေက္ခာဝေဒနာရှိတယ်၊ သုခဝေဒနာ ဆိုတာ ဘာလဲဆိုရင် သက်သက်သာသာလေး ခံစား

http://www.dhammadownload.com

နေရတယ်၊ ဒုက္ခဝေဒနာကတော့နာတယ်၊ ကျဉ်တယ်၊ တောင့်တယ်၊ ကိုက်တယ်ဆိုတော့ မခံမရပ်နိုင်ဖြစ်ပြီး၊ ဒုက္ခဝေဒနာဖြစ်ပြီး နောက်ဆုံးကျတော့ ဒုက္ခဝေဒနာပေါ်မှာပဲ၊ ဒါကရုပ်ပဲလို့ ရှုရမယ့်အစားရုပ်ကိုမရှုနိုင်ဘူး၊ ငါ နာတယ်ဆိုပြီးရှုတတ်တယ်၊ နာတဲ့သဘောတရားပေါ်မှာ ခံစားမှုပဲ၊ ဒုက္ခဝေဒနာပဲ၊ အဲဒါ ရုပ်သဘောတရားပဲ၊ အနိစ္စပဲ၊ အဲဒီလို ဆင်ခြင်သုံးသပ်သွားရင် ဝိပဿနာဉာဏ်လဲဖြစ်တယ်၊ ပိုပြီးတော့ နာကျင်တာတွေပေါ်မှာ သည်းခံနိုင်တယ်၊ ငါနာတယ်ဆိုရင် ပိုနာတယ်၊ ဒါ ခံစားမှုပဲ၊ အကြောင်းတရားရှိလို့ နာတာပဲ၊ ထိုင်ထိုင်ချင်းသက်သက်သာသာလေး (၁၅) မိနစ်၊ မိနစ် (၂၀)၊ နာရီဝက်လောက်လောက်ရှလို့ ကောင်းလို့ ကိုယ်ကဣရိယာပုတ် မပြောင်းလဲဘဲ၊ ထိုင်ရင်ရုပ်က ဖောက်ပြန်လာတော့ ဟိုကတောင့်လာ တင်းလာတယ်၊ ဒါဘာလဲဆိုတော့ ပြောင်းလဲတာပဲ၊ ခံစားမှုလဲ အနိစ္စပဲ၊ ခုနကောင်းနေတဲ့ဟာလေးကို ကိုယ်ကငြိတွယ် သဘောကျနေတယ်၊ သုခဝေဒနာက ဒုက္ခဝေဒနာ ပြောင်းလာတော့ စိတ်ထဲကမကြိုက်ဘူး၊ မနှစ်သက်ဘူး၊ မလိုချင်ဘူး၊ အဲဒါဒေါသ။

ခုနတုန်းက ကပ်ငြိနေတာလေးနဲ့ ငါရှုရင်

http://www.dhammadownload.com

ကောင်းမှာပဲ၊ ဒီလိုများရှုရရင် (၁) နာရီရှုရ ရှုရ (၂) နာရီ ရှုရရှုရ၊ အဲဒီငြိတွယ်တဲ့ သဘော လောဘ၊ အဲဒီတော့ ဝေဒနာခံစားမှု ရှိတဲ့အခါကျရင် လမ်းမှန် ကမ်းမှန်ရောက်ဖို့၊ လမ်းမှား လဲရိုတာပဲ၊ လမ်းမှန် ဘယ်လိုရှုမလဲဆိုရင် သုခဝေဒနာဖြစ်လာရင် ဒါဟာ အနိစ္စပဲလို့ရှုရမယ်၊ ဒုက္ခဝေဒနာပေါ်လာတော့လဲ၊ ဒီဟာဟာ ဒုက္ခသဘောတရားတွေပဲ၊ ရုပ်သဘောတရားတွေပဲ၊ ဒါတွေမြဲတာ မဟုတ်ဘူး၊ အနိစ္စပဲလို့ ရှုရမယ်၊ သုခဝေဒနာပေါ်လာရင် အနိစ္စရှု၊ ဒုက္ခဝေဒနာ ပေါ်လာရင် အနိစ္စလို့ရှု၊ သုခဝေဒနာ ပေါ်လာလို့ သူ့ကို တပ်မက်တဲ့သဘော၊ လိုချင်တဲ့ သဘောနဲ့မရှုရဘူး၊ အကယ်၍ လိုချင်တဲ့သဘောနဲ့ သုခဝေဒနာကို ရှုမိရင်၊ ဒီဝေဒနာပေါ်မှာ အနိစ္စ ရှုရမယ့်အစား ဝေဒနာပစ္စယာတဏှာ ဖြစ်သွားမယ်၊ ဒုက္ခဝေဒနာကို ကိုယ်က ရှိတဲ့အခါကျရင် ဒီဝေဒနာ ကို မနှစ်သက်ဘူး၊ ဒေါသ၊ မလိုချင်တဲ့ သဘောနဲ့ ဆိုရင် ပဋိဃာနုသယ ပါသွားမယ်၊ သုခဝေဒနာကို ရာဂါနုသယ မပါပါစေနဲ့လို့၊ မြတ်စွာဘုရားက ဟောထားတယ်။

ဝေဒနာပေါ်မှာ ဒုက္ခဝေဒနာဖြစ်ရင်လဲ မကြိုက်တဲ့သဘောတွေ မဖြစ်ပါစေနဲ့၊ ဒေါသ မဖြစ်ပါနဲ့၊

http://www.dhammadownload.com

ဝေဒနာပေါ်မှာ ဘယ်လိုထားရမလဲ၊ ခံစားမှုပေါ်မှာ မမြဲဘူးဆိုပြီး အနိစ္စနဲ့ရှု၊ ဝေဒနာပစ္စယာ တဏှာတဲ့၊ ပဋ္ဌိစ္စသမုပ္ပာဒ်မှာ အမြဲရှတ်နေကြတယ် မဟုတ်လား၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏ်၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပံ ပစ္စယာ သဠာယတနံ၊ သဠာယတနံပစ္စယာ ဖဿော၊ ဖဿ ပစ္စယာဝေဒနာတဲ့၊ ယခုကာယသမ္မသ၊ ဖဿနဲ့ လာပြီး တွေ့တဲ့အခါကျတော့ ခံစားမှုတွေပေါ်မှာ ကာယသမ္မသဇာ ဝေဒနာတွေပေါ်တယ်၊ ဟိုမှာ တော့ ဝေဒနာပစ္စယာ တဏှာတဲ့ အဲဒီ ဝေဒနာ ပေါ်မှာ တဏှာဖြစ်သွားရင် ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါ ဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏဆိုပြီးတော့ တစ်ခါတည်း ဒီသံသရာလည်နေတဲ့ ပဋ္ဌိစ္စသမုပ္ပာဒ်ကြီးဟာ မဆုံးတော့ဘူး။

အဲဒီတော့ ပဋ္ဌိစ္စသမုပ္ပာဒ်ကို သံသရာက ဖြတ်ချင်ရင် ဘယ်နားကဖြတ်မလဲ၊ ဝေဒနာပစ္စယာ တဏှာ မကူးဘဲနဲ့ ဝေဒနာပစ္စယာ အနိစ္စလို့ရှု၊ ဝေဒနာက (၃) မျိုးရှိတယ်၊ (၅) မျိုးရှိတယ်၊ (၃) မျိုးကသုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ နောက် သောမနဿဝေဒနာနဲ့၊ ဒေါမနဿဝေဒနာ။ ကာယိက

http://www.dhammadownload.com

ဒုက္ခဆိုတာနာတယ်၊ ကျင်တယ်၊ ဒါဒုက္ခဝေဒနာ၊ သုခဝေဒနာက ကာယိကသုခ၊ သောမနဿဆိုတာက စိတ်ချမ်းသာတာ၊ ဒေါမနဿ စိတ်ဆင်းရဲတယ်၊ စိတ်ချမ်းသာရင် အဲဒီပေါ်မှာ မကပ်ငြိဖို့ အရေးကြီးတယ်၊ ဆင်းရဲတဲ့ သဘောတရားတွေ ပေါ်လာရင်၊ မနှစ်သက်တဲ့ သဘောတရားနဲ့ မရှုရဘူး။

အဲဒီတော့မှ ဝေဒနာပစ္စယာ တဏှာကို မကူးဘဲ၊ ဝေဒနာပစ္စယာ အနိစ္စလို့ မှတ်လိုက်၊ အဲဒီလိုမှတ်လိုက်တော့ ပေါ်လာတဲ့ ဝေဒနာတွေဟာ၊ မြတ်စွာဘုရားက ဘာပဲဖြစ်ဖြစ် အကြောင်းတရား အကျိုးတရားလွှတ်ပြီး ဘယ်ဟာမှ လောကကြီးမှာ မရှိဘူးတဲ့ လောကကြီးမှာ ဖြစ်နေတာ အားလုံးဟာ အကြောင်းကင်းပြီး အကျိုးတရားမရှိဘူး၊ အကျိုးကင်းပြီးတော့ အကြောင်းတရား မရှိဘူး။

လောကကြီးမှာဖြစ်နေတာ မှန်သမျှ အကြောင်းတရား အကျိုးတရားကင်းတာ မရှိဘူး၊ ရှုနေတဲ့ အချိန်မှာ သုခဝေဒနာတွေ၊ ကောင်းတဲ့ခံစားမှုတွေ ဖြစ်ပေါ်တာ၊ ဒုက္ခဝေဒနာတွေ ပေါ်တာဟာ ဝိပါက် အကျိုး တရားတွေပဲ၊ ကောင်းတဲ့ အကျိုးတရားတွေ ခံစားနေရင် ကုသလဝိပါက်၊ မကောင်းတဲ့ နာတယ်၊

http://www.dhammadownload.com

ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုရင် အကုသလ ဝိပါက်၊ ဒါတွေဟာ အကျိုးပေး သက်သက်ပဲ။

ဒါပေမယ့် အဲဒီ အကျိုးတရားတွေ ပေါ်လာတဲ့ အခါကျရင် အကျိုးတရားတွေမှီပြီး တပ်မက်နေ ရင်လောဘ၊ ကောင်းတဲ့အကျိုးတရားတွေ ဖြစ်နေလို့ ကုသလဝိပါက်၊ ကိုယ်က တပ်မက်တဲ့ သဘောနဲ့ ရှုလိုက်တော့၊ ဒီအကျိုးတရားပေါ်မှာ ဖြစ်တဲ့အ ကြောင်း တရားအသစ်က အကုသိုလ်၊ တစ်ခါခုန ဒုက္ခဝေဒနာပေါ်မှာ ကိုယ်က ဒီအကျိုးတရားပေါ်မှာ မလိုချင်ဘူး၊ မနှစ်သက်ဘူးလို့ သွားရှုရင် အကြောင်း တရား အသစ်ဟာအကုသိုလ် ဖြစ်သွားမယ်။

ဒီတော့ အကုသိုလ် မဖြစ်ပါစေနဲ့တဲ့၊ ကုသိုလ် ဖြစ်အောင် ဘယ်လိုရှုရမလဲ၊ အနိစ္စလို့ ရှုရမယ့် ဒုက္ခဝေဒနာပေါ်လာရင်လဲ၊ ဝေဒနာပစ္စယာ အနိစ္စ ဆိုတော့ ဝေဒနာပစ္စယာ တဏှာမကူးတော့ဘူး၊ အဲဒီဝေဒနာပေါ်မှာ ကောင်းတာခံစားမှုရှိရှိ အညီ အမျှထားပြီးရှု၊ အနိစ္စရှု၊ ကောင်းတာလေးကို နောက်ထပ် လိုချင်တာတို့ ဒုက္ခဝေဒနာခံစားနေရ ရင် ဒုက္ခဝေဒနာကို မလိုချင်ရုံမက ကောင်းတာလေး ပြန်လိုချင်တဲ့ သဘောရှိတယ်။ ဒါလဲ တဏှာပဲ၊ အဲဒီလို မှန်အောင် ရှုသွားဖို့ အရေးကြီးတယ်၊

http://www.dhammadownload.com

ဘာပဲဖြစ်ဖြစ် အကုန်လုံးကိုယ်တွေ့သမျှ ခန္ဓာကိုယ်ပေါ်မှာ ခံစားမှုလေးတွေ တွေ့တာ အကုန်လုံးပေါ်မှာ အနိစ္စလို့ ထင်နိုင်ရမယ်။

ဒါဘာကို ဆိုတာလဲ၊ ခံစားမှုဆိုတာ ဘာတွေလဲ၊ ရုပ်သည် ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်ဆိုတာတွေ၊ ဒါရုပ်ပဲ၊ ရုပ်သဘောပဲ၊ ငါနဲ့ ဘာမှ မဆိုင်ဘူး၊ ငါဆိုတာမရှိဘူး၊ ရုပ်ပဲရှိတယ်၊ ဒီမှာ ပညတ်တွေ ပျောက်သွားရင် ငါလဲမရှိတော့ဘူး၊ အခေါ်အဝေါ်လဲမရှိဘူး၊ ဘာကျန်ခဲ့လဲ၊ ရုပ်သဘောတရား တွေပဲရှိတယ်၊ နာမ်သဘောတရား တွေပဲရှိတယ်၊ ရုပ်ချည်းသက်သက်ဆိုရင် နာတာလဲမသိဘူး၊ ကျဉ်တာလဲ မသိဘူး၊ တောင့်တာလဲ မသိဘူး၊ တင်းတာလဲမသိဘူး၊ ဥပမာ–သစ်ပင်ကြီးသွားပြီး ဓားနဲ့ခုတ်ကြည့်ပါ။ သူနာတယ် ပြောမလား၊ ဘာမှမဖြစ်ဘူး ဒါ ရုပ်ကြီးသက်သက်၊ နာမ်မှမရှိဘဲ၊ သူလဲပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး အခြေခံပြီး ဖြစ်လာတာ၊ သက်မဲ့ရုပ်၊ ကျွန်တော်တို့က သက်ရှိရုပ်၊ နာမ်ရှိတော့ သိတယ်၊ အဲဒီတော့ ရုပ်နာမ်ကဒီလိုကွဲနေရမယ်၊ အဲဒီလိုကွဲတော့မှ ဝိပဿနာဉာဏ်၊ ပထမအဆင့်ကို ရောက်မယ်၊ ဝိပဿနာဉာဏ်

http://www.dhammadownload.com

ပထမအဆင့်ဘာလဲ၊ ဥဒယဗ္ဗယ်ဉာဏ် ဥဒယဗ္ဗယ ဉာဏ် ဆိုတာဘာလဲ၊ ဥဒယ – ဖြစ်တာ၊ ဝယ – ပျက်တာ၊ ရူပ်နာမ်တို့ရဲ့ ဖြစ်ပျက်အစဉ်ကို သိတဲ့ အဆင့်ကို ဥဒယဗ္ဗယဉာဏ်၊ ဝိပဿနာဉာဏ် (၁၀) ပါးရှိတယ်၊ နောက်ဆုံး အဲဒီကို ရောက်အောင် တက်ဖို့က ရူပ်-နာမ် မကွဲလို့မရဘူး။

သူက ပညတ်တွေနဲ့မှားတတ်တယ်၊ ပညတ် တွေ ရှိနေရင် ဥဒယဗ္ဗယဉာဏ် ဘယ်ဖြစ်တော့မလဲ၊ အရေးကြီးတာ၊ ရူပ်နာမ်တို့ရဲ့ ဖြစ်-ပျက်ကို ကွဲကွဲ ပြားပြားသိအောင် တစ်ကိုယ်လုံး ခြုံကြည့်လိုက်တဲ့ အခါ ရူပ်ကြည့်လဲ အနိစ္စလို့သိ၊ နာမ်ကြည့်လဲ အနိစ္စလို့ မြင်အောင်ရှုပေးပါ၊ ရူပ်နာမ်နှစ်ပါးဟာ ဖြစ်ပြီးရင် ပျက်တယ်၊ ပျက်ပြီးရင် ပြန်ဖြစ်တယ်၊ ခုနပြောတဲ့ အကြောင်းတရား လေးပါးကြောင့်ပဲ၊ အကြောင်းတရား လေးပါးထဲက တစ်ခုခုပျက်သွား ရင် ရူပ်ကသေသွားမယ်၊ ကံကုန်ရင်လဲ သေမယ်၊ အာဟာရမရှိရင်လဲ သေမယ်၊ စိတ်ကြောင့်လဲ သေ မယ်၊ ဥတုကြောင့် လည်းသေမယ်၊ ဒီအကြောင်း တရားလေးပါးရှိနေလို့ ရူပ်နာမ်ကို အထောက်အကူ ပြုနေတယ်၊ ရူပ်နာမ်သဘောတရား ရှိနေတယ်၊ ဒါ ကြောင့် ကိုယ်ကဖြစ်ပြီး ပျက်တယ် ပျက်ပြီးရင်

http://www.dhammadownload.com

ဖြစ်တယ်၊ ဒါမကုန်နိုင်ပါလား၊ ဘယ်ကုန်နိုင်မလဲ၊ ကိုယ်ပြုခဲ့တဲ့ သခ်ါရ ကုသိုလ်၊ အကုသိုလ်တွေက ဘဝ အသရေ့်က ပါလာတာ။ သခ်ါရ တရားတွေ ကြောင့် အကျိုးဖြစ်နေတာ။

ဒါကြောင့် ရုပ်နာမ်ရနေတာ၊ ဒီရုပ်နာမ်တွေက နောက်ထပ် သခ်ါရအသစ် အသစ်တွေကလည်း ဖြစ်နေတယ်ဆိုတော့ ဒါက မဆုံးတော့ဘူး၊ တစ်ခါ ယခု ဒီဘဝစုတိကျသွားရင် ပဋ္ဌိသန္ဓေစိတ်ကတော့ တစ်ဘဝ တစ်ဘဝမှာတော့ သွားဖြစ်ဦးမှာပဲ၊ အရေး ကြီးတာက ဆရာကြီးပြောသလို အပါယ်မကျဖို့ အရေးကြီးတယ်၊ အပါယ်မကျအောင် ဘာလုပ်ရ မလဲ၊ အပါယ်ကိုလားစေတတ်တဲ့ အ, ကုသိုလ် ဓာတ်တွေ ကုန်အောင် ခန်းအောင် လုပ်ပြီးတော့ အသစ်ဖြစ်တဲ့အပါယ်ကို ကျစေတတ်တဲ့ ဟာတွေ ကိုလည်း မဖြစ်အောင်လုပ်၊ ရှိပြီးသား အပါယ် လားစေတတ်တဲ့ အကုသိုလ်ကံတွေလဲ ကုန်အောင် ချေပစ်ရမယ်။

ဒီအပါယ်ကို လားစေတတ်တဲ့ အ,ကုသိုလ် တရားတွေကို ချေနိုင်သတ်နိုင်တာကဝိပဿနာ ဉာဏ် နဲ့ သတ်လို့ရတယ်၊ ဒီပြင်သတ်လို့မရဘူး၊ ဒီပြင်ကုသိုလ်က အပါယ်ကျစေတဲ့ အ, ကုသိုလ်ကို

http://www.dhammadownload.com

မချေနိုင်ဘူး။ ကိုယ်က ဒါနတွေပြုထားတယ်၊ ဘယ်လောက်ပဲပြုထား ပြုထား၊ အပါယ်ကျစေတဲ့ အ,ကုသိုလ်ကို ဒါနက မချေနိုင်ဘူး၊ အ,ကုသိုလ် ဆိုတာ ပေးဆပ်ရတဲ့ သဘောရှိတယ်။

ကုသိုလ်ဆိုတာ ကိုယ်ကခံစားရတဲ့ သဘောရှိတယ်၊ အ,ကုသိုလ်ဆိုတာ သူများဆီက ကြွေးယူထားရသလို မဆပ်လို့ကို မရဘူး။ ကုသိုလ်ဆိုတာ ကိုယ့်မှာ ငွေတစ်သိန်းရှိတယ်၊ ဒီနေ့ မယူတော့ဘူး၊ အကုန်လုံး လျှုပ်စ်လိုက်မယ်ဆိုရင် ပြတ်သွားတယ်။ အကြွေးတင်တာက မဆပ်လို့ကို မရဘူး၊ ဆပ်ရမယ်။ အဲဒီလို ကိုယ်ကဆပ်ရမယ့်အစား ကိုယ့်မှာရှိတဲ့ အ, ကုသိုလ်ဓာတ်တွေကို ခုနပြောတဲ့ အနိစ္စ ဝိဇ္ဇာဉာဏ် နဲ့ ချေပစ်ရမယ်။

ဒါ ဘာလဲဆိုရင် ကိလေသာကို သတ်တာ၊ ကိုယ်က ရှုရင်း ရှုရင်းနဲ့ ရုပ်နာမ်သဘောတရား၊ ဝိပဿနာဉာဏ်တွေ တက်လာရင် ကိုယ့်ရှိတဲ့ အပါယ်ကျစေတတ်တဲ့ဟာတွေ ပယ်ပယ်ပြီးတော့ ကုန်သွားတော့၊ ကျစရာမရှိတော့ဘူး၊ အဲဒါ အရေးကြီးတယ်။ ဝိပဿနာဉာဏ်က ဒီလောက်တန်ဖိုးရှိတယ်၊ ဒီလောက် အားကြီးတယ်၊ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက အားကောင်းလဲ၊ တချို့က

http://www.dhammadownload.com

ထင်တယ်၊ အ,ကုသိုလ်က အားကောင်းတယ်၊ ဘယ်ဟုတ်မလဲ၊ ကုသိုလ်က အားကောင်းတာ၊ ကုသိုလ် အားမကောင်းရင် နိဗ္ဗာန်ရောက်တဲ့လူတစ်ယောက်မှ ရှိမှာမဟုတ်ဘူး။

ဒီတော့ ဘယ်ကုသိုလ်လဲ။ ဝိပဿနာကုသိုလ်က နိဗ္ဗာန်ကို တက်လှမ်းဖို့ ဝိပဿနာဉာဏ်နဲ့ ဆက်နေတယ်၊ ဥဒယဗ္ဗယဉာဏ်၊ နက်ဖြန်ဆိုရင် ဥဒယဗ္ဗယဉာဏ်ဆိုတဲ့ ဖြစ်–ပျက် အစဉ်ကို ခန္ဓာထဲမှာ မြင်အောင်ရှု၊ ပြောင်းလဲသွားပြီဆိုရင်၊ ပြောင်းလဲသွားပြီ၊ မရှိတော့ဘူး၊ ဒါ ရုပ်သဘောပဲ။ ရုပ်သဘောတရားလဲ တည်ငြိမ်မှုမရှိဘူး၊ အမြဲပြောင်းလဲနေတာပဲဆိုပြီး အနိစ္စသိရင် ဥဒယဗ္ဗယဉာဏ်အနုစား ရလာပြီ၊ ဒီကနေ့ဆိုရင် အနုစားက ရင့်ကျက်လာအောင် တခြား ဘာမှမရှုရဘူး၊ ဒါပဲ ရှုရမယ်။ ရှုရင်း ရှုရင်းနဲ့ ကိုယ်ကအမြင်တွေ စင်ကြယ်လာမယ်၊ အနိစ္စကို ပိုပြီးတော့ မြင်လာမယ်၊ အဲဒီ ဥဒယဗ္ဗယဉာဏ် အရင့်စား ရောက်အောင်၊ မနက်ဖြန်ကြိုးစားရမယ်၊ ကြိုးစားပြီး အလုပ်လုပ်ဖို့အရေးကြီးတယ်။

ဘာလုပ်ရမလဲဆိုတော့ ကိုယ့်အားကိုးရမှာက ဝိရိယရယ်၊ သတိရယ်၊ သဒ္ဓါဆိုတာတော့ ရှိပြီးသား

http://www.dhammadownload.com

ပဲ၊ သဒ္ဓါအဆင့်ကတော့ ကိုယ်က ယုံကြည်နေပြီ၊ တကယ်အလုပ်လုပ်တဲ့အခါကျတော့ ဝိရိယမရှိဘဲနဲ့ ရပါ့မလား၊ မရဘူး။ ဝိပဿနာ ရှုတဲ့အခါ ကျရင် ပထမဦးဆုံး ဝိပဿနာဉာဏ် မြင်လာအောင် သမာဓိအားကို မွေးရမယ်၊ ပထမ ထိုင်ခါစက (၅) မိနစ်၊ (၁၀) မိနစ်၊ (၁၅) မိနစ်လောက် သမာဓိဖြစ်မယ့် ဝင်လေထွက်လေပေါ်မှာ ရှုပါ။

စိတ်ငြိမ်လာပြီ၊ တည်လာပြီ၊ အားကောင်းလာပြီဆိုရင် ကိုယ့်ဟာ ကိုယ်လဲ သိတယ်၊ စိတ်ကမပျံ့တော့ဘူး။ ဒီနေရာမှာ တော်တော်လေး နေပြီဆိုရင် စိတ်ကိုလိုချင်တဲ့နေရာ တင်လိုက်၊ ဦးထိပ်ငယ်ထိပ်ပေါ်မှာ တင်လိုက် သိသာပါတယ်၊ ဖျန်းကနဲ ဖျန်းကနဲ၊ တချို့ ပွင့်သလိုဖြစ်လာတယ်၊ တချို့များ သံမှိုလေးနဲ့ ဖောက်လိုက်သလိုလို၊ စူးလေးလွန်လေးနဲ့များ ဖောက်လိုက်သလိုလို ခံစားမှုလေး ဖြစ်လာတယ်။

ဒါဘာဖြစ်လို့လဲဆိုတော့ သတိအားကောင်းလို့။ အလုပ်လုပ်တဲ့အခါမှာ သတိကရှုဖို့ အကွက်ကလေး ဖော်ပေးတယ်၊ ဖော်ပေးလိုက်တာကို ပညာနဲ့သုံးသပ်ရမယ်။ ဒီဟာ ရုပ်မမြဘူးလို့ သိလိုက်တာ ပညာ၊ ပညာဆိုတာ သိတာ၊ အဲဒီလို ခန္ဓာကိုယ်တစ်ခုလုံး

http://www.dhammadownload.com

ကို ဖြိုကြည့်ရင် အကုန်လုံးမှာ ရုပ်ကလာပ်တွေဟာ အပြည့်ပဲ၊ ရုပ်ကလာပ်တွေကလဲ မမြဲဘူး၊ခဏလေးမှ မမြဲဘူး၊ ရှိန်ရှိန် သုတ်သုတ်၊ လှုပ်လှုပ် ရွရွ၊ ခဏမစဲ တသဲသဲ ပြိုကွဲပျက်စီးနေပါလားဆိုတာ မြင်လာမယ်။ ခန္ဓာကိုယ်ပေါ်မှာ မမြဲဘူးဆိုတာ သိတော့ မမြဲတာ နောက်တော့ဒုက္ခဆိုတာ သိလာမယ်၊ ဒုက္ခဆိုတာ ဆင်းရဲတယ်၊ ဒုက္ခဆိုတာ ဒုက္ခဝေဒနာရှိနေတဲ့ အခါကျရင် အနိစ္စနဲ့ရှုမရရင် သိပ်နာရင် ဒုက္ခနဲ့ရှု၊ ဩော် ဒါဆင်းရဲပါလား၊ အင်မတန်မှ ဆင်းရဲတဲ့ သဘော တရားရှိပါလား၊ ရုပ်သဘော တရားဟာ ဆင်းရဲပါလား၊ ကိုယ်ကနာလို့ ဒီနေရာ မနာချင်ဘူး၊ ပျောက်သွားရင် ကောင်းမယ်လို့ဒီလို ကော ကိုယ့်အလိုလိုက်လား။ မလိုက်ဘူး၊ အနတ္တပဲ၊ အကုသိုလ် ဝိပါက် အကျိုးပေးမကုန် မချင်းတော့ ကိုယ်ကဆပ်ပေါ့။

တချို့က ပြောတယ်၊ ဒီလောက်နာနေရင် ထလိုက်၊ ပျောက်မသွားဘူးလား၊ ပျောက်သွားတယ်။ အကုသလ ဝိပါက်အကျိုးပေးက မကုန်ဘူး၊ နာတာ ထလိုက်ရင် ပျောက်မသွားဘူးလား၊ ပျောက်သွားလို့ ရှိရင် ပြီးရောလား၊ ဟိုဝိပါက်အကျိုးက ဆက်ပေးဦးမှာ၊ အခုဟာ ကိုယ်ကဆပ်လိုက်ရင် ဆပ်လိုက်၊ ကုန်သွားရင် နောက်မလာတော့ဘူး။ တစ်ဝက်

http://www.dhammadownload.com

တစ်ပျက်ဆိုရင် နောက်ကျန်တဲ့ အကျိုးပေးက ပိုပြီး ခံရမယ်၊ အဲဒီလို သဘောလေးလဲ ပေါက်ရမယ်၊ ခံစားစရာရှိလဲခံပေါ့၊ ခံစရာရှိတာခံလို့၊ နာစရာ ရှိတာ ကုန်တော့နာပါစေလို့ ရှာတာတောင် မတွေ့ တော့ဘူး၊ ကုန်သွားရင် ဘယ်ရှိတော့မလဲ။

ဒါပေမယ့် ဝေဒနာ ဘယ်တော့မှ မကုန်ဘူး၊ ဒုက္ခဝေဒနာ ကုန်ချင်ကုန်မယ်၊ နည်းချင်နည်းသွား မယ်။ ခန္ဓာငါးပါးရှိတယ်၊ ဝေဒနာရှိမှာပေါ့၊ ဝေဒနာ ကုန်အောင်ရှု၊ ကုန်အောင်ရှုဆိုတာ ဖြတ်ပြောလိုက် တာ၊ ဒုက္ခဝေဒနာကုန်အောင်ရှုဖို့ လက်နက်က အနိစ္စပဲ ရှိတယ်၊ အနိစ္စမှလွဲပြီး ဘာမှမရှိဘူး၊ အဲဒီ တော့ ယခု ဒီနေ့ နက်ဖြန်ဆိုရင် ဥဒယဗ္ဗယဉာဏ် ပိုရင့်ကျက်အောင် ကြိုးစားရမယ်၊ ရုပ်နာမ် ခန္ဓာ နှစ်ပါးက ဒီဟာကို ရုပ်နာမ်နှစ်ပါးကွဲသွားလို့ ရှိရင် ဝိပဿနာရှုတဲ့အတွက် ဘာရမလဲ၊ အမြင်ရဲ့ စင် ကြယ်မှုရမယ်၊ ကိုယ်က ရုပ်နာမ် ကွဲပြားမှု သိသွား ပြီ၊ ရုပ်နာမ်သဘောတရား သိတာကို နာမရူပ ပရိစ္ဆေဒဉာဏ်တဲ့၊ နည်းတဲ့ သမ္မာဒိဋ္ဌိ မဟုတ်ဘူး၊ အမြင်ရဲ့ စင်ကြယ်မှု၊ ငါလို့ မမြင်တော့ဘူး၊ ရုပ်နာမ်လို့ ကိုယ်ကမြင်တယ်။

"နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိ" တဲ့၊ သမ္မာဒိဋ္ဌိ တစ်ခု

http://www.dhammadownload.com

ရသွားပြီ၊ ရုပ်နာမ်စင်ကြယ်သွားတော့ ဥဒယဗ္ဗယ ဉာဏ်တို့ ပေါ်လာတော့ ရုပ်နာမ်တွေ့ရဲ့ လက္ခဏာတွေ အနိစ္စသဘောတရားတွေ ဒါတွေအကုန်သိလာတော့ အမြင်က ပိုပိုပြီး စင်ကြယ်လာတယ်။ ဥဒယဗ္ဗယ ဉာဏ်အဆင့်ကို ရောက်တယ်ဆိုတာ နည်းတဲ့အဆင့် မဟုတ်ဘူး၊ အားလုံးကို ပုထုဇဉ်လို့ခေါ်တယ်၊ ပုထုဇဉ်ဆိုတာ ကိလေသာထူပြောတဲ့ လူကိုခေါ် လိုက်တာပဲ၊ ပုထုဇဉ် နှစ်မျိုးရှိတယ်၊ အန္ဓပုထုဇဉ် တဲ့၊ ကလျာဏပုထုဇဉ်တဲ့။

အန္ဓပုထုဇဉ်ဆိုတာ အတိုချုပ်ကတော့ အကန်း၊ သစ္စာလေးပါးကို မသိဘူး၊ ခန္ဓာငါးပါး မသိဘူး၊ ဓာတ် (၁၈) ပါးမသိဘူး၊ အာယတန (၁၂) ပါးကို မသိတဲ့ ပုဂ္ဂိုလ်ကို အန္ဓပုထုဇဉ်ခေါ်တယ်၊ သူဟာ အကန်းပဲ။ ကလျာဏပုထုဇဉ်က ရုပ်သဘော၊ နာမ် သဘော၊ ခန္ဓာငါးပါး၊ သစ္စာလေးပါးသိတဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်၊ ဒါပေမယ့်လို့သိတာ အဆင့်သုံးဆင့် ရှိသေးတယ်၊ သုတမယဉာဏ်နဲ့ စာအုပ်တွေဖတ်၊ အဘိဓမ္မာတွေဖတ်၊ သိသင့်သလောက် သိတာပေါ့။ စိန္တာမယဉာဏ် ရောက်တယ်၊ ဒါပေမယ့် တကယ် သိလား၊ မသိဘူး။ ဘာဝနာမယဉာဏ်ရောက် ပြီးတော့ ဥဒယဗ္ဗယဉာဏ် အနုစားသိတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

ကတော့ ကလျာဏပုထုဇဉ်အရင့်စား ဖြစ်သွားပြီ၊ ကျောင်းမှာ စာတို့၊ ဘာတို့ ဖတ်ပြီးသိတာအနုစား၊ ဒါက အရင့်စား။

အဲဒီအရင့်စားပုဂ္ဂိုလ်ဟာ ဘာနဲ့ညီမျှလဲဆိုတော့ စူဠဇသောတာပန်နဲ့ ညီမျှတယ်။ စူဠဇသောတာပန် ဘာအကျိုးရှိလဲဆိုတော့ သေရင် နောက်ဘဝအပါယ် မကျဘူး၊ တစ်ဘဝကိုပြောတာ၊ သောတာပန်ဆိုတာ အပါယ်တံခါး လုံးဝပိတ်တယ်။ နောင်ဘဝ ဒီထက် တိုးတက်အောင်လုပ်ဖို့ အခွင့်အရေးရှိတယ်၊ ယခုလို ဥဒယဗ္ဗယဉာဏ်ရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ နောက် ဘဝ အပါယ်မရောက်တော့ဘူး၊ ဘာကြောင့် မ ရောက်သလဲ၊ ဘယ်လိုစိတ်မျိုးဖြစ်လို့ မရောက်သလဲ ဆိုတာနောက်မှပဲ ဆက်တော့မယ်၊ ဒီနေ့တော့ ဒါလောက်ပဲ တော်ပြီ။

(သာဓု ... သာဓု ... သာဓု)

http://www.dhammadownload.com

http://www.dhammadownload.com

သတ္တမနေ့

ဒီနေတော့ သိသင့်သိထိုက်တဲ့ တရားတွေကို ပြောပြမယ်၊သိသင့်သိထိုက်တဲ့ တရားက ဘာလဲ ဆိုတော့ ဝိသုဒ္ဓိတရား(၇)ပါး ကို သိသင့်သိထိုက်တယ်၊ ဝိသုဒ္ဓိတရား(၇)ပါးကတော့ အထူးသန့်ရှင်း စင်ကြယ်တဲ့ တရား (၇) ပါးပေါ့၊ ဝိသုဒ္ဓိတရား(၇)ပါးနဲ့ မဂ္ဂင်ရှစ်ပါး အတူတူပါပဲ၊ သဘောတရားအား ဖြင့်တော့ မြတ်စွာဘုရား၏ တရားတော်များအား လုံးဟာ ဦးတည်ချက်အတူတူပါပဲ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့ချည်းပဲ၊ မဂ္ဂင်ရှစ်ပါးတရားက ပညာပိုင်း ဆိုင်ရာဖြစ်တဲ့ ဝိပဿနာနဲ့ ပတ်သက်လို့ မဂ္ဂင်နှစ် ပါးနဲ့ပဲ မြတ်စွာဘုရားက ဟောကြားခဲ့တယ်၊ သမ္မာ သင်္ကပ္ပဆိုပြီးတော့ ရုပ်နာမ်တရားပေါ်မှာ ကောင်း စွာဆင်ခြင်ခြင်း၊ ရုပ်နာမ်တရားပေါ်မှာ ကောင်းစွာ

http://www.dhammadownload.com

ဆင်ခြင်ခြင်းအားဖြင့် သမ္မာဒိဋ္ဌိဆိုတဲ့ ကောင်းသော သိခြင်း၊ မြင်ခြင်းဆိုပြီးတော့ ဟောသွားတယ်။

ဝိသုဒ္ဓိ(၇)ပါးမှာတော့ ဝိပဿနာဉာဏ်နဲ့ ပတ်သက်လို့ဝိပဿနာရှုရမယ့် အဆင့်တွေနဲ့ ပတ်သက်လို့ နည်းနည်းလေးပိုပြီးတော့ အသေးစိတ်ပြီး ဟောကြားသွားတယ်၊ ဝိသုဒ္ဓိ (၇)ပါးဆို တာဘာလဲဆို တော့ **သီလဝိသုဒ္ဓိ** – သီလစင်ကြယ်ခြင်းတဲ့၊ ပြီးတော့ **စိတ္တဝိသုဒ္ဓိ**–စိတ်၏စင်ကြယ်မှု၊ **ဒိဋ္ဌိဝိသုဒ္ဓိ**–အမြင်စင်ကြယ်မှု၊ **ကင်္ခါဝိတရဏဝိသုဒ္ဓိ** – ဘုရားတရား သံဃာပေါ်မှာ ယုံမှားသံသယဖြစ်ခြင်းမှ ကင်းလွတ်သွားခြင်းအားဖြင့် စင်ကြယ်မှုရရှိတာ၊ ပြီးတော့ **မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ** – မိမိတရားအားထုတ်တဲ့နေရာမှာ လမ်းမှန်နဲ့လမ်းမှားကို သိသွားခြင်းအားဖြင့် စင်ကြယ်မှု ရရှိသွားတာကို မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိခေါ်တယ်၊ ပြီးတော့ **ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ**တဲ့။

ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိဆိုတာ မိမိ ဝိပဿနာ တရားပွားများ အားထုတ်တဲ့အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်ရာ ရောက်ကြောင်း အထောက်အပံ့ဖြစ်တဲ့ ဉာဏ်တွေကို ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိခေါ်တယ်။ ဉာဏဒဿန ဝိသုဒ္ဓိ

http://www.dhammadownload.com

ဆိုတာကတော့ လောကုတ္တရာဘက်ကို ရောက်သွား တဲ့အခါမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသွားခြင်း အားဖြင့် စင်ကြယ်မှုရတာကို ဉာဏဒဿန ဝိသုဒ္ဓိ ဆိုပြီးတော့ အဲဒီလို(၇)ပါး မြတ်စွာဘုရားက ဟောသွားတယ်။

အဲဒါ ပထမဝိပဿနာတရားပွားများအားထုတ် တဲ့ ပုဂ္ဂိုလ်အတွက် လိုအပ်ချက်ကတော့ သီလဝိသုဒ္ဓိ၊ မိမိ၏ သီလ စင်ကြယ်ရမယ်တဲ့၊ သီလစင်ကြယ်ရ မယ်ဆိုတာ မိမိ၏သီလစင်ကြယ်မှုနှင့် ပတ်သက်လို့ မြတ်စွာဘုရားက (၄) မျိုး ဟောသွားတယ်။ ပထမ တစ်ခုကတော့ ရဟန်းတော်များအတွက် (၂၂၇) သွယ်သော သိက္ခာပုဒ်ရှိတယ်၊ အဲဒီသိက္ခာပုဒ်ကို စင်စင်ကြယ်ကြယ် ထိန်းသိမ်းစောင့်ရှောက်ရမယ်တဲ့။

ကျွန်တော်တို့ လူပုဂ္ဂိုလ်တွေအတွက်မှာတော့ (၅)ပါးသီလ ရှိတယ်၊ (၈)ပါးသီလရှိတယ်၊ (၉)ပါး သီလရှိတယ်၊ (၁၀)ပါးသီလရှိတယ်၊ အဲဒီ သီလတွေ စောင့်ထိန်းတဲ့အခါမှာ စင်ကြယ်ရမယ်တဲ့၊ ဒီမှာ ရှစ်ပါးသီလစောင့်ထိန်းထားတယ်၊ ရှစ်ပါး သီလ စောင့်ထိန်းထားတော့ ကျွန်တော်တို့ သီလစင် ကြယ်ဖို့က၊ ပထမ ပါဏာတိပါတာ ဝေရမဏိ

http://www.dhammadownload.com

သိက္ခာပဒံ သမာဒိယာမိ ဆိုပြီးတော့ သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဆိုတဲ့ စင်ကြယ်မှုမျိုးကို ထိန်းသိမ်းတယ်၊ သူတစ်ပါးအသက် ကို မသတ်ဘူး၊ အဲဒီလို ထိန်းသိမ်းခဲ့တယ်၊ ဥပမာ တရားထိုင်ခါစ တချို့တလေက ခြင်လေးကိုက်တာ နဲ့ မဆင်ခြင်ဘူး၊ မစဉ်စားဘူး၊ ဖတ်ကနဲ ရိုက်လိုက် တာပဲ၊ ယခုဆိုလို့ရှိရင် မိမိသီလစောင့်ထိန်းထား တယ်၊ သီလကလဲ အရင်သီလနဲ့မတူတော့ဘူး၊ အဲဒီလို စင်ကြယ်ရမယ်။

ပါဏာတိပါတာ ပြီးတော့ အဒိန္နာဒါနာ-သူ တစ်ပါးပစ္စည်းကို မပေးဘဲနဲ့ မယူရဘူး၊ မခိုးရဘူး၊ ဒါ ကလဲ စင်ကြယ်ပြီးသားပါ၊ ပြီးတော့ အနှစ်ဟူစရိယာ သိက္ခာပုဒ်နဲ့ ပတ်သက်လို့ အနှစ်ဟူစရိယာ ဝေရ မဏိ ဆိုပြီးတော့ အနှစ်ဟူစရိယာ ရွာသားတို့ဝလေ့ ကို ရှောင်ကြဉ်ပါ၏၊ ဆိုပြီး ကျွန်တော်တို့ ထိန်သိမ်း ထားတယ်၊ အနှစ်ဟူစရိယာသိက္ခာပုဒ်နဲ့ ပတ်သက် လို့ မေထုန်ငယ်(၇)ပါးဆိုတာရှိတယ်၊ မေထုန်ငယ် (၇)ပါးဆိုတာက မိမိစောင့်ထိန်းအပ်တဲ့ သီလကို တော့ မကျိုးပါဘူး၊ ဒါပေမယ့် မေထုန်ငယ်(၇)ပါးက မလွတ်ရင် သီလညှိုးတယ်။

အဲဒါက ဘာလဲဆိုတော့ "ထိ,ကြည့် ,ကစား၊

http://www.dhammadownload.com

အသံကြား၊ ကြေငြာ ကာမဂုဏ်စည်းစိမ်သာယာ၊ ဝဋ္ဋပတ္တနာ၊ သတ္တဝေယ်မေထုန်ဆိုပြီးတော့ ရှိတယ်၊ ထိ, ကြည့် ,ကစား ဆိုတာက တစ်ဦးနဲ့တစ်ဦး ထိခြင်းအားဖြင့်၊ ကြည့်ခြင်းအားဖြင့်၊ ကစားခြင်း အားဖြင့် လောကီအာရုံ ကာမဂုဏ် သဘောတရား တွေစိတ်တွေဖြစ်မယ်၊ ကြေငြာ ကာမဂုဏ်တဲ့၊ ကာမဂုဏ်သဘောတရားတွေ စိတ်ထဲမှာကူးမယ်၊ သာယာတဲ့စည်းစိမ်တွေပေါ်မှာ သာယာမိမယ်၊ ဝဋ္ဋပတ္တနာတဲ့ ကမ္မဝဋ်၊ ဘဝဝဋ်တွေပေါ်မှာ သာယာ မိတယ်ဆိုရင် အ,ဗြဟ္မစရိယာ သိက္ခာပုဒ်က ညှိုး နွမ်းသွားပြီ၊ အဲဒီတော့ အဲဒီဟာလဲ ရှောင်ကြဉ်ရမယ်။

ဝိပဿနာတရား ပွားများတဲ့အခါ မုသာဝါဒါ ဝေရမဏိဆိုတဲ့ အထဲမှာ ကျွန်တော်တို့ ပြောခဲ့ပါပြီ၊ မုသာဝါဒါ လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ ၏ သာ မဟုတ်သေးဘူး၊ ဖရုသဝါစာ ဆဲရေးထိုင်း ထွာတဲ့စကား၊ ကြမ်းတမ်းတဲ့စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊ နောက်ပြီးတော့ ပိသုဏဝါစာ ဆိုတာ တစ်ဦးနဲ့တစ်ဦး မတည့်အောင် ကုန်းချောတဲ့စကား မပြောရဘူး၊ သမ္မပ္ပလာပဝါစာ၊ အကျိုးမဲ့တဲ့စကား မပြောရဘူး၊ ဒီတော့ နှုတ်ပိတ်ဖို့ မေတ္တာရပ်ခံထား

http://www.dhammadownload.com

တယ်၊ ကျင့်တဲ့နေရာမှာ စကားမပြောဘဲ ကျင့်ကြပါ၊ စကားမပြောဘဲကျင့်ရင် သမ္မာဝါစာ ဖြစ်သွား တာပေါ့၊ အထူးသဖြင့် သမ္မပ္ပလာပဝါစာ မဖြစ်တော့ ဘူး။

အဲဒီတော့ ဒီမှာနေတုန်းတော့ ပြည့်စုံပြီးသား ပဲ၊ မိမိတို့ သီလ(၈)ပါးမှာ ပြည့်စုံနေရင်၊ သီလ စင်ကြယ်မှုရရှိတာပဲ၊ ဒီမှာတော့ပြောစရာ မရှိပါ ဘူး၊ ကာယကံ၊ ဝစီကံ မကဘူး၊ မနောကံပါ ထိန်းထား တာ၊ ဟိုနေ့က ဦးဘဘိုးပြောသလိုပဲ၊သာမည သီလမဟုတ်ဘူး၊ အဓိသီလ။ သီလဝိသုဒ္ဓိဖြစ် သွားတာပေါ့၊ (၈)ပါးသီလ စောင့်ထိန်းပြီးတဲ့အပြင်၊ ဝိပဿနာတရားပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်များ၊ ဘာသီလရှိသေးလဲဆိုတော့ ဣန္ဒြိယသံဝရသီလ ရှိသေးတယ်။

ဣန္ဒြိယသံဝရ သီလဆိုတာက မိမိဣန္ဒြေကို စောင့်ထိန်းဖို့ ဆိုတာက စက္ခုဣန္ဒြေဆိုတဲ့ မျက်စိက မြင်တဲ့ကိစ္စတွေ၊ နားကကြားတဲ့ကိစ္စတွေ၊ နှာခေါင်း ကနေပြီး အနံ့ရတဲ့ကိစ္စတွေ၊ လျှာနဲ့ထိတွေ့မှုတွေ့တဲ့ အခါ၊ ကာယအားဖြင့်ထိတွေ့တဲ့အခါ ဒါမှမဟုတ် ရင် စိတ်ကဖြစ်ပေါ်တဲ့ တွေးတောမှု၊ အဲဒီဟာတွေမှာ အ,ကုသိုလ် မဖြစ်အောင် သတိနဲ့ကပ်ပြီး ထိန်း

http://www.dhammadownload.com

သိမ်းရမယ်။ အဲဒီလို ထိန်းသိမ်းရမယ်၊ အဲဒီလိုထိန်းသိမ်းသွားရင် ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းတာပဲ၊ အဲဒီတော့ တရားထိုင်နေတဲ့အချိန်မှာ သီလအလုံခြုံဆုံးပဲ ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မျက်စိကလဲ မှိတ်ထားတယ်၊ စက္ခုဣန္ဒြေ၊ နားကကြားလဲ ဂရုမစိုက်ဘူး၊ နှာခေါင်းက ဘာအနံ့မှမရှိဘူးစသည်ဖြင့် ဣန္ဒြေထိန်းသိမ်းထားတယ်၊ လွတ်သွားတဲ့အခါ၊ ဘယ်တော့မှ လွတ်သွားမလဲ၊ နှားဟဲ့အခါမှာ လွတ်သွားမယ်။

အဲဒီအခါမှာ သတိလေးနဲ့ ကပ်ထားပြီးတော့အာရုံတွေဝင်လာသမျှကို ဖြစ်သမျှကိုဒွါရ(၆)ပါးက ပေါ်သမျှကို သတိလေးနဲ့၊ အ,ကုသိုလ်မဖြစ်အောင်ထိန်းထားလိုက်ရင်၊ ဣန္ဒြိယသံဝရသီလပြည့်စုံသွားတာပဲ၊ အဲဒါပြီးတော့ ဘာသီလရှိသေးလဲ ဆိုတော့ အာဇီဝပါရိသုဒ္ဓိသီလဆိုတာ ဘာလဲဆိုတော့ မိမိရဲ့ အသက်မွေးဝမ်းကျောင်းကို သန့်ရှင်းစင်ကြယ်စေရမယ်တဲ့။

ဒီဟာနဲ့ ပတ်သက်လို့ မြတ်စွာဘုရားက အထူးသဖြင့်၊ ရဟန်းတော်တွေကို သတိပေးသွားတယ်၊ ပညတ်သွားတယ်၊ ရဟန်းတော်တွေ စောင့်ထိန်းရမယ့် သိက္ခာပုဒ်က နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ် ဆို

http://www.dhammadownload.com

ပေမယ့်၊ ချဲ့လိုက်ရင် ကုဋေနဲ့ချီ ရှိတယ်၊ အဲဒီတော့ ရဟန်းတော်တွေမှာ ဒကာ၊ ဒကာမတွေလာလို့ရှိရင်၊ လာဘ်သပ္ပကာကို မျှော်ကိုးပြီး၊ ပန်းကလေး လက်ဆောင် ပေးလိုက်တာတို့၊ သစ်သီးလေးလက်ဆောင် ပေးလိုက်တာတို့ မလုပ်သင့်ဘူး၊ ဒီလိုလုပ်ခြင်းအားဖြင့် မိမိသီလညှိုးနွမ်းတယ်တဲ့။

လူပုဂ္ဂိုလ်တွေအနေနဲ့ကတော့ အသက်မွေးဝမ်းကျောင်းမှာ ကောင်းတဲ့ အသက်မွေးဝမ်းကျောင်းဆိုတာတော့ ငါးပါးသီလစောင့်ထိန်းထားရင် ကောင်း တဲ့ အသက်မွေးဝမ်းကျောင်းဖြစ်သွားတာပဲ၊ အသက်မွေးဝမ်းကျောင်းအားဖြင့် မပြုလုပ်အပ်တဲ့အကြောင်း (၅)မျိုးရှိတယ်၊ (၅)မျိုးက ဘာလဲဆိုတော့၊ သတ္တဝါတွေကို သေစေနိုင်တဲ့ အဆိပ်နဲ့ပတ်သက်တဲ့ဟာမျိုး၊ အသက်မွေးဝမ်းကျောင်းမရှာအပ်ဘူး။ လက်နက်ခဲယမ်းမီးကျောက် ပစ္စည်းနဲ့ ပတ်သက်ပြီး အသက်မွေးဝမ်းကျောင်းမရှာအပ်ဘူး။ လူလူချင်း ရောင်းဝယ်ဖောက်ကားခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်း မရှာအပ်ဘူး။ မူးယစ်စေတတ်တဲ့ သေရည်သေရက် ပစ္စည်းစတာအားဖြင့် အသက်မွေးဝမ်းကျောင်း မရှာအပ်ဘူးတဲ့။ သတ်ပြီးတော့စားရမယ့် တိရစ္ဆာန်တို့ဘာတို့ မွေးမြူရေးနဲ့ ပတ်သက်ပြီးတော့ အသက်မွေးဝမ်း

http://www.dhammadownload.com

ကျောင်း မရှာအပ်ဘူးတဲ့။ အဲဒါတွေကတော့၊ သမ္မာ အာဇီဝ မဖြစ်ဘူးတဲ့၊ ကျွန်တော်တို့အနေနဲ့က အဲဒါ တွေ လွတ်ကင်းအောင်နေရင် အာဇီဝပါရိသုဒ္ဓိသီလ နဲ့ ညီညွတ်တယ်။

ဒီမှာနေတဲ့အခါမှာ ဒါတွေဘာမှမဖြစ်ဘူး။ ဖြစ်စရာအကြောင်းဘာမှမရှိဘူး၊စတုတ္ထသီလက တော့ပစ္စယသန္နိဿိတသီလတဲ့၊ ပစ္စည်းအသုံး အဆောင်နဲ့ပတ်သက်ပြီးတော့ ၊ အကုသိုလ် မဖြစ် အောင် သတိထားရမယ်၊ ပစ္စည်းအသုံးအဆောင်ဆို တာ ဘာတွေလဲ၊ ရဟန်းတော်တွေကို သတိပေး ထားတာက ဆွမ်း၊ သင်္ကန်းကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါးနှင့် ပတ်သက်ပြီးတော့ သုံးဆောင်တဲ့ နေရာမှာ စွဲလမ်းမှုမရှိဘူး။ ကျောင်းမှာနေတယ်ဆို ရင် မိမိနေတဲ့ကျောင်းကို စွဲလမ်းမှုမရှိရဘူး။ မိမိ ကျောင်းမှာသီတင်းသုံးတာဟာ ရာသီဥတုဒဏ်ခံ နိုင်အောင်၊ အရိပ်အာဝါသလေးဖြစ်အောင်၊ ဒါလေးပဲ လှူတဲ့ ဒကာ ဒကာမရှိမှ၊ ဒီလိုကျောင်းမျိုးက သီတင်းသုံးဖို့ရတယ်၊ မိမိကုသိုလ်အလျောက် ဖြစ် လာတဲ့အခါမှာ သတိထားဖို့ ဟုတ်လား။

အာဟာရကို မှီဝဲတဲ့နေရာမှာ ဆွမ်းစားတာဟာ၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေ

http://www.dhammadownload.com

သာသနာ ရယ်လို့ ရဟန်းတော်တွေမှာ သာသနာပြု ဖို့. (၃)ရပ်ရှိတယ်၊ ပရိယတ္တိသာသနာပြုရမယ်၊ ပဋိပတ္တိ သာသနာပြုရမယ်၊ ပဋိဝေဓသာသနာပြုရ မယ်၊ အဲဒီတော့ ငါ အာဟာရ မှီဝဲတာဟာ သာ သနာသုံးရပ်မှာ တစ်ခုခုကျမ်းကျင်ရာ စွမ်းသန်ရာ မှာ ပြုဖို့ပဲဆိုတဲ့ သဘောနဲ့မှီဝဲရမယ်။

ဆေးမှီဝဲတဲ့နေရာမှာလဲ ရဟန်းကိစ္စကိုဆောင် ရွက်နိုင်ဖို့မှီဝဲတဲ့သဘောနဲ့ မှီဝဲရမယ် စသည်ဖြင့် ကျွန်တော်တို့လဲပဲ တရားအားထုတ်တဲ့အချိန်မှာ အစာစားတာမှာလဲ၊ သတိလေးနဲ့စားလိုက်၊ အမှတ် တမဲ့ မဟုတ်ပဲနဲ့၊ အစာစားခြင်းအားဖြင့် အာဟာရ လေးကို မှီဝဲပြီးတော့၊ ငါတရားအားထုတ်ဖို့ မှီဝဲ တာပဲ၊ ငါဒီမှာတရားအားထုတ်တဲ့နေရာမှာ၊ ကျန်း ကျန်းမာမာရှိအောင် ဇရပ်မှာနေရတာပဲ။

ဆေးမှီဝဲရင်လဲ တရားအားထုတ်ဖို့ပဲ ကျန်းမာရေး အတွက် ဆေးမှီဝဲတာပဲ၊ အဝတ်အစားမှာလဲ ဟိရီ သြတ္တပ္ပနဲ့ ရာသီဥတုနဲ့ ညီမျှဖို့၊ အဝတ်အစားကို အသုံးပြုတာပဲ၊ ဒီလိုစိတ်မျိုး၊ သဘောမျိုးနဲ့လှပဖို့ မဟုတ်ဘူးဆိုပြီး၊ အဲဒီသဘောမျိုးနဲ့ သုံးဆောင် သွား ရင်၊ ပစ္စယသန္နိဿိတသီလနဲ့ ပြည့်စုံသွားတယ်၊ ဒီတော့ လေးပါးသော သီလနဲ့ ပြည့်စုံသွားတာပေါ့။

http://www.dhammadownload.com

အဲဒါပြီးတော့ကာ မိမိရဲ့ စိတ် သန့်ရှင်းရမယ်။ စိတ္တဝိသုဒ္ဓိ စိတ်သန့်ရှင်းတယ်ဆိုတာ၊ နိဝရဏတရားငါးပါး မဝင်အောင် အားထုတ်တာ၊ နိဝရဏတရားငါးပါး မဝင်အောင် အာနာပါနနဲ့ သမာဓိ ထူထောင်ခဲ့တယ်။ သမာဓိ ထူထောင်တဲ့အခါကျတော့ ကျွန်တော်တို့ ဝိပဿနာမှာတော့ ခဏိက သမာဓိ၊ သမထမှာတော့ ဥပစာရသမာဓိ ခေါ်တယ်၊ အဲဒီ သမာဓိနားတော့ ရောက်လာကြတာပဲ၊ တော်တော်လေး စိတ်ငြိမ်လာကြတာပဲ၊ စိတ်ကို နှာသီးဝဆိုတဲ့ အာရုံလေးမှာ ညွှတ်ထားတဲ့အချိန်မှာ၊ စိတ်က လွင့်လွင့်သွားရင်၊ စိတ်လွင့်သွားသွား ချင်းသိရမယ်၊ လွင့်သွားတာနဲ့ တစ်ပြိုင်နက် မိမိ စိတ်ကို မိမိ ပြန်ဖမ်းတော့မှာပဲ၊ အဲဒီလို စိတ်လွင့်သွားမှန်း သိသိ ချင်းဖမ်းလိုက်တာနဲ့၊ အဲဒီလောက် ထိရောက်ရင် တဖြည်းဖြည်း စိတ္တဝိသုဒ္ဓိ ဖြစ်သွားတယ်၊ စိတ္တဝိသုဒ္ဓိပြီးတော့မှ၊ တစ်ခါဝိပဿနာပွားများတဲ့ ဝုဋ္ဌိလ်က ဘယ်အဆင့်လဲဆိုရင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ဖို့ လိုတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ အသေးစိတ်ပြောခဲ့ပြီ၊ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ ရုပ်နာမ် ကွဲပြားဖို့ လိုတာကို ဒိဋ္ဌိဝိသုဒ္ဓိလဲခေါ်တယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်လို့လဲ ခေါ်တယ်၊ နာမ

http://www.dhammadownload.com

ရူပ ပရိဂ္ဂဟသမ္မာဒိဋ္ဌိလို့လဲ ခေါ်တယ်၊ သမ္မာဒိဋ္ဌိ ငါး မျိုးထဲမှာ ဒီဟာ တစ်ပါး အပါအဝင်ပဲ၊ ဒိဋ္ဌိဝိသုဒ္ဓိ ဆိုတာက မိမိတရားရှုတဲ့အခါမှာ၊ ဒီဟာဖြင့်ရင် ရုပ် သဘောတရားပဲ၊ ဒီဟာဖြင့်ရင် နာမ်ဆိုတဲ့ သဘော တရားပဲ၊ နာမ်ဆိုတာက သိမှုနဲ့တကွ ဖြစ်ပေါ်လာ တဲ့ စေတသိက်ကလေးတွေကို နာမ်လို့ခေါ်လိုက် တာ ဒါရုပ်ပဲ၊ နာမ်ပဲ၊ ရုပ်နဲ့နာမ်ကလွဲလို့ တခြားဘာ မှ မတွေ့ဘူး၊ မရှိဘူး၊ ဥပမာ နာတယ်၊ နာတယ် ဆိုတာက ရုပ်ကဖောက်ပြန်လို့၊ ရုပ်ကဖောက်ပြန်လို့ သိမှုဖြစ်တာပဲ၊ နာမှုကို ဘာက သိသလဲ၊ နာမ်က သိတာပဲ၊ ခံစားတာကလဲ စိတ်ကခံစားတာပဲ ခံစားမှု ဆိုတာရှိတယ်၊ ခံစားသူဆိုတာ မရှိဘူး၊ အဲဒီရုပ်နာမ် သဘောတရားတွေကို ထင်ထင်ရှားရှားကွဲပြား အောင်သိရင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်၊ ဒိဋ္ဌိဝိသုဒ္ဓိကရုပ် သဘောတရားမှာလည်း တော်တော်ပြည့်ပြည့်စုံစုံ ပြော သွားပြီ၊ ရုပ် (၂၈)ပါးထဲမှာ တရားအားထုတ်တဲ့ပုဂ္ဂိုလ် အတွက်ကတော့ အခြေခံဖြစ်တဲ့ မဟာဘူတ ရုပ်(၄) ပါးဖြစ်တဲ့ ပထဝီဆိုတဲ့ မာတဲ့ ပျော့တဲ့ သဘောအမှု အရာကို သိရမယ်၊ မာတဲ့ ပျော့တဲ့သဘောအမှုအရာ ကို သိရင် ဒါဟာ ရုပ်ရဲ့ သဘောတရားပဲ၊ ပထဝီလွန် ကဲတာပဲ၊ ပူတဲ့၊ အေးတဲ့အခါကျရင်လဲ၊ ဒါရုပ်သဘော

http://www.dhammadownload.com

တရားပဲ၊တောဖောလွန်ကဲတာပဲ၊ လူပ်ရှားတဲ့ သဘော တရားတွေ တွေ့လာတဲ့အခါကျရင် ဝါယော လွန်ကဲတာပဲ၊ ရုပ်ပဲ၊ ရုပ်သဘောတရားပဲ၊ အဲဒီလို နှလုံးသွင်းတတ်ပြီးတော့၊ ပညတ်အာရုံတွေ တဖြည်း ဖြည်း ပျောက်ပျောက်သွားနိုင်ရင် ရုပ်ကိုသိသွား တယ်၊ နာမ်ကတော့ ဒါတွေဖြစ်တာ ကိုယ်က သိနေတယ်၊ နာမ်ကလဲ (၂) ချက်ရှိတယ်၊ တရားအားထုတ်တဲ့အခါမှာ ကျွန်တော်တို့မှာ ပဋ္ဌဒ္ဓါရာ ဝဒ္ဓနိ်း၊ မနောဒ္ဓါရဝဒ္ဓနိ်းဆိုပြီး ရှိတယ်။

ပဋ္ဌဒ္ဓါရာဝဒ္ဓနိ်းဆိုတာ မိမိတို့ အာရုံတွေကို ကျွန်တော်တို့ မျက်စိဆိုတဲ့ ဒ္ဓါရ၊ နားဆိုတဲ့ ဒ္ဓါရ၊ မျက်စိကတော့ ရူပါရုံဆိုတဲ့ အဆင်းကိုမြင်တယ်၊ မြင်သိစိတ်ဖြစ်တယ်၊ နားကတော့ အသံကို ကြားတယ်၊ ကြားသိစိတ်ဖြစ်တယ်၊ နှာခေါင်းကတော့ အနံ့ရရင်၊ နံ့သိစိတ်ဖြစ်တယ်၊ လျှာကတော့ ထိတွေ့လိုက်တဲ့ အရသာပေါ်မှာ ထိတွေ့စိတ်ဖြစ်တယ်၊ ခန္ဓာကိုယ်ကလဲ ထိတွေ့တဲ့အခါကျရင်၊ ကာယဝိညာဏ်စိတ်ဖြစ်တယ်။

ကျွန်တော်တို့ တရားအားထုတ်တဲ့အခါမှာ အဆင့်က ဘယ်လိုသွားလဲဆိုတော့၊ ကျွန်တော်တို့ မနောဒ္ဓါရာ ဝဒ္ဓနိ်းဆိုတဲ့ မြတ်စွာဘုရားက မနော

http://www.dhammadownload.com

ဒွါရာဝဇ္ဇန်းဆိုတာ စိတ်ရဲ့ နေရာဌာနက ဟဒယ ဝတ္ထု ရှိတယ်၊ ဟဒယ ဝတ္ထု၊ ကမ္မဇရူပ်၊ ကံကြောင့် ဖြစ်တဲ့ရုပ်၊ ကံကြောင့်ဖြစ်တဲ့ မနောဒွါရာဝဇ္ဇန်းက ကျွန်တော်တို့ တရားအားထုတ်တဲ့အခါမှာ ဥပမာ ကျွန်တော်တို့ ပြောခဲ့သလို လက်မောင်းကို မိမိစိတ်ကိုစိုက်လိုက်၊ မိမိအာရုံကို စိုက်လိုက်တဲ့အခါမှာ ဘယ်ကနေသွားတာလဲ၊ မနောဒွါရာဝဇ္ဇန်းဆိုတဲ့ မနောကနေ တိုက်ရိုက်သွားလိုက်တယ်၊ ဒီနေရာလေး စိတ်စိုက်လိုက်တယ်၊ စူးစူးစိုက်စိုက်ကလေး စိုက်လိုက်တော့ သမာဓိ ဖြစ်လာတယ်။

သမာဓိဖြစ်တဲ့အခါကျတော့ သမာဓိဆိုတဲ့ မှန်ပြောင်းနဲ့ကြည့်လိုက်တဲ့အခါ၊ သာမညအားဖြင့် မိမိခန္ဓာကိုယ်မှာ၊ ရုပ်ကလာပ်ကလေးတွေ ဖောက်ပြန်မှုကြောင့်၊ ဘာလေးပေါ်လာလဲဆိုတော့ ခံစားမှုလေးပေါ်လာတယ်၊ အဲဒီလို ပေါ်လာတဲ့ ခံစားမှုလေးဟာ ဘာခေါ်သလဲ၊ ကာယဝိညာဏ်စိတ်ကလေး ပေါ်လာတယ်၊ ကာယဝိညာဏ်စိတ်ကလေးက ခံစားမှုလေးပေါ်လာတဲ့အပေါ်မှာ ကိုယ်က ဘယ်လို နှလုံးသွင်းလိုက်ရမလဲ၊ မနောဒွါရဝဇ္ဇန်းကနေပြီးတော့ ဒါရုပ်သဘောတရားပဲ၊ ဒီလို နှလုံးသွင်းလိုက်တယ်။

မိမိမနောကနေသွားတဲ့ အာရုံလေးဟာ စိတ်

http://www.dhammadownload.com

သဘောတရားလေးနဲ့သွားတာ ၊ သိမှုလေးနဲ့သွား တာဟိုမှာဖြစ်တော့လဲပဲ၊ ကာယဝိညာဏ် စိတ် ကလေးရှိတယ်။ ကာယဝိညာဏ် စိတ်ကလေးကလဲ ရုပ်ကြောင့် ဖြစ်ပေါ်တဲ့စိတ်ကလေးကို သိတယ်၊ ရုပ်ကြောင့်ဖြစ်ပေါ်တဲ့ စိတ်ကလေးကလဲ ဘယ်ကို ပြန်လာသလဲဆိုတော့ မိမိမနောအာရုံထဲမှာ လာပြီး တော့ပူတယ်၊ အေးတယ်ဆိုတာလာပြီးတော့ သိ တယ်၊ မမြဲဘူးဆိုတာကို လာပြီးတော့ သိတယ်။

အဲဒီလို မိမိရှုတဲ့အခါမှာ ရုပ်သဘောတရား၊ သိမှုဆိုတာ နာမ်သဘောတရားပဲ၊ အဲဒီလိုပိုင်း ခြားပြီးတော့ ကိုယ်တွေ့ဉာဏ်တွေ. သိတဲ့အခါမှာ ငါဆိုတာမရှိတော့ဘူး၊ သိမှုဆိုတာ ရှိတယ်။ ခံစား မှုဆိုတာ ရှိတယ်၊ ခံစားမှုတို့၊ သိမှုတို့.ကတော့ဘာ တွေလဲ၊ နာမ်သဘောတရားတွေပဲ၊ နာမ်ခန္ဓာလေးပါးပဲ၊ ဥပမာ – ခံစားမှုတွေ.လိုက်ရင် နာမ်ခန္ဓာလေးပါအား ဖြင့် ပထမတော့ ခံစားမှုလေးသိလိုက်တယ်၊ ခံစားမှု လေးရယ်လို့ သိမှုလေးဖြစ်ပေါ်လာတာက၊ ဝေဒ နက္ခန္ဓာ ခေါ်တယ်၊ ဝေဒ နာတွေ ရဲ့.အစုအဝေး။

ဒါလေးဟာ ဝေဒနာပဲလို့ ခန္ဓာထဲမှာ ပူတဲ့ အေး တဲ့ သဘောလေးမှတ်လိုက်တယ်၊ ဒါမှမဟုတ် လှုပ် ရှားတဲ့ သဘောလေး မှတ်လိုက်တယ်၊ မှတ်လိုက်

http://www.dhammadownload.com

တဲ့အခါကျတော့ ဘာဖြစ်လဲ၊ သညာကွန်ရှာလေး ဖြစ်သွားတယ်၊ မှတ်လိုက်တဲ့အခါကျတော့ ဒီဟာ လေးဟာ မမြဲပါလား၊ ဖြစ်ပြီး ပျက်နေပါလားဆိုပြီး နှလုံးသွင်းလိုက်တဲ့အခါကျတော့၊ မိမိရဲ့စေတနာ ဦးဆောင်တဲ့ကုသိုလ် အ,ကုသိုလ်စိတ်၊ ဒီမှာတော့ ကုသိုလ်စိတ်က လာဖြစ်တယ်၊ အဲဒါတွေအားလုံးကို သစ်ါရကွန်ရှာနေပြီးတော့၊ ဝိညာဏကွန်ရှာဆိုတဲ့ သိမှု ပေါ်မှာ ခြယ်လှယ်တဲ့သဘောနဲ့ လုပ်လိုက်တော့၊ ဝိညာဏခန္ဓာကလဲ ဘာစိတ်ဖြစ်သွားလဲဆိုတော့ ကုသိုလ်စိတ်ဖြစ်သွားတယ်။ ဒါကလွဲလို့ ဘာမှမရှိဘူး၊ ရုပ်သဘောတရား နာမ်သဘောတရားပဲရှိတယ် ဆိုတာ သိလို့ရှိရင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်တယ်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တဲ့အခါကျတော့ နောက်တစ်ဆင့် တက်တဲ့အခါ ဘယ်လို သန့်ရှင်းမှုမျိုး ဖြစ်လဲဆို တော့၊ ကစ်ါဝိတရဏ ယုံမှားသံသယရှိခြင်းမှ ကင်း လွတ်တဲ့၊ သန့်ရှင်းတဲ့ သဘောတရားကို ရတယ်၊ ယုံမှားသံသယဖြစ်တယ် ဆိုတာက ဘယ်ပေါ်မှာ ဖြစ်လဲဆိုတော့ မြတ်စွာဘုရားက ကံ,ကံ၏အကျိုး တရားနဲ့ပတ်သက်ပြီး ဟောထားတယ်၊ဟောထား ပေမယ့်လို့ တချို့က ယုံမှား သံသယဖြစ်တတ် တယ်၊ ယခင်ဘဝဆိုတာ ရှိခဲ့ရင်၊ ယခင်ဘဝက

http://www.dhammadownload.com

ငါ ဘာများဖြစ်ခဲ့သလဲ၊ ယခင်ဘဝက ငါ,ဆိုတာ တကယ်ပဲရှိခဲ့လား၊ တတိယဘဝတုန်းက ငါ,ဆိုတာ ရှိရဲ့လား၊ ဘယ်ပုံသဏ္ဌာန်နဲ့ရှိသလဲ၊ နောက်ဘဝ ကျရင် ငါ,ဆိုတာ ရှိဦးမှာလား၊ ငါဆိုတာရှိခဲ့ရင်၊ ဘယ်လိုများ ရှိမလဲ၊ ဘယ်ဟာကိုများငါ, ခေါ်မလဲ စသဖြင့် ဒီသဘောတရားမျိုးတွေ ယုံမှားသံသယ ဖြစ်တတ်တယ်။

နောက်ပြီးတော့ ဥပမာ နိုင်ငံခြားကအမျိုးသမီး တစ်ယောက်က မေးဖူးပါတယ်၊ ခံစားမှုတွေ ဖြစ် တတ်တယ်၊ ရှုတယ်၊ ရှုတဲ့အခါကျတော့ ဝေဒနာ ခံစားမှုတွေ မမြဲဘူးဆိုတာ သိပါတယ်၊ ဖြစ်ပြီး ပျက်သွားတယ်ဆိုတာ သိပါတယ်တဲ့၊ ဒါပေမယ့် ခံစားမှုဆိုတာ အမြဲရှိနေတာပဲတဲ့၊ အဲဒီတော့ သူ့ စိတ်ထဲမှာ မမြဲဘူးဆိုတဲ့ အခြေအနေကတော့ အမြဲရှိနေတယ်၊ ဒါကတော့ မြဲနေပါလားဆိုပြီး၊ သူ့မှာ သံသယဖြစ်နေတယ်လို့ လာပြောတယ်၊ ကျွန်တော်တို့က ဘာပြန်ပြောလိုက်လဲဆိုတော့ ရုပ်နဲ့ ပတ်သက်ပြီးတော့ ပျက်သွားတယ်၊ ပျက်သွားပေ မယ့်လဲပဲ ရုပ်ဆိုတဲ့သဘောတရားဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရမှာ မှီတယ်၊ အဲဒီတော့ကာ ဖြစ် ပြီး ပျက်သွားပေမယ့်လဲ အမြဲတမ်း ပြန်ပြန်တွေ

http://www.dhammadownload.com

တွေ့နေရတာက ဘာကြောင့်လဲ၊ အနီးကပ်အကြောင်း ကတော့ နေ့တိုင်း အာဟာရတွေ ဖြည့်သွင်းနေ တယ်၊ အာဟာရတွေ ဖြည့်သွင်းတော့ အာဟာရ တွေကနေပြီး ခန္ဓာထဲရောက်တော့ ပါစကဝမ်းမီးက ချက်လိုက်တဲ့အခါ သြဇာဓာတ်တွေဖြစ်ပြီး အစားထိုး နေတယ်၊ ဒါကြောင့် ပျက်တဲ့ရုပ်က ပြန်ပြန်လာ သလိုဖြစ်နေတယ်၊ အဲဒီလို သူ့ကို ပြောလိုက်တယ်။

နောက်ပြီးတော့ ရုပ်နဲ့ပတ်သက်ပြီး အကြောင်း ရှိတယ်၊ အရင့်အရင်တုန်းက အကြောင်းရင်းလဲ ရှိတယ်၊အရင့်အရင်အကြောင်းရင်းကတော့ အဝိဇ္ဇာ ရယ်၊ တဏှာရယ်၊ ကံကြောင့်ဖြစ်တာ၊ အဝိဇ္ဇာ ဆိုတာ သစ္စာလေးပါး မသိဘူး၊ သစ္စာလေးပါး မသိတော့၊ ကျွန်တော်တို့က ဘာတွေပြုခဲ့လဲဆိုတော့၊ ကောင်းမှုကုသိုလ်ကံ၊ မကောင်းမှု အ,ကုသိုလ် ကံတွေပြုခဲ့တယ်။ မကောင်းမှု အ,ကုသိုလ်ကံ၊ ကောင်းမှုကုသိုလ်ကံအားလျော်စွာ သူ့မှာ ကံ ကြောင့်ဖြစ်တဲ့ ရုပ်ဆိုတာရှိတယ်၊ ကမ္မဇရုပ်တွေ ကလဲရှိတယ်၊ ကမ္မဇရုပ်တွေကလဲ တစ်ခဏတိုင်း၊ တစ်ခဏတိုင်းမှာ အသစ်သစ်ဖြစ်နေတယ်။ပျက်သွား ပျက်သွားလဲ အစားထိုးနေတဲ့အကြောင်း တွေက ရှိလို့၊ ရုပ်သဘောတွေ အစဉ်တန်းနေတယ်။

http://www.dhammadownload.com

အဲဒီလို သူ့ကိုပြောပြတယ်၊ စိတ်ကလဲ ထိုနည်းတူစွာပဲ၊ စိတ်သဘောတရားကအမြဲတမ်းပဲ ပျက်တာပဲ၊ ပျက်ပေမယ့် အမြဲတမ်းပဲရှိနေတယ်၊ စိတ်က ဘာနဲ့အခြေပြုလဲဆိုတော့၊ စိတ်ဖြစ်ရခြင်း အနီကပ်ဆုံး အကြောင်းရင်းကတော့ ဖဿ၊ ဖဿ မပါဘဲနဲ့စိတ်ဆိုတာမဖြစ်ဘူး။ စိတ်ဆိုတာ အာရုံမှီတာကိုး။သက်ဆိုင်ရာ ပသာဒရုပ်တွေနဲ့ ထိတွေ့တဲ့အခါစိတ်ဆိုတာ အမြဲတမ်းဖြစ်တယ်။ ဒါက အနီးကပ်အကြောင်းအရင်း၊ ယခင်ယခင်အကြောင်းရင်းတွေကတော့ စိတ်ကလဲပဲ ဒီအဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ် ကျွန်တော်တို့ သခံါရဆိုတဲ့ သဘောတရားရှိတယ်၊ ကုသိုလ်ကံ၊ အ,ကုသိုလ်ကံ အားလျော်စွာ စိတ်တွေဖြစ်နေတာပဲ၊ အဲဒီလို ပြောလိုက်တော့ စိတ်ရှင်းသွားတယ်။

ယခုလဲပဲ မိမိတို့ တရားအားထုတ်နေတယ်။ တရားအားဟုတ်နေတဲ့အခါမှာ၊ ယခုဆိုလို့ရှိရင် ဖြစ်တာပျက်တာတွေ သိလာပြီ၊ ဖြစ်ပျက်တွေ သိတဲ့အခါကျတော့၊ တစ်ခါတလေ ဒါတွေဟာ ဘာပါလိမ့်ဆိုပြီးတော့၊ ငါရှုရဲ့သားနဲ့ မကုန်နိုင်ပါလားဆိုပြီး ဖြစ်တတ်တယ်၊ အနီစ္စတစ်ချိန်လုံး သုံးသပ်နေတာပဲ၊ အနိစ္စသုံးသပ်ပေမယ့်လဲ မပျောက်နိုင်

http://www.dhammadownload.com

ပါလား၊မပြီးနိုင်ပါလား၊ဒါကတော့ ခုနပြောသလိုပဲ၊ ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်မစံသေးသရွေ့ ရုပ်သဘောတရား၊ နာမ်သဘောတရားက ရှိနေမှာပဲ၊ ရုပ်သဘော၊ နာမ်သဘောရှိနေသရွေ့တော့အကြောင်းတရား အကျိုးတရားကတော့ရှိမှာပဲ၊ ဖြစ်ပြီးရင် ပျက်မှာပဲ၊ ပျက်ပြီးရင် ဖြစ်မှာပဲဇာတိဆိုတဲ့သဘောတရားထဲမှာ မရဏဆိုတာ အမြဲပါလာတယ်၊ ဇာတိရှိရင် မရဏရှိတယ်၊ ဇာတိမရှိတဲ့နေရာက နိဗ္ဗာန်တစ်ခုပဲရှိတယ်၊ ဒီပျက်တဲ့သဘောဖြစ်ရင်ဖြစ်တဲ့သဘောကအတူပါလာတာဖဲ့။

ဒါပေမယ့်လဲပဲ၊ ခုနပြောတဲ့ ကမ္မဇရုပ်တွေက ကံအကျိုးပေးတဲ့ ရုပ်တွေက၊ အာဟာရ အကျိုးပေးတဲ့ရုပ်တွေက ရှိနေသရွေ့တော့၊ ရုပ်အသစ်အသစ်တွေ ဖြစ်နေမှာပဲ၊ ဒါပေမယ့်လဲ ရှုတဲ့နေရာ မှာ၊ ကျွန်တော်တို့ ရှုဖန်များလို့ ဉာဏ်ထက်လာတဲ့ အခါကျတော့၊ ခုနပြောတဲ့ ပညတ်တရားတွေ ပျောက်ပြီး၊ ပရမတ်သဘောတရားအားဖြင့် ရုပ်နာမ်ကိုလဲ ရုပ်နာမ်လို့ သိသွားမယ်၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို သေသေချာချာ၊ ထင်ထင်ရှားရှား သိသွားမယ်။

ဖြစ်ပျက်ကို သိမှုက ဘာလဲ၊ သမာဓိလိုတယ်၊

http://www.dhammadownload.com

ပညာလိုတယ်၊ ပညာက မိမိမှာရှိတဲ့ ဉာဏ်ပညာနဲ့၊ ဒါဉာဏ်ပိုင်းဆိုတော့၊ ပညာပိုင်းဆိုတော့ ဉာဏ်ကို အသုံးချရတယ်၊ ဉာဏ်ကလေးနဲ့ ရှုရတယ်၊ ရှုတဲ့ အခါကျရင် ဖြစ်တာ ပျက်တာကို သေသေချာချာ သိသွားလို့ ရှိရင်၊ ဒုက္ခဝေဒနာ ခံစားရတာတွေ၊ တဖြည်းဖြည်း အလိုလိုလျော့သွားလိမ့်မယ်၊ လျော့ သွားတဲ့ အခါကျတော့မှ သိမယ်။

ဖြစ်တာတွေက ဝိပါက် အကျိုးတွေပါလား၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ သစ်ါရကို အသေအချာ အနိစ္စ မှန်းသိသွားရင်၊ ခုနပြောတဲ့ ဒုက္ခတွေ ချုပ်ငြိမ်း သင့်သလောက် ချုပ်ငြိမ်းသွားပါလားဆိုတာ သိ သွားလိမ့်မယ်၊ ကစ်ါဝိတရဏ၊ ယုံမှား သံသယ တွေဖြစ်လာရင်၊ ယုံမှား သံသယတွေ ဖြစ်တဲ့အပေါ်မှာ၊ ကိုယ်ကဉာဏ်နဲ့ဆင်ခြင် သုံးသပ်ပြီးတော့ လွတ် မြောက်သွားရင် ကစ်ါဝိတရဏဝိသုဒ္ဓိဆိုတဲ့ သန့်ရှင်း မှုဆိုတာကို ရတယ်။ နောက်တစ်ဆင့်က ဘာ ခေါ်လဲဆိုတော့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတဲ့၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိဆိုတာက လမ်းမှန်၊ လမ်းမှား။ တရားအားထုတ်တဲ့အခါမှာ လမ်းမှားကို ရောက်သွားတတ်တယ်၊ လမ်းမှန်လမ်းမှားကို ခွဲ ခြားပြီးသိရင်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်တယ်

http://www.dhammadownload.com

တဲ့။ လမ်းမှားဆိုတာက ဘာကိုပြောတာလဲဆိုတော့ ဝိပဿနာရှုပြီး၊ ဖြစ်တဲ့ပျက်တဲ့ သဘောတရားတွေ သိပြီဆိုရင်၊ ရုပ်နာမ်ကို ခွဲလိုက်တယ်၊ ရုပ်နာမ်ကို ခွဲလိုက်တဲ့နေရာမှာ ဒိဋ္ဌိဝိသုद्ध်ဆိုတဲ့ နာမ်မရှုပဝရိဏ္ဍေ ဉာဏ်က အခြေခံပေါ့၊ ဒီအခြေခံကို ရသွားလို့ရုပ်မှန်း နာမ်မှန်းသိရင် ဒါကရုပ်၊ ဒါကနာမ်၊ရှုတိုင်း ရှုတိုင်း သုံးသပ်ဖို့ မလိုပါဘူး။ကိုယ့်စိတ်ထဲမှာ ရှင်းသွားပြီဆိုရင်၊ ဘယ်မှာ အာရုံပြုရမလဲဆိုတော့၊ သူတို့ရဲ့ လက္ခဏာပေါ်မှာ ရှုရမယ်။

ရုပ်ရဲ့ သဘောတရား၊ နာမ်ရဲ့သဘောတရားကို ကိုယ်သိသွားရင် သူတို့ရဲ့ လက္ခဏာပေါ်မှာ ရှုရမယ်၊ သူတို့ရဲ့လက္ခဏာဆိုတာ အမှတ်အသားပေါ့လေ၊ သူတို့ရဲ့ အမှတ်အသားက ဘာလဲ၊ ဖြစ်ပြီးရင် ပျက်၊ မမြဲဘူး၊ အဲဒီ ဖြစ်ပျက်ကိုကိုယ်ကသိရမယ်၊ ပထမတော့ အနုစား သဘောလေးသိမယ်၊ ခပ်ကျဲကျဲလေးသိမယ်၊ ခပ်ကျဲကျဲလေးသိမယ်ဆိုတာက၊ ဘယ်လို သိမလဲဆိုတော့၊ ပထမနေ့တော့ အကြမ်းစားဝေဒနာတွေဟာ အကြာကြီးဖြစ်နေမယ်၊ နောက် ပြောင်းသွားမယ်၊ ဒုက္ခဝေ ဒနာမရှိတော့ဘူး၊ ဝေဒနာအသစ် ဖြစ်လာပြီဆိုရင် ညြော့် မမြဲပါလား၊ အသစ်ဖြစ်တယ်ဆိုရင် အဟောင်းက

http://www.dhammadownload.com

ချုပ်သွားပါပေါ့လား၊ ဒီလို ခပ်ကြာကြာလေးတွေ့မယ်။

ဒါပေမယ့် ခုလောက်ဆိုရင် ရုပ်နာမ်ဟာ ဖြစ်တာပျက်တာ တော်တော်လေး မြန်ပါလားဆိုတာ သိလာလိမ့်မယ်၊ အဲဒီလို ဖြစ်တဲ့ပျက်တဲ့ သဘောတရားလေးကို အစဉ်မပြတ် လိုက်နိုင်လို့၊ ဖြစ်တာပျက်တာကို သိလာတဲ့အခါကျ ဘာဖြစ်တတ်သလဲဆိုတော့စိတ်ရဲ့ ကြည်လင်မှု၊ သန့်ရှင်းမှုလေး၊ ဩဘာသဖြစ်တတ်တယ်၊ ဩဘာသဆိုတာ အလင်းရောင်ပေါ်လာတယ်၊ မိမိထိုင်နေတာ အလင်းရောင်ထဲမှာ ထိုင်နေသလို၊ မိမိခန္ဓာကိုယ်ကပဲ အလင်းရောင်တွေ လွှမ်းနေသလိုလို ဖြစ်တတ်တယ်။

နောက်ပြီးတော့ဘာဖြစ်တတ်သေးလဲဆိုရင် ပီတိ ဆိုတဲ့သဘောတရားတွေ ဖြစ်တတ်တယ်။ ပီတိဆိုတာ ပီတိ (၅)မျိုး ရှိတယ်။ အတိုချုံးပြောလိုက်ရင်၊ ကျေနပ်တဲ့ သဘောတရား၊ ဒီစိတ်က ကျေကျေနပ်နပ်ကလေးဖြစ်နေတဲ့ သဘောတရားလေး၊ပီတိဖြစ်တတ်တယ်၊ ဒီလိုမှ မဟုတ်ရင် ရှုနေရင်းနဲ့၊ ပဿဒ္ဓိအေးငြိမ်းမှုလေး ရလာတယ်၊ စိတ်က အေးငြိမ်းမှုသဘောလေးဖြစ်လာတယ်၊ စိတ်က ငြိမ်းပြီးတော့၊ အေးငြိမ်းမှုရတဲ့ သဘောတရား ဖြစ်လာ

http://www.dhammadownload.com

တက်တယ်၊ဒါမှမဟုတ်ရင်လဲ ဉာဏ ဉာဏ်တွေ ထက်မြက်လာတယ်။

ဉာဏ်တွေ တက်မြက်လာတယ်ဆိုတာ အနိစ္စ ကိုအမြဲမပြတ် ရှုသွားနိုင်တယ်၊ ဖြစ်ပျက်ကို တော်တော်လေးအသေးစိတ်ပြီး သိသွားတဲ့ သဘော တရား ဖြစ်လာတတ်တယ်၊ ဒါမှမဟုတ်ရင် သုခ ဆိုတဲ့သဘောတရား ဝင်လာတတ်တယ်၊ သုခ ဆိုတာ ကိုယ်၏ချမ်းသာမှုလေး ဖြစ်တတ်တယ်တဲ့၊ ဒါမှမဟုတ်ရင် ဥပဌာနဆိုတဲ့ သတိတွေသိပ် ကောင်းတယ်။ သတိတွေ သိပ်ထက်လာတယ်၊ ဟို တုန်းက မေ့နေတာတွေ ပြန်ပြီးစဉ်းစားရင် ပြန် ပေါ်လာတတ်တယ်၊ နောက်ဘာဖြစ်တတ်သေးလဲ ဆိုရင် အဓိမောက္ခ ဆိုတဲ့ သဒ္ဓါတွေ ဖြစ်လာတယ်၊ ယုံကြည်မှု၊ ဘုရားပေါ်မှာ ယုံကြည်မှု၊ တရားပေါ် မှာ ယုံကြည်မှုဆိုတဲ့ သဒ္ဓါတွေ ထက်လာတတ် တယ်၊ မြတ်စွာဘုရားတရားတော်ဟာ အင်မတန် ချမ်းသာပါလား၊ သူများကိုဖြင့် ပြောဦးမှပဲ စသဖြင့် သဒ္ဓါတွေဖြစ်လာတတ်တယ်။

နောက် .. ပဂ္ဂဟ တဲ့၊ ပဂ္ဂဟဆိုတာ ဝီရိယတွေ ထက်သန် လာတတ်တယ်၊ မိမိတာရှည်စွာ ထိုင် လာတယ်၊ ထိုင်တဲ့အခါမှာလဲ အေးငြိမ်းနေတယ်၊

 ်ားထင်ရှိ၊ ဦးဘာကိုး ၁၇၉

အဲဒီလိုသဘောတရားတွေ ဖြစ်တတ်တယ်၊ ဒါမှ မဟုတ်ရင်လဲ ဘာဝင်လာ တတ်သေးလဲဆိုတော့ ဥပေက္ခာ ဖြစ်လာတယ်၊ ဥပေက္ခာဆိုတာ ခံစား မှုပေါ်မှာလဲ မငြိတွယ်တော့ဘူး၊ အညီအမျှနေ တတ်သွားတယ်၊ အဲဒီလို နေတတ်သွားတော့ အဲဒီ (၉)ပါးဟာ ကောင်းသောအဆင့်ကို ရောက်တာ ပြတာပဲ၊ မိမိ ဉာဏ်ထက်လို့၊ မိမိရဲ့သမာဓိ အားကောင်းလို့ ဒီလို အဆင့်အတန်းကို ရောက် တာပဲ၊ ဒီလိုသဘောတရားရောက်တာပဲ၊ ဒါပေ မယ့်ဒါမျိုးပေါ်လာရင် သူတို့နဲ့အတူ ဘာလိုက် လာတတ်လဲဆိုတော့ နိုကန္တိ ဆိုတဲ့ သဘောတရား လေး လိုက်လာတယ်။

နိုကန္တိဆိုတာက အဲဒီပေါ်မှာ ကပ်ငြိတွယ်တာ တဲ့သဘောတရားတွေ ဝင်လာတယ်၊ ပီတိဖြစ် တယ်ဆိုပါတော့၊ အလင်းရောင်ဖြစ်နေတယ် ဆို ပါတော့၊ ညြာဘာသ၊ ညြာဘာသပေါ်မှာ ညြာဘာသ ဆိုတဲ့ အလင်းရောင်ထဲမှာ နေရတာကို အရသာ ရှိပြီးတော့ ဒါနဲ့ပဲတော်တော်လေး ကပ်ငြိ တွယ်တာ သွားတယ်၊ ဥပမာ ပီတိဖြစ်နေတယ်၊ ကျေနပ်မှု လေး ရနေတယ်၊ အဲဒီကျေနပ်မှုလေးကိုပဲ တပ်မက် သွားတယ်၊ ပဿဒ္ဓိဆိုတဲ့ အေးငြိမ်းမှုလေးရတယ်.

http://www.dhammadownload.com

သူ့အေးငြိမ်းမှုလေးနဲ့ပဲ နေတတ်သွားတယ်၊ ဒီဟာက ဝိပဿနာအန္တရာယ်လို့ ဘာလို့ခေါ်သလဲ ဆိုတော့ ဒါတွေဖြစ်လာတဲ့အခါ ဒါတွေပေါ်မှာ ငြိတွယ်ကပ်ငြိပြီးတော့ မိမိစိတ်ထဲမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတယ်လို့ ထင်သွားတတ်တယ်၊ အဲဒီလောက် ကောင်းတယ်။

အဲဒီလိုများ အထင်မှားပြီးတော့ ငါတော့မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် ရပြီ၊ အေးငြိမ်းမှု ရပြီ၊ အညီအမျှ ငါရှုတတ်သွားပြီဆိုရင် လမ်းမှားသွားပြီတဲ့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဘက်ကို မရောက်တော့ဘူး၊ သူဒီဟာလေးနဲ့ ကပ်ငြိတွယ်တာပြီးတော့ တင်းတိမ်သွားမယ်၊ မိမိရှုတဲ့အခါကျရင် ဒါတွေပေါ်လာရင် မဟုတ်သေးဘူး၊ ကိုယ်က ဘာလုပ်ရမလဲဆိုရင် ဒါတွေနဲ့ မကျေနပ်နဲ့၊ ဒါတွေအပေါ်မှာ အနိစ္စနဲ့ ပြန်ပြီး နှလုံးသွင်းရမယ်၊ ဒါလဲမမြဲဘူး။ ကိုယ်က အနိစ္စနဲ့ပြန်ပြီး နှလုံးသွင်းပါတဲ့။ ဒီလို ပီတိဝင်သွားတယ်၊ ပဿဒ္ဓိဝင်သွားတယ်။ သုခဝင်သွားမယ်ဆိုရင် အနိစ္စ။

စဉ်းစားကြည့်တဲ့၊ ဒါဟာဖြင့် အနိစ္စပဲလို့ မိမိရဲ့စိတ်ထဲမှာ ထင်လာမြင်လာရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရောက်သေးပါဘူး၊ ဆက်လုပ်ပါဦးတဲ့၊

http://www.dhammadownload.com

အဲဒီတော့ ဒီလိုနေရာမျိုးကျရင် ဘယ်လောက်အထိ တွယ်တာသလဲဆိုရင် ပြောလို့ မရဘူး၊ ဒါလေးပဲ ကျေနပ်နေတယ်၊ စောစောတုန်းက ရတယ်၊ ခု မရဘူး၊ အဲဒီလိုပြောတယ်၊ ဒီဟာက လွန်မြောက်သွားမှ ဥဒယဗ္ဗယဉာဏ်အရင့်စား ကို ရောက်မယ်၊ ဥဒယဗ္ဗယဉာဏ်အရင့်စား ဆိုတာကတော့ ဖြစ်တာ ပျက်တာကို ကျွန်တော်တို့ ဝိပဿနာဉာဏ်ဆိုတာက ထိုးထွင်းပြီးတော့မှ သိရတဲ့ဉာဏ်၊ ဘာကိုထိုးထွင်းပြီးတော့ သိရသလဲ၊ ပညတ်တရားကို ထိုးထွင်းပြီးတော့မှာ သိရတဲ့ တရား၊ ပညတ်က ဖုံးနေတယ်၊ ပညတ်က ဘာတွေနဲ့ ဖုံးနေသလဲ။ သမ္မုဟဃန ပညတ်ဆိုတာ ရှိတယ်။

သမ္မုဟဃနပညတ် ဆိုတာက ကျွန်တော်တို့ အမှန်အားဖြင့် ရုပ်သဘောတရားတွေက အင်မတန်မှ သေးငယ်တဲ့ ရုပ်ကလာပ်လေးတွေ စုပေါင်းဖွဲ့စည်းထားတာကို စုပေါင်းဖွဲ့စည်းထားတာလို့ မမြင်ဘဲနဲ့ ကျွန်တော်တို့က ဒါကို တပေါင်းတည်းပဲ၊ တစုတည်းပဲ မြင်တဲ့ဟာကို သမ္မုဟဃန ခေါ်တယ်။ ပရမတ္တကို အဲဒါနဲ့ ဖုံးတယ်၊ ဘာနဲ့ ဖုံးသေးလဲဆိုတော့ သဏ္ဌာနပညတ်ဆိုတာပုံပန်းသဏ္ဌာန်အားဖြင့်ပရမတ်ကို ဖုံးတယ်။

http://www.dhammadownload.com

ကျွန်တော်တို့က ကြည့်လိုက်တဲ့အခါ ပုံပန်း သဏ္ဌာန်အနေနဲ့ တွေ့တယ်၊ ပရမတ်ဆိုတာ ပုံပန်း သဏ္ဌာန် မရှိဘူးဆိုတာ မသိဘူး၊ သညာက မှတ်လိုက်တယ်၊ သန္တတိပညတ်ဆိုတာက အစဉ် တန်းနေတယ်၊ ရုပ်ကလည်း ဆက်ကာဆက်ကာ ဖြစ်နေတယ်၊ ဘယ်တော့မှ မပြတ်ဘူး။ နောက် ကော အနန္တရပစ္စည်းဆိုတာ. စိတ်ကလေးတစ်ခဏ ပြီးရင် နောက်တစ်ခဏက လိုက်လာတာပဲ၊ စိတ် တစ်ခုပေါ်လာတယ်၊ ဒါချုပ်သွားရင် နောက်စိတ် တစ်ခုပေါ်လာတာပဲ၊ အစဉ်တန်းနေနေတာ မြဲတယ် ထင်တယ်၊ အဲဒီလို သန္တတိပညတ်ကလဲ ရှိတယ်။

နောက်ပြီးတော့ ဘာရှိလဲဆိုတော့ သုဘဃန ပညတ်ဆိုတာ ရှိသေးတယ်၊ မိမိကိုယ်ကို တင့် တယ်တယ်၊ နှစ်သက်ဖွယ်ရာ ကောင်းတယ်ဆိုတဲ့ သဘောမျိုးတွေကလဲ ရှိတယ်၊ ဒီပညတ်တွေကို ရုပ်မှန်း၊ နာမ်မှန်းသိပြီးတဲ့အခါ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို သိသွားပြီးတဲ့နောက် ရုပ်သဘောတရား၊ နာမ်သဘောတရားကို သိသွားရင် ဘာပျောက်သွား မလဲဆိုတော့ သမူဟဃနပညတ် ပျောက်သွားမယ်၊ သဏ္ဌာနပညတ် ပျောက်သွားမယ်၊ ရုပ်က ပူတဲ့ သဘောပဲ၊ ဒါတွေဟာ ဖြစ်ပျက်ကလေးတွေဟာ

http://www.dhammadownload.com

အင်မတန်မှ သိမ်သိမ်မွေ့မွေ့လေးနဲ့ ဖြစ်–ပျက်နေတဲ့ အခါကျလို့ရှိရင် ဒီရုပ်သဘောတရားဟာ အင်မတန်မှသိမ်မွေ့ပါလား၊ စုပေါင်းဖွဲ့စည်းထားတာ ပါလားဆိုတာ သိသွားတဲ့အခါကျ သမ္မာဟဿနပျောက်သွားမယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပျောက်တယ်၊ ပုံပန်းသဏ္ဌာန်မရှိဘူးဆိုတော့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပယ်လို့ရတယ်။

သန္တာတိက ပညတ်ကတော့ အနိစ္စနဲ့ ဖြတ်ရတယ်၊ အနိစ္စသိမှ သန္တာတိဆိုတာ အစဉ်တန်းနေတာလေး ဖြတ်လို့ရတယ်၊ ဒီဟာဖြင့် အစဉ်တန်းနေတာလေး မဟုတ်ဘူး၊ တစ်ခုဖြစ်ပြီးမှ နောက်တစ်ခုဖြစ်တာဆိုတာ၊ သန္တာတိပညတ် အစဉ်တန်းနေတာ ပြတ်တယ်၊ သုဘဿနပညတ်ဆိုတာ မိမိခန္ဓာကိုယ်ကို မိမိတင့်တယ်တယ်၊ နှစ်သက်ဖွယ်ရာ ဆိုတာကတော့ ဝိပဿနာဉာဏ် တက်လာတဲ့အခါကျတော့မှ ဒုက္ခ သဘောတရားပါလား၊ အန္တရာယ် သဘောတရားပါလားဆိုတာ သိလာတဲ့အခါကျတော့မှ ပညတ်ကပျောက်တယ်၊ ဖြစ်–ပျက်ကို ခုနပြောတဲ့ ဝိပဿနာအန္တရာယ် (၁၀) ပါးကိုလွန်မြောက်အောင် အနိစ္စနဲ့ ဆက်ရှုလို့ရှိရင်၊ ရုပ်နာမ်ခန္ဓာရဲ့ ဖြစ်–ပျက်ကို ပိုပြီးထင်းရှားတယ်၊ ထင်ထင်ရှားရှားမြင်လာ

http://www.dhammadownload.com

တဲ့အခါကျတော့ ဥဒယဗ္ဗယညာဏ် အရင့်စား ရောက်လာပြီး ဥဒယဗ္ဗယညာဏ် အရင့်စား ရောက်အောင် ကြိုးစားနေတာ ဥဒယဗ္ဗယညာဏ်မှာ ကြာကြာရှိရတယ်။

ဥဒယဗ္ဗယညာဏ်က ဖြစ်–ပျက်တဲ့သဘောက အခြေခံသဘောတရားပဲ၊ သူ့ကိုရှုတဲ့အခါမှာ ဘာနဲ့ ရှုရမလဲ။ သမ္မသနဉာဏ်ဆိုတဲ့ သုံးသပ်ဆင်ခြင်တတ်တဲ့ ဉာဏ်နဲ့ရှုတယ်၊ ဒါလေး ကို ဖြစ်ပျက်ခံစားမှုလေးတွေ တွေ့ပြီဆိုရင် ရုပ်နာမ်သဘောတရား ထင်ရှားသွားပြီဆိုတာနဲ့ မိမိအာရုံက ဘယ်ပေါ်မှာမှီလဲ။ ဖြစ်တာပျက်တာဆိုတဲ့ သဘောတရားကို ထင်ရှားအောင် ဒီဉာဏ်နဲ့သုံးသပ်၊ ဉာဏ်နဲ့ သုံးသပ်လို့ ထင်ထင်ရှားရှား တွေ့လာပြီဆိုရင် ကျွန်တော်တို့ ဒီကိုက်တာ၊ ခဲတာတွေဟာလဲ အဲဒီ အခါမှာ ပျောက်သွားမယ်။

ဥပမာ သာမည အားဖြင့် ငါထိုင်လို့ပဲ၊ ထုံတာ ကျဉ်တာပဲ၊ ကိုက်တာပဲဆိုတဲ့ အစွဲကတော့ရှိတယ်၊ သာမည အားဖြင့် တော့ဟုတ်ပါတယ် ဣရိယာပုတ်ကို မပြောင်းလို့ရှိရင် ဒါတွေဖြစ်တာပဲ၊ ပရမတ် သဘော တရားနဲ့ ကြည့်လိုက်လို့ရှိရင်တော့ ဒါတွေ ဖြစ်တာက ဘာဖြစ်လို့လဲ၊ ရုပ်က ဖောက်ပြန်လို့

http://www.dhammadownload.com

ဖြစ်တာပဲ၊ ရုပ်က မဖောက်ပြန်ရင် ထိုင်ခါစအတိုင်း တည်နေရမယ်၊ ရုပ်ကဖောက်ပြန်တဲ့အတွက် ထိုင်ကာ စတုန်းက ဘာမှမဖြစ်ပေမယ့်၊ ကြာသွားတော့ ဒုက္ခ ဝေဒနာဖြစ်လာတယ်။ ဝေဒနာတွေ ပေါ်လာတယ်။ ပညတ် မပျောက်တော့၊ ကိုယ်ကရှုတဲ့အခါ မတိုးဘူး၊ ကိုယ်က ပညတ်အာရုံပျောက်သွားလို့ အနိစ္စကို သေသေချာချာသိရင်၊ ဖြစ်တဲ့ ပျက်တဲ့သဘောကို သိရင်၊ ထင်ရှားလာရင် နောက်ကိုယ်တိုင်တွေ့ပါ လိမ့်မယ်။

အနိစ္စကို မှန်မှန်ရှုနိုင်ရင် တဖြည်းဖြည်း ပျောက်သွားမယ်၊ လျော့သွားမယ်၊ အခိုက်အတန့် အားဖြင့် လျော့ချင်လျော့သွားမယ်၊ ခပ်ကြာကြာ လျော့ချင် လျော့သွားမယ်၊ လျော့သွားတဲ့အခါမှာ ကိုယ်ကဝမ်းသာတတ်တယ်၊ ဝမ်းသာတာနဲ့ တစ် ပြိုင်နက်၊ ဝေဒနာက ပြန်တက်လာမယ်။ ဘာဖြစ် လို့လဲ၊ ခုနက ပညာက လွတ်သွားတယ်၊ နာတာကိုး၊ နာတော့ အနိစ္စတွေ့လို့ရှိရင်၊ အနိစ္စကို ဉာဏ်ထဲမှာ လေးလေးနက်နက် ဖြစ်တဲ့ ပျက်တဲ့သဘောကို သိလို့ရှိရင်၊ ပျောက်သွားတယ်၊ ပြိုကျသွားတယ်။

အနိစ္စရဲ့ သတ္တိ ကိလေသာကို ပယ်တာသတ် တာ၊ ကိလေသာ ပယ်တယ်၊ သတ်တယ် ဆိုတာ

http://www.dhammadownload.com

ဘာခေါ်လဲ၊ အ,ကုသိုလ်ကိုချေတာပဲ။ အ,ကုသိုလ်ကို ချေလိုက်တော့၊ အခိုက်အတန့်အားဖြင့်တော့ ဖြစ်နေပြီ၊ နာတယ်ဆိုတာက အ, ကုသိုလ် ဝိပါက် အကျိုးပေးတဲ့ အခိုက်အတန့်လေးတော့ နာတာပဲ၊ အဲဒီအ,ကုသိုလ်ဝိပါက် အခိုက်အတန့်လေးမှာ ကုသိုလ်ဆိုတဲ့၊ မဟာကုသိုလ်ဆိုတဲ့၊ အနိစ္စနဲ့ မြင်နိုင်လို့ရှိရင် ဒီဥစ္စာက ပြိုသွားတာပဲ၊ ပြိုသွားတဲ့အခါမှာ ကိုယ်ကစိတ်ကို ထိန်းပြီးတော့ဆက်ပြီးတော့ အနိစ္စနဲ့အညီအမျှထားပြီး ရှုသွားနိုင်ရင်၊ တဖြည်းဖြည်း ဒုက္ခဝေဒနာတွေ ပျောက်သွားတတ်ပါတယ်။

အဲဒီအခါကျတော့ နာတဲ့ဝေဒနာ၊တောင့်တဲ့ ဝေဒနာ သိပ်မလာတော့ဘူး၊ သက်သက်သာသာနဲ့ တရားအရသာကို တွေ့သွားမယ်၊ အဲဒီအရသာကို မတပ်မက်ရဘူး၊ ကိုယ်က ဘာရှုရမလဲ၊ ဒီအရသာ ပေါ်မှာမှီပြီးတော့၊ ဒါလဲ မမြဲဘူး၊ အနိစ္စပဲလို့ ရှုသွားရမယ်၊ အဲဒီလို ရှုသွားနိုင်လို့ရှိရင် နောက်တစ်ဆင့်ဖြစ်တဲ့ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုတဲ့ ဝိပဿနာ ဉာဏ်ဘက်ကို ဒီတစ်ခါကျတော့မှ ကူးသွားတယ်။

အဲဒီအခါကျတော့ ဝိပဿနာအထက်အဆင့်ကို ရောက်တယ်၊ အခုတော့ ရှုကြဦးပေါ့၊ တစ်ခါ

http://www.dhammadownload.com

တလေကျတော့ အနိစ္စချည်းမဟုတ်ပါဘူး၊ သိပ်ပြီးနာတယ်၊ ကိုက်တယ် ဖြစ်လာရင်အဲဒီလို နာတယ်၊ ကိုက်တယ်လို့ရှုလို့ အနိစ္စနဲ့ ထင်ချင်ထင်သွားမယ်၊ တစ်ခါတလေကျတော့လဲ ဥဏ္ဏာထဲမှာ မဝင်ဘူး၊ အာရုံထဲမှာ မဝင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နာတာက အမြဲလိုလို ဆက်တိုက်ဆိုတော့ အနိစ္စဥဏ္ဏာထဲမှာမဝင်ဘူး၊ အဲဒီတော့ ဘာသတိထားရမလဲဆိုတော့ ရုပ်ဆိုတာ ဖောက်ပြန်တဲ့သဘောတရားပဲ၊ ဒီလိုရှုရင်လဲ ရပါတယ်၊ ဒါမှမဟုတ်ရင်လဲ ဒီလိုဒုက္ခကြီးပဲလို့ သိနေပြီ။ တိုက်ရိုက်သိနေပြီဆိုရင်၊ ရုပ်နာမ်ဟာ ဒုက္ခလို့ ရှုရင်လဲရပါတယ်။

ဒုက္ခဆိုတာ (၃)မျိုးရှိတယ်၊ ဒုက္ခဆိုတာ နာတာ ကျဉ်တာ တိုက်ရိုက်ကြီး၊ ဒါက ဘယ်သူမှ ပြောဖို့မလိုဘူး၊ တရားထိုင်မှသိတဲ့ ဒုက္ခမျိုး မဟုတ်ဘူး၊ တရားမထိုင်လဲသိတဲ့ ဒုက္ခမျိုး၊ နာတယ်၊ ကျဉ်တယ်၊ကိုက်တယ်၊ ခဲတယ်၊ တောင့်တယ်၊ တင်းတယ် ဒုက္ခ။ ဒုက္ခ ဒုက္ခ။ နောက်ပြီးတော့ ဘယဒုဒုက္ခဆိုတာ ရှိသေးတယ်၊ ဘယဒုဒုက္ခ ဆိုတာ မိမိတို့၏ ဘဝဟာ ဘေးအန္တရာယ်ရှိတယ်၊ အတွင်းအန္တရာယ်ရှိတယ်။ အပြင်အန္တရာယ်ရှိတယ်၊ မိမိတို့အနေနဲ့

http://www.dhammadownload.com

မမြင်လို့သာ၊ မွေးကတည်းက မိဘက မှက်၊ ယင်၊ ခြင် မသန်းရအောင်ဂရုစိုက်ရတယ်။

ကျန်းမာရေးနဲ့ ပြည့်စုံအောင် သင့်လျော်တဲ့ အာဟာရနဲ့ ပြုစုရတယ်၊ အခုကြီးလာတော့ ကျွန်တော်တို့ လွတ်သေးလားဆိုတော့ မလွတ်ဘူး၊ ဘယဒုက္ခအပြင်ဒုက္ခရှိတယ်၊ အတွင်းဒုက္ခရှိတယ်၊ အပြင်အန္တရာယ်ရှိတယ်၊ အတွင်းအန္တရာယ်ရှိတယ်၊ ဒါကြောင့်လဲပဲ ရုပ်နာမ်ဟာ ဒုက္ခပဲ၊ နောက်ပြီးတော့ ဝိပရိဏာမ ဒုက္ခတဲ့၊ ဝိပရိဏာမဒုက္ခ ဆိုတာ ခန္ဓာငါးပါးဟာ အမြဲဖောက်ပြန်နေတယ်၊ တည်ငြိမ်မှု မရှိဘူး၊ ပြောင်းလဲတတ်တဲ့သဘောတရားရှိတယ်၊ အဲဒါကိုလဲ ဒုက္ခလို့ခေါ်တယ်။

ဒီလိုအခါမျိုးမှာ ဒုက္ခနဲ့ဉာဏ်ပေါက်ရင် ဒုက္ခရှုကြည့်၊ ဒါမှမဟုတ်ရင်လဲ အစိုးမရဘူး၊ မနာပါနဲ့ဆိုလဲ မရဘူး၊ နာတာပဲ၊ ကျဉ်တာပဲ၊ မရဘူး၊ အစိုးမရတဲ့ သဘာတရားဟာ ဘာလဲ၊ အနတ္တတဲ့၊ အနတ္တနဲ့လဲ ရံဖန်ရံခါ ရှုလို့ရတယ်၊ ဒါပေမယ့်လဲပဲ အခြေခံကတော့ အကောင်းဆုံးကတော့ ပိုပြီး ထင်ရှားတာကအနိစ္စပိုပြီး ထင်ရှားတယ်၊ ရံဖန်ရံခါရုပ်ပေါ်မှာ ရှု။ ရံဖန်ရံခါ နာမ်ပေါ်မှာရှု၊ ဝေဒနာပေါ်မှာရှု၊ သိမှုလေးပေါ်မှာရှု တစ်ခုမဟုတ်တစ်ခု

http://www.dhammadownload.com

ကိုယ်ရဲ့ဘဝ အထုံပါရမီက ဘယ်လိုပါမလဲ၊ ရုပ်တရား ပေါ်မှာ မှီပြီးတော့ နားလည်လွယ်တဲ့ ပုဂ္ဂိုလ်က ရှိချင် ရှိမယ်၊ ဝေဒနာပေါ်မှာ မှီပြီးတော့ နားလည်လွယ်တဲ့ ပုဂ္ဂိုလ် ရှိချင်ရှိမယ်၊ရုပ်တရားပေါ်မှာရော၊ ဝေဒနာပေါ်မှာ ရော်လိုက်။ အဲဒီလိုသတိကိုကပ်ပြီးတော့ ရှုလိုက်လို့ရှိရင် မြတ်စွာဘုရားသာသနာနဲ့ကြုံတဲ့ခေတ်၊ နောက်ပြီး တော့ ဒီမှာလာပြီးအားထုတ်တာက ပါရမီမျိုးစေ့ လေး ပါမလာဘဲနဲ့ ဝိပဿနာကို အားထုတ်ဖို့ဆိုတဲ့ စိတ်မျိုးဆိုတာမပေါ်ပါဘူး၊ မိမိတို့ပါရမီ ပါလာလို့ ဒီလိုစိတ်မျိုးပေါ်လာတယ်။

မြတ်စွာဘုရား သာသနာတော်နဲ့ ကြုံတဲ့အခွင့် ကောင်း၊ အခါကောင်းလဲ ဖြစ်တယ်။ ဆရာကြီး ပြောသွားသလို ပဓာနိယဂီဝါးပါးနဲ့ ပြည့်စုံတဲ့ အခြေအနေမျိုးမှာ ရောက်နေတယ်။ အဲဒီအတွက် ကိုယ်ကဘာလုပ်ရမလဲဆိုတော့ မိမိလိုချင်တဲ့ ရည် ရွယ်ချက် ပန်းတိုင်ကို ရောက်အောင် ကြိုးစားအား ထုတ်သွားကြရင် အနည်းဆုံး မနေ့က ဆရာဦးဘဘိုး ပြောသွားတဲ့အတိုင်း စူဠသောတာပန် အဖြစ်တော့ ရောက်မှာပဲ။

http://www.dhammadownload.com

စုဠသောတာပန်အဆင့် ရောက်တယ်ဆိုရင် မဟာသောတာပန်ဖြစ်ဖို့ အောက်လေ့ကားထစ်ပေါ်တော့ ရောက်လာပြီ။ အဲဒီတော့ ကြိုးစားအားထုတ်ကြပါ။

(သာဓု . . . သာဓု . . . သာဓု)

http://www.dhammadownload.com

အဌမနေ့

ကျွန်တော်တို့ မနေ့က ဝိသုဒ္ဓိ (၇)ပါး၊ ဝိပဿနာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ သိသင့်သိထိုက်တာ ပြောခဲ့တယ်၊ ဝိသုဒ္ဓိငါးပါးဖြစ်တဲ့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ပြောခဲ့တယ်၊ မနေ့က မဂ္ဂါ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဆိုတာတော့ ဥဒယဗ္ဗယ ဉာဏ် အနုစားပေါ်လာလို့ရှိရင် ကျွန်တော်တို့က ချမ်းသာမှုတွေ အမျိုးမျိုး ရတတ်တယ်။

ဥပမာ တရားထိုင်ခါစကတော့ ဒုက္ခဒဏ်ချက်တွေ များတာပေါ့၊(၇)ရက်မြောက်လို့ရှိရင် ဒုက္ခဒဏ်ချက်တွေ ပါးသွားတတ်တယ်။ မပါးသေးသည့်တိုင်အောင် ကျွန်တော်တို့ရဲ့ လေ့လာခဲ့တဲ့ ကျင့်ခဲ့တဲ့ အားထုတ်ခဲ့တဲ့ အတွေ့အကြုံအရ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ထုံတယ်ဆိုရင်

http://www.dhammadownload.com

ဝိပဿနာဉာဏ်က သက်ဝင်သွားတော့ သည်းခံနိုင်စိတ်တွေ ဖြစ်လာတယ်။

ဒုက္ခဆိုတာကလဲ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခဆိုပြီး (၂)မျိုးရှိတယ်၊ ကာယိက ဒုက္ခဆိုတဲ့ ဒုက္ခက ရုပ်ကဖောက်ပြန်လို့ဖြစ်တဲ့ဒုက္ခ၊ ကာယိက ဒုက္ခ။ရုပ်က ဖောက်ပြန်လို့ဖြစ်တဲ့နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ထုံတယ်ဆိုတဲ့ ဒုက္ခပေါ်မှာ မှီပြီးတော့ စိတ်ညစ်တယ်၊ စိတ်မချမ်းမသာဖြစ်တယ်၊အဲဒါကစေတသိကဒုက္ခခေါ်တယ်၊ ကျွန်တော်တို့ကို ဘယ် ဒုက္ခကပိုပြီးတော့ ဒုက္ခပေးလဲဆိုတော့ စိတ်ကဖြစ်တဲ့စေတသိကဒုက္ခက ပိုပြီး ဒုက္ခပေးတယ်။

တရားအားထုတ်လို့ တော်တော်လေးသမာဓိ ကောင်းသွားမယ်၊ ရုပ်နာမ်သဘောတရားလဲ တော်တော်လေးဉာဏ်သက်ဝင်သွားမယ်၊ ရုပ်နာမ်မှာ အနိစ္စတွေ သိသွားမယ်ဆိုရင်တရားအားထုတ်ခါစနဲ့ မတူဘူး၊ကာယိက ဒုက္ခတွေကို သည်းခံနိုင်စိတ်ဖြစ်သွားတယ်၊ဘာကြောင့်လဲဆိုတော့ စိတ်မှာ အနှောင့်အယှက်မဖြစ်တော့ဘူး။ ဥပမာ ဥယျာဉ်သဘောမျိုးထားပြီး ရှုသွားနိုင်တယ်။ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတဲ့ ဒုက္ခကို

http://www.dhammadownload.com

လည်း သည်းခံနိုင်တယ်၊ စေတသိကဒုက္ခသိပ် မဖြစ်ဘူး။

ဥပမာ ခြင်ကလေး ကိုက်သွားမယ်၊ ယားလာမယ်၊ တစ်ခါတလေတော့ ဖြစ်ဖူးလားမသိဘူး၊ ပုရွက်ဆိတ် မျက်နှာပေါ် လျှောက်တတ်တယ်၊ ကာယိကဒုက္ခအားဖြင့်မကြီးပါဘူး။ကာယိကဒုက္ခ အားဖြင့် ပုရွက်ဆိတ်ကလေး လမ်းလျှောက်တာ ဘာဖြစ်လဲ၊ ကာယိကဒုက္ခအားဖြင့် ဘာပင်ပန်းစရာ ရှိလဲ၊ ဒါပေမယ့် တကယ်ကျတော့ ခူးကိုက်တာ ရှုတာထက်ပုရွက်ဆိတ်ကလေးလမ်းလျှောက်တာ က တော်တော်ကို အနှောင့်အယှက်ဖြစ်တယ်၊ သည်းမခံနိုင်လောက်အောင်ကို ဖြစ်တယ်၊ မနေ တတ်၊ မထိုင်တတ်။

အဲဒါက ဘာကိုပြတာလဲ။ စေတသိကဒုက္ခ ကို ပြတာ၊ ကာယိကဒုက္ခမဟုတ်ဘူး၊ စိတ်ကမထား တတ်လို့ပုရွက်ဆိတ်ကလေးလမ်းလျှောက်သွား တာ၊မျက်စိထဲ ဝင်တော့မလိုလို၊နားထဲဝင်တော့ မလိုလို၊မနေတတ်မထိုင်တတ်ဖြစ်လာတယ်၊ဒီလို ဖြစ်လာတဲ့အခါမှာ ပုရွက်ဆိတ်ဆိုတဲ့ ပညတ်အာရုံ ကို ဖျောက်လိုက်၊ ဒီမှာဘာဖြစ်နေလဲ၊ ခံစားမှုလေး ဖြစ်နေတယ်။

http://www.dhammadownload.com

ခံစားမှုဆိုတာ ဝေဒနာ၊နာမ်သဘောတရား ပဲ၊ ဒါလေးဟာ မြဲသလား၊ မမြဲဘူး၊ ဒီမှာဖဿဆိုတဲ့ ထိတွေ့မှုလေးဖြစ်နေလို့လဲ ဒီခံစားမှုလေး ဖြစ်တာ ပဲ၊ ရုပ်သဘောတရားကလဲ မြဲတာ မဟုတ်ဘူး။ အဲဒီလို ဆက်ကာဆက်ကာ သည်းခံပြီးတော့အာရုံ ကို ယူနိုင်မယ်ဆိုလို့ရှိရင် ဘာတွေ့မလဲဆိုရင် ဒါ လေးသည်းခံနိုင်သွားတယ်၊တစ်ခါတလေကျတော့ ဘယ်ရောက်သွားမှန်းမသိဘူး၊ပျောက်သွားတယ်။

အဲဒီတော့ ဒါတွေဟာ စေတသိကဒုက္ခက ကျွန်တော်တို့ကို ဒုက္ခပေးတယ်ဆိုတဲ့ သဘောပါပဲ။ ရဟန္တာအရှင်မြတ်တွေကျတော့၊ကျွန်တော်တို့လို ကုသိုလ်စိတ်၊ အကုသိုလ်စိတ်မရှိတော့ဘူး။သူတို့ မှာ ဘာစိတ်ဖြစ်လဲ၊ ကြိယာစိတ်ပဲ ဖြစ်နေတယ်၊ အကုသိုလ်စိတ်၊ကုသိုလ်စိတ်ဖြစ်ရင်လဲအကြောင်း အားလျော်စွာ၊ နောက်ကိုအကျိုးပေးမယ့်သဘော တရားတွေက ရှိသေးတယ်၊ ရဟန္တာအရှင်မြတ် တွေကျတော့ ကုသိုလ်၊အကုသိုလ်မရှိတော့ဘူး၊ သူတို့ဖြစ်တဲ့စိတ်ကကြိယာစိတ်ပဲဖြစ်တယ်၊အဲဒီ လို ပုဂ္ဂိုလ်မျိုးတွေကတော့ သူတို့မှာကာယိက ဒုက္ခ တော့ ရှိတယ်၊သို့သော် စေတသိကဒုက္ခတော့ မဖြစ်တော့ဘူး။

http://www.dhammadownload.com

(၇)ရက်မြောက်တဲ့နေ့ဆိုရင် တချို့လဲဝေဒနာ ပါးသွားမယ်၊ တချို့လဲ ဝေဒနာဖြစ်သည့်တိုင်အောင် သည်းခံနိုင်စွမ်း ရှိလာမယ်၊အညီအမျှ ရှုတတ်လာ နိုင်တယ်။ အဲဒီမှာ ခုနပြောတဲ့ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမှာဘာတွေဝင်လာတတ်သလဲဆိုရင်၊ ပီတိ တို့၊ ပဿဒ္ဓိတို့၊သုခတို့ဝင်လာရင်နည်းနည်း ကျေကျေနပ်နပ်လေးဖြစ်လာတယ်၊ တရားထိုင်လို့ ကောင်းတယ်ဆိုတဲ့ သဘောလေးဖြစ်လာမယ်။ အဲဒီ လိုဖြစ်လာရင် အဲဒီအပေါ်မှာ ငြိတွယ်စိတ်နဲ့ ငြိတွယ်နေလို့ မရဘူး။

အဲဒီမှာ သတိထားဖို့ ဥပက္ကိလေသ (၁၀) ပါး၊ ကိုယ်မသိဘဲနဲ့ ဝင်လာတတ်တယ်၊ အနိစ္စကို ရှုမှ တိုးတက်မယ်၊ ဥဒယဗ္ဗယဉာဏ်အရင့်စားကို ရောက်မယ်၊ဥဒယဗ္ဗယဉာဏ်အရင့်စားကို ရောက် ရင်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုတဲ့ ဝိပဿနာ ဉာဏ်စဉ်ကို ရောက်လာတယ်။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရခင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရောက်အောင်အထောက် အပံ့ ပေးလာတဲ့ဉာဏ်ကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ခေါ်တယ်။

အဲဒီတော့ ဥဒယဗ္ဗယဉာဏ် အရင့်စားရောက်

http://www.dhammadownload.com

လာလို့ရှိရင် ဘာကိုထင်ရှားသလဲဆိုတော့ရုပ်သဘောတရား၊ နာမ်သဘောတရား ဖြစ်တာပျက်တာကို ဉာဏ်ထဲမှာ ထင်ထင်ရှားရှားသိလာတယ်။ ဥပမာအားဖြင့်ထိုင်ခါစတုံးကတော့ ခပ်ကြမ်းကြမ်းပေါ့လေ၊ ပြီးတဲ့အခါကျတော့ ခံစားမှုလေးတွေ သိမ်မွေ့သွားလိုက်မယ်၊နောက်ပြီးတော့ ဖြစ်တာပျက်တာလေးတွေ ပထမတုန်းကတော့ နှေးကွေးတာ တွေ့ရမယ်၊ ဉဒယဗ္ဗယဉာဏ်အရင့်စားရောက်လာတော့ ဖြစ်ပျက်မှုအင်မတန်မြန်ပါလား။ ရုပ်နာမ်ခန္ဓာတို့ရဲ့ဖြစ်ပျက်မှု အင်မတန်မြန်ပါလား။ ခဏလေးမှာ အများကြီးဖြစ်ပျက်နေပါလား၊ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဖြစ်ပျက်တွေဟာ အင်မတန်များပါလား။ အဲဒီလို ရင့်သန်လာတယ်။

ရင့်သန်လာတဲ့အခါကျတော့ ခံစားမှုအားဖြင့်လည်း ညက်ညောသွားတယ်။ အဲဒီအခါကျရင် ဒုက္ခဝေဒနာဆိုတာ သိပ်မဖြစ်တော့ဘူး။ ဖြစ်သည့်တိုင်အောင် ကိုယ်ကရှသွားနိုင်တယ်။ ဥပမာခြေထောက်ထုံလာတယ်၊ ခြေထောက်ထုံလာတာကို ကိုယ်က ဒီတစ်ခါမှာ ခြေထောက်ရယ်လို့ အမှတ်မရှိတော့ဘူး၊ဉဒယဗ္ဗယဉာဏ်အရင့်စား ရောက်လာရင်၊ ခန္ဓာဆိုတဲ့အစွဲအလမ်းအာရုံ ပျောက်နေတယ်၊

http://www.dhammadownload.com

ဖြစ်ပျက်နေတဲ့ ခံစားမှုတွေပဲသိနေတယ်၊ အဲဒီလို သိနေတဲ့အခါကျတော့ထုံတာကျဉ်တာ၊ဘယ်လို ရှုလိုက်သလဲဆိုတော့ရုပ်နာမ်သဘောတရားတွေပဲ၊ အဲဒီလိုသဘောထားပြီး ရှုလိုက်လို့ရှိရင် ရုပ်နာမ်က မမြဲပါလားဆိုပြီး နှလုံးသွင်းပြီးဆက်ကာဆက်ကာ ရှုရတယ်။ ဘာဝနာဆိုတာက "ဘာဝေတဗ္ဗန္တိ ဘာဝနာ" တဲ့၊ ဘာဝေတဗ္ဗန္တိ ဘာဝနာဆိုတာ လွန်စွာ အကျိုးရှိတာကြောင့်တစ်ကြိမ်ဖြစ်စေပြီးတဲ့နောက်၊ ကြိမ်ဖန်များစွာဖြစ်အောင် ကြိုးစားရာ၏တဲ့၊ အဲဒါကို ဘာဝနာခေါ်တယ်။

လွယ်လွယ်ပြောလိုက်တော့ ပွားများတာပေါ့၊ ဆက်ကာဆက်ကာဖြစ်အောင်၊ တစ်ခါ ရတယ်၊ တစ်ခါရတဲ့ဉာဏ်ကို နောက်တစ်ခါရအောင် ဆက်ကာဆက်ကာ ကြိုးစားသွားတာ၊ ဖြစ်ပျက်ကို ဆက်ကာဆက်ကာရှုလိုက်ရင် ခုနပြောတဲ့ဝေဒနာ ပြေသွားတာတွေ့လိမ့်မယ်။ လျော့သွားတာတွေ့ လိမ့်မယ်။ အဲဒီအခါကျတော့ ဘယ်နေရာပဲဖြစ်ဖြစ် အနိစ္စတင်လိုက်ရင်ပျက်သွားတာ တွေ့လိမ့်မယ်။

ဥဒယဗ္ဗယဉာဏ်အရင့်စားကို ရောက်လာရင်၊ ဥဒယဗ္ဗယဉာဏ်က ဘာထောက်အပံ့ပေးနိုင်လဲ ဆိုတော့၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ (၂) ပါးအစွဲ

http://www.dhammadownload.com

အလမ်းရှိတယ်၊ သဿတဒိဋ္ဌိဆိုတာကတော့ ငါ ဒီဘဝကနေပြီး နောက်ဘဝဖြစ်လို့ရှိရင် ဤလူက သာသေ သွားတယ်၊ငါဆိုတဲ့ အကောင်လေးက မသေဘူး။ အတ္တဆိုတဲ့ ကောင်လေးက မသေဘူး။ လိပ်ပြာလေးက ရှိနေတယ်၊နောင်ဘဝကို သွား ပြီးတည်တယ်။ အဲဒီလိုသဘောတရားလေး ရှိ တယ်။

ဥစ္ဆေဒဒိဋ္ဌိ ဆိုတာကတော့ ဒီဘဝကနေပြီး နောက်ဘဝဆိုတာ မရှိတော့ဘူး၊ ပြတ်ပြီဆိုတဲ့ အစွဲလမ်းရှိတယ်၊ အဲဒီလိုရှိလို့ရှိရင် ဥဒယဗ္ဗယ ဉာဏ်ကဘာပြလဲဆိုတော့ ရုပ်နာမ်ခန္ဓာဆိုတာ ပျက်ပြီးရင် ရပ်မသွားဘူး၊ ပျက်ပြီးရင် ပြီးသွားလား၊ ပျက်ပြီးရင်မပြီးဘူး၊ထပ်ဖြစ်တယ်၊ ထပ်ဖြစ်ပြီးရင် ပျက်တာပဲ။ပျက်ပြီးရင် ဆက်ကာဆက်ကာဖြစ်တဲ့ သဘောတရားဟာအမြဲတမ်းပေါ်နေတယ်၊ရုပ် သဘောတရားလဲ ပျက်ပြီးရင် ဖြစ်တာပဲ၊ နာမ် သဘောတရားလဲ သိပြီးရင်နောက်ထပ် သိမှု လေးတွေဟာတစ်ခုပြီးရင်တစ်ခုလာတယ်။ နောက် တစ်ခုလာတယ်၊ ဆက်ကာဆက်ကာရှေ့က သိမှုမှာ နောက်သိမှုပေါ်လာအောင် ကျေးဇူးပြုသွားတယ်။

http://www.dhammadownload.com

က ဒီလိုသဘောတရားမျိုး၊ လက္ခဏာမျိုး ရှိသလို၊ သေရင်လဲပဲ ဒီလိုပဲဖြစ်မှာပဲ၊ ဒီလို ကိုယ့် ဉာဏ်ထဲမှာ သက်ဝင်သွားရမယ်၊ ရုပ်သဘော တရားဆိုတာ ပျက်ပြီးရင် ပြန်ဖြစ်တဲ့သဘောရှိတယ်၊ သေတယ်ဆိုတာဘာလဲ၊ သေတယ်ဆိုတာ နောက်ဆုံးစုတိစိတ်ကလေးချုပ်သွားတာပဲ၊ စုတိဆိုတဲ့ စိတ်ချုပ်သွားရင် နာမ်သဘောတရားတွေက နိဗ္ဗာန်မရောက်မချင်း အနန္တရပစ္စည်းအရ အနန္တရပစ္စည်းဆိုတာ ကကြားကာလ မရှိဘူး၊ အခြားမဲ့ သဘောတရား။ နာမ်သဘောတရားဟာ ပျက်သွားပြီးရင် ပျက်သွားတဲ့သိမှုလေးတွေက နောက် သိမှုလေးကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတယ်တဲ့။

နောက်သိမှုလေးကလဲ ပျက်သွားရင်၊ နောက်သိမှုလေး ပေါ်လာအောင် ကျေးဇူးပြုတယ်၊ နာမ်သဘောတရားကဘယ်တော့မှ ချုပ်ငြိမ်းသလဲဆိုတော့ နိဗ္ဗာန်ကို ဝင်သွားတဲ့၊ ပရိနိဗ္ဗာန်စံတဲ့အခါကျမှ ချုပ်မယ်၊ပရိနိဗ္ဗာန် မစံသေးသမျှ နာမ်သဘောတရားက ဖြစ်ပြီးရင် ပျက်မယ်၊ ပျက်ပြီးရင် ဖြစ်မယ်ဆိုတာ အမြဲတမ်းရှိနေတယ်၊ ဒီတော့ သေတယ်ဆိုရင် စုတိစိတ်ဆိုတာလာတယ်။ စုတိ–အခြားမဲ့၌။ စုတိဆိုတာ ဘာမှမဟုတ်ပါဘူး။ ဒီဘဝ

http://www.dhammadownload.com

ရဲ့နောက်ဆုံးဖြစ်တဲ့ စိတ် တစ်ခဏလေးမှာ စုတိ စိတ်ဖြစ်ပြီး ပျက်တာနဲ့ တစ်ပြိုင်နက်ပဋိသန္ဓေ စိတ်ကဝင်လာတယ်။ ပဋိသန္ဓေစိတ်ဝင်လာတာ နဲ့ တစ်ပြိုင်နက်အတူတကွ ကမ္မဇရုပ် သုံးပါးဖြစ် ပေါ်လာတယ်၊ ပဌာန်းဖတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေဆို ရင်တော့သိပါတယ်၊ အညမညပစ္စည်းနဲ့ သဟ ဇာတပစ္စည်း ပါတယ်၊ သြက္ကန္တိကွဏောနာမရူပ် အညမည သဟဇာတ ပစ္စယေန ပစ္စယောတဲ့။

သြက္ကန္တိကွဏော ဆိုတာက ပဋိသန္ဓေ တည်တဲ့ အခါမှာ သြက္ကန္တိကွဏော။ နာမရူပ်၊ နာမ်နှင့်ရုပ်တို့ သည်။ အညမည၊ တစ်ဦးကိုတစ်ဦးမှီတဲ့အခါမှီ တဲ့သဘော အထောက်အပံ့ပြုတယ်။ သဟဇာတ၊ အတူတကွဖြစ်ကြတယ်တဲ့၊ ပဋိသန္ဓေတည်တဲ့အခါ မှာ ရုပ် နဲ့နာမ်အတူတကွ တစ်ခါတည်းဖြစ်တယ်၊ ပဋိသန္ဓေတည်တဲ့အတိုင်းပဲ၊ဥဒယဗ္ဗယဉာဏ်ဆို လို့ရှိရင် ဒီသဘောတရားအတိုင်းပဲရှိတယ်၊ဖြစ်ပြီးရင် ပျက်တယ် ၊ပျက်ပြီးရင် ထပ်ဖြစ်တယ် ဆို တဲ့ သဘောတရား ရှိတယ်။

ကျွန်တော်တို့မှာ ကုသိုလ်ကံ အကုသိုလ်ကံတွေ ရှိတယ်၊ ဒီကံတွေက ဘာလဲဆိုတော့ ကမ္မပစ္စယ သတ္တိဆိုတဲ့ သဘောတရားရှိတယ်၊ မိမိလုပ်လိုက်တဲ့

http://www.dhammadownload.com

ကာယက်၊ ဝစီက်၊ မနောက်တွေ၊ ကမ္မပစ္စယသတ္တိ ရှိတဲ့အတွက်ကြောင့် သူက နောက်ကိုအကျိုးပေးတယ်၊ အဲဒီဟာရှိသမျှ ခုနပြောတဲ့ ရုပ်နာမ်သခ်ါရက ချုပ်တယ်ရယ်လို့မရှိဘူး။ သေတယ်ဆိုတာ ဒီဘဝက်ကုန်သွားတာ၊ နောက်ဘဝက်အကျိုးပေးတယ်၊ နောက်ဘဝက် အကျိုးပေးတယ် ဆိုတာနဲ့ ရုပ်နာမ်က ဖြစ်မှာပဲ။ ဒီလိုသဘောမျိုး သိသွားရင် ဥစ္ဆေဒဒိဋ္ဌိပယ်သွားတယ်။

သဿတဒိဋ္ဌိ ဆိုတာကတော့ ဒီမှာတစ်ခုခု မပျက်ဘဲနဲ့ နောက်ဘဝကို ပါသွားတယ်ဆိုရင် အဲဒါကလဲ ဖြစ်ပျက်ကိုကြည့်လိုက်ရင် ပထမရုပ်ကလာပ်ကလေးဖြစ်ပြီးရင် ပျက်သွားတယ်၊ ရုပ်ကလာပ်ကလေး နဲ့ နာမ်ကလေး ဘာကျန်သေးလဲ၊ ဘာမှ မကျန်တော့ဘူး။ နောက်ဖြစ်တဲ့ ရုပ်ကလာပ်ကလေးနဲ့ နောက်ဖြစ်တဲ့ နာမ်ကလေးက အသစ်ပဲ၊ ဒီကြားထဲ အတ္တကဒီကနေ ဟိုကို ပြောင်းသွားတယ်ဆိုတာ မတွေ့ရဘူး၊ရှာကြည့်၊ အဲဒီအတွက်ကြောင့် သဿတ ဒိဋ္ဌိကိုလဲ ပြုတ်စေနိုင်တယ်။

ကျွန်တော်တို့ ဒီဉာဏ်တွေအကြောင်း ပြောနေတဲ့ရည်ရွယ်ချက်က ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီမှာ တရားထိုင်လာကတည်းက

http://www.dhammadownload.com

ပြောခဲ့တယ်၊ ဒီမှာတရားထိုင်တာသစ္စာလေးပါးကို သိဖို့၊ ဒုက္ခအရိယသစ္စာကို သိဖို့၊ ဒုက္ခအရိယသစ္စာ ဆိုတဲ့ ကျွန်တော်တို့ သာမညများအနေနဲ့မဟုတ်ဘဲ အရိယာများအနေနဲ့သိသင့်တဲ့သစ္စာပဲ။

ကျွန်တော်တို့အနေနဲ့ သုခလို့ထင်တာတွေက အရိယာများအနေနဲ့ ဒုက္ခလို့မြင်တယ်၊ အဲဒီလို ဒုက္ခအရိယသစ္စာသိဖို့၊ သမုဒယအရိယသစ္စာ ဆိုတဲ့ တွယ်တာမှုဆိုတဲ့ တဏှာကို ပယ်ဖို့၊ ဒုက္ခအရိယ သစ္စာကို သိပြီးတော့ သမုဒယအရိယသစ္စာကို ပယ် နိုင်မှ နိရောဓအရိယသစ္စာ ဆိုတဲ့ မဂ်ဉာဏ်ကို မျက်မှောက်ပြုနိုင်ဖို့၊ရည်ရွယ်ပြီး အားထုတ်ဖို့ ကျွန်တော်တို့ ပြောခဲ့တယ်။

ဒုက္ခအရိယသစ္စာကို ဝိပဿနာ အားထုတ်ခြင်း အားဖြင့် ဘယ်လိုသိသလဲ၊ သမုဒယအရိယသစ္စာ ကို ဘယ်လို ပယ်မလဲ၊ ဝိပဿနာဉာဏ်အားဖြင့် သဘောပေါက်အောင်လို့ဒီလို ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ပြောတာ။

ဥဒယဗ္ဗယဉာဏ် အရင့်စား ရောက်သွားရင် ဖြစ်တဲ့ပျက်တဲ့ သဘောတရားတွေက မိမိရဲ့ စိတ် အာရုံက ဘယ်ဘက်ကို ညွှတ်သွားသလဲဆိုတော့ ပျက်တဲ့ဘက်ကို ညွှတ်သွားတတ်တယ်၊ ဘာတွေ

http://www.dhammadownload.com

မြင်မလဲ၊ ပျက်တဲ့သဘောတရားတွေပဲ မြင်တယ်၊ အာရုံတင်လိုက်၊ရှုလိုက်၊ ရှုလိုက်တာနဲ့ပျက်သွားတာတွေ့လိမ့်မယ်။ချုပ်သွားတာ တွေ့လိမ့်မယ်၊ ပျောက်သွားတာတွေ့လိမ့်မယ်၊အာရုံတင်လိုက်၊ ချုပ်သွားတယ် ပျောက်သွားတယ်၊ပျောက်သွားတယ်ဖြစ်တဲ့ဘက်ကို အာရုံမရောက်တော့ဘူး၊ ပျက်တဲ့ဘက်ကိုပဲအာရုံရောက်သွားတယ်။

ဥပမာ ဘယ်လိုပေးထားသလဲဆိုတော့ ပုဂ္ဂိုလ်တစ်ယောက်က သဲကမ်းပါးသောင်ပြင်ကြီးမှာ နေပြီးတော့ သဲတွေက ပြိုပြိုကျသွားသလိုပဲ၊ မိမိရဲ့ခန္ဓာတွင်းမှာ ဥဏှသွင်းပြီး ရှုတဲ့အခါကျရင် ပျက်နေတဲ့ ရုပ်သဘောတွေက ပျက်ပျက်သွားပါလား၊ အမြဲတမ်းကိုတစ်ချိန်လုံး မြန်မြန်ပျက်နေပါလားလို့၊ ပျက်တာတွေချည်း မြင်လိုက်မယ်၊တစ်ခါတလေကျတော့ တချို့ကပျက်တာကိုမြင်ပေမယ့် မသိတဲ့အခါလဲ ရှိသေးတယ်။

ဘယ်လိုမြင်ပေမယ့် မသိသလဲဆိုတော့ ဥပမာ ဒီမှာမြင်ပေမယ့် ရှုလိုက်တယ်၊ ရှုလိုက်တဲ့အခါကျတော့ သူတို့က ဘာပြောလဲဆိုတော့ ဒီကရှုလိုက်ရင် ဒီကနေ အောက်ဆင်းသွားတယ်၊ အဲဒီလိုပြောတယ်၊ အမှန်ကတော့ သူတို့ပျက်တာကို မမြင်ဘူး၊

http://www.dhammadownload.com

သန္တာတိအစဉ်က ခေါင်းထဲမှာ စွဲနေတော့ ဒီဟာလေးက ရွေ့သွားတယ်လို့ ထင်တယ်၊ အမှန်ကတော့ ရွေ့တာမဟုတ်ဘူး၊ ဒီမှာပျက်တဲ့ သဘောတရားလေးက ဒီမှာတင် ပျက်တယ်။

အဲဒီမှာ ပျက်တာလေးကို တွေ့ပေမယ့် ဆက်ကာဆက်ကာပျက်သွားတော့ သူ့အနေနဲ့ ဒါလေး ရွေ့သွားတယ်လို့ ထင်တာဖြစ်တယ်၊ ဥပမာ ဘာနဲ့တူသလဲဆိုတော့ မီးလုံးတွေကို ဆိုင်းတွေမှာ ဝိုင်းပြီး ထွန်းထားတယ်၊ ဒါပေမယ့် တစ်ကြိမ်ဖွင့်ရင် တစ်လုံးတည်းဖွင့်ထားတယ်။ ဒီတစ်လုံးဖွင့်ပြီးရင် ပိတ်တယ်။ နောက်တစ်လုံးက ဖွင့်ပြီးရင် ပိတ်တယ်။ ကြည့်လိုက်တဲ့အခါကျတော့ တစ်လုံးတည်း ရွေ့သွားနေသလို ထင်ရတယ်။အမှန်ကတော့ မီးတစ်လုံးတည်း ရွေ့သွားနေတာမဟုတ်ဘူး၊ မီးတစ်လုံးက သူ့နေရာတွင်ပွင့်ပြီးပိတ်သွားတယ်၊ နောက်တစ်လုံးက ပွင့်တယ်၊ ပိတ်တယ်၊ နောက်တစ်လုံးကဆက်ပွင့်တယ်၊ ပိတ်သွားတယ်၊ အဲဒီလို သူကလုပ်ထားတယ်၊ သန္တာတိအစဉ်က ဆက်သွားနေတယ်ထင်တယ်၊ အမှန်ကတော့ တစ်လုံးပြီး တစ်လုံးပိတ် သွားနေတယ်။

အဲဒီလိုပဲ ရုပ်နာမ်ခန္ဓာ ပျက်တာကို အဲဒီ

http://www.dhammadownload.com

သဘောတရားတွေနဲ့ မြင်တတ်တယ်။ အဲဒီလိုမြင်တဲ့အခါကျရင် အနိစ္စကိုသုံးသပ်ပြီးတော့ မမြဲလို့သာ ပျက်တာပဲ၊ ဒီကပျက်သွားပြီး ဒီကပျက်တာပဲဆိုပြီး သဘောပေါက်အောင် ရှုရမယ်၊ ဒါဘဂီဉာဏ်လို့ ခေါ်တယ်၊ ဘဂီဉာဏ်ကို ရောက်လာလို့ရှိရင် ရုပ်သဘောတရား၊ နာမ်သဘောတရားတွေဟာ ခဏလေးမှ မတည်ဘူး၊ပျက်တာဟာ အင်မတန်မြန်တယ်၊ အင်မတန်မြန်ပါလားလို့ အာရုံက မိလိုက်တာနဲ့ အာရုံက ဘယ်ကိုရောက်သွားလဲဆိုတော့ ရုပ်သဘောတရား၊ နာမ်သဘောတရားတွေအပေါ်မှာကြောက်တဲ့ သဘောတရားမျိုးရောက်သွားတယ်။ ရုပ်သဘောတရား၊နာမ်သဘောတရားတွေဟာကြောက်စရာကောင်းပါလားဆိုတော့ ဘယဉာဏ်ဆိုတာ ရောက်သွားတယ်။

ဘယဉာဏ်ဆိုတာ ဒီအခါကျတော့ ရုပ်သဘောတရားတွေဟာတစ်ချိန်လုံးပျက်နေတာကြောင့် မိမိစိတ်ထဲမှာဉာဏ်ထဲမှာဘယ်လိုထင်လာသလဲဆိုတော့အန္တရာယ်သဖွယ်ရှိတဲ့သဘောတရားတွေပဲ၊ ဘေးအန္တရာယ်ရှိတဲ့ သဘောတရားတွေပဲဆိုပြီးတော့အဲဒီလို ရုပ်သဘောတရားပေါ်မှာ ဘေးအန္တရာယ်၊ နာမ်သဘောတရားပေါ်မှာ ဘေး

http://www.dhammadownload.com

အန္တရာယ် တွေနဲ့ပါလားဆိုပြီးမြင်လာတယ်၊အဲဒီလို မြင်လာရင် ဒီဉာဏ်ကကျွန်တော်တို့ကို ဘာ အထောက်အကူပေးသလဲဆိုတော့ကျွန်တော်တို့မှာ ဘာ သညာကစွဲနေသလဲ ဆိုတော့အ,ဘယသညာ စွဲနေတတ်တယ်။

ဘေးမရှိဘူးဆိုတဲ့သညာလေး စွဲနေတယ်၊ ဘယ်လိုဘေးမရှိဘူးလဲဆိုတော့ ကျွန်တော်တို့အနေ နဲ့ သေရမှာပဲ၊လူရယ်လို့ဖြစ်လာရင် သေရမှာပဲ သိတယ်၊ ဒါပေမယ့် ငါတော့ ယခု မသေသေး ပါဘူး၊ အန္တရာယ် မရှိသေးပါဘူး၊ အဲဒီလို အစွဲ အလမ်း ရှိတယ်၊အမှန်တော့ မရဏတရားဆိုတာ အချိန်မရွေး အရွယ်မရွေး လာတတ်တယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ လက်တွေ့ဆိုလို့ ရှိရင် အင်မတန်မှ တရားအားထုတ်တဲ့ ပုဂ္ဂိုလ် တစ်ယောက် အမေရိကန်က ဖေဖော်ဝါရီလက ဒီကိုရောက်လာတယ်၊ အဲဒီပုဂ္ဂိုလ်က မနေ့တစ်နေ့ ကမှ သိရတယ်၊ အမေရိကန်မှာ ဒီဇင်ဘာလ (၂၀) ရက်နေ့ကပဲ လေယာဉ်ပျံစီးသွားရင်းနဲ့ လေယာဉ်ပျံ ပျက်သွားလို့ အနိစ္စရောက်တယ်ဆိုတော့ ဘေး အန္တရာယ်ဆိုတာ မပြောနိုင်ဘူး၊ဒီပုဂ္ဂိုလ်အနေနဲ့ လေယာဉ်ပေါ်တက်တုန်းက အန္တရာယ်ရှိတယ်၊

http://www.dhammadownload.com

သေမယ်ဆိုတာသိရင် ဘယ်တက်ပါ့မလဲ၊ သူ့အနေနဲ့ အန္တရာယ်မရှိဘူးဆိုပြီး တက်သွား တာ၊ဖြစ်တဲ့ကံက ဝင်လာတဲ့အခါကျတော့သူ့မှာဘဝချုပ်သွားတယ်။အဲဒီလိုကံနဲ့ ပတ်သက်ပြီး ရှိပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သီရိဓမ္မာသောကမင်းကြီးရဲ့ ညီတော် တိဿမင်းသားဟာရဟန်းတော်တွေကို ကဲ့ရဲ့တယ်တဲ့၊ ရဟန်းတော်တွေဟာ သူများတွေဆီက ဆီဦးထောပတ်တွေ ချက်ပြုတ်ကျွေးတာ စားသောက်ပြီးတော့စည်းစိမ်ယစ်နေတဲ့ သဘောတွေနဲ့ အပြစ်တင်တဲ့သဘောပြောတယ်၊ ပြောတော့ သူ့နောင်တော်ဘုရင်ကဘာပြောလဲဆိုတော့ သင်ဟာငါ့ရဲ့မင်းစည်းစိမ်ကို (၇) ရက် ခံစားလိုက်၊မင်းစည်းစိမ်ဟာ အင်မတန်ချမ်းသာတယ်။ (၇) ရက်ခံစားပြီးနောက်ကို (၇)ရက်မြောက်တဲ့နေ့ကျရင် မင်းကိုငါသတ်မယ်ဆိုပြီးဖယ်ပေးလိုက်တယ်။

မင်းစည်းစိမ်နဲ့နေဆိုပြီးပေးလိုက်တယ်။ (၇) ရက်မြောက်တဲ့ နေ့ကျတော့ သူ့ကို မေးတယ်၊ ဘယ့်နယ့်လဲ(၇)ရက်မင်းစည်းစိမ်ခံစားရတာ ပျော်ရဲ့လား၊ ဘယ်ပျော်နိုင်ပါ့မလဲ၊ (၇)ရက်မြောက်တဲ့နေ့မှ သေမယ်ဆိုတာ သိတယ်၊ ဘယ်ပျော်နိုင်

http://www.dhammadownload.com

ပါ့မလဲ၊အေးမင်းဟာ(၇)ရက်မြောက်တဲ့နေ့မှာ သေမယ်ဆိုတာ သိတယ်၊မင်းဟာ (၇)ရက် ရှိသေးတယ်၊ ရဟန်းတော် အရှင်သူမြတ်တွေက ရုပ်နာမ်သဘောတရားဆိုတာ အချိန်မရွေး အခါမရွေး သေနေတယ်ဆိုတာ အမြဲတမ်းသိနေတယ်၊ သိနေတော့ ဘယ်လို ဆီဦးထောပတ်တွေ ကျွေးကျွေး သူတို့က ဒါကို အရသာ ခံစားနေတာ မဟုတ်ဘူးဆိုတာပြောတယ်။

ဘယဉာဏ်ဆိုတာက အ,ဘယသညာဆိုတဲ့ ကျွန်တော်တို့မှာရှိတဲ့ ဘေးအန္တရာယ် မရှိဘူးဆိုတဲ့ အစွဲအလမ်းကို သူကဖြုတ်ပေးတာ၊ ဘေးအန္တရာယ် ရှိတယ်၊ ရုပ်သဘောတွေ၊ နာမ်သဘောတွေဆိုတာ အမြဲတမ်းပျက်နေတယ်၊ ပျက်တဲ့အတွက်ကြောင့် ဘေး အန္တရာယ်သဖွယ် ဖြစ်ပါလားဆိုတဲ့ ဉာဏ်ထဲမှာ ထင်လာတယ်၊ ဘေးအန္တရာယ်သဖွယ် ရှိပါလား ဆိုတာဉာဏ်ထဲမှာ ထင်လာရင် ကိုယ်မှာရှိတဲ့ အ,ဘယသညာကိုပါ ပယ်ပစ်တယ်။

ဘယဉာဏ်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေက ပျက်နေတယ်၊ ပျက်တဲ့ဘက်က များနေတယ်၊ ပျက်တာတွေကလဲ ဘေးအန္တရာယ်သဖွယ်ဖြစ်လာတယ်ဆိုတော့အဲဒီလိုအခါမှာ ဘာဉာဏ်ဝင်လာလဲဆိုတော့

http://www.dhammadownload.com

ရုပ်နာမ်ခန္ဓာတွေကဖြစ်ပြီး ပျက်နေရင် ရုပ်နာမ်သဘောတွေကနှစ်သက်ဖွယ်ရာသဘောမဟုတ်ပါလား၊ဒီဟာတွေဟာစက်ဆုပ်ဖွယ်သဘောတွေပါလား၊ ငြိတွယ်စရာမဟုတ်ဘူးဆိုပြီး ဉာဏ်ထဲမှာသက်ဝင်လာတယ်တဲ့။

အဲဒီလို ရုပ်နာမ်သဘောတရားတွေက နှစ်သက်ဖွယ်ရာမရှိဘူး၊ ဒီလိုပျက်စီးနေတာဟာ စက်ဆုပ်ဖွယ်ရာတွေဆိုတဲ့ဉာဏ် ဝင်လာရင် ကျွန်တော်တို့မှာဘာသညာ ဘာစွဲပြုတ်မလဲဆိုတော့ သုဘသညာပြုတ်သွားမယ်။

သုဘသညာဆိုတာ မိမိကိုယ်ကို နှစ်သက်တာ၊ နှစ်သက်တဲ့သဘောတရား၊ ကိုယ့်ခန္ဓာကိုယ်ကြီးက နှစ်သက်ဖွယ်ရာလို့ စွဲလမ်းတာ ရှိကြတာပေါ့။ အဲဒီလို အစွဲအလမ်းကို ဖြုတ်ပေးတယ်၊ ရုပ်နာမ်ခန္ဓာရဲ့အပေါ်မှာ ဒုက္ခကို သူပြခဲ့တယ်။ဘေးအန္တရာယ် ဆိုတာပြခဲ့တယ်၊ဘေးအန္တရာယ်ဖြစ်တဲ့အတွက်ကြောင့် နှစ်သက်ဖွယ်ရာ မရှိဘူးဆိုတဲ့ သမုဒယပယ်ဖို့ကို ပြခဲ့တယ်၊ သမုဒယဆိုတာ မရှိသင့်ဘူးဆိုတာကို ပြခဲ့တယ်။

အာဒီနဝဉာဏ် ဆိုတဲ့ ရုပ်နာမ်ခန္ဓာဟာ နှစ်သက်ဖွယ်ရာ မရှိဘူး၊ စက်ဆုပ်ဖွယ်ရာသဘော

http://www.dhammadownload.com

တရားပဲ၊ သုဘမဟုတ်ဘူး၊ အ,သုဘဆိုတဲ့ ဉာဏ်သက်ဝင်လာတယ်။ ဉာဏ်သက်ဝင်လာတဲ့အခါမှာ အာဒီနဝဉာဏ်ကိုရောက်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဘာဆက်ရှုရမလဲဆိုတော့ ရူပ်နာမ်ခန္ဓာဟာမမြဲဘူးဆိုတာပဲ ဆက်ရှုရမယ်၊ အနိစ္စသဘောတရားနဲ့ ထင်ရင် အနိစ္စဆက်ရှုရမယ်၊ ဒုက္ခသဘောတရားနဲ့ ထင်ရင် ဒုက္ခဆက်ရှုရတယ် အနတ္တသဘောတရားနဲ့ထင်ရင် အနတ္တဆက်ရှုရတယ်၊ ပိုပြီးတော့ကောင်းတာကတော့ အနိစ္စကို သန့်သန့်ကြီးရှုသွားရင် ဒုက္ခကလဲသူ့ဟာသူ မြင်လာမှာပဲ၊ အနတ္တကလဲ သူ့ဟာသူ မြင်လာမှာပဲ။

အဲဒီလို အနိစ္စကို ရှုသွားရင် ဘယ်ကိုရောက်လာလဲဆိုတော့ စက်ဆုပ်ဖွယ်ရာပဲ၊ နှစ်သက်ဖွယ် မရှိဘူးဆိုတဲ့ အာဒီနဝဉာဏ်ကိုရောက်လာရင် ဘယ်ကိုဆက်သွားလဲဆိုရင် မမြဲတဲ့သဘောတရားတွေဟာ ငြိတွယ်စရာမရှိဘူးဆိုပြီး မိမိစိတ်ထဲမှာ ဒီရုပ်တွေ နာမ်တွေဟာ ပြတ်တယ် မရှိဘူး၊ ဗျက်ပြီးရင်း ပျက်နေတာပဲ၊ ပျက်တဲ့သဘောတရားတွေဟာ အင်မတန်မြန်တယ်၊ အဲဒီလို မြန်တဲ့အတွက် အချိန်ကာလမရွေးသူဟာ အန္တရာယ်သဖွယ် အမြဲတမ်းပျက်နေတယ်။ အန္တရာယ်သဖွယ် အမြဲတမ်းပျက်

http://www.dhammadownload.com

နေတဲ့အတွက်ကြောင့်သူ့ကို တပ်မက်စရာမရှိဘူး၊ နှစ်သက်ဖွယ်ရာ မဟုတ်ဘူးဆိုပြီး ဒီဟာပေါ်မှာ ငြီးငွေ့လာတယ်၊ ဒီဟာကိုတော့ပါဠိလို ဘာခေါ်လဲဆိုတော့ နိဗ္ဗိဒါဉာဏ် ခေါ်တယ်။

ယောဂီပုဂ္ဂိုလ်တွေအနေနဲ့ထိုင်တဲ့အခါမှာတစ်ခါတလေငြီးငွေ့ရုံတင်မကဘူး၊ ထိုင်ရတာပျင်းတဲ့စိတ်တွေဖြစ်လာတယ်၊ထိုင်နေရင် ဒုက္ခဝေဒနာကလဲ မတွေ့တော့ဘူး၊ ဒုက္ခဝေဒနာတွေ့ရင်မငြီးငွေ့ဘူး၊ဒုက္ခပေါ်မှာအာရုံမှီပြီးရှုတာ၊ငြီးငွေ့ဖွယ်ရာဖြစ်လာတာ၊ သိမ်သိမ်မွေ့မွေ့လေးဖြစ်လာပြီး၊ သူဟာမပြီးနိုင်ဘူး၊ ဆုံးလဲ မဆုံးနိုင်ဘူး၊ တစ်ချိန်လုံးဖြစ်ပျက်နဲ့သွားနေတာ၊မြင်လာရတော့ကြာကြာရှုရတာငြီးငွေ့လာတယ်။

အဲဒီမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က ဘာလိုလဲဆိုတော့ မိမိရဲ့ဝိရိယကို ပိုပြီးတော့စိုက်ထုတ်ပေးရမယ်။ သတိကို ပိုပြီးတော့ ကပ်ပေးရမယ်၊ အဲဒီလိုလုပ်ပြီးတဲ့အခါကျရင်ဘာဖြစ်လာလဲဆိုတော့ ဒုက္ခတွေပြန်ပေါ်လာတတ်တယ်။

ပြန်ပေါ်ပြီးတော့ ဘယ်ကိုရောက်လာလဲဆိုတော့ဒီသဘောတရားတွေက နှစ်သက်ဖွယ်ရာမရှိဘူး ဆိုတာလဲ သိသွားပြီ၊ ငြီးငွေ့ဖွယ်ရာဆိုတာလဲ

http://www.dhammadownload.com

သိသွားပြီ၊ သူတို့က ဖောက်ပြန်လာပြီဆိုတာ တွေ့တော့၊ ဒီရုပ်တရား၊နာမ်တရား၊ သစ်ါရတရားတွေက လွတ်မြောက်ချင်တဲ့စိတ်မျိုးဖြစ်လာတယ်၊ ဒီသဘောတရားတွေကနေ လွတ်ချင်တယ်၊ လွတ်ရာကိုရှာတဲ့ သဘောတရားမျိုး၊ ရှာချင်တဲ့စိတ်မျိုးဖြစ်လာတယ်။

အဲဒီလိုစိတ်မျိုး ဖြစ်လာတယ်၊ အဲဒီလိုစိတ်မျိုးဖြစ်လာတာကို မုဠိတုကမျတာဉာဏ် ခေါ်တယ်၊ ထွက်ပေါက်ရှာချင်တဲ့စိတ်၊ ထွက်ပေါက်ရှာတဲ့စိတ်၊ ရုပ်နာမ်သစ်ါရကနေ လွတ်ရာလွတ်ကြောင်း ရှာလိုတဲ့စိတ် ဖြစ်လာတယ်၊ ဖြစ်တဲ့အခါကျတော့ ဘာလုပ်ရမလဲဆိုတော့ မိမိကိုယ်ကို မိမိပြန်ပြီး ဆုံးမရတယ်။

မြတ်စွာဘုရားက ဟောထားတာ ဒီတစ်လမ်းပဲ ရှိတယ်၊ ရုပ်နာမ်သစ်ါရက လွတ်မြောက်ချင်ရင် ရုပ်နာမ်ပေါ်မှာပဲ သူတို့ရဲ့ သဘောတရားတွေကိုပဲ ပိုပြီးသိအောင် ဆက်ရှုရမယ်၊ သူတို့ရဲ့လက္ခဏာကိုပဲ ရှုရမယ်။ သူတို့လက္ခဏာဆိုတာက ဘာကို ရှုရမလဲ၊ အနိစ္စ၊ဒုက္ခ၊ အနတ္တပဲ ပြန်ရှုရတယ်၊ အနိစ္စကို ပိုပြီး ဉာဏ်ထဲမှာရှင်းသည်ထက်ရှင်းအောင် ဖြစ်တဲ့ ပျက်တဲ့သဘော၊ မမြဲတဲ့သဘော၊

http://www.dhammadownload.com

ဖောက်ပြန်တဲ့သဘော၊ တည်ငြိမ်မှုမရှိတဲ့သဘော အမျိုးမျိုးပေါ့လေ၊ ဆင့်ကာဆင့်ကာရှုရမယ်။

တစ်ခါတလေရှုတဲ့အခါမှာ အနိစ္စကာလအားဖြင့် ပိုင်းခြားပြီးရှုရမယ်။ ကာလအားဖြင့် ပိုင်းခြားရှုတယ်ဆိုတာက မိမိရှုနေတဲ့ အခိုက်အတန့်လေးမှာ ပဲရှိပါလား၊ အခိုက်အတန့်လေးက လွန်သွားရင် မရှိတော့ဘူး၊ ယခု ကိုယ်ရှုနေတဲ့ဟာ အသစ်ပါလား၊ အဲဒီအသစ်ကလေးက ရှုနေတဲ့ အခိုက်အတန့်ပဲရှိပါလား၊ ဒါအသစ်ပါလားဆိုပြီးတော့လဲ ကာလပိုင်းခြားပြီးတော့အနိစ္စရှုရတယ်၊ နောက်ဖြစ်တဲ့ရုပ်က မပေါ်သေးဘူး၊ခုနက ဖြစ်တဲ့ရုပ်က ချုပ်သွားပြီး လတ်တလောပဲ ရှိတယ်။

ပစ္စုပ္ပန်တည့်တည့်လေးပဲ ရုပ်နာမ်ခန္ဓာကရှိပါလား၊ပစ္စုပ္ပန်တည့်တည့်လေး လွတ်သွားတာနဲ့ ဒီခန္ဓာတွေဟာ မရှိတော့ဘူး၊ နောက်ခန္ဓာတွေ ပေါ်လာပြီဆိုပြီး အဲဒီလို အနိစ္စကို ရှုရတယ်၊ အဲဒီလို အနိစ္စကိုအဖန်တလဲလဲ ရှုနိုင်ရင် မုဠိတုကမျတာ ဉာဏ်ကနေဘယ်ရောက်သွားလဲ ဆိုတော့ ပဋိသန္ဓိဉာဏ်ကို ရောက်တယ်တဲ့၊ ပဋိသန္ဓိဉာဏ်ဆိုတာက တခြားတော့မဟုတ်ပါဘူး။ ရုပ်တို့ရဲ့ လက္ခဏာကို ပိုပြီးထင်ရှားသည်ထက် ထင်ရှားလာတယ်။

http://www.dhammadownload.com

ထိုင်တဲ့အခါ ဘာဖြစ်တတ်သလဲဆိုတော့ ခံစားမှုအားဖြင့် တချို့ပုဂ္ဂိုလ်တွေကျတော့ ပူလာတယ်၊ တစ်ကိုယ်လုံး ပူလာတယ်၊ တချို့များတော်တော် ပူတယ်။ ပူလာတဲ့သဘောက ဘာလဲ ဆိုတော့ တေဇော လွန်ကဲလို့၊ တေဇောသတ္တိကရုပ်တရားကို ရင့်ကျက်စေတဲ့သဘောတရား၊ လောင်ကျွမ်းစေတဲ့ သဘောတရား သူ့မှာ ပါတယ်။

ရုပ်သဘောတရားက ပထဝီက အမာခံသဘောတရားပေးလိုက်တယ်၊ အာပေါက ဖွဲ့စည်းပေးလိုက်တယ်၊ ဝါယောကထောက်ခံပေးလိုက်တယ်၊ တေဇောကရင့်ကျက်စေတယ်၊ ချုပ်ဆုံးစေတယ်၊ အဲဒီတော့ ပူတဲ့ သဘောတရားလေး ဝင်လာတဲ့အခါကျ ကျွန်တော်တို့ဆရာကြီးရှိတုန်းကဆိုရင်၊ သိပ်ပူလာပြီဆိုရင် သာရု ခေါ်တယ်။

ဘာကြောင့်လဲဆိုတော့ သိပ်ပူလာတဲ့အခါကျရင် ပညတ်က တော်တော်ပါးသွားတယ်။ ပူတဲ့ သဘောတရားထဲမှာ အပူကို ရှုနေပြီဆိုရင် ပုံပန်းသဏ္ဌာန်နဲ့ရှုလို့မရတော့ဘူး၊ အစိုင်အခဲသဘောမျိုးနဲ့လဲ ရှုလို့မရတော့ဘူး၊ အစိုင်အခဲ ဘယ်လိုမှ မြင်လို့မရဘူး၊ သုဘဆိုတဲ့ တင့်တယ်တဲ့ သဘောနဲ့လဲ မရတော့ဘူး၊ ပူတာကမတင့်တယ်ဘူး၊ သူဟာ

http://www.dhammadownload.com

ဘာအစဉ်လေးရှိလဲဆိုတော့ သန္တာတိအစဉ်လေး ရှိတယ်၊ ပူတာက တစ်ရှိန်ထိုးပူနေတယ်၊ သန္တာတိ အစဉ်လေးကို ပူတာက တိုးလာလိုက်။ လျော့ သွားလိုက်၊ ဒါလေးကို မှတ်နေရင်၊ အနိစ္စနဲ့ဖြတ် နေရင်၊ အနိစ္စဉာဏ်နဲ့ရှုနေရင် ပူတဲ့ဟာ တဖြည်း ဖြည်းလျော့ပါးသွားပြီး ငွေ့ငွေ့လေးဖြစ်လာတယ်၊ တစ်ကိုယ်လုံးပူတာမျှလေး ဖြစ်လာတယ်။

ကျွန်တော်တို့ ဒီမှာ သြစတြေးလျှလူမျိုးတစ် ယောက် လာထိုင်တုန်းက ဘယ်လောက်တောင် ပူသလဲဆိုတော့ ဆရာကြီးရှိတုန်းကပါ၊ ည (၁၀) နာရီလောက်ရှိပြီ၊ အပေါ်က ရှပ်အင်္ကျီ ဘာမှမရှိဘူး၊ ဆရာကြီးက တွေ့သွားတော့ ဘာဖြစ်နေလဲသွား ကြည့်စမ်းဆိုလို့ သွားကြည့်တော့ ပူလွန်းလို့တဲ့၊ ဒါနဲ့ ဆရာကြီးက တရားခန်းထဲ ခေါ်သွားတယ်၊ အပူဓာတ်တွေလာတတ်တယ်၊ ဒါမှမဟုတ်ရင်လဲ ရှုရင်းရှုရင်း ခန္ဓာကိုယ်မှာ ခံစားမှုလေးနဲ့ ညက် ညက်ညောညော ဖြစ်တတ်တယ်။

အဲဒီအခါကျရင်လဲ ရှုလိုက်ရင် အတွင်းကို မျှားမျှားစိုက်ပြီး ထိုးဖောက်လို့ရတယ်၊ ကိုယ့် ဟာကိုယ်သိပါတယ်၊ ပဋ္ဌိသခ်ိဉာဏ်ကနေ ဘယ် ရောက်သွားလဲဆိုတော့ သခ်ိရုပေကွာဉာဏ်ကို

http://www.dhammadownload.com

ရောက်သွားတယ်၊သစ်ါရုပေကွာဉာဏ်ဆိုတာ ရုပ်နာမ်သစ်ါရကို အညီအမျှ ရှုနိုင်သွားတဲ့ သဘောတရားကို သစ်ါရုပေကွာဉာဏ်လို့ ခေါ်ပါတယ်။

သစ်ါရုပေကွာဉာဏ်ရောက်သွားရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ ဘယ်လိုဖြစ်သလဲဆိုတော့တဲ့ ရုပ်နာမ်ပေါ်မှာ ကြောက်တဲ့စိတ် ကင်းဝေးတယ်။ရုပ်နာမ်ခန္ဓာပေါ်မှာ တွယ်တာတဲ့စိတ်လဲ မရှိတော့ဘူး၊နှစ်သက်တဲ့စိတ်လဲ မရှိတော့ဘူး၊ နောက်ပြီးတော့ဖြစ်မှုပျက်မှုတွေက အညီအမျှဖြစ်သွားတယ်။

ကျွန်တော်တို့ တရားထိုင်ခါစဆိုရင် အညီအမျှ မဖြစ်ဘူး၊ ပူတဲ့နေရာက ပူမယ်၊ အေးတဲ့နေရာကအေးမယ်၊ ကိုက်တဲ့နေရာက ကိုက်မယ်၊ လှုပ်တဲ့နေရာက လှုပ်မယ်၊ ဒီအခါကျတော့မဟုတ်ဘူး၊ အညီအမျှသူ့ဟာနဲ့သူ တစ်ကိုယ်လုံး ညီညီမျှမျှ သိကာမျှလေး၊ငွေ့ငွေ့လေးလောက်ပဲရှိတယ်၊ ဒီပြင်လိုသဘောမျိုးနဲ့ရှုလိုက်ရင်လဲ သိမ်သိမ်မွေ့မွေ့လေး အညီအမျှဖြစ်နေတယ်၊ ပြီးတော့ ကြောင့်ကြစိုက်ပြီး မရှုရတော့ဘူး၊ ကြောင့်ကြစိုက်ပြီး ရှုရသလား။ သူက ကြောင့်ကြစိုက်ပြီး မရှုရတော့ဘူး။ သူ့သဘာဝလေးနဲ့ ဖြစ်နေတာက အညီ

http://www.dhammadownload.com

အညွတ်လေး ရှုတတ်သွားတယ်၊ ဖြစ်တဲ့ပျက်တဲ့ သဘော၊ ဒုက္ခသဘော၊ အနိစ္စသဘောလေးကို အညီအမျှ ရှုတတ်သွားတယ်။

အဲဒီအခါမျိုးမှာ ဒုက္ခဒဏ်ချက်က မပေါ်တော့ဘူး၊ ဒုက္ခဒဏ်ချက်ပေါ်လာရင်လဲ သူ့စိတ်ကို မထိခိုက်ဘူး၊ သူအညီအမျှထားနိုင်တယ်၊ အဲဒီလို အခြေအနေမျိုးရောက်လာရင် ကြောက်တဲ့စိတ်မရှိတော့ဘူး၊ ရုပ်နာမ်ခန္ဓာအပေါ်မှာ တွယ်တာတဲ့ စိတ်မရှိဘူး။ သိပ်ပြီးတော့ကြောင့်ကြစိုက်ပြီး မရှုရဘူး၊ သူ့အရှိန်နဲ့သူ ကြာကြာသွားတယ်၊ ဒုက္ခ ဒဏ်ချက် မရှိတော့ဘူး။ ငြိမ်ငြိမ်သက်သက် သမာဓိ မလွတ်တမ်း ရှုသွားနိုင်တယ်၊ ဒီလိုငြိမ်ငြိမ်သက် သက် ဖြစ်လာရင် သစ်ါရုပေက္ခာဉာဏ်ရဲ့ လက္ခဏာ ပဲတဲ့။

သမာဓိလဲကောင်းတယ်၊ ပညာကလဲ ကောင်း တယ်၊ ပညာနဲ့သမာဓိ ညီမျှတယ်၊ သမာဓိလွန်ကဲ လဲမရဘူး၊ ပညာလွန်ကဲလဲ မရဘူး၊ ပညာလွန်ကဲ ရင် စဉ်းစားတဲ့အပိုင်း ရောက်သွားတယ်၊ စဉ်းစား တာ မဟုတ်ဘူး။ ထိတွေ့မှုအပေါ်မှာ အမှန်မိမိခံစား မှုအပေါ်မှာမှီပြီးတော့သုံးသပ်တာ၊ အဲဒီအခါကျ တော့ သစ်ါရုပေက္ခာဉာဏ်ဆိုတာ ဝိပဿနာဉာဏ်၊

http://www.dhammadownload.com

လောကီအာရုံမှာတော့ အထွက်အထိပ်ပဲ။

သခ်ါရပေက္ခာဉာဏ် လွန်သွားခဲ့ရင် အနုလောမ ဉာဏ်ကို ရောက်တယ်၊ အနုလောမဉာဏ်ဆိုတာ ရုပ်နာမ်သခ်ါရအကြောင်းကို သိသွားလို့ ရုပ်နာမ် သခ်ါရဖြစ်ပျက်မှု ၊ ဒုက္ခသစ္စာဆိုတာ သူသိသင့် သလောက်သိသွားပြီ၊ သမုဒယသစ္စာကို ပယ် သင့်သလောက် ပယ်သွားပြီဆိုတော့ ဘယ်ကိုအာရုံ ပြုထားသလဲ ဆိုတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို အာရုံပြုဖို့ အားယူတယ်၊အားယူတဲ့အချိန်မှာ အနု လောမဉာဏ်ကို ရောက်သွားတယ်။

ဆရာကြီးရှိစဉ်က ဥပမာလေး ပေးထားတာ ရှိတယ်။ ဘာနဲ့ပေးထားသလဲဆိုတော့ အနုလောမ ဉာဏ်ဆိုတာ ပင်လယ်သမုဒ္ဒရာထဲမှာ လှေနဲ့ သဘော်ဘန့်သွားတဲ့အခါ ကမ်းထောက်ဌက်ဆိုတာ ရှိတယ်တဲ့၊ တိုင်ထိပ်ပေါ်မှာ နားပြီးတော့ ကမ်းနဲ့ နီးတဲ့အခါ ပျံသန်းကြည့်တယ်၊ ကမ်းရောက်အောင် မပျံနိုင်သေးဘူးဆိုရင် သဘော်ဘကို ပြန်လာတယ်၊ ကမ်းကိုရောက်အောင် ပျံနိုင်တယ်အခြေအနေမျိုးရှိရင် သဘော်ဘကို ပြန်မလာတော့ဘူးတဲ့၊ကမ်းဘက်ကို ကူးသွားတယ်။ အနုလောမဉာဏ်ဆိုတာလဲ အနိစ္စ ကို ရှုရင်း ရှုရင်းနဲ့ လောကုတ္တရာဘက်ကို ကူးနိုင်

http://www.dhammadownload.com

တဲ့ သမာဓိအားကို ဒီနေရာမှာ အားယူတယ်တဲ့၊ သမာဓိပညာနဲ့ အားယူပြီး ရတာနဲ့ရှိရင်နိဗ္ဗာန်ဘက်ကို အာရုံနဲ့စမ်းတယ်၊ လွှတ်ကြည့်တယ်၊ လွှတ်ကြည့်တော့ ရုပ်နာမ်သစ်ါရ ချုပ်သလား၊ မချုပ်ဘူးလား၊ မချုပ်ရင် ပြန်ကြိုးစားရတယ်၊ ကြိုးစားရတော့အနိစ္စနဲ့ပဲ ပြန်တင်တယ်။

ဒီလိုအခါကျတော့ ကျွန်တော်တို့ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တမှာ အနိစ္စသန်တဲ့ပုဂ္ဂိုလ်က အနိစ္စနဲ့ပဲ အာရုံယူတယ်၊ဒုက္ခသန်တဲ့ပုဂ္ဂိုလ်က ဒုက္ခနဲ့ပဲ အာရုံယူတယ်၊ အနတ္တသန်တဲ့ပုဂ္ဂိုလ်က အနတ္တနဲ့ပဲ အာရုံယူတတ်တယ်၊ ယူပြီးတော့ အနုလောမဉာဏ်ကို ရောက်တယ်၊ အနုလောမဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ထဲမှာ လောကီအာရုံဘက်က သူက အကြီးဆုံးပဲ၊ အဲဒီကနေ လွတ်သွားရင် ပဋ္ဌိသစ်ါဉာဏ်မဟုတ်တော့ဘူး၊ဘယ်ဉာဏ်ကို ရောက်သွားလဲ ဆိုတော့ ဉာဏဒဿနဝိသုဒ္ဓိကို ရောက်သွားတယ်၊ ဂေါတြဘူဉာဏ်ကိုရောက်သွားတယ်တဲ့။

ဂေါတြဘူဉာဏ်ဆိုတာကရုပ်နာမ်သဘောတရားကို သိပြီးတော့ ပုထုဇဉ်ဘဝကနေ အရိယာဘဝကို ပြောင်းသွားတဲ့ အခိုက်အတန့်လေးကို ခေါ်တယ်၊ ဂေါတြဘူပြီးရင် ဘာလာလဲ ဆိုတော့

http://www.dhammadownload.com

မဂ်ဉာဏ်ဆိုတာလာတယ်၊ မဂ်ဉာဏ်ဆိုတာက ဉာဏ်ပဲ၊ ပထမဉာဏ်က သောတာပတ္တိမဂ်ဉာဏ်၊သောတာပတ္တိမဂ်ဉာဏ် ဆိုလို့ရှိရင် သူ့အနေနဲ့ ဘာသိသွားလဲ ဘာပြတ်သွားလဲဆိုတော့ သက္ကာယ ဒိဋ္ဌိပြတ်သွားတယ်၊ သက္ကာယ ဒိဋ္ဌိမရှိတော့ဘူး၊ ငါဆိုတဲ့သက္ကာယသူ့မှာ မရှိတော့ဘူး၊ ဝိစိကိစ္ဆာဆိုတဲ့ ဘုရား၊ တရား၊သံဃာပေါ်မှာ ယုံမှားသံသယစိတ် မရှိတော့ဘူးတဲ့။

သီလဗ္ဗတပရာမာသ ဆိုတဲ့ မှားယွင်းသော အကျင့်တွေမရှိတော့ဘူး၊ သုံးပါးပြတ်သွားပြီ၊ ပထမမဂ်ရတာနဲ့တစ်ပြိုင်နက် ပြတ်သွားတယ်၊ မဂ်ဉာဏ်ကိုရသွားတာနဲ့ မဂ်ဖောကို ရသွားတော့ ပြတ်တဲ့တစ်ခဏလေးပဲ၊ မဂ်ဖောရတာနဲ့ ဘယ်ကို ကျသွားလဲ၊ မဂ်ရဲ့အကျိုးဖြစ်တဲ့ ဖိုလ်ဖောကျသွားတယ်၊ ဖိုလ်ဖောကျသွားပြီးတာနဲ့ တစ်ပြိုင်နက် **ပစ္စဝေက္ခဏာဉာဏ်**ဖြစ်တယ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုတာက ခုနပြောသွားတဲ့ဟာလေးကို ပြန်သုံးသပ်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့အချိန်မှာ သိမှုလေးလဲရှိတယ်၊ သို့သော်လဲ ဘယ်လိုသဘောတရားနဲ့ ဖြစ်တယ်ဆိုတာ ဖိုလ်ဖောက ပြန်ထလာတဲ့အခါ သုံးသပ်တဲ့ဉာဏ်ကိုပစ္စဝေက္ခဏာဉာဏ်ခေါ်တယ်။

http://www.dhammadownload.com

ဂေါတြဘုကနေပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကျတယ်၊ အဲဒီပစ္စဝေက္ခဏာဉာဏ်အထိဖြစ်တာကို ဉာဏဒဿနဝိသုဒ္ဓိခေါ်တယ်၊ ဝိသုဒ္ဓိ(၇)ပါးကို တရားအားထုတ်ရင်းနဲ့ အရိယသစ္စာလေးပါးကို ဘယ်လိုလုပ်ပြီး သိနိုင်သလဲ၊ ဒုက္ခသစ္စာကို ဘယ် အထိသိနိုင်သလဲ၊သမုဒယသစ္စာကို ဘယ်အထိ သိနိုင်သလဲ၊ ပယ်နိုင်သလဲဆိုတာ သဘောပေါက် အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့က ပြောပြ တယ်။

ဒီကာလကလဲတရားအားထုတ်မှရတဲ့ကာလ၊ ပုဂ္ဂိုလ်ဆိုတာ လေးမျိုးရှိတယ်၊ ဥဃ္ဃဋိတညူပုဂ္ဂိုလ် တစ်မျိုး၊ ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဆိုတာကတော့ မြတ်စွာ ဘုရားလက်ထက်တော်ကရှင်သာရိပုတ္တရာတို့လို တရားတော်ကို ကျဉ်းချုပ်ကလေး တစ်ပိုဒ်၊ တစ် ဂါထာလေး နာကြားလိုက်တာနဲ့ ဉာဏ်ပွင့်သွား တယ်၊ ဉာဏ်ပွင့်သွားတော့သောတာပန်ဖြစ်သွား တယ်၊ နောက်တစ်မျိုးကတော့ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ မြတ်စွာဘုရားရဲ့ တရားတော်ကို နာတဲ့အခါမှာ ကျွန်တော်တို့လို တရားအားမထုတ်ရဘူး၊ အကျဉ်း ရော အကျယ်ရော ဟောလို့၊ နာရလို့သုတမယ ဉာဏ် စိန္တာမယဉာဏ်နဲ့ သုံးသပ်စဉ်းစားရုံနဲ့

http://www.dhammadownload.com

ဘာဝနာမယဉ္ဇဏ်နဲ့ အရိယာဖြစ်သွားတယ်၊ အဲဒီ ပုဂ္ဂိုလ်(၂)မျိုးကတော့ လယ်တီဆရာတော်ကြီးက ခေတ်ကုန်သွားပြီ မရှိတော့ဘူးတဲ့။

ယခုရှိတဲ့ ပုဂ္ဂိုလ်ကတော့ နေယျပုဂ္ဂိုလ်နဲ့ ပဒပရမပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးက တော့ဒီဘဝမှာ အားထုတ်ရင် လိုအပ်တဲ့ ဝီရိယနဲ့ လိုအပ်တဲ့သတိနဲ့ အားထုတ်လို့ရှိရင် တစ်မဂ် တစ်ဖိုလ် ရနိုင်တဲ့ ပါရမီများရှိတဲ့ ပုဂ္ဂိုလ်များကို နေယျပုဂ္ဂိုလ်ခေါ်တယ်။

ပဒပရမပုဂ္ဂိုလ်ဆိုတာက ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ်မရဘူး၊ သို့သော်လဲပဲ ကြိုးစားအားထုတ် သွားရင် နောက်ဘဝ၊ နောက်ဘဝတွေမှာ ရနိုင် စွမ်းရှိတဲ့ ပါရမီအကျိုးဖြစ်သွားတဲ့ပုဂ္ဂိုလ်မျိုး၊ ယခု ခေတ်ကတော့ နေယျပုဂ္ဂိုလ်နဲ့ ပဒပရမပုဂ္ဂိုလ်ပဲရှိ တော့ ကျွန်တော်တို့ သက်သက်သာသာတော့ မရဘူး၊ ကြိုးကြိုးစားစားနဲ့ အားထုတ်သွားမယ်ဆိုရင် ကြိုးစားသလောက်ကိုယ့်မှာ အကျိုးရှိမှာပဲ။

မြတ်စွာဘုရားရှင်တို့ မည်သည်မှာ အင်မတန် ပွင့်နိုင်ခဲပါတယ်၊ အဲဒီတော့ ယခုလို ဘုရား သာသနာနဲ့ ကြုံကြိုက်တယ်၊ လူ့ဘဝလဲရတယ်၊ တရားပေါ်မှာလဲ ယုံကြည်တယ်၊ ဒါကြောင့်လဲ လာ

http://www.dhammadownload.com

ကြတာပေါ့၊ အဲ ဒီ ဒုလ္လဘတရားတွေ ပြည့်စုံနေတဲ့ အခါမှာသဒ္ဓါသမ္ပတ္တိ ဒုလ္လဘနဲ့လဲ ပြည့်စုံတယ်၊ သဒ္ဓမ္မသဝဏ် အတိ ဒုလ္လဘံဆိုတဲ့ ဒုလ္လဘတရားနဲ့ ပြည့်စုံအောင်ပြည့်စုံနိုင်တဲ့ အဆင့်ရောက်အောင် ကြိုးစားအားထုတ်ကြပါ။

(သာဓု ... သာဓု ... သာဓု)

http://www.dhammadownload.com

F.15 B

http://www.dhammadownload.com

နဝမနေ့

ဒီနေ့ (၉)ရက်မြောက်တဲ့ နေ့ကျလို့ရှိရင် ကျွန်တော်တို့ ပြောလေ့ပြောထရှိတဲ့ မဂ္ဂင် (၈)ပါး၊ မဂ္ဂင်(၈)ပါးမှာ၊ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ပြောလေ့ ပြောထ ရှိတယ် သမ္မာဒိဋ္ဌိဆိုတာ ကောင်းစွာမြင်ခြင်း၊ သမ္မာဒိဋ္ဌိမှာ လယ်တီဆရာတော်ကြီးက ရေးသွား တယ်၊သမ္မာဒိဋ္ဌိ(၅)မျိုးရှိတယ်၊ တစ်မျိုးကကမ္မသ ကတာသမ္မာဒိဋ္ဌိတဲ့၊ အဲဒီ ကမ္မသကတာသမ္မာဒိဋ္ဌိ ဆိုတာကတော့ကံကို ယုံကြည်တာကို ခေါ်တယ်။ ကံ ကံ၏အကျိုးဆိုတာ မိမိပြုလုပ်တာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ။အဲဒီလို မိမိကပြုလုပ်လိုက်ရင် ပြုလုပ်လိုက်တဲ့အတွက်နောက်ကို အကျိုးက လာ တယ်၊ မိမိပြုလုပ်လိုက်တာ နောက်ကို ဖြစ်ထွန်း တယ်ဆိုတဲ့ ယုံကြည်တဲ့သဘောကို ကမ္မသကတာ၊

http://www.dhammadownload.com

သမ္မာဒိဋ္ဌိ၊ နောက်တစ်ခုက နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ တဲ့၊ ရုပ်ဆိုတဲ့သဘောတရားက ဒီလိုရှိတယ်၊ နာမ်ဆိုတဲ့သဘောတရားက ဒီလိုရှိတယ်ဆိုတာ ပိုင်းခြားပြီး သိသွားတာကို နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ ခေါ်တယ်။

ပြီးတော့ ဟေတုပစ္စယောပရိဂ္ဂဟသမ္မာ ဒိဋ္ဌိတဲ့၊ ဟေတုပစ္စယပရိဂ္ဂဟသမ္မာ ဒိဋ္ဌိဆိုတာ ဖြစ်သမျှတွေဟာ အကြောင်းနဲ့အကျိုးပဲရှိတယ်။ အကြောင်းတရားပေါ်မှာမှီပြီး အကျိုးတရားဖြစ်တယ်လို့ နားလည်သဘောပေါက်တာကို ခေါ်တယ်။ ဝိပဿနာ ဉာဏဒဿနသမ္မာဒိဋ္ဌိတဲ့ ဝိပဿနာတရားကို ပွားများအားထုတ်ခြင်းအားဖြင့် ဒီလို ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာပေါ်မှာဖြစ်တဲ့ ပျက်တဲ့သဘောတရားတွေ သိခြင်းနဲ့ သိမှုနားလည်မှုတွေအဆင့်ဆင့်သိခြင်းဖြစ်ပေါ်လာတဲ့ ဉာဏ်အဆင့်ကို သိသွားတာကို ဝိပဿနာဉာဏဒဿနသမ္မာဒိဋ္ဌိ ခေါ်တယ်။

နောက်ဆုံးသမ္မာဒိဋ္ဌိကတော့ လောကုတ္တရာမဂ္ဂဖလသမ္မာဒိဋ္ဌိတဲ့ လောကုတ္တရာမဂ္ဂဖလသမ္မာဒိဋ္ဌိဆိုတာက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်းအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အခါကျတော့ လော

http://www.dhammadownload.com

ကုတ္တရာမဂ္ဂဖလသမ္မာ ဒိဋ္ဌိ သဘောတရားအားဖြင့် ဖြစ်တဲ့စိတ်တွေကို သိလာတာကို လောကုတ္တရာ မဂ္ဂဖလသမ္မာဒိဋ္ဌိခေါ်တယ်၊ အဲဒီသမ္မာဒိဋ္ဌိ (၅) မျိုးထဲမှာ နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိ ကတော့ ကျွန်တော်တို့ အထူးပြောဖို့ မလိုပါဘူး။

ကျွန်တော်တို့ ဒီမှာ တရားစပြီး အားထုတ်ကတည်းက နေ့စဉ်နေ့တိုင်းလိုလိုပဲ ဆရာဦးဘာကိုးက သေသေချာချာရှင်းပြခဲ့တယ်၊ မိမိရှုတဲ့နေရာမှာ ပညတ်ခွာပြီး ရုပ်ဆိုတာ ဘယ်လိုရှိတယ်၊ ရုပ် (၂၈) ပါးထဲမှာ အခြေခံဖြစ်တဲ့ ဓာတ်ကြီးလေးပါး၊ ပထဝီ၊ တေဇောအာပေါ၊ ဝါယောဆိုတာ မိမိခန္ဓာကိုယ်မှာ တွေ့မယ်၊ တွေ့လဲတွေ့ခဲ့ကြပြီ၊ အဲဒါတွေလဲ သိနေတယ်၊ နောက်ပြီးတော့ နာမ်ဆိုတဲ့ သဘောတရားက စိတ်နဲ့စေတသိက်ပဲ၊ စိတ်ပေါ်မှာ စေတသိက်တွေကမှီပြီး၊ သိမှုနဲ့တကွဖြစ်ပေါ်လာတဲ့ စေတနာတွေကို နာမ်သဘောတရားခေါ်တယ်၊ နောက်ပြီးတော့ ရုပ်နာမ်ကို မိမိတရားအားထုတ်တဲ့အခါမှာ ရှုတဲ့အခါကျတော့ ကွဲပြားပြီးတော့ သိသွားကြပြီ၊ အဲဒီလိုသိသွားရင် နာမရူပပရိဂ္ဂဟသမ္မာဒိဋ္ဌိဆိုတာ ဒါပဲ။

ဟေတုပစ္စယပရိဂ္ဂသမ္မာဒိဋ္ဌိတဲ့၊ ဟေတုပစ္စယ

http://www.dhammadownload.com

ရိဂ္ဂဟာသမ္ဘာဒိဋ္ဌိဆိုတာ ဖြစ်သမျှတွေကအကြောင်း တရားပေါ်မှာ မှီပြီးအကျိုးတရားဖြစ်တယ်၊ အကြောင်း တရားမရှိဘဲနဲ့ အကျိုးတရားမဖြစ်ဘူးဆိုပြီး မြတ်စွာ ဘုရားက ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်နဲ့ ဟောသွား တော်မူတယ်၊ ပဋ္ဌာန်း ဒေသနာတော်နဲ့ ဟောတော်မူ သွားတယ်၊ အကြောင်းနဲ့အကျိုးရှိတာပဲ။

ဥပမာအားဖြင့် ကျွန်တော်တို့ ယေဘုယျအား ဖြင့်–မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိနဲ့ ပတ်သက်ပြီး လမ်းမှန်လမ်းမှားနဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး ပြောခဲ့တယ်၊ ရုပ်သဘောတရားတွေ ဖြစ်နေတာ ဟာ အကြောင်းတရားက အာဟာရတွေ စားနေ ကြတော့ အာဟာရပေါ်မှာ မှီပြီးတော့ သြဇာတွေ ဖြစ်တဲ့အတွက်ကြောင့် ဒီပြင်အကြောင်းတရားတွေ ကတော့ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ်ကြောင့် ဖြစ်တယ်ဆိုပြီး ပြောပြခဲ့တယ်။

နာမ်ကလဲ ဖဿကြောင့် ဖြစ်တယ်၊ ဖဿဆို တာပေါ့လေ ဖဿမရှိဘဲနဲ့ သိစိတ်မဖြစ်ဘူး၊ ဖဿ ရှိမှ သိစိတ်ကရှိတယ်၊ အာရုံနဲ့ပသာဒ ဆိုဒ္ဓိက် တဲ့အခါကျရင် သိမှုလေးပေါ်လာတယ်၊ ရှေးရှေး အကြောင်းကတော့ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ်ကြောင့်ပေါ့။ အဝိဇ္ဇာဆိုတာကလဲ သစ္စာလေး

http://www.dhammadownload.com

ပါး မသိတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ တဏှာ ဆိုတဲ့ သမုဒယသစ္စာကဖြစ်နေတော့ ကျွန်တော်တို့ က ကံတွေပြုတဲ့အခါ ကံက အကျိုးပေး ဖြစ်တဲ့ဘဝ ဆိုတဲ့ ရုပ်သဘော၊ နာမ်သဘောတွေနဲ့ နေခဲ့ရတယ်၊ ပဋိစ္စသမုပ္ပာဒ်ကျတော့ မြတ်စွာဘုရားက သုံးပိုင်း ပိုင်းပြီး ဟောသွားတယ်၊ အတိတ်ကာလက ပထမပိုင်း ဘယ်ကနေ စပြလဲ၊ မြတ်စွာဘုရားက အဝိဇ္ဇာကနေ စပြတယ်။

အဝိဇ္ဇာဆိုတဲ့ သစ္စာလေးပါးကို မသိတဲ့သဘော မျိုး၊ ကျွန်တော်တို့ မိုက်မဲခဲ့တဲ့သဘောမျိုး၊ မိုက်မဲ တယ်ဆိုတာ မသိဘူး၊သစ္စာလေးပါးကိုမသိဘူး၊ သစ္စာလေးပါးကို မသိတော့ ဒုက္ခသစ္စာကိုမသိဘူး၊ သမုဒယသစ္စာကို မသိဘူး။ ဒီတော့ နိရောဓသစ္စာ ကို မျက်မှောက် မပြုတတ်ဘူး၊ အဝိဇ္ဇာပစ္စယာ သခ်ါရာ၊ အဝိဇ္ဇာပစ္စယာသခ်ါရာဆိုတာက နှစ်မျိုး ရှိတယ်၊ အဓိပ္ပာယ်ကောက်တဲ့အခါမှာ ဥပမာ သဗ္ဗေ သခ်ါရာအနိစ္စာဆိုတာကတော့တေဘူမက သခ်ါရ၊ အလုံးစုံကုန်သော သခ်ါရတို့သည်ဆိုတာ၊ ရုပ်နာမ် သဘောတရားကို ပြောတာ၊ ရုပ်နာမ်သဘောတရား ဆိုတာ သခ်ါရပဲ၊ ဘာကြောင့် သခ်ါရလဲ၊ မမြဲဘူး၊ ပြုပြင်ပြောင်းလဲတဲ့ သဘောတရားရှိတယ်၊ ဒါက

http://www.dhammadownload.com

တစ်မျိုး၊ ပဋိစ္စသမုပ္ပာဒ်မှာသုံးတဲ့ သခ်ါရကတော့ ကျွန်တော်တို့ ဘယ်သခ်ါရကိုပြောတာလဲ။

သစ္စာလေးပါးကို မသိတဲ့ အတွက်ကြောင့် ကျွန်တော်တို့က ကံတွေ ပြုခဲ့တယ်၊ အဲဒီကံတွေကို သခ်ါရလို့ခေါ်တယ်၊ ကောင်းတဲ့ကံလဲပြုခဲ့တယ်၊ မကောင်းတဲ့ကံလဲ ပြုခဲ့တယ်၊ သစ္စာလေးပါး မသိတော့ကာ ကုသိုလ်ဆိုတာလဲ ပွားခဲ့တာပေါ့၊ ကုသိုလ်ပွားတော့အကျိုးပေးစရာ ကံတွေဖြစ်လာတာပေါ့၊ အကုသိုလ်ကံပွားတော့ အကုသိုလ်ကံကြောင့် အကျိုးပေးစရာတွေ ဖြစ်လာတယ်၊ အဲဒီမှာ သခ်ါရက ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနဉ္ဇာဘိသခ်ါရဆိုပြီး သခ်ါရ (၃) ပါးကို အဝိဇ္ဇာအကြောင်းပြုပြီးတော့ ပြုလုပ်ခဲ့တယ်၊ ပြုလုပ်ခဲ့တော့ ပုညာဘိသခ်ါရဆိုတာက ကုသိုလ်ပေါ့။

ကုသိုလ်ဆိုတာက ကာမာဝစရကုသိုလ်၊ ကာမာဝစရကုသိုလ်ဆိုတာကတော့ ကျွန်တော်တို့ ကာမဘုံမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကုသိုလ်မျိုး၊ ကာမဘုံဆိုတာက (၃၁) ဘုံမှာကာမဘုံ (၁၁) ဘုံရှိတယ်၊ နတ်ပြည် (၆) ထပ်၊ လူ့ဘုံ၊ အပါယ်ဘုံ (၄)၊ (၁၁)ဘုံ၊ အဲဒီ(၁၁)ဘုံမှာ အများအားဖြင့်ဖြစ်တဲ့ စိတ်ဟာ ကာမာဝစရကုသိုလ်စိတ် ဖြစ်တယ်၊ ကာမာဝစရ

http://www.dhammadownload.com

ကုသိုလ်ပြုခဲ့တယ်၊ ဒါန၊သီလ စသည်ဖြင့် ဆောက်တည်ခဲ့တယ်၊ ပြီးတော့ရူပါဝစရကုသိုလ် တွေလဲပြုခဲ့မယ်၊ ဘာပြုလဲဆိုတော့ ကျွန်တော်တို့က သံသရာကြီးက အရှည်ကြီးပဲ၊ ရူပါဝစရကုသိုလ်ဆိုတာကတော့ ဈာန်ဆိုတဲ့ ကုသိုလ်တွေပြုခဲ့တယ်။

အနုညာဘိသခ်ါရဆိုတာကတော့ အ, ကုသိုလ်ကံတွေကလဲပြုခဲ့တယ်၊ မသိလို့၊ နောက်ပြီးတော့ အာနဉ္ဇာဘိသခ်ါရဆိုတာကတော့ အရူပကံနဲ့ ပြုခဲ့တဲ့ကုသိုလ်မျိုး၊ အရူပဘုံကိုရောက်တဲ့ ဗြဟ္မာမျိုးကို အာနဉ္ဇာဘိသခ်ါရခေါ်တယ်၊ ဒီလို ကုသိုလ်ကံ, အကုသိုလ်ကံတွေ ပြုခဲ့တော့ ဒီသခ်ါရ (၃) ပါးကို ပြုခဲ့တယ်၊ ပြုခဲ့တဲ့အတွက်ကြောင့် အကြောင်းတရား ပေါ်မှာမှီပြီးတော့သခ်ါရပစ္စယာ ဝိညာဏ် ကံကြောင့် ပဋိသန္ဓေဖြစ်တယ်။

အတိတ်ဘဝက အဝိဇ္ဇာအကြောင်း ပြုပြီးတော့ ဒီဘဝမှာ ပဋိသန္ဓေတည်လာတယ်၊ ပဋိသန္ဓေတည်တယ်ဆိုတာနဲ့ သခ်ါရပစ္စယာ ဝိညာဏ်ဆိုပြီးတော့ ပဋိသန္ဓေစိတ်ကဖြစ်တာနဲ့ တစ်ပြိုင်နက်တည်း ဝိညာဏပစ္စယာနာမရူပံဆိုပြီး ရုပ်နာမ်တရားဖြစ်တယ်၊ ဒီနေရာမှာ ဒီဘဝဖြစ်လာတယ်၊ ဒုတိယဝိုင်း ဝိညာဏပစ္စယာ နာမရူပံဆိုတာကလဲ ပဋ္ဌာန်းဒေသနာ

http://www.dhammadownload.com

တော်ထဲမှာ ရုပ်နာမ်ဟာ ပဋ္ဌိသန္ဓေနေတဲ့အချိန်မှာ တစ်ချိန်တည်း တစ်ပြိုင်တည်းဖြစ်တယ်၊ မနေ့ကလဲ ပြောခဲ့တယ်၊ 'သြက္ကန္တိကွဏော နာမရူပံ အညမညံ သဟဇာတပစ္စယေနပစ္စယော' တဲ့၊ ပဋ္ဌိသန္ဓေစိတ် ဖြစ်တာနဲ့ တစ်ပြိုင်နက် ဒီဟာလေးပေါ်မှာ အကြောင်းပြုပြီး ချက်ချင်းပဲ ဘာဝင်လာရမလဲဆိုတော့ စေတသိက် တွေဝင်လာတယ်၊ စိတ်ရှိရင် စေတသိက်က တစ်ပြိုင်နက်တည်း ရှိတယ်၊ နာမရူပဆိုတာ ကတော့ စိတ်ရော၊ စေတသိက်ရော၊ ရုပ်ရော တစ်ပြိုင်နက်တည်းဖြစ်တာကို ခေါ်တယ်။

ဒီလိုအကြောင်းတရားကြောင့် အကျိုးတရား တွေ ဖြစ်လာတယ်၊ ဒီလိုအကျိုးတရား ဖြစ်လာ တယ်ဆိုရင်ပဋ္ဌိ သန္ဓေဖြစ်လာတယ်၊ ကျွန်တော်တို့ ကမ္မဇရုပ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်နဲ့ ဘဝစခဲ့တာက ဘာနဲ့ စခဲ့လဲဆိုတော့ ကာယဒသက ကလာပ်ဆိုတဲ့ မိမိတို့ရဲ့ခန္ဓာကိုယ်ဖြစ်မယ့် ကလာပ်ကလေးတစ်ခု၊ ပြီးတော့ ဘာဝဒသကကလပ်ဆိုတဲ့ အမျိုးသမီး၊ အမျိုးသားဆိုတဲ့ သဘောတရားဖြစ်တဲ့ ရုပ်ကလာပ် ကလေးတစ်ခု၊ သူက အဲဒီ (၁၀) ပါးထဲမှာ ပါတယ်၊ အယဝိနိဗ္ဘောဂရုပ်(၈)ပါး၊ ရုပ်ဖြစ်တိုင်း ဓာတ်ကြီး (၄) ပါးဆိုတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော

http://www.dhammadownload.com

အကျိုးတရားဆိုတော့ ဝိပါက်ပဲ၊ ဝိပါက်ဆိုတာ ဘာမှပြုပြင်လို့ မရဘူး၊ အဲဒီအပေါ်မှာမှီပြီးတော့၊ ဒီဘဝမှာပဲ ဝေဒနာဖြစ်ပြီးနောက်ကို ဝေဒနာ ပစ္စယာတဏှာကနေပြီး စတော့ အကြောင်းတရား ပြန်ဖြစ်တယ်၊ ဒါက ကျွန်တော်တို့အပေါ်မှာ မှီသွားပြီ၊ ဝေဒနာအပေါ်မှာ မှီတွယ်ပြီးသွားလိုက်ရင် အကုသိုလ်တဏှာတွေဖြစ်သွားတယ်၊ သစ္စာလေးပါး မသိသေးသရွေ့တော့ အ, ကုသိုလ်တဏှာတွေ ဖြစ်သွားမယ်။

အဲဒီတော့ အကြောင်းတရားတွေက ဒီဘဝမှာ ဘယ်အထိသွားလဲ၊ တဏှာလာတယ်၊ တဏှာပစ္စယာ ဥပါဒါနံလာမယ်၊ ဥပါဒါနံဆိုတာ တဏှာ အကြီးစားပေါ့၊ တဏှာတွေ ဖြစ်လာတဲ့အတွက်ကြောင့် ဥပါဒါနပစ္စယာဘဝေါဆိုတာလာမယ်၊ ဘဝဆိုတာ လာမယ်၊ ဘဝဆိုတာ ဘာကိုပြောတာလဲ၊ ခုနပြောတဲ့ သခါရတွေကို ပြန်ဖြစ်တာ ကျွန်တော်တို့ ကံတွေကို ပြန်ပြုတော့မယ်၊ စွဲလမ်းမှု၊ တပ်မက်မှုတွေကြောင့် ကံတွေပြန်ပြုတော့မယ်၊ ကုသိုလ်ကံ ဖြစ်ချင်ဖြစ်မယ်၊ အ, ကုသိုလ် ကံ ဖြစ်ချင်ဖြစ်မယ်၊ အဲဒီအပေါ်မှာ ကျွန်တော်တို့က အကြောင်းတရား အသစ်တွေ ပြန်ပြန်လုပ်တော့ အကြောင်းတရား

http://www.dhammadownload.com

ပေါ်မှာ မိုပြီးတော့နောက်အနာဂတ်ကာလမှာ ဓာတိဆိုပြီး ပြန်လာတယ်၊ ဓာတိပစ္စယာ ဓရာ မရဏာဆိုပြီးတော့ ဓာတိဖြစ်လာရင် အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတဲ့ သဘောတရားတွေက မလွဲဘူး၊ ဒါ အနာဂတ်ကာလမှာ ဖြစ်ရမယ်။

မြတ်စွာဘုရားက သံသရာလည်နေတာက သူ့တရားနဲ့သူ လည်တာပဲဆိုပြီး ဟောတော်မူသွားတယ်၊ အကြောင်းတရားပေါ်မှာဖြစ်တဲ့ အကျိုးတရားပဲလို့၊ မိမိစိတ်က နှလုံးသွင်းပိုက်လို့ရှိရင် **ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိ** ဆိုတာဖြစ်တယ်၊ ဥပမာ ကျွန်တော်တို့ဒီမှာ တွေ့ဆုံကြတယ်၊ ဒီမှာ တရားနာကြတယ်၊ဒါတွေက ဟိုရှေးဘဝတုန်းက ကျွန်တော်တို့မှာ ပါရမီ အကျိုးဆက်ရှိကြလို့ တွေ့ဆုံကြတာပဲ။

အခုလို တွေ့ဆုံကြတဲ့အခါမှာ တရားဓမ္မတွေ ပြောကြတယ်၊ ဆိုကြတယ်၊ အကြောင်းတရား အသစ်တွေက ဘာပြုနေလဲ၊ ကုသိုလ်တွေ ပြုနေတယ်၊ အထူးသဖြင့် ဝိပဿနာတရားပွားများ အားထုတ်တယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဒီကုသိုလ်လေးမျိုးရှိတာကို **ကာမာဝစရကုသိုလ်** ဆိုတာ ရှိတယ်၊ ကာမာဝစရကုသိုလ်ဆိုတာက

http://www.dhammadownload.com

ကာမဘုံ(၁၁)ဘုံမှာဖြစ်တတ်တဲ့စိတ်ကို ကာမာဝစရကုသိုလ်ဖြစ်တယ်။

ရူပါဝစရကုသိုလ်ဆိုတာကတော့ ရူပစျာန်ရတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်တယ်၊ ကျွန်တော်တို့လဲ မဖြစ်ဘူးလားဆိုတော့ တရားထိုင်ရင်းနဲ့ စျာန်သမာဓိ အဖြစ်ရောက်သွားရင် ရူပါဝစရ ကုသိုလ်ဖြစ်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရင် မဂ်ဆိုတာကုသိုလ်စိတ်၊ လောကုတ္တရာကုသိုလ်ဖြစ်တယ်၊ ဒီမှာ ကျွန်တော်တို့တရားနာတဲ့အခါကျတော့ မဟာကုသိုလ် ဖြစ်နေကြတယ်၊ မဟာကုသိုလ်ကလဲ အကျဉ်းအားဖြင့်တော့ ရှစ်ပါးရှိတယ်၊ ရှစ်ပါးဆိုတာက မြတ်စွာဘုရားအင်မတန် အကျဉ်းချုံးပြီးတော့ ဟောတယ်။

မဟာကုသိုလ်စိတ် ရှစ်ပါးကို အသေးစိတ်ခွဲထုတ်လိုက်လို့ရှိရင် မဟာကုသိုလ်စိတ်၊ တစ်သောင်းကိုးထောင့်လေးရာလေးဆယ်လောက်ရှိတယ်တဲ့၊ ကျွန်တော်တို့ ဒီမှာပြောတဲ့ မဟာကုသိုလ်လို့ခေါ်တဲ့ မဟာကုသိုလ်စိတ်ကလဲ အဂ်ါသုံးပါးရှိတယ်၊ ဝေဒနာနဲ့ပတ်သက်တဲ့ ပထမအဂ်ါ၊ မိမိတရားနာနေတယ်၊ သောမနဿနဲ့နာသလား၊ ဥပေက္ခာနဲ့နာသလား၊ သောမနဿဆိုတာ စိတ်ပါဝင်စားစွာ စိတ်က ချမ်းချမ်းသာသာနာလိုက်တာ သောမနဿနဲ့ နာမယ်၊

http://www.dhammadownload.com

ပြီးတော့ ဉာဏ်နဲ့ယှဉ်ပြီးတော့ တရားကို နာတယ်၊ ဒီတော့ ဒီလိုလေးလေးနက်နက်နဲ့ စိတ်ကကြည်ကြည်လင်လင်နဲ့ နာလို့ရှိရင်သောမနဿနဲ့ နာတယ်၊ ဉာဏ်နဲ့ယှဉ်ပြီးတော့နာတယ်၊ ဉာဏသမ္ပယုတ်။

ပြီးတော့ သူမျိုးတိုက်တွန်းလို့ လုပ်ရတာ်ရယ်၊ ကိုယ့်သဘောနဲ့ကိုယ် လုပ်တာရယ်မတူသေးဘူး၊ ကိုယ့်သဘောနဲ့ကိုယ် လွှမ်တဲ့စေတနာက ဝိုထက်သန်တယ်။ အ, သစ်ါရိက ဆိုတယ်၊ အဲဒီတော့ဒီမှာ တရားအားထုတ်နေတဲ့အချိန်မှာဖြစ်စေ၊ တရားနာနေတဲ့အချိန်မှာ ဖြစ်စေ၊ တရားနှလုံးသွင်းနေတဲ့ အချိန်မှာ ဖြစ်စေ၊ မိမိတို့စိတ်ထဲမှာ ဖြစ်နေတဲ့ မဟာကုသိုလ်စိတ် အကြီးကျီးထဲမှာ သောမနဿဖြစ်ပြီးတော့ ဉာဏသမ္ပယုတ်ဆိုတဲ့ ဉာဏ်ပညာနဲ့ ယှဉ်ပြီးတော့ မိမိသဘောအလျောက် မိမိကြိုးစားအားထုတ်တယ်ဆိုရင် အ, သစ်ါရိကဆိုရင်မဟာကုသိုလ်စိတ်(၈)ခုထဲမှာ ဒီစိတ်က အထက်သန်ဆုံးပဲ၊ ဒီစိတ်က အထက်သန်ဆုံးဆိုတာက ဒီစိတ်ကဘယ်အပေါ်မှာ မှီပြီးတော့ ဖြစ်တဲ့စိတ်လဲဆိုတော့ ကျွန်တော်တို့ ပုဉ္ဇကိရိယာဝတ္ထု (၁၀) ပါးဆိုတဲ့ ကုသိုလ်ပြုစရာ (၁၀) ပါး ထဲမှာ ဘာဝနာကုသိုလ်ဆိုတာ ပါတယ်၊ အဲဒီမှာ

http://www.dhammadownload.com

ကျွန်တော်တို့သမထ ဘာဝနာရယ်၊ ဝိပဿနာဘာ
ဝနာရယ် ပွားများတယ်။

ဒီတော့ ဝိပဿနာဘာဝနာပွားများတဲ့အပေါ်
မှာ မှီပြီးဖြစ်တဲ့ ကုသိုလ်စိတ်မျိုး၊ ဝိပဿနာပွားများ
တယ်ဆိုကတည်းက ဝိပဿနာဘာဝနာ။ အနိစ္စ၊
ဒုက္ခ၊ အနတ္တထင်တဲ့အခါမှာ အ, လောဘလဲ ပါ
တယ်၊ အ, ဒေါသလဲပါတယ်။ ပြီးတော့ ပညာ
စေတသိက်ဆိုတာမဟာကုသိုလ် (၈) ပါးထဲမှာ
နံပါတ် (၁) ထဲမှာ အထက်ဆုံး ကုသိုလ်ထဲရောက်
သွားတယ်၊ ဒီလိုကုသိုလ်မျိုးတွေကို ကျွန်တော်တို့
ပြုတာက အကြောင်းတရား အသစ်တွေလုပ်နေတာ၊
အကြောင်းတရား အသစ်တွေက နောင်ကို အကျိုး
ဖြစ်စေဖို့၊ နောင်ကိုဆိုတာက အ,ကာလိကော
ဆိုတာ အခါမလင့်ဘူး၊ ချက်ချင်းလဲအကျိုးပေး
မယ်၊ နောက်ဘဝတွေမှာ အကျိုးပေးရဦးမယ်၊ နောက်
ဘဝတွေ၊ နောက်ဘဝမှာ အကျိုးပေးရဦးမယ်။

အထူးသဖြင့် ဒီမှာထိုင်တဲ့ ကုသိုလ်ကပါရမီ
ကုသိုလ်မျိုး၊ ပါရမီကုသိုလ်မျိုးဆိုတာက ပါရမီ
မြောက်တဲ့ ကုသိုလ်ရှိတယ်။ မိမိကုသိုလ်တော့
ပြုပါရဲ့ ဒါပေမယ့် တဏှာပေါ်မှာ မှီပြီးပြုတဲ့ကုသိုလ်
ရှိတယ်၊ အယူမှားပြီးပြုတဲ့ကုသိုလ် ရှိတယ်။

http://www.dhammadownload.com

ဥပမာအားဖြင့် ဘဝသမ္ဘတ္တိ၊ ဘောဂသမ္ဘတ္တိဆိုတဲ့ ဘဝရဲ့ကောင်းစားမှု၊ ဥပမာ နတ်ပြည်ရောက်ချင်တယ်၊ ဗြဟ္မာ့ပြည်ရောက်ချင်တယ် စသဖြင့် ဘဝကောင်းစားရေး။ ဘောဂသမ္ဘတ္တိ၊ ပစ္စည်းဥစ္စာကြွယ်ဝရေး၊ အဲဒီလိုတဏှာမျိုးနဲ့လဲ ကုသိုလ်ပြုတတ်တာပဲ၊ အဲဒီလိုကုသိုလ်မျိုး ပြုလိုက်လို့ရှိရင် ပါရမီကုသိုလ်မမြောက်တော့ဘူးတဲ့၊ ဒီလိုတဏှာလဲ မပါဘူး၊ အယူမှားခြင်းမျိုးလဲ မပါဘဲနဲ့သစ္စာလေးပါးသိစေခြင်းအကျိုးငှာ၊ သိစေခြင်းအလို့ငှာ ဒိပြင်မျှော်မှန်း ချက် မထားဘဲနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်ဆိုတဲ့ တဏှာနဲ့လွတ်ကင်းတဲ့၊ ဒိဋ္ဌိနဲ့လွတ်ကင်းတဲ့ကုသိုလ်မျိုးကိုပြုရင် အဲဒီကုသိုလ်မျိုးက ပါရမီမြောက်တဲ့ ကုသိုလ်မျိုး။

ဒီမှာ ကျွန်တော်တို့ တရားထိုင်ကတည်း က နိဗ္ဗာနသာ သစ္စိကရဏတ္ထာယဆိုပြီး ထိုင်ထားတယ်၊ ယခုပြုနေတဲ့ ကုသိုလ်တွေက ပါရမီမြောက်တဲ့ ကုသိုလ်၊ ပါရမီမြောက်တဲ့ကုသိုလ်က နိဗ္ဗာန်ကို ရောက်တဲ့အထိအကျိုးပေးသွားတယ်၊ ဘဝပေါင်းဘယ်လောက်များများအကျိုးပေးသွားတယ်၊ အခုနလို ကုသိုလ်ကျိုးက နိဗ္ဗာန်မဂ်ဖိုလ်ကို ရောက်နိုင်အောင် အထောက်အပံ့ပေးတဲ့ အစွမ်းသတ္တိမရှိဘူး။

http://www.dhammadownload.com

ဝိဏိစဉ်

		ဘဝင်
		ဘဝင်
		ဘဝင်
တိ	၁	အတိတဘဝင်
နံ	၂	ဘဝဂ်စလန
ဒ	၃	ဘဝဂုံပဏ္ဍေဒ
ပ	၄	ပဋ္ဌဒ္ဓါရာဝဇ္ဇန်း
စ	၅	စက္ခုဝိညာဏ်
သံ	၆	သမ္ပဋိစ္ဆိုင်း
ဏ	၇	သန္တီရဏ
ဝု	၈	ဝုဋ္ဌော
ဇ	၉	ဇော
ဇ	၁၀	ဇော
ဇ	၁၁	ဇော
ဇ	၁၂	ဇော
ဇ	၁၃	ဇော
ဇ	၁၄	ဇော
ဇ	၁၅	ဇော
ရုံ	၁၆	တဒါရုံ
ရုံ	၁၇	တဒါရုံ
		ဘဝင်
		ဘဝင်

http://www.dhammadownload.com

၂၄၂ **၁၀ ရက် တရားပတ်တော်နှင့် ဝိပဿနာတရားများ**

ဥပမာ ဒါနပြုတယ်ဆိုရင် ပစ္စည်းဥစ္စာနဲ့တော့ ပြည့်စုံမှာပေါ့၊ သို့သော်ပါရမီ မမြောက်တဲ့အတွက် နိဗ္ဗာန်ရောက်အောင် အထောက်အပံ့ မပေးနိုင်ဘူး၊ မိမိပြုတိုင်းပြုတိုင်း ဒါနပဲဖြစ်ဖြစ်၊ သီလပဲဖြစ်ဖြစ်၊ ဘာဝနာပဲဖြစ်ဖြစ်၊ ဗုညကိရိယဝတ္ထု (၁၀) ပါး ဆိုတဲ့ကုသိုလ်မှာ ဘယ်ကုသိုလ်ပဲပြုပြု မိမိကနေပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်စူးပြီးတော့ သစ္စာလေးပါးကို ရည်စူးပြီး ပြုလို့ရှိရင် ပါရမီကုသိုလ်၊ ပါရမီမြောက်တဲ့ကုသိုလ် ဖြစ်သွားတယ်၊ ဒီလို ကုသိုလ်မျိုးတွေ ပြုတာက ဒီပေါ်မှာအကြောင်းပြုပြီးတော့ အကျိုးတရားတွေလာဦးမယ်၊ ကောင်းတဲ့ အကျိုးတရားတွေ လာမယ်ဆိုတာသဘောပေါက်သွားတယ်၊ အဲဒီ အကြောင်းတရား၊ အကျိုးတရားတွေသိသွားရင် **ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိट्ठि** ခေါ်တယ်။

ပြီးတော့ ဝိပဿနာဉာဏဒဿနသမ္မာဒိट्ठिက တော့ ကျွန်တော်တို့ပြောဖို့ မလိုတော့ပါဘူး၊ ဝိသုद्धि ထဲမှာပါသွားပြီးပြီ၊ မိမိတို့ ကိုယ်တိုင်လဲပဲ သိသင့်သလောက် သိကြပြီ၊ ဝိပဿနာကို ပွားများခြင်း အားဖြင့် ရုပ်နာမ်ခန္ဓာတွေက စထိုင်တဲ့နေ့နဲ့ မတူဘူး၊ တစ်နေ့ထက်တစ်နေ့ ပြောင်းပြောင်းသွားတယ်၊

http://www.dhammadownload.com

တစ်နေ့ထက်တစ်နေ့ ပိုသိလာတယ်၊ ဝိပဿနာ ဉာဏဒဿနသမ္မာဒိဋ္ဌိဆိုတာ ရောက်တာပဲ၊ လောကုတ္တရာမဂ္ဂဖလသမ္မာဒိဋ္ဌိကတော့ ပြောလို့မဖြစ်ဘူး၊ ကိုယ်ကိုယ်တိုင်တွေ့တဲ့ အခါမှ သိတယ်။

ကျွန်တော်တို့ ဒီမှာ ဒီနေ့မျှားများ အသေးစိတ် ပြောချင်တာကတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဒီသမ္မာဒိဋ္ဌိကတော့ အခြေခံပဲ၊ ဗုဒ္ဓဘာသာ မဖြစ်လဲ ကံ၏အကျိုးကို ယုံကြည်တဲ့ဘာသာတွေရှိတာပဲ၊ ဒီလို ကံ ကံ၏အကျိုးကို ယုံကြည်ရင် နိဗ္ဗာန်ကို မရောက်သည့်တိုင်အောင် သံသရာလည်တဲ့ အခါမှာ သက်သက်သာသာ လည်သွားလို့ ရတယ်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိနဲ့ ပတ်သက် ပြီးတော့ မြတ်စွာဘုရား ဟောတော်မူတာတွေရှိတယ်၊ အဲဒီထဲမှာ ဥပမာဆိုပါတော့၊ မြတ်စွာဘုရားတရားက အကျဉ်းဆုံး ဆိုလိုက်လို့ ရှိရင် –

သဗ္ဗပါပဿ အ,ကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သ, စိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုတွေကို။ **အ,ကရဏံ**၊ ရှောင်ကြဉ်ရမယ်။ ပြီးတော့ **ကုသလဿ ဥပသမ္ပဒါ**၊ အလုံးစုံသော ကုသိုလ်ကို

http://www.dhammadownload.com

ဆောင်ထားရမယ်၊ ပြုလုပ်ရမယ်။ **သ,စိတ္တ ပရိ ယောဒပနံ**၊ စိတ်ကို ကြည်လင်သန့်ရှင်းအောင် ပြုလုပ်ရမယ်။ **ဧတံ ဗုဒ္ဓါနသာသနံ**၊ ဤသုံးပါးတို့သည်။ ဗုဒ္ဓတိုင်း၊ **ဘုရားတိုင်း၏ အဆုံးအမတည်း**တဲ့။ မြတ်စွာဘုရားတရားတော်များဟာ ဘယ်လောက်ပဲ အတိချုံးသည်ဖြစ်စေ၊ ဒီထဲမှာ အပြည့်ပါသွားတာပဲ၊ ဘယ်တော့မှ ပိုတယ်မရှိဘူး၊ လိုတယ်မရှိဘူး၊ အတိ အကျပါသွားတာချည်းပဲ၊ ဒီဟာကို မကောင်းမှုကို ရှောင်ကြဉ်ပါဆိုတာ သီလသိက္ခာပုဒ်ကို ယူလိုက်ရင် ရတယ်၊ ကောင်းမှုကို ဆောင်ပါဆိုတာက သမာဓိကို ယူလိုက်ရင် ရတယ်။

ပြီးတော့ကာ စိတ်ကိုကြည်လင်သန့်ရှင်းအောင် လုပ်ဆိုတာ ပညာကို ယူလိုက်ရင် ရတယ်၊ ဒါမှ မဟုတ်ရင်လဲ သဗ္ဗပါပဿအ, ကရဏံ၊ ကုသလ ဿဥပသမ္ပဒါဆိုတာ မြတ်စွာဘုရား ဘာကိုခွဲပြလဲ၊ ကုသိုလ်နဲ့ အ,ကုသိုလ်ကို ခွဲပြီး မကောင်းမှုနဲ့ ကောင်းမှုကို ခွဲပြတယ်၊ မကောင်းမှုဆိုတာ ရှိတယ်၊ ကောင်းမှု ဆိုတာ ရှိတယ်၊ မကောင်းမှု ဆိုတာ **သာဝဇ္ဇဒုက္ခ ဝိပါက**၊ မိမိလုပ်ခြင်းဟာ အပြစ် အကင်းဘူး၊ သူတစ်ပါးကို အန္တရာယ်ဖြစ်စေမယ်။ အဲဒီလို ပြုမှုချက်က **သာဝဇ္ဇဒုက္ခဝိပါက** နောင်ကို

http://www.dhammadownload.com

ဆင်း ရဲတယ်တဲ့။ အနဝဇ္ဇ အပြစ်ကင်းတဲ့ကံမျိုးကို ပြုခဲ့တဲ့အခါ သုခဝိပါက၊ ချမ်းသာသောအကျိုးကို ပေးတယ်တဲ့၊ ကုသိုလ်နဲ့အကုသိုလ်ကို ရှင်းပြတယ်၊ အကုသိုလ်ကို ရှောင်ရှိင်းတာကလဲ၊ မကောင်း ကျိုးပေးမယ်၊ ဆင်းရဲတဲ့ အကျိုးပေးမယ်၊ ရှောင်ကြ။ ကုသိုလ်ကိုဆောင်ကြဆိုတာက မိမိတို့ ကုသိုလ်ပြု ရင် ကောင်းတဲ့အကျိုးကိုပေးမယ်၊ ချမ်းသာတဲ့ အကျိုးကိုပေးမယ်။ ဒါကြောင့်မို့ဆောင်ကြ၊ ဒီထဲ မှာလဲ ကမ္မဿကတာသမ္မာဒိဋ္ဌိ အခြေခံပါတယ်။

နောက်ပြီးတော့ ဇေတဝန် ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့အခါ တောဒေ ယျပုဂ္ဂိုလ်ရဲ့သား သုဘဆိုတဲ့ ပုဂ္ဂိုလ်က မြတ်စွာ ဘုရားကို လျှောက်ထားတယ်၊ ဘယ်လို လျှောက် ထားလဲဆိုတော့ " မြတ်စွာဘုရား၊ လောကမှာ လူ တွေဟာ အမျိုးမျိုးရှိ ကြတယ်တဲ့၊ အသက်ရှည် တဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ အသက်တိုတဲ့ ပုဂ္ဂိုလ် လည်းလဲ ရှိတယ်၊ ကျန်းမာရေး ပြည့်စုံတဲ့ပုဂ္ဂိုလ် လည်းရှိတယ်၊ ကျန်းမာရေး မပြည့်စုံတဲ့ ပုဂ္ဂိုလ် လဲ ရှိတယ်။ အမြဲတမ်းလိုလို ကျန်းမာရေး ချို့တဲ့နေတဲ့ ပုဂ္ဂိုလ်မျိုးလဲ ရှိပါတယ်၊ အဆင်းလှတဲ့ ပုဂ္ဂိုလ်ရှိပါတယ်၊ အရုပ်ဆိုးတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊

http://www.dhammadownload.com

ချမ်းသာတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ ဆင်းရဲတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊ နာမည်ကျော်ကြားတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊ နာမည်မကျော်ကြားတဲ့ပုဂ္ဂိုလ်လဲ ရှိတယ်၊ နာမည်မကျော်ကြား အညတရ ပုဂ္ဂိုလ်များလဲရှိတယ်၊ ပညာရှိတဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ ပညာမရှိတဲ့ ပုဂ္ဂိုလ်လဲရှိတယ်၊ အဲဒီလို လူလူချင်း မတူဘဲ အမျိုးမျိုးအစားစား ကွဲပြားနေတာဘာဖြစ်လို့လဲဆိုပြီး မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရားက ဖြေကြားတော်မူတယ်။

အကယ်၍များ အရင့်အရင် ဘဝတွေက ပါဏာတိ ပါတကံတွေများ ပြုလုပ်ခဲ့မယ်ဆိုရင်၊ သူများ အသက်တွေသက်ခဲ့တဲ့ ပုဂ္ဂိုလ်ဆိုရင် ငရဲမကျခဲ့သော် နောက်ဘဝမှ အသက်တိုတတ်တယ်၊ ပါဏာတိပါတကံမကျူးလွန်တဲ့ ပုဂ္ဂိုလ်တွေက အသက်ရှည်တတ်တယ်၊အသက်ရှည်ခြင်း အကြောင်းကတော့ ဒါပဲ။ ကျန်းမာရေးနဲ့ ပြည့်စုံတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက သူတစ်ပါးကိုဆင်းရဲညှဉ်းပန်းတဲ့ကိစ္စတွေ မပြုလုပ်ခဲ့လို့ရှိရင် ကျန်းမာရေး ပြည့်စုံတယ်၊ အရင့်အရင်ဘဝတွေတုန်းက သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ ကံတွေပြုခဲ့တဲ့ ပုဂ္ဂိုလ်မျိုးတွေက နောက်ဘဝမှာ ကျန်းမာရေး ချို့တဲ့တတ်တယ်။ ဒေါသခက်ထန်ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်တွေက အရုပ်ဆိုးတတ်တယ်၊

http://www.dhammadownload.com

ဒေါသမကြီးတဲ့ ပုဂ္ဂိုလ်မျိုးတွေကတော့ ပုံပန်းသဏ္ဌာန် အဆင်းလှပတယ်။ ဒါနနည်းပါးတဲ့ ပုဂ္ဂိုလ်တွေက ပစ္စည်းဥစ္စာချို့တဲ့တယ်၊ ဒါနပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေက ပစ္စည်းဥစ္စာ ကြွယ်ဝတယ်။

မကျေက်ကြားတဲ့ အညတရပုဂ္ဂိုလ်တွေက ရှေးဘဝတုန်းက ဣဿာ မစ္ဆရိယဆိုတဲ့ သူများကို မနာလိုတဲ့စိတ်တွေ၊ ဝန်တိုတဲ့စိတ်တွေ၊ သဘောမျိုးတွေရှိခဲ့တဲ့အတွက် ဖြစ်တယ်၊ ဒီပုဂ္ဂိုလ်တွေက မကျေက်ကြားမထင်ရှားဖြစ်တာတဲ့ ၊ ဣဿာ မစ္ဆရိယကင်းတဲ့ ပုဂ္ဂိုလ်တွေက ကျေက်ကြားထင်ရှားတယ်တဲ့။ ပညာရှိနဲ့ ပေါင်းခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ မေးမြန်းခဲ့တဲ့ ပုဂ္ဂိုလ်တွေက ဒီဘဝမှာပညာနဲ့ ပြည့်စုံတယ်၊ ပညာရှိကို မပေါင်းဖော်ခဲ့ဘူး၊ မမေးမမြန်းခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီဘဝမှာ ပညာချို့တဲ့တယ်တဲ့၊ ဆိုပြီးတော့ ကံ–ကံ၏ အကျိုးတရားတွေကို မြတ်စွာဘုရားက ဟောသွားတယ်။ ကံနဲ့ ပတ်သက်လို့ ကံက (၄) မျိုးခွဲထားတယ်၊ ကံရဲ့ကိစ္စဆိုတာ ရှိတယ်၊ မိမိပြုလုပ်ခဲ့တယ်ဆိုတဲ့ ကိစ္စရှိတယ်၊ ကံ၏ အကျိုးပေးပုံရှိတယ်။

ဘယ်လို ကံမျိုးက ဘယ်တော့ အကျိုးပေးမယ်

http://www.dhammadownload.com

ဆိုတာ ရှိတယ်၊ ကံနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်ကံနေပြီး ဦးစားယူသွားတယ် ဆိုတဲ့ သဘောတရားမျိုး ရှိတယ်၊ ပြီးတော့ဒီကံက ဘယ်ပေါ်မှ မှီပြီး ဖြစ်တယ်ဆိုတဲ့ သဘောတရား ရှိတယ်၊ (၄)မျိုး ပြတယ်၊ ပထမ တစ်ခုကတော့ ကံရဲ့ကိစ္စ၊ မိမိပြုလုပ်ခဲ့တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ ကိစ္စအားဖြင့် ဘယ်နှစ်မျိုးရှိလဲဆိုတော့ လေးမျိုး ရှိတယ်။

ပထမ ဓနကကံ၊ ဓနကကံဆိုတာ သူ့ရဲ့ကိစ္စက ဒုတိယဘဝကို အကျိုးပေးတယ်၊ ဓနကကံပြီးတော့ ဥပတ္ထမ္ဘကကံ၊ ဥပတ္ထမ္ဘကကံဆိုတာက သူ့ကိစ္စက ဒုတိယဘဝကို အကျိုးပေးနိုင်တဲ့ အင်အားမရှိဘူး၊ ဓနကကံကို အထောက်အပံ့ပေးတဲ့ သဘောမျိုးရှိတဲ့ ကံ၊ကုသိုလ်ကံကို အထောက်အပံ့ပေးတာ၊ အကုသိုလ်ကံ ကိုအထောက်အပံ့ပေးတာ၊ သူ့သဘာဝသတ္တိကတော့ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေလုပ်ခဲ့တာကို သူက အထောက်အပံ့ပေးသွားမယ်၊ ပြီးတော့ ဥပပီဠကကံ၊ ဥပပီဠကကံဆိုတာကတော့၊ ဒုတိယဘဝအကျိုးပေးတဲ့ဓနကကံမှာ မှီပြီးတော့ သူက အကျိုးမပေးအောင် အနှောင့်အယှက်ပြုတာကို ခေါ်တယ်၊ ဥပမာ ဒီဘဝမှာဆောင်ရွက်ကြတဲ့ တချို့ကိစ္စ

http://www.dhammadownload.com

တွေကလဲ ကုသိုလ်နဲ့ ပတ်သက်လို့ရှိရင် ကုသိုလ်ကံက အားပေးနေရင်၊ ကုသိုလ်ကံဆက်တိုက်လာနေရင် မိမိဆောင်ရွက်တာဟာ အောင်မြင်သွားတယ်၊ ဇနကကံ ပေါ်မှာ အထောက်အပံ့ပေးသွားတဲ့ ကုသိုလ်ကံတွေရှိရင် ကျွန်တော်တို့မှာ ချမ်းချမ်းသာသာ ရှောရှောရှုရှုပေးမယ်။

တစ်ခါတလေကျတော့ ဥပပီဠကကံ အကျိုးပေးတဲ့အခါကျတော့ ရှောရှောရှုရှုမရှိဘူး၊ အနှောင့်အယှက်တွေ ပေးတတ်တယ်၊ အဲဒီလိုသဘောမျိုးကို ဥပပီဠကကံခေါ်တယ်၊ နောက်ဆုံးကဥပဃာတကကံ၊ ဥပဃာတကကံဆိုတာက အကျိုးပေးတဲ့ကံကို ဖြတ်လိုက်တာကို ခေါ်တယ်၊ မြတ်စွာဘုရားက ဘဝကွယ်လွန်တာနဲ့ ပတ်သက်ပြီး အကြောင်းလေးမျိုး ဟောထားတယ်၊ ကွယ်လွန်တာဟာ အကြောင်းလေးမျိုး၊ တစ်မျိုးမျိုးကြောင့် ကွယ်လွန်တယ်၊ သက်တမ်းစေ့လို့ ကွယ်လွန်တဲ့ သဘောရှိတယ်၊ ဥပမာ လူ့ဘဝ ဆိုတာသက်တမ်းက အတက်အကျရှိတယ်၊ တက်ကပ်၊ ဆုတ်ကပ်၊ ယခုဆိုလို့ရှိရင် ဆုတ်ကပ်၊ ဒီဆုတ်ကပ်မှာ ဂေါတမ မြတ်စွာဘုရားပွင့်တော်မူတဲ့အခါမှာ သက်တမ်း ဘယ်လောက်ရှိမလဲ၊ လူ့ဘဝ (၁၀၀)လို့ ပြောတယ် အသက်(၁၀၀)

http://www.dhammadownload.com

ပတ်ဝန်းကျင် မှာ ကွယ်လွန်တယ်ဆိုရင်သက်တမ်း ပြည့်လို့ ကွယ်လွန်ပြီလို့ ပြောကြတယ်။

နောက်တစ်ခုက ကံကုန်လို့ ကွယ်လွန်တာ ရှိတယ်၊ ဒီဘဝမှာ ဖြစ်စေတဲ့ကံက ကျွန်တော်တို့မှာ အမျိုးမျိုး ရှိပါတယ်၊ ဘဝမှာ ဖြစ်စရာ ကံကုန်သွား ရင်လဲ ကွယ်လွန်တယ်တဲ့၊ ဒါမှမဟုတ်ရင်လဲ သက် တမ်းစေ့တယ်၊ ကံကလဲ ကုန်သွားတယ်၊ အဲဒီ အကြောင်း နှစ်ပါးကြောင့်လဲ ကွယ်လွန်တယ်၊ သက်တမ်းလဲ မစေ့သေးဘူး၊ ကံကလဲ ရှိသေးတယ်၊ သို့သော်လဲပဲ ခုနကပြောတဲ့ဥပဃာတကကံ အကျိုး ပေး လိုက်တဲ့အခါကျတော့ ကံမကုန်သေးသော်လဲ သက်တမ်းမစေ့သေးသော်လဲ၊ ရုတ်တရက်ပြတ်သွား တယ်။ အဲဒါတွေဟာ ကံရဲ့ကိစ္စ၊ ကံရဲ့ ကိစ္စပြီးတော့ နောက်တစ်ခါ ဘာလာသေးလဲဆိုတော့ ကံရဲ့အကျိုး ပေးမှု၊ကံဆိုတာက တစ်ဘဝတည်း အကျိုးပေးတာ မဟုတ်ဘူး၊ ဘဝပေါင်းများစွာ အကျိုးပေးနိုင်တယ်၊ အဲဒီတော့ကံတွေက ဘယ်လို အကျိုးပေးသလဲ ဆိုတော့ ဒိဋ္ဌဓမ္မဝေဒနီယကံ ဆိုတာက ဒီဘဝမှာ အကျိုးပေးတဲ့ကံကိုခေါ်တယ်။

ဥပမာ ယခု (၁၀)ရက် တရားထိုင်ထားတဲ့ ကုသိုလ်ကံတွေရထားတယ်၊ ရထားတော့ ကုသိုလ်

http://www.dhammadownload.com

ကံတွေက ဒီဘဝတွင် ပြီးသွားတာ မဟုတ်ဘူး၊ ဒီဘဝမှာအကျိုးပေးမယ့် ကံလဲပါတယ်၊ ဒုတိယဘဝမှာအကျိုးပေးမယ့် ကံလဲပါတယ်၊ တတိယဘဝကနေရှေ့ကို အကျိုးပေးမယ့် အဝိုင်းလဲပါတယ်၊ တစ်ခါတလေ အကြောင်းမညီညွတ်လို့၊ အကျိုးပေးခွင့် မရလို့အဟောသိကံလဲ ဖြစ်တယ်၊ အဲဒီတော့ ကံကလူတွေဖြစ်ထိုက်မယ့် ကာလအားဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကံ၊ဒီဘဝ အကျိုးပေးတဲ့ကံ ဥပပဇ္ဇဝေဒနီယကံဆိုတာကဒုတိယဘဝမှာ အကျိုးပေးတဲ့ ကံကိုခေါ်တယ်။ တတိယဘဝ ဟိုဘက်အကျိုးပေးတဲ့ ကံက အပရာ ပရိယဝေဒနီယကံ ခေါ်တယ်၊ အကြောင်း မညီညွတ်လို့၊ အကျိုးပေးခွင့် မရှိလို့ အကျိုး မပေးတဲ့ကံကို အဟောသိကံခေါ်တယ်။

ကံဆိုတာက အကျိုးပေး ခွင့်ရှိမှ အကျိုးပေးလို့ ရတယ်၊ အကျိုးပေးခွင့် တိုက်ဆိုင်မယ်ဆိုရင် အကျိုးပေးနိုင်ခွင့် ရှိပါတယ်၊ ဒီကံဘယ်အပေါ်မှာ မှီလဲဆိုတော့ ကံအကျိုးပေးခွင့်က ဂတိပေါ်မှာလဲ တည်တယ်၊ ဘဝကလဲမှန်ရမယ်၊ ကာလ ဒေသပေါ်မှာလဲမှီသေးတယ်၊ ကာလဒေသကလဲ မှန်ရမယ်တဲ့၊ ပယောဂလဲ ရှိသေးတယ်၊ ပယောဂဆိုတာ ဝိရိယပေါ့၊ ပြီးတော့ ဥပဓိကလဲ ရှိသေးတယ်၊ ဒီလေးပါးပြည့်စုံ

http://www.dhammadownload.com

မှ ကံက အကျိုးပေးလို့ရတယ်၊ (၄)ပါးမပြည့်စုံရင် ကံအကျိုးပေးခွင့် မရှိဘူး။

ဥပမာ – ပုဂ္ဂိုလ်တစ်ဦးက ဒါနတွေပြုထားတယ်၊ ကုသိုလ်တွေ ပြုထားတယ်၊ သီလတွေ စောင့်ထိန်းထားတယ်၊ သို့သော်လဲ လူဆိုတာက အကုသိုလ်ကင်းတာမဟုတ်ဘူး၊ အခုဘဝ သို့မဟုတ် ရှေ့ဘဝများက အကုသိုလ်ပြုထားတာ ရှိချင်ရှိမယ်၊ သေပေါက်သေဝနဲ့ကျတော့ မတော်တဆ မကောင်းတဲ့ အာရုံဝင်သွားလို့ နိမိတ်က ဝင်သွားရင်၊ သူ့ ဒုတိယဘဝ အပါယ်လေးပါးကိုရောက်သွားလေ့ရှိတယ်၊ မိမိပြုထားတဲ့ ဒါနကုသိုလ်တွေက ဂတိမမှန်တဲ့ အတွက် အကျိုးပေးခွင့် မရှိသေးဘူး၊ ဒီကံတွေက ဆိုင်းသွားတယ်၊ ဘဝကလဲ မှန်ရမယ်၊ ကာလဒေသကလဲ မှန်ရမယ်၊နောက်ပြီး ဝီရိယပါရမယ်၊ ဝီရိယမရှိဘဲနဲ့ ကံက အကျိုးပေးလို့မရဘူး။

မြတ်စွာဘုရားက ကံချည်းပဲ မယုံရဘူးတဲ့၊ ကံချည်းပဲယုံလို့ မဖြစ်ဘူးတဲ့၊ **ကံပေါ်မှာ အကြောင်းပြုရမယ်၊ ဉာဏ်ပေါ်မှာလဲ အကြောင်းပြုရမယ်၊ ဝီရိယအပေါ်မှာလဲ အကြောင်းပြုရမယ်၊** ကံ၊ ဉာဏ်၊ ဝီရိယအပေါ်မှာလဲ အကြောင်းပြုရမယ်၊ ကံ၊ ဉာဏ်၊ ဝီရိယပြည့်စုံမှရမယ်၊ ဥပမိကလဲ ရှိသေးတယ်၊ အဲဒီလို ဆိုင်ရာလုပ်ငန်းနဲ့ တိုက်ဆိုင်မှ အကျိုးပေး

http://www.dhammadownload.com

တယ်၊ အကျိုးပေးတဲ့အခါမှာ ချက်ချင်း ဒီဘဝမှာ အကျိုးပေးတယ်၊ဒုတိယဘဝမှာအကျိုးပေးတယ်၊ တတိယ ဘဝမှာဘဝများစွာ အကျိုးပေးတယ်။

ဘယ်လို အကျိုးပေးသလဲဆိုတော့ ကာယကံ ပြုလုပ်သည် ဖြစ်စေ၊ ဝစီကံ ပြုလုပ်သည်ဖြစ်စေ၊ အခြေခံက မနောကံ၊ မနောကံက စေတနာပေါ်မှာ မှီတယ်၊ စေတနာ ဦးဆောင်ပြီးတော့ ကျန်တဲ့ စေတသိက်တွေပါသွားတယ်၊ စိတ်ဆိုတာက ဝိထိ တွေရှိတယ် ဝိထိအများကြီးပါတယ်၊ စိတ်အစဉ် ဒီအတိုင်း သွားတာကိုရှိတယ်တဲ့၊ ဝိထိတွေ အမျိုးမျိုး ရှိတယ်။

ဥပမာ–ဝိတိတစ်ခုကိုယူကြည့်လိုက်ရင် ပဋ္ဌဒ္ဓါရ ဝိထိဆိုတာရှိတယ်၊ စိတ်က ဘယ်လိုအကြောင်းပြုပြီး ဖြစ်လာသလဲဆိုတော့ ဒ္ဓါရငါးပါးဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်ထိတွေမှာ (၅)နေရာက အာရုံတွေ ဝင်လာနိုင်တယ်၊ အာရုံတွေ ဝင်လာနိုင်တာ ကို ပဋ္ဌဒ္ဓါရဝိထိခေါ်တယ်၊ ပဋ္ဌဒ္ဓါရမှာဆိုရင်မျက်စိက နေပြီး ဝတ္ထုတစ်ခုခုကို မြင်လိုက်တဲ့အခါကျရင် ရူပါရုံ မြင်လိုက်ရင်၊ စိတ်ကမြင်တဲ့အပေါ်မှာရှိတယ်၊ မြင်တာက သေသေချာချာ စူးစူးစိုက်စိုက် အာရုံစိုက် ပြီးတော့ မြင်တဲ့ဟာတွေ ရှိတယ်၊ ပါဠိလိုတော့

http://www.dhammadownload.com

အတိမဟန္တာရုံနဲ့ မဟန္တာရုံ။ စူးစူးစိုက်စိုက် ဂရုစိုက်ပြီး မြင်လိုက်တဲ့အခါတွေ ရှိမယ်၊ ဒါမှမဟုတ်ရင်လဲ လမ်းသွားလမ်းလာ အမှတ်တမဲ့ မြင်လိုက်တာရှိမယ်၊ ဝီထိအစဉ် ပြည့်ပြည့်စုံစုံ ဖြစ်တဲ့အခါမှာ ဘယ်အာရုံဖြစ်လဲဆိုတော့ ' သေသေချာချာ သတိထားလိုက်တဲ့အခါမှာ ဝီထိအစဉ်လေးတွေ အများကြီးဖြစ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် တစ်ဝီထိ၊ တစ်ဝီထိမှာ စိတ္တက္ခဏ (၁၇)ချက်ကို တစ်ဝီထိခေါ်တယ်၊ အင်မတန် မြန်ပါတယ်၊တစ်ဝီထိမှာ စိတ္တက္ခဏ (၁၇)ချက် အမြဲတမ်းဖြစ်တယ်။ ဘဝင်စိတ်ဆိုတာရှိပါတယ်၊ အနီးကပ်ဆုံးကတော့ အိပ်နေတဲ့အချိန်မျိုးမှာ ဘာအာရုံမှ မဝင်ဘူး၊ မသိဘူး၊ သို့သော်စိတ်မရှိဘူးလား ဆိုတော့ စိတ်ရှိတယ်၊ စိတ်ပြတ်သွားရင် ဒီဘဝချုပ်သွားမယ်၊ ဘဝင်စိတ်ဆိုတာရှိတယ်၊ ပါဠိလို " ဘဝင် " လို့ခေါ်တယ်၊ ဘဝင်ဆိုတာ ဘဝရဲ့ အင်္ဂါ၊ အာရုံတစ်ခု ဝင်သွားရင် ဘဝင်စိတ်(၃)ချက် ဖြစ်တယ်၊ (၃) ချက်ပေါ်ပြီးမှ ဘာပေါ်လဲဆိုတော့ "ပဋ္ဌဝါရာဝဇ္ဇန်း" ဆိုတာဖြစ်တယ်၊ ပဋ္ဌဝါရာဝဇ္ဇန်းဆိုတာ ဥပမာ–အသံလေးကို ကြားလိုက်ရင်၊ နားဘက်က အာရုံယူလိုက်တယ်၊ အနံ့လေးရလိုက်ရင် နှာခေါင်း

http://www.dhammadownload.com

ဘက် က ယူလိုက်တယ်။ ရူပါရုံတွေ့ရင် မျက်စိက အာရုံယူလိုက်တယ်။

အဲဒီလို ပထမတစ်ခဏလေးမှာ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ဆိုတဲ့ သဘောတရားလေး တစ်ခဏ ဖြစ်တယ်၊ တစ်ခဏဖြစ်ပြီးတဲ့အခါဒီစိတ်ပေါ်မှာ မှီပြီးတော့ ဘာဖြစ်လဲဆိုရင် " စက္ခုဝိညာဏ်စိတ် " ဖြစ်တယ်။ စက္ခုဝိညာဏ်စိတ်ဖြစ်ပြီး တစ်ခဏချင်းမှာ နောက် ဘာစိတ် ဖြစ်လာသလဲဆိုတော့ "သမ္ပဋ္ဌိစ္ဆိုင်း" ဖြစ်လာတယ် သမ္ပဋ္ဌိစ္ဆိုင်းဆိုတာဟာ ဘာလဲ ဆိုတော့မြင်လိုက်တဲ့အာရုံလေးပေါ်မှာ မနောကနေ လက်ခံလိုက်တဲ့ အခိုက်အတန့်လေးကို ခေါ်တယ်၊ သမ္ပဋ္ဌိစ္ဆိုင်းပြီးတော့ ဘာပေါ်လဲဆိုတော့ " သန္တီရဏ " စိတ်ပေါ်တယ်၊ သန္တီရဏ စိတ်ဆိုတာဒီဟာလေးကို မြင်လိုက်တယ်မြင်ပြီးလက်ခံလိုက်တယ်၊ မြင်သိစိတ် ကလေးဖြစ်တယ်။ မနောက လက်ခံလိုက်တယ်၊ လက်ခံပြီးတော့ဒီအာရုံလေးကို စူးစမ်းလိုက်တယ်၊ အဲဒီလို သန္တီရဏ စိတ်ဖြစ်ပြီးတော့ "ဝုဋ္ဌော" ဆိုတဲ့ စိတ်ဝုဋ္ဌောဆိုတာက ဆုံးဖြတ်ချက်ချ လိုက်တာကို ခေါ်တယ်။

ဥပမာ ဒီဟာမော်တော်ကားဆိုပြီး ဆုံးဖြတ်ချက် လေးချလိုက်တယ်၊ အဲဒီလို ချလိုက်ပြီးတော့ အဲဒီ

http://www.dhammadownload.com

အထိစိတ်ကိုစိတ်အားဖြင့် ဘာအမျိုးအစားလဲ ဆိုတော့ " အဗျာကတ " စိတ်ခေါ်တယ်၊ ကံ မဖြစ်သေးဘူး၊ အဲဒီအခိုက်အတန့်မှ ကုသိုလ်ကံလဲ မဖြစ်သေးဘူး၊ အကုသိုလ်ကံလဲ မဖြစ်သေးဘူး၊ သို့သော် ဆုံးဖြတ်ချက်ချပြီးတဲ့နောက်မှ "ဟော" ဆိုတာ ပေါ်လာတယ်။ ကုသိုလ် အကုသိုလ်စိတ်တွေကို "ဟော" လို့ခေါ်လိုက်တယ်။ ဟောက(၇) ကြိမ် ဖြစ်တယ်၊ ကုသိုလ် အကုသိုလ် စိတ်တွေမှာ ဟောဖြစ်တဲ့ စိတ်တွေပါလာတယ်၊ ပထမ ဟောက ကုသိုလ် စိတ်ဖြစ်ရင်အားလုံး (၇) ခုစလုံးကုသိုလ် စိတ်ဖြစ်သွားတယ်၊ မပြောင်းတော့ဘူး၊ စတဲ့စိတ်က ပထမ ဟော၊ အကုသိုလ်ဖြစ်ရင် နောက်ဆုံး ဟော အထိ အကုသိုလ်စိတ်ပဲ ဖြစ်သွားတယ်။

အဲဒါကို မှတ်လိုက်တာက တဒါရုံနှစ်ကြိမ် ဖြစ်တယ်၊အားလုံး (၁၇)ကြိမ်ဖြစ်တယ်၊ (၁၇)ကြိမ်ကံ အကျိုးပေးတာက ဘယ်လိုပေးလဲဆိုတော့ ကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကုသိုလ်ကံပဲဖြစ်ဖြစ် ပထမ ဟောတွေမှန်သမျှ ဒီဘဝမှာပဲ အကျိုးပေးတယ်၊ သတ္တမဟောဆိုတဲ့ နောက်ဆုံးဟောကတော့ ဒုတိယ ဘဝ ဖြစ်ဖို့အကျိုးပေးခွင့် ရှိတယ်တဲ့၊ အလယ်ငါး ဟောကတော့ တတိယဘဝမှစပြီး ဟိုဘက်ကို အကျိုး

http://www.dhammadownload.com

ပေးတယ်၊ ကျွန်တော်တို့ ပြုလုပ်ခဲ့သမျှ ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ် စောတွေကအများကြီးဆိုတော့ စိတ်ဝိထိကျတာ၊ စကားလေးတစ်ခွန်းတည်းကြားလိုက်ရင် ဥပမာ – နွားဆိုတဲ့စကားတစ်ခွန်းကိုကြားလိုက်ရင် ဝိထိ(၄)ခါကျတယ်တဲ့။

ပထမ နွားဆိုတဲ့ စကားကြားလိုက်ရင် နားကနေပြီးတစ်ဝိထိကျတယ်၊ နားကနေပြီး ဖြစ်တဲ့ စိတ်ပြီးမှ မနောကလက်ခံပြီး ဒီအပေါ်မှာ မှီပြီး နွားရဲ့ပုံပန်းသဏ္ဌာန်လေးကို ဆင်ခြင်လိုက်တဲ့ဝိထိ၊ ပြီးတော့မှဒီဟာမြင်ရင် နွားပဲဆိုပြီး စိတ်ထဲရှင်းသွားတာ တစ်ဝိထိ၊ စကားလေးတစ်ခွန်းကြားရင် အနည်းဆုံး ဝိထိ (၄) ကြိမ်ကျတယ်၊ တစ်ဝိထိ၊ တစ်ဝိထိမှ စော (၇) ကြိမ်ဆိုတော့ ပေါင်း (၂၈) စောလောက် ကျတယ်။

ဘယ်လောက်စောများလဲဆိုတာ စဉ်းစားကြည့်ပေါ့၊ အဲဒီစောတွေ ကျတိုင်း ကျတိုင်း ပထမ စောတွေမှန်သမျှ ဒီဘဝမှာ အကျိုးပေးတယ်၊ ဒီဘဝမှာ အကြောင်းက မညီညွတ်လို့ အကျိုးပေးခွင့်မရှိရင် အဟောသိကံ ဖြစ်သွားတယ်၊ မလာတော့ဘူး၊ သတ္တမစောတွေ မှန်သမျှကတော့ ဒုတိယဘဝဖြစ်ဖို့

http://www.dhammadownload.com

ကို အကျိုးပေးတယ်၊ အဲဒီဈာန်မှာ ဒုတိယဘဝဖြစ်ဖို့ အကျိုးပြုတော့ ကျန်တဲ့ဈာန်တွေက အဟောသိကံ ဖြစ်သွားတယ်။

သို့သော် အလယ်ဈာန်တွေက တတိယဘဝမှ စပြီးဟိုဘက်မှာ အကျိုးပေးဖို့ ဆက်သွားတယ်၊ ယခုကျွန်တော်တို့ ဒီဘဝပါက်အကျိုး မှန်သမျှ တွေဟာ ဘာဈာန်တွေလဲဆိုတော့ ယခုဘဝလုပ်ခဲ့တဲ့ ပထမဈာန်တွေနဲ့ ဒုတိယဘဝ နောက်ပိုင်းမှာ ပြုလိုက်တဲ့ အလယ် (၅) ဈာန်တွေ ဖြစ်ပြီးတော့ ကျွန်တော်တို့မှာ ဒီဘဝပါက်ဆိုတဲ့ အကျိုးကိုရတယ်၊ ဒီပေါ်မှာ မှီပြီးတော့ ကျွန်တော်တို့ကံအသစ်တွေ ပြုလုပ်တယ်။

ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ် ပထမ ဈာ မှန်သမျှ ဒီဘဝမှာ အကျိုးပေးတယ်၊ ပါရမီ မြောက်တဲ့ဈာဆိုရင် အလယ်(၅)ဈာ အင်မတန် အားကောင်းတယ်။ ကျွန်တော်တို့ကို တတိယဘဝမှ စပြီးဟိုဘက်မှာတော့ နိဗ္ဗာန်မရမချင်း အကျိုးကို သူက အခွင့်သာသလို။ ပေးသွားတယ်၊ အဟောသိကံ နဲ့ပတ်သက်လို့ကတော့ ဥပမာအားဖြင့် အဂ္ဂိုလိမာလ ကြားဖူးကြမှာပေါ့၊ အဂ္ဂိုလိမာလက အဲဒီဘဝ မှာသူသတ်ထားတာ မနည်းဘူး။

http://www.dhammadownload.com

သို့သော်လဲ မြတ်စွာဘုရားနဲ့ တွေ့သွားပြီး သူက ဘာဖြစ်သွားသလဲဆိုတော့ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတော့ သူသတ်ထားတာကနည်း တာမဟုတ်ဘူး၊ သို့သော်လဲရဟန္တာ ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် ကိလေသာပယ်သွားပြီ။ သူ့ဝဋ်ဋကပြတ်သွားပြီ၊ သူ့မှာ ဒုတိယဘဝမရှိတော့ဘူး၊ ရဟန္တာ ဖြစ်တဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့လို ကုသိုလ်စိတ်၊ အကုသိုလ်စိတ် မဖြစ်တော့ဘူး၊ ကြိယာစိတ်ဆိုတဲ့ ကံ မဖြစ်တဲ့ စိတ်ပဲသူ့မှာဖြစ်တော့တယ်၊ သူက ဒုတိယ ဘဝမရှိတော့ဘူး၊ ပရိနိဗ္ဗာန်ပြုတော့မယ်။

ဒီတော့ ဒုတိယဘဝကနေ ဟိုဘက် အကျိုးပေးဖို့ကံတွေဟာ အကျိုးပေးခွင့် မရှိတော့ဘူး၊ အဟောသိကံဖြစ်သွားတယ်၊ သို့သော်လဲ သူသတ်ထားတဲ့ ပထမဇောက လက်ရှိဘဝမှာအကျိုးပေးရမယ်၊ အဲဒီတော့ သူဘယ်လို ဖြစ်သွားသလဲ၊ ရဟန္တာ ဖြစ်ပြီးတဲ့နောက် ဆွမ်းခံကြွတဲ့အခါမှာ မြို့ထဲကို မြတ်စွာဘုရားနဲ့ ဝင်လာတဲ့အခါမှာ လူတွေ ပထမတော့ ကြောက်ကြတယ်၊ ကြောက်လို့ပြေးကြတယ်။

နောက်တော့ သူတို့မိဘ သတ်ထားတယ်၊ သူတို့ ညီသတ်ထားတယ်ဆိုပြီးတော့ ဝိုင်းပြီး ခဲနဲ့ပေါက်ကြတယ်၊ မြတ်စွာ ဘုရားက " ချစ်သား

http://www.dhammadownload.com

သည်းခံ " လို့ ပြောရတယ်၊ ဘာဖြစ်လို့လဲ၊ သူလုပ်ထားတဲ့ အပြစ်တွေက ရှိနေတာကိုး၊ ဒါတွေကဘာသဘောလဲ၊ ပထမဈတွေ ဂတိကလဲ မှန်နေတယ်၊ ကာလဒေသကလဲ လိုက်နေတယ်၊ အဲဒီတော့ သူ့မှာ အကျိုးပေးသွားတယ် နောက်ပြီးတော့ ဆွမ်းခံတော့မရရှာဘူး၊ ဒါက အကုသိုလ် ပထမဈကြောင့် ရဟန္တာဖြစ်တာတောင်မရရှာဘူး နောက်တော့မှ အသက်ကယ်တဲ့ အဂ်ုလိမာလသုတ်ကို မြတ်စွာဘုရားက ပေးလိုက်တော့မှ လူတွေက သူ့ကိုပြန်ပြီး ကြည်ညိုလာကြတယ်၊ ဒီဝဋ္ဋကျွတ်သွားတယ်၊ သောတာပန်လဲ ဒီအတိုင်းပဲ၊ အပါယ်ကို သွားဖို့အကုသိုလ်သူတို့မှာက အကျိုးမပေးတော့ဘူး၊ ဘာကြောင့်လဲဆိုတော့ သူတို့မှာက သေပေါက် သေဝကျရင် ကုသိုလ်စိတ်နဲ့သေသွားမယ်၊ သေသွားရင် အပါယ်မလားတော့ဘူး၊ အပါယ်မလားလို့ရှိရင် ဂတိက အကုသိုလ်အကျိုးပေးခွင့် မရတော့ဘူး၊ မိမိပြုခဲ့တဲ့ အကုသိုလ်ကံရှိရင် အပါယ်ကျဖို့ အကျိုးမပေးတော့ဘူး၊ ဒါကြောင့်အပါယ်မလားဘူးလို့ ပြောတာ။

အဲဒါတွေကို ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယ ကံ၊ အဟောသိ ကံ

http://www.dhammadownload.com

ရယ်လို့ ကဲ့လေးမျိုးခေါ်တယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ပတ်သက်ပြီး ခုနကအကျိုးပေးတဲ့ကံကို ပြောသွားတယ်၊ သေပေါက်သေဝမှာ ဘယ်ကံက နေပြီး ဦးစားယူပြီး အကျိုးပေးမယ်ဆိုတာ (၄) မျိုးရှိတယ်၊ ပထမက်က "ဂရုကကံ" တဲ့၊ ဂရုကကံ ဆိုတာ ကံကြီးထိုက်တာ။ ပြီးတော့ အာသန္နကံ၊ အာသန္နကံဆိုတာ သေပေါက်သေဝနားမှာနောက် ဆုံး စိတ်ဝိထိအချိန်ကလေးမရောက်ခင် မရထာ သန္နဝိထိမရောက်ခင် ဖြစ်တဲ့ကံ။

ပြီးတော့ "အာစိဏ္ဏကံ" အမြဲထာဝစဉ် ပြုလုပ်နေကျကံ၊ ဒါမှမဟုတ်ရင် တစ်ခါ ပြုလုပ်ပြီးရင် အဖန်ဖန် အောက်မေ့နှလုံးသွင်းတဲ့ကံ။ ပြီးတော့ "ကဋ္ဌတ္တာ ကံ"၊ ကဋ္ဌတ္တာကံဆိုတာ အပေါ်က သုံးခုကလွဲရင် ဖြစ်တဲ့ကံ။ အပေါ်က (၃) ခုကတော့ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ ဒီဘဝပြုလုပ်တဲ့ အပေါ်မှာ မှီပြီးဖြစ်တဲ့ကံ၊ ကဋ္ဌတ္တာကံ ဆိုတာက ဒီဘဝပြုလုပ်ခဲ့တဲ့ ကံရယ်၊ အတိတ်ကပြုခဲ့တဲ့ ကံပေါ့၊ ဒီဂရုကံက ဦးစားယူတဲ့ ကံ၊ ကံကြီးပေါ့။

ဂရုကံကို ဘယ်လိုပြောလဲဆိုတော့ အကုသိုလ်နဲ့ ပတ်သက်လို့ (၁) မြတ်စွာဘုရားကို သွေးစိမ်းထွက်

http://www.dhammadownload.com

အောင် ပြုတဲ့ကံ၊ (၂) ရဟန္တာကိုသတ်တဲ့ကံ၊ (၃) အမိကို သတ်တဲ့ကံ၊ (၄) အဖကိုသတ်တဲ့ကံ၊ (၅) သံဃာကို ဂိုဏ်းကွဲအောင် ပြုလုပ်တဲ့ကံမျိုးတွေကို ခေါ်တယ်၊ အကယ်၍များ ဒီဘဝမှာ ဒီကံမျိုး ပြုလုပ်ခဲ့သည်ရှိသော်ဒီပြင်ကံက ဘာကံကြီးပဲ ပြုလုပ်ထား ပြုလုပ်ထား အကျိုးပေးခွင့်မရဘူးတဲ့၊ ဒုတိယဘဝမှာ ဒီကံအကျိုးပေးတော့မယ်၊ အကုသိုလ်ကံ ဆိုရင်အပါယ်လားတော့မယ်၊ ကုသိုလ်ဘက်က ဆိုရင်လဲ ဂရုကံဆိုတာက ဈာန်သမာပတ် ဝင်စားနိုင်လို့ဈာန်စိတ်နဲ့ နေနိုင်တဲ့ပုဂ္ဂိုလ်မျိုးတွေကျရင် ကုသိုလ်ဘက်မှ ဂရုကံခေါ်တယ်၊ ဈာန်ကဦးစားယူပြီးတော့ ပဋိသန္ဓေပေးတယ်၊ ဂရုကံထဲမှာ ကျွန်တော်မပြောခဲ့တဲ့ မိစ္ဆာဒိဋ္ဌိ သုံးပါးရှိသေးတယ်၊ အဲဒါလဲကံကြီးထိုက်တယ်၊ အဲဒီ ကံကြီးထိုက်တဲ့ မိစ္ဆာဒိဋ္ဌိသုံးပါးကတော့ နတ္ထိကဒိဋ္ဌိရယ်၊ အ, ဟေတုက ဒိဋ္ဌိရယ်၊ အ, ကိရိယဒိဋ္ဌိရယ်။ ကမ္မသကတာ သမ္မာဒိဋ္ဌိဆိုတဲ့ ကံ-ကံ၏ အကျိုးနဲ့ ဆန့်ကျင်တဲ့ အယူအဆမျိုး။

နတ္ထိကဒိဋ္ဌိဆိုတာ ကတော့ အကျိုးတရားကို ပယ်တဲ့အယူအဆမျိုးကို နတ္ထိကဒိဋ္ဌိလို့ ခေါ်တယ်၊ မိမိဘာလုပ်လုပ် ဒီဟာလုပ်တဲ့အတွက် အကျိုး

http://www.dhammadownload.com

တရားမရှိဘူး။ လူများကိုသတ်လို့ ကိုယ့်မှာ ငရဲ
မရောက်ဘူး၊ ဒုက္ခမရောက်ဘူး၊ ဒါန၊ သီလ
တို့စောင့်နေလို့လဲ အလကားပဲ၊ နောက်ဘာမှာ
အကျိုးဖြစ်တာမဟုတ်ဘူးဆိုတဲ့ အကျိုးတရားကို
လုံးလုံးပယ်တဲ့ အယူအဆမျိုးကို အမြင်မျိုးကို
နတ္ထိကဒိဋ္ဌိ လို့ခေါ်တယ်၊ အဲဒီလို အယူအဆမျိုးနဲ့
ယုံကြည်ချက်မျိုးနဲ့ သေသွားလို့ရှိရင် စဉ်းစားကြည့်
ပေါ့၊ အကျိုးတရားကိုပယ်တဲ့ ပုဂ္ဂိုလ်ဟာ သူလုပ်ချင်
ရာလုပ်တော့မှာပေါ့၊ အကုသိုလ်ကိုလုပ်တော့မှာပေါ့၊
ဘာကြောင့်လဲ ကျွန်တော်တို့ သာမညပုထုဇဉ်တွေမှာ
" ပါပသို့ ရမတိ မနော " ဆိုတဲ့ အတိုင်းစိတ်က
အကုသိုလ်မှာ မွေ့လျော်တယ်၊ ဒီလိုမှ ကံ-ကံ၏
အကျိုးနဲ့ ထိန်းမထားရင် အကုသိုလ်လုပ်တော့မယ်၊
ဒါကြောင့် ဂရုက်လို့ ခေါ်တယ်။ ကံကြီးထိုက်တယ်။

အ,ဟေတုကဒိဋ္ဌိဆိုတာ ကတော့အကြောင်း
တရား၊ အကျိုးတရားကိုပယ်တဲ့ အယူအဆမျိုး
ကိုခေါ်တယ်၊ ကျွန်တော်တို့က အကြောင်းတရား၊
အကျိုးတရားနဲ့သွားတယ်၊ သူတို့က အကြောင်းတရား
အကျိုးတရားမရှိဘူး၊ ဥပမာ လူရယ်လို့ဖြစ်လာရင်
ဟိုဘဝတုန်းက ကုသိုလ်ကောင်းမှုပြုထားလို့သေပေါက်

http://www.dhammadownload.com

သေဝမှ ကျွန်တော်တို့ရဲ့ ကံက ကောင်းတဲ့ကံဝင်လာလို့ ဒီမှာ ကျွန်တော်တို့ လူ့ဘဝ လာဖြစ်တယ်၊ သုဂတိရောက်တယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊သူတို့က အကြောင်းမရှိဘူး။

ဟိုတုန်းက အကြောင်းမရှိဘူး၊ မိဘနှစ်ပါးကြောင့်ဖြစ်တာပဲ၊ အကြောင်းကို ပယ်လိုက်တယ်၊ အကြောင်းကို ပယ်လိုက်ခြင်းအားဖြင့် သွယ်ဝိုက်သောနည်းအားဖြင့် အကျိုးကိုပယ်တာပဲ၊ အဲဒါလဲ ကံကြီးထိုက်တယ်၊ သူတို့လဲဂရုကံထိုက်တယ်။ ပြီးတော့ အ, ကိရိယဒိဋ္ဌိရှိတယ်။ အ,ကိရိယဒိဋ္ဌိကတော့ အကြောင်းကို ပယ်တယ်၊ ဂရုကံထိုက်တဲ့ အထဲမှာ အဓာတသတ်မင်း ရှိသေးတယ်၊ အဓာတသတ်မင်းဟာ အဖကို သတ်မိတယ်၊ နောက်ပိုင်းမှာ မြတ်စွာဘုရားကို ကြည်ညိုတယ်၊ မြတ်စွာဘုရားသာသနာမှာ အထောက်အပံ့ပြုတယ်၊ သူ့ရဲ့သားကို တောင် ရဟန်းခံပေးလိုက်သေးတယ်၊ ပုထုဇဉ် ပုဂ္ဂိုလ်ထဲမှာ မြတ်စွာဘုရားကို အကြည်ညိုဆုံးပုဂ္ဂိုလ်ပဲ။

အဲဒီလောက်ထိ ကုသိုလ်တွေပြုခဲ့သော်လည်း အဖသတ်ထားတဲ့ ပဋ္ဌာနနှစ်ရယက် ထိုက်ထားတော့

http://www.dhammadownload.com

သူက ဘယ်လိုသွားရသလဲ၊ လောလောဆယ်တော့ သေတဲ့ အခါမှာ အပါယ်ကိုသွားရတယ်၊ ငရဲကိုသွား ရတယ်၊ ဒါဂရုက်၊ အဲဒီဂရုက်မရှိရင် ဒုတိယဘဝ ဖြစ်ဖို့ ဘယ်ကဲက အကျိုးပေးမလဲဆိုတော့ အာသန္န ကဲ က အကျိုးပေးမယ်၊ အာသန္နကဲဆိုတာ ကျွန်တော် တို့ သေပေါက်သေဝကျလို့ရှိရင် နောက်ဆုံး မရဏာ သန္နဖောခေါ်တယ်၊ နောက်ဆုံးဖြစ်တဲ့ စိတ်အစဉ်လေး မရဏာသန္နဝီထိ လေးမဖြစ်ခင် ပေါ်တဲ့ကဲကိုခေါ် တယ်၊ အဲဒါက သေခါနီးမှ ပေါ်တာ၊ သေခါနီးမှာ ဆိုရင် ကဲ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ပေါ်တတ်တယ်တဲ့၊ ကဲပေါ်တယ်ဆိုတာ မိမိတစ်ခုခု ပြုလုပ်နေတာကို ပေါ်လာတယ်။

ဥပမာအားဖြင့် မိမိဒါနပြုလုပ်တဲ့ အာရုံပေါ် လာချင် ပေါ်လာမယ်၊ သီလဆောက်တည်တဲ့ အာရုံ ပေါ်လာချင် ပေါ်လာမယ်၊ ဘာဝနာပွားထားတဲ့ အာရုံ ပေါ်ချင်ပေါ်လာမယ်၊ ကုသိုလ်ဘက်က ဒီလို နိမိတ်မျိုးတွေ ပေါ်လာမယ်၊ ကမ္မနိမိတ်တွေဖြစ် တတ်တယ်၊ ကံနဲ့ ပတ်သက်ပြီး ဖြစ်တဲ့အကြောင်း အရာ ပေါ်လာတတ်တယ်။

ဥပမာ–ဘုရားဖူးဖူးတယ်၊ သီလ ဆောက်တည် ဖူးတယ်ဆိုရင် မိမိဖူးဖူးတဲ့ဘုရားစေတီပုထိုး ပေါ်ချင်

http://www.dhammadownload.com

ပေါ်မယ်၊ မိမိသီလဆောက်တည်တဲ့ ကျောင်းတို့ ဘာတို့ ပေါ်ချင်ပေါ်လာမယ်၊ အကုသိုလ် ဘက်က ဆိုရင်လဲ ဥပမာ – လုပ်နေကျဟာတွေနဲ့ ပတ်သက်တဲ့ အရာဝတ္ထုပေါ်လာတတ်တယ်၊ ဒါမှမဟုတ်ရင်လဲ ဂတိနိမိတ်ပေါ်တယ်၊ ဂတိနိမိတ်ဆိုတာ လားရာဘဝရဲ့ အာရုံတွေပေါ်လာတတ်တယ်၊ အဲဒီအာရုံတွေ ပေါ်မှာ မှီပြီးတော့ ခုနပြောတဲ့ မရဏာသန္နဇော ပေါ်လာတယ်၊ ပြီးတော့ မရဏာသန္နဝီထိဇော (၇) ကြိမ် မကျတော့ဘူး၊ (၅) ကြိမ်ပဲကျတော့တယ်။"

အဲဒီဇောက ကုသိုလ်အာရုံဖြစ်ရင် ကုသိုလ်ဇော ခေါ်တယ်၊ အကုသိုလ်ဇောကျရင် အကုသိုလ် ဖြစ်တယ်၊ အဲဒီဇောပေါ်မှာမှီပြီးတော့ ကျွန်တော်တို့ ဘဝင်တို့ တဒါရုံတို့ပေါ်ပြီးတော့ နောက်ဆုံးစုတိစိတ် ပေါ်လာတယ်၊ စုတိစိတ်ဆိုတာ ဒီဘဝရဲ့ နောက်ဆုံး စိတ်တစ်ခဏလေးကို ခေါ်လိုက်တာ၊ စုတိစိတ်ဆိုတာ ဝိပါက်စိတ်ခေါ်တယ်၊ ဝိပါက်စိတ်ဆိုတာက သူက အကျိုးပေးတာ မဟုတ်ဘူး။

နောက်ဘဝ ပဋိသန္ဓေအကျိုးပေးမှာက မရဏာသန္နဇော (၅)ခုက အကျိုးပေးမှာ၊ မရဏာသန္နဇော (၅) ခုက သူကနေပြီး ဘာဖြစ်စေလဲ၊ ပဋိသန္ဓေဖြစ်

http://www.dhammadownload.com

စေတယ်၊ အဲဒါကို ကျွန်တော်တို့ သေပေါက်သေဝ မှာ ဖြစ်တဲ့ကံက အာသန္နကံ ခေါ်တယ်။

သေပေါက်သေဝ အာရုံကောင်းပါစေဆိုပြီး နေထိုင်မကောင်းလို့ရှိရင် ဆွမ်းကျွေးတယ်၊ သင်္ကန်း လှူတယ်၊ ပရိတ်ရွတ်တယ်၊ ပရိတ်ရွတ်နာတယ်၊ တရားနာစေတယ်၊ အဲဒီလို ဘာလိုလုပ်သလဲ ဆိုတော့ အာသန္န ကံကောင်းပါစေ၊ သေပေါက် သေဝမှာ ကုသိုလ် ကံတွေ၊ ကုသိုလ်ကံရဲ့ နိမိတ်ဖြစ်မယ်။ ကုသိုလ် ကံရဲ့ သုဂတိ နိမိတ်ဖြစ်တဲ့ကံ တွေလာပါ စေတော့ဆိုပြီး ကျွန်တော်တို့ အာသန္နကံကောင်း အောင် ပြုလုပ်သွားတယ်။

မြတ်စွာဘုရားလက်ထက်ကလဲ အကုသိုလ်ကံ တွေ ပြုလုပ်ထားပေမယ့် မြတ်စွာဘုရားကြောင့် ဖြစ်စေ၊ ရဟန္တာကြောင့်ဖြစ်စေ၊ အာသန္န ကံကောင်း ရင် ဒုတိယ ဘဝမှာတော့ သုဂတိရောက်သွားတာတွေ ရှိတယ်၊ ဥပမာ ဘုရင့်အမိန့်အရ လူတွေကိုစားနဲ့ ခုတ်သတ်ရတယ်၊ တစ်သက်လုံး သတ်ရာက နေပြီးတော့ အသက်အရွယ် ရင့်ရော်လာတော့ သူ့ကို အငြိမ်းစား ပေးလိုက်တယ်၊ အငြိမ်းစား ပေးလိုက်တော့ သူ့မှာဆန္ဒက အင်မတန်ပြင်းပြတာ က သူအနားယူရလို့ရှိရင် သေသေချာချာ ဝတ်စားပြီး

http://www.dhammadownload.com

အစားကောင်း အသောက်ကောင်းနဲ့ စားမယ် ဆိုပြီးပြင်ဆင်ထားတဲ့ အရိုက်အတန့်လေးမှာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြွလာတယ်၊ ကြွလာတော့ သူက အရှင်သာရိပုတ္တရာ ကိုယ်တော် မှန်းလဲ သိတယ်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မှန်း သိတော့ သူက ထပြီးပင့်တယ်၊ ပင့်ပြီးတော့သူ အင်မတန် တောင့်တတဲ့ ဆွမ်း၊ ခဲဖွယ်တွေကို သန္ဓါထက်ထက်နဲ့ လှူလိုက်တယ်၊ လှူလိုက်တဲ့အခါ အရှင်သာရိပုတ္တရာက တရားဟောတယ်၊ တရားဟော တဲ့ အခါကျတော့ သူပြုလုပ်ခဲ့တဲ့ အကုသိုလ်တွေကို တွေးမိတယ်၊ တွေးမိတော့ သူတရားနာလို့မဝင်ဘူး၊ စိတ်မငြိမ်ဘူး။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က သိတယ်၊ အသင် ဘာဖြစ်လို့ တရားနာတာ မငြိမ်မသက် ဖြစ်နေတာလဲ၊ သူ ဒီလိုပဲပြုထားပါတယ်၊ သတ် ထားပါတယ်၊ သူ့မှာ စိတ်မချမ်းမသာ ဖြစ်နေပါ တယ်၊ အရှင်သာရိပုတ္တရာက အဆုံးအဖြတ်ပေးတာမျိုး မဟုတ်ဘဲ ပုစ္ဆာသဘောနဲ့ မေးလိုက်တယ်၊ သင်ပြု လုပ်ထားခဲ့တာက သင့်သဘောနဲ့ သင်ပြု လုပ်ခဲ့ တာလားလို့။

ဒီတော့ သူ့ဟာသူ စိတ်ကူးလိုက်တာက ငါပြု

http://www.dhammadownload.com

တာမဟုတ်ဘူး၊ မင်းက အမိန့်ပေးလို့၊ ခိုင်းလို့ လုပ်ရတာဆိုပြီး စိတ်ကြည်သွားတယ်၊ ဒီတော့မှ တရားနာလို့ရတယ်၊ ရှင်သာရိပုတ္တရာ ကျောင်းကို ပြန်တော့ သူကသပိတ်ပိုက်ပြီးတော့လိုက်ပို့တယ်၊ အပြန်မှာခုနက တရားနာထား တဲ့အာရုံနဲ့ပြန်လာ တုန်း မှာကျွဲခတ်ပြီး အနိစ္စရောက်သွားတယ်၊ သူ့ရဲ့ မရဏာသန္နဖောဆိုတဲ့ အာသန္နကံဟာ ကုသိုလ် စေတနာ ပါသွားတဲ့အတွက်ကြောင့် ဖြုန်းခနဲတော့ ငရဲရောက်မသွားဘူး၊ သုဂတိဘဝ ရောက်သွားတယ်၊ အဲဒါ အာသန္နကံအရေးကြီးတယ်၊ ကျွန်တော်တို့ အနေနဲ့က အာသန္နကံကောင်းဖို့ အရေးကြီးတယ်၊ ဘယ်တော့သေမယ်ဆိုတာမသိဘူး၊ ဘယ်လိုသေ ရမယ် ဆိုတာလဲ မသိဘူး၊ ဘယ်နေရာမှာသေရမယ် ဆိုတာ မသိဘူး၊

ဥပမာ ဆွေမျိုးဥာတိတွေနဲ့ ဖြည်းဖြည်း နာမ ကျန်းဖြစ်ပြီး သေခါနီးအထိ တရားတွေ နာသွားရ ရင်တော့ တော်ပါရဲ့၊ ဒါပေမယ့် ဒီလိုဖြစ်ဖို့က သေချာ တာ မဟုတ်ဘူး၊ ဖြစ်ချင်တဲ့ သဘောမျိုးနဲ့ အချိန် မရွေးသေခြင်းတရားနဲ့ တွေ့ရင် ကိုယ်ကအရေးကြီး တာက အာသန္နကံ ကောင်းကောင်း လုပ်ထားရမယ်၊ အာသန္နကံအောက်မှ အာစိဏ္ဏကံ ရှိတယ်၊ အာစိဏ္ဏကံ

http://www.dhammadownload.com

ဆိုတာ မိမိနေ့တိုင်းလုပ်တဲ့ အလုပ်ပေါ့၊ အဲဒီလို နေ့တိုင်းလုပ်တဲ့အလုပ်ဆိုတော့ မိမိမှာနေ့တိုင်း အားကောင်းတဲ့ အာစိဏ္ဏက်ဖြစ်အောင် လုပ်ထားနိုင်လို့ရှိရင် ဒီအာစိဏ္ဏက်က အားကောင်းလို့ရှိရင်၊ အာစိဏ္ဏက်ထုံနေလို့ရှိရင် အာစိဏ္ဏက် သည်သေပေါက်သေဝကျရင် အာသန္နက် ဖြစ်လာနိုင်တယ်၊ ကျွန်တော်တို့ အနေနဲ့သေချာအောင် လုပ်နိုင်တာ တစ်မဂ် တစ်ဖိုလ်ရအောင် ကြိုးစားပါ။

တစ်မဂ်တစ်ဖိုလ်မရသည့်တိုင်အောင် မိမိစိတ် အချရဆုံးကတော့ ဝိပဿနာတရားက စိတ်ချရတယ်၊ ဝိပဿနာတရားကို အာစိဏ္ဏက်သန်အောင် အားထုတ်ရမယ်၊ နေ့တိုင်းဖြစ်ဖြစ် ဆရာကြီးဦးဘဘိုးပြောသလို မိမိတရားကို ဒီမှာ (၁၀) ရက်ကလေးနဲ့ပြီးတာမဟုတ်ဘူး၊ (၁၀)ရက်ကလေး ကမျိုးစေ့ချပေးတာ၊ ကြီးပွားသန်မာအောင် အလေ့အထ ဖြစ်ပြီးတော့ အနိစ္စဆိုတဲ့သဘောတရားကို အမြဲသိနေအောင် ကြိုးစားပြီး အားထုတ်သွားရင်ဘယ်လိုပဲသေသေ၊ ဘယ်အချိန်မှာ ပဲသေသေ၊ ဘယ်နေရာမှာပဲသေသေ မိမိ တရားဟာသေပေါက်သေဝကျရင် ပေါ်လာတယ်၊ သေပေါက် သေဝကျလို့ရှိရင် ကျွန်တော်တို့ ဆောက်တည်ရာ၊ မှီခိုရာရှာတယ်၊ ရှာတဲ့အခါ ကျတော့

http://www.dhammadownload.com

တရားကို အားထုတ်တဲ့ပုဂ္ဂိုလ်ကသေရင် မိမိ တရားကို နလုံးသွင်းထားလို့ရှိရင် အလိုအလျောက် စိတ်ကဒီတရားပေါ်လာတယ်။

အနိစ္စဆိုတဲ့ အာရုံ အင်မတန်မှ ထက်တယ်၊ အခုတော့သာမည ဆိုတော့မသိဘူး၊ ကျွန်တော်တို့ တော်တော်လေးကြိုးစားပါတယ်၊ ကြိုးစားတော့ ဘာတွေဖြစ်လဲဆိုတော့ တစ်ခါတစ်လေအိပ်မက်ဆိုးမက်တယ်၊ မက်တဲ့အခါကျတော့ ပထမတော့ ပင်ပန်းတာပေါ့၊ အမြဲတမ်း ဘာဖြစ်တတ်လဲဆိုတော့ လွတ်ရာကျွတ်ရာမရှိတော့ဘူးဆိုတဲ့ အချိန်ကျရင်ဘာ အာရုံပေါ်လေ့ရှိလဲဆိုတော့ အနိစ္စဆိုတဲ့ အာရုံ ပေါ်လေ့ရှိတယ်၊ အဲဒီလို ပေါ်လာရင်ခုနက အာရုံ ချက်ချင်း ပဲပြတ်သွားတယ်၊ပြတ်သွားပြီး ချက်ချင်းနိုးတယ်၊ နိုးတဲ့အခါကျရင် တရားနဲ့ပဲနိုးတာပဲ။

ကိုယ့်ကိုယ်ကို ဘယ်လို သဘောရလဲဆိုတော့ အနိစ္စဟာ ထက်သန်ပါလား၊ အင်မတန်အားကောင်းပါလား၊ ခုနမကောင်းတဲ့ အာရုံတွေဟာ အနိစ္စအာရုံ သတိရ လိုက်တာနဲ့ ချက်ချင်း ပြတ်သွားတယ်၊ ကျွန်တော်တို့ကတော့ အဲဒီလိုဖြစ်ဖူးလို့ ပြောတာပါ၊

http://www.dhammadownload.com

မိမိကိုယ်ကို အာစိဏ္ဏက် သန်အောင် ကြိုးစားထား လို့ရှိရင် သေပေါက်သေ၀ စိတ်ချရမယ်၊ ဝိပဿနာ တရားက အနိစ္စပဲဆိုတာနဲ့ တစ်ခါတည်း ကုသိုလ် စိတ်၀င်လာတယ်၊ ကုသိုလ်စိတ်၀င်လာရင် မရဏာ သန္နဇောက ဖြစ်လာရင် မဟာကုသိုလ်စိတ်ဖြစ်ပြီး၊ ဟိုဘက်မှာ မဟာဝိပါက်အကျိုးနဲ့ သွားမှာပဲ၊ သုဂတိ နဲ့ သွားမှာပဲ။

အဲဒီတော့ အာစိဏ္ဏက်သန်အောင် လုပ်ဖို့အရေး ကြီးတယ်၊ အထူးသဖြင့် ကျွန်တော်တို့ မြတ်စွာ ဘုရား သာသနာမှာ ဒုလ္လဘတရားငါးပါးရှိတယ်၊ ဘုရား ဆိုတာ အင်မတန်ပွင့်ခဲပါတယ်၊ ဘုရား ဘာ ကြောင့် မပွင့်လဲဆိုတော့ ပါရမီဖြည့်ရတာ သာမည ပုဂ္ဂိုလ် မဖြည့်နိုင်ဘူး၊ ဆရာကြီးလဲ ပြောသွားပြီ၊ အမြန်ဆုံးက ပညာဓိကဘုရား အမြန်ဆုံး၊ ဂေါတမ မြတ်စွာဘုရား က ပညာဓိကဘုရား၊ ပညာဓိက ဘုရားတောင် ဘယ်လောက်ပါရမီဖြည့်ရလဲ၊ လေး သချီနဲ့ ကမ္ဘာ တစ်သိန်းဖြည့်ရတယ်၊ အဲဒါဘယ် အချိန်က စဖြည့် တာလဲ၊ ဗျာဒိတ်ရပြီးတဲ့ အချိန်က စဖြည့်ရတယ်၊ ဒီပ ကံရာ ဘုရားလက်ထက်မှာသူဟာ ပါရမီရှိတယ်၊ ရဟန္တာဖြစ်နိုင်ရဲ့သားနဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရနိုင်သားနဲ့ သဒ္ဓါတရား ထက်ထက်

http://www.dhammadownload.com

သန်သန်နဲ့ ဒီဘဝမှာ နိဗ္ဗာန်ကို မယူဘဲနဲ့၊ လေးသချေ်ကမ္ဘာ တစ်သိန်း ဖြည့်ရတယ်။

လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း အတောအတွင်းမှာ ဒီကမ္ဘာတွေထဲမှာ ဘုရားပွင့်ခဲ့တဲ့ ကမ္ဘာက (၁၂) ကမ္ဘာပဲ ရှိသေးတယ်၊ စဉ်းစားကြည့်၊ ကြားထဲမှာ ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေက မရေမတွက်နိုင်အောင် များပြားတယ်၊ လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းမှာ (၁၂) ကမ္ဘာပွင့်ခဲ့တဲ့ ဘုရားပေါင်းကနှစ်ကျိပ်ရှစ် ဆူပဲရှိတယ်၊ ဘုရားဆိုတာ အင်မတန်ပွင့်ခဲတယ်။

ကျွန်တော်တို့အနေနဲ့ကမြတ်စွာဘုရားနဲ့ ကိုယ်တော်တိုင်မတွေ့ရသည့် တိုင်အောင် မြတ်စွာဘုရားအဆုံးအမ တည်နေတဲ့အချိန်၊ သာသနာ တည်နေတဲ့အချိန်မှာ ဖြစ်တော့ ကျွန်တော်တို့မှာ ကုသိုလ်ကံကောင်းတယ်၊ မြတ်စွာဘုရားနဲ့ တွေ့ရဘိသကဲ့သို့ မြတ်စွာဘုရားရဲ့ အာနိသင်ကရှိနေတဲ့ အချိန်မှာဖြစ်တော့ကုသိုလ်ကောင်းတယ်၊ ပါရမီကောင်းတယ်ဆိုတဲ့အချိန်ဖြစ်နေတယ်၊ ပြီးတော့လူ့ဘဝဆိုတာ ရခဲတယ်၊ လူ့ဘဝဆိုတာ အင်မတန် မွန်မြတ်တဲ့ဘဝ၊ဘာကြောင့် လဲဆိုတော့ဘုရားတွေပါရမီဖြည့်တာ နတ်ပြည်မှာမဟုတ်ဘူး၊လူ့ပြည်မှာဖြည့်ရတယ်၊နတ်ပြည်မှာက စည်းစိမ်တွေများတယ်၊

http://www.dhammadownload.com

အပျော်အပါးတွေများတယ်၊ဟိုမှာကုသိုလ်ကိုစံတဲ့ သဘောပဲရှိတယ်၊ အဲဒီတော့လူပြည်လာရတယ်။

ဥပမာ–တရား အားထုတ်ချင်ရင်တောင်မှ လူပြည်မှာ ကမ္မဋ္ဌာန်းလေးဆယ်ပွားများ အားထုတ်လို့ရတယ်၊ နတ်ပြည်မှာ ကမ္မဋ္ဌာန်းလေးဆယ်ပွားများအားထုတ်လို့ မရဘူး၊ဘာကြောင့်လဲ၊ နတ်ပြည်မှာအသုဘ ကမ္မဋ္ဌာန်းစီးဖြန်းချင်ပါတယ်ဆိုလို့ မရှိဘူး၊ကာယဂတာ ကမ္မဋ္ဌာန်း ပွားများချင်တယ်ဆိုလို့မရှိဘူး၊ အဲဒီတော့ လူပြည်မှာသာလျှင် ကမ္မဋ္ဌာန်း လေးဆယ်လုံးကိုစီးဖြန်းနိုင်တယ်၊ ဒုက္ခသစ္စာကို သိလွယ်နိုင်တဲ့ဘဝမျိုး၊ ဒီလို ဘုရားပွင့်တဲ့ အချိန်မှာ ကိုယ်ကလဲ လူ့ဘဝရတဲ့အချိန် သဒ္ဓါသမ္ဘတ္တိ ဘာဝေါဒုလ္လဘောဆိုတာ ဘုရား၊တရား၊ သံဃာပေါ်မှာ ယုံကြည်တဲ့စိတ်မျိုးကလဲ ဖြစ်ခဲပါတယ်၊ တော်ရုံတန်ရုံ မဖြစ်ပါဘူး။

ယခု ဒီမှာ လာတယ်ဆိုတာ ဘုရား၊ တရား၊ သံဃာပေါ်မှာ မယုံကြည်ဘဲနဲ့တော့ မလာဘူး၊ ယုံကြည်လို့ လာကြတာပဲ၊ ဒီဘဝမျိုးလဲရပြီ၊ ဒီတော့ ကိုယ်ကဘာလဲဆိုတာ သဒ္ဓမ္မသဝဏ် ဒုလ္လဘံတဲ့၊ သူတော်ကောင်းတရား နာကြားရတဲ့ ဘဝဆိုတာ ရခဲတယ်။ ကိုယ်က ဒီဘဝတွေက အကျိုးတရား

http://www.dhammadownload.com

တွေ ပြည့်စုံနေတဲ့အချိန်၊မိမိဘာဝနာပွားများပြီး မွေ့ လျော်အောင်ကြိုးစားအားထုတ်ဖို့ ကောင်းတဲ့ အချိန်မျိုး၊ အဲဒီလို ကြိုးစားအားထုတ်သွားမယ် ဆိုရင် ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ်မရသည့်တိုင် အောင်ဝိပဿနာတရားအားထုတ်တဲ့ ပုဂ္ဂိုလ်သည် သည်ဘဝမှာ အသက်ရှင်တုန်းမရနိုင်သည့်တိုင် အောင်၊ သူ့မှာ ဘယ်တော့မှာရနိုင်တုန်းဆိုရင် သေပေါက်သေဝမှာ ရနိုင်တဲ့အခွင့်အရေးရှိတယ်တဲ့၊ သေပေါက်သေဝကျတော့ဆောက်တည်ရာအားကိုး ရာရှာတယ်တဲ့၊ ရှာတဲ့အခါကတော့ ဒီတရားနှလုံး သွင်းတဲ့အခါ ဒီအပြင်အာရုံမဝင်တဲ့အတွက်ကြောင့် သေခါနီးမှာ တရားအာရုံကိုမနောက ထက်ထက် သန်သန် နှလုံးသွင်းနိုင်တယ်။

အဲဒီအချိန်မှာ လူအနေနဲ့ သေသွားမယ်၊ ပုထုဇဉ် ဘဝအနေနဲ့ သေသွားပြီး အရိယာဖြစ်နိုင်တယ်တဲ့၊ ဒီမှာမှ အရိယာမဖြစ်သေးရင် ဒီကုသိုလ်စိတ်နဲ့သေ သွားတဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်ဟာ ဘယ်မှာသွား ဖြစ်သလဲ၊နတ်ဘဝသွားဖြစ်တယ်၊ နတ်ဘဝဆိုတာက "ဥပဓါတ်ပဋိသန္ဓေ" ဆိုတော့ ကျွန်တော်တို့ကောင်း ကင်ကဘွားခနဲ့ဖော်လာသလို ကြီးထွားပြီးလာ တယ်၊ ကျွန်တော်တို့လို့ အမိဝမ်းထဲမှာ (၉) လ၊

http://www.dhammadownload.com

(၁၀)လ ပဋ္ဌိသန္ဓေမနေရဘူး၊ ကျွန်တော်တို့က(၉)လ၊(၁၀)လ ပဋ္ဌိသန္ဓေနေရတော့ ဘဝင်စိတ်တွေက မြောက်မြားစွာခြားနေတော့ ကျွန်တော်တို့အနေနဲ့ အတိတ်ကာလကို မသိနိုင်ဘူး။

သူတို့အနေနဲ့က ဘဝင်စိတ် များများမခြားဘူး၊ စုတိဖြစ်တာနဲ့ ပဋ္ဌိသန္ဓေစိတ်က ဘွားကနဲ ကြီးထွားပြီးတော့ ပေါ်လာတဲ့အတွက်ကြောင့် ငါ ဒီဘဝကို ဘာကုသိုလ်နဲ့ရောက်တုန်းလို့ ပြောတာကမှ ကြာသေးတယ်တဲ့၊ သူတို့နှလုံးသွင်းထားတဲ့ တရားကို ဆက်ပြီး နှလုံးသွင်းလိုက်ရင် နတ်ပြည်မှာ တိဟိတ်ပဋ္ဌိသန္ဓေမှာဖြစ်တယ်။ တိဟိတ်ပဋ္ဌိသန္ဓေစိတ်ဆိုတာက အ,လောဘ၊ အ,ဒေါသ၊ အ,မောဟ ဆိုတဲ့ ပညာစေတသိက်ပါ ပါသွားတော့၊ ချက်ချင်းပဲ အရိယာဖြစ်နိုင်တယ်တဲ့။

တကယ်လို့ သူမေ့နေရင်တောင်မှ ဘေးက အရိယာ နတ်တွေကလာပြီး သတိပေးတယ်တဲ့၊ သင်ဟာ ဒီကုသိုလ်နဲ့ ဒီဘဝရောက်တယ်၊ ဆက်ပြီး ကြိုးစား ဆိုလိုက်တော့သတိချက်ချင်း ပြန်ရသွားတယ်တဲ့၊ ဒီတရားရ ထားပြီးတော့ ဒီဟာလေးကို ကိုယ်က အင်မတန်ကြိုးစားအားထုတ်သွားပြီး အာစိဏ္ဏက်က အာသန္နက် ဖြစ်သွားရင် မိမိအနေနဲ့

http://www.dhammadownload.com

သေဖို့လဲ ကြောက်စရာ မရှိတော့ဘူး၊ အရိယာဖြစ်ဖို့လဲ အင်မတန် နီးကပ်တယ်။

ဒီဟာ ကြိုးစားအားထုတ်ဖို့၊ တကယ်လို့ အာစိဏ္ဏာက်မရှိခဲ့ရင်သေပေါက်သေဝမှာကဋ္ဌတ္တာက်ဆိုတာလာတယ်၊ကဋ္ဌတ္တာက်ဆိုတာ အမှတ်တမဲ့ လုပ်ခဲ့တဲ့ကံတွေ ရှိချင်ရှိမယ်၊ ဒါမှမဟုတ်ရင်လဲ အတိတ် ဘဝတုန်းက မိမိလုပ်ခဲ့တဲ့ ကံ ဖြစ်ချင်ဖြစ်မယ်၊ ဥပမာ–ဘာနဲ့တူလဲဆိုတော့ အင်မတန်မြင့်တဲ့ သစ်ပင်ပေါ်ကသစ်ရွက်ကလေးကြွေသလိုပဲ၊ အဲဒီ သစ်ရွက်ဟာဘယ်နေရာမှာကျမယ်ဆိုတာ မပြောနိုင်ဘူး၊ အဲဒါကို ကဋ္ဌတ္တာက်ခေါ်တယ်။

အဲဒီတော့ ကံရဲ့သဘောတရားလေးသိသွားရင်၊ကုသိုလ်ကံ ခွဲတတ်ပြီး၊ ကုသိုလ်ဆိုတာ ကောင်းတဲ့ အကျိုးပေးတယ်၊ အကုသိုလ်ဆိုတာ မကောင်းတဲ့အကျိုးပေးတယ်ဆိုတာသိရင် မကောင်းတာ ရှောင်ရမယ်၊ ကုသိုလ်တွေ ပွားတော့မယ်၊ ဒါက အခြေခံတရား၊ဒီပေါ်မှာ မိုပြီးတော့ ခုနပြောတဲ့ မြင့်မြတ်တဲ့ နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၊ ဟေတုပစ္စယပရိဂ္ဂဟသမ္မာဒိဋ္ဌိတို့၊ဝိပဿနာဉာဏဒဿနသမ္မာဒိဋ္ဌိတို့ အစပျိုးပြီးရသွားကြတာနည်းနည်းနောနော ပါရမီမဟုတ်ဘူး၊ တရားအားထုတ်တယ်

http://www.dhammadownload.com

ဆိုတာ ပါရမီ(၁၀)ပါးလုံးဖြည့်တာ၊ဒါနပါရမီ ပါသွားတာပဲ၊ သီလပါရမီပါသွားတယ်၊နေက္ခမ္မ ပါရမီပါသွားတာပဲ၊ ဝီရိယပါရမီရောပါသွားတာပဲ၊ ခန္တီပါရမီရော ပါသွားတာပဲ၊ သည်းခံလိုက်တာမှ အတော်ကို သည်းခံလိုက်ရတယ်။

ဝိပဿနာဉာဏ်ကို ဆည်းပူးသွားတာပဲ၊ သီလ စောင့်ထိန်းမယ်ဆိုတာ စောင့်ထိန်းနိုင်တယ်၊ တရား ထိုင်နိုင်တယ်၊ (၁)နာရီ အဓိဋ္ဌာန်ယူကြတယ်၊ အဓိဋ္ဌာန်ပါရမီယူသွားတယ်၊ မေတ္တာပါရမီ မေတ္တာ ကမ္မဋ္ဌာန်းတော့ သတ်သတ်မပွားဘူး၊ စေတသိက် (၅၂)ပါးထဲမှာ မေတ္တာစေတသိက်ရယ်လို့ မရှိဘူး၊ အ,ဒေါသ စေတသိက်ဆိုတာတော့ ပါတယ်၊ မိမိ တရားပွားများအားထုတ်နေတဲ့အချိန်မှာ ဒေါသမှ မဖြစ်ဘဲ၊ ကုသိုလ်စိတ်ထဲမှာ စေတသိက်ပါသွားတာ ပဲ၊ မိမိအနေနဲ့ မေတ္တာပါရမီဖြည့်ပြီးသားလဲ ဖြစ်တာ ပဲ၊ ဥပေက္ခာပါရမီ ပါသွားတာပဲ၊ အညီအမျှ ရှုနိုင် အောင် ကိုယ့်ကိုယ်ကို ကျင့်သွားတာပဲ၊ သစ္စာပါရမီ မမှန်တာ မပြောဘူး၊သီလ စောင့်ထိန်းတယ်၊ တရားအားထုတ်တဲ့အချိန်မှာပါရမီ (၁၀)ပါးကတခြား စီဖြည့်ဖို့ မလိုပါဘူး။ တစ်ခါတည်း ပါသွား တာပဲ။

http://www.dhammadownload.com

ခုနေ ဝေဘူဆရာတော် ပြောသလို ကိုယ်ကိုယ်တိုင် သိပါတယ်၊ သူများမေးဖို့ မလိုပါဘူး၊ ရေအိုးကြီးကို ရေဖြည့်တဲ့အခါ ရေအိုးကြီး ရေပြည့်သွားပြီ၊ရေအိုးကြီးက ငါရေပြည့်သွားပြီလို့ ပြောဖို့ လိုသေးသလား၊ ကိုယ့်ဟာကိုယ် သိတာပေါ့တဲ့၊ ခုလိုအခြေခံလေးရထားတဲ့အချိန်မှာ အချိန်ကလဲ ကောင်းတယ်၊ အခါကလဲ ကောင်းတယ်၊ ရတောင့်ရခဲတဲ့ အချိန်ကလေး၊ ကျွန်တော်တို့မှာ ကြံ့ကြိုက်တဲ့အခါမှာ တတ်နိုင်သမျှ ကြိုးစားအားထုတ်ပါလို့ ကျွန်တော်တို့က တိုက်တွန်းပါတယ်။

(သာဓု . . . သာဓု . . . သာဓု)

■ ■ ■

http://www.dhammadownload.com

http://www.dhammadownload.com

ဒသမနေ့

ကျွန်တော်တို့နဲ့ ပြောရဆိုရတာ မနက်ဖြန်ဆိုရင် မရှိတော့ဘူး၊ပြောဖို့ဆိုဖို့ ဒီနေ့နောက်ဆုံးနေ့ပဲ၊ နောက်ဆုံးနေ့မှာ ကျွန်တော်တို့ ဘာပြောလေ့ပြောထ ရှိလဲဆိုရင်၊ ဒီမှာ တရားအားထုတ်တယ်၊ မဂ္ဂင်ရှစ်ပါးလမ်းကြောင်းကို ဒီအတိုင်းကျင့်သွားတယ်၊ ဘုရားတရားတော်က ကျယ်ဝန်းတယ်၊ ဘယ်လောက်ပင် ကျယ်ဝန်းကျယ်ဝန်း၊ မိမိလုပ်တဲ့လုပ်ငန်းဟာ ဘုရားဟောတဲ့အတိုင်းနဲ့ ကိုက်ညီသွားလို့ရှိရင် မြတ်စွာဘုရားတရားတော်ကို ဥပမာ–ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ဘာတို့၊ မိမိလုပ်ငန်းမှန်ရင် တရားထဲကို တိတိကျကျဝင်သွားရမယ်တဲ့၊ မဂ္ဂင်ရှစ်ပါးကိုထပ်မံပြီး အကျယ်ချဲ့လိုက်ရင်၊ ဗောဓိပက္ခိယတရား (၃၇)ပါး၊ ဗောဓိဆိုတာဘာလဲ၊ သိပြီး

http://www.dhammadownload.com

သား၊ ဆရာကြီးလဲ ပြောသွားပြီ၊ဗောဓိဆိုတာ ဘာလဲ၊ သစ္စာလေးပါးကို သိတတ်တဲ့မဂ်ဉာဏ်ကို "ဗောဓိ" ခေါ်တယ်၊ သာဝက ဗောဓိ ဆိုတာရှိတယ်၊သာမညအားဖြင့်ရဟန္တာလို့ ခေါ်ကြတယ်၊ ပစ္စေကဗောဓိ ရှိတယ်၊ သမ္မာသမ္ဗောဓိဆိုတဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရား ရှိတယ်၊ အဲဒီလို ဗောဓိတွေ ဆောင်အပ်တဲ့တရား (၃၇)ပါးရှိတယ်။

အဲဒီ ဗောဓိပက္ခိယ တရား(၃၇)ပါးက ဘာတွေလဲဆိုတော့ ပထမက သတိပဋ္ဌာန်(၄)ပါးတဲ့၊ ပြီးတော့ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး၊ ဗိုလ်(၅)ပါး၊ ဣန္ဒြေ (၅)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင် (၈)ပါးတဲ့ ၊အဲဒီတရားတွေရှိတယ်၊ မိမိတရား အားထုတ်တဲ့အခါဗောဓိပက္ခိယတရား (၃၇) ပါးနဲ့ ကိုက်ညီတယ်၊ ညီညွတ်တယ်ဆိုရင် မိမိတို့ဟာ လမ်းမှန်အတိုင်း သွားတယ်ဆိုတာ သိသွားတယ်။

အဲဒီလိုသိအောင် ကျွန်တော်တို့ကအကျဉ်းချုပ် ကလေးပြောပြမယ်၊ ဗောဓိပက္ခိယတရား (၃၇) ပါး ဆိုတာ ကျယ်ဝန်းပါတယ်၊ အကျယ်ချဲ့ရင် အင်မတန် ကျယ်ဝန်းပါတယ်၊ သတိပဋ္ဌာန်တရား လေးပါးနဲ့ ပြည့်စုံတာပဲ၊ မြတ်စွာဘုရားရဲ့တရား

http://www.dhammadownload.com

တော်တွေဟာတစ်ခုတည်းနဲ့လဲ ပြည့်စုံတာပဲ၊ အစကောင်းခြင်း၊ အလယ်ကောင်းခြင်း၊ အဆုံးကောင်းခြင်းနဲ့ပြည့်စုံတယ်၊ သတိပဋ္ဌာန် (၄)ပါးဘာလဲဆိုတော့ ကာယာနုပဿနာ သတိပဋ္ဌာန်တဲ့၊ ရူပကာယဆိုတဲ့ရုပ်တရားပေါ်မှာ အခြေခံထားတာပဲ။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာဆိုတဲ့ခံစားမှုတွေပေါ်မှာ မိမိသတိကို အခြေခံပြီးထားတာပဲ။ ဒါမှမဟုတ်ရင် စိတ္တာနုပဿနာ သတိပဋ္ဌာန်တဲ့။ ခုနပြောတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တနုပဿနာသတိပဋ္ဌာန်တွေထဲ အကျုံးမဝင်သမျှဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ခေါ်တယ်။

မိမိတို့ တရားထိုင်ခဲ့တယ်၊ သတိပဋ္ဌာန်တရား (၄)ပါး အကျုံးဝင်ခဲ့တာ ပြန်ပြီးကြည့်၊ ကျွန်တော်တို့ တရားစထိုင် ကတည်းက ဘာနဲ့ ထိုင်ခဲ့ကြသလဲ၊ ထွက်လေဝင်လေကို နှာသီးဖျားမှာ သတိထားခဲ့တယ်၊ ထွက်လေဝင်လေကို သတိကပ်ပြီးတော့၊ ထွက်လေကို ထွက်လေမှန်း၊ ဝင်လေကို ဝင်လေမှန်းသိအောင်လုပ်တယ်၊ ဝင်လေထွက်လေဆိုတာက ဝါယောလွန်ကဲတဲ့ဓာတ်ပဲ၊ လူပ်ရှားမှုနဲ့သွားတယ်၊ ပြဋ္ဌာန်းတယ်။

http://www.dhammadownload.com

အဲဒီတော့ရုပ်သဘောတရားပဲ၊အစကတည်း ကကျွန်တော်တို့က ဘယ်လိုကပ်ထားလဲ၊ ကာယာနုပဿနာနဲ့ လျော်ညီအောင် ကျင့်ခဲ့တယ်၊ အဲဒါ တင်လားတဲ့၊ မဟုတ်သေးဘူး၊ ဝိပဿနာပွားတဲ့ အခါကျတော့ မိမိရဲ့ ခန္ဓာကိုယ်ကို မိမိရဲ့စိတ်နဲ့ ရုပ်တရားပေါ်မှာ အာရုံညွှတ်ထားတယ်၊ ရုပ်ရဲ့ သဘောတရားကို ကာယသမ္မသဏ ဝေဒနာအား ဖြင့် သိတယ်၊ ပူတဲ့သဘောတရားတွေ သိခဲ့ကြ တယ်၊ တင်းတဲ့တောင့်တဲ့ပထဝီသဘောတရား တွေသိခဲ့တယ်၊ လှုပ်ရှားတဲ့ ဝါယောသဘော တရား တွေသိခဲ့တယ်၊ အဲဒီလို သဘောတရားတွေသိတဲ့ အခါ မိမိအနေနဲ့ဘယ်လိုမှတ်သလဲ၊ ရုပ်သဘော တရားတွေပဲလို့ မှတ်ခဲ့ကြတယ်။

ဝိပဿနာပွားများ အားထုတ်တဲ့အခါမှာ ကာယာနုပဿနာနဲ့ အကျုံးဝင်ခဲ့တယ်၊ ပြီးဝေဒနာ နုပဿနာတဲ့၊ ခံစားမှု၊ ကျွန်တော်တို့ တရား အား ထုတ်တဲ့အခါမှာ မိမိစိတ်ကို ရုပ်ပေါ်မှာ အာရုံညွှတ် ထားပါဆိုပေမယ့် ဘယ်ပေါ်မှာ အခြေခံပြု အာရုံ ညွှတ်လဲ၊ ခံစားမှုအပေါ်မှာ၊ ဝေဒနာဖြစ်တဲ့အပေါ် မှာ မိမိတို့အာရုံညွှတ်ရမယ်၊ ပြီးမှ ရုပ်ဆိုတာ နှလုံး သွင်းယူရတယ်၊ ဝေဒနာနုပဿနာဆိုတဲ့ ဝေဒနာ

http://www.dhammadownload.com

ပေါ်မှာ သတိအခြေခံထားပြီးသုံးသပ်ပါဆိုတဲ့ သဘောတရားပါ ပါသွားတယ်။

ပူတဲ့ သဘောတရားဆိုရင် ဝေဒနာအရင် ခံစားလိုက်ရတယ်၊ ဝေဒနာကို သိလိုက်တယ်၊ နောက်ပြီးတော့ ဒီပေါ်မှာ ဝိပဿနာဆိုတဲ့ မမြဲဘူးဆိုတဲ့ သဘောတရားလေးနဲ့ အနိစ္စဆိုပြီး ရှုခဲ့တယ်၊ ကျွန်တော်တို့ ဝေဒနာ နုပဿနာနဲ့ အကျုံးဝင်ခဲ့တယ်၊ဒါနဲ့ ကိုက်ညီအောင်ကျင့်ခဲ့တယ်၊ ပြီးတော့စိတ္တာနုပဿနာသတိပဋ္ဌာန်တဲ့၊ မိမိရဲ့စိတ်ကို သတိကပ်ထားပါ၊ စိတ်ကဘာဖြစ်သလဲဆိုတာ သိပါတဲ့၊ အာနာပါန လုပ်ကတည်းကိုက အာနာပါန လုပ်နေတဲ့ ရုပ်သဘောတရားကိုဝင်လေထွက်လေ ဝါယောဓာတ်ကို မှတ်နေကတည်းက ဘာကို ထိန်းရမလဲ၊ မိမိစိတ်ကို ထိန်းရမယ်။

မိမိစိတ် လွင့်သွားတာနဲ့ သိလိုက်ရမယ်၊ လွင့်တာနဲ့ ဒီစိတ်ကလေး လွင့်သွားပြီ၊ စိတ်ကလေးပေါ်မှာသတိကပ်လို့လဲ လွင့်တာ သိတာပေါ့၊ သတိမကပ်ရင်မသိဘူး၊ ပြီးတော့ ဝိပဿနာရှုတဲ့အခါ အာရုံညွှတ်တာကိုက စိတ်ကအာရုံသို့ညွှတ်သွားတာ၊ နောက်ပြီးတော့ဝိပဿနာရှုရင်းနဲ့ ကျွန်တော်တို့ပြောတယ်၊ ခံစားမှုမဖြစ်ရင်ဖြစ်ပေါ်တဲ့ စိတ်

http://www.dhammadownload.com

ကလေးကို သတိကပ်ပြီးလိုက်ပါ၊ဘာဖြစ်လို့လဲ၊ ဒါလဲ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်တာပဲ။

တချို့ ကျွန်တော်တို့တပည့်တွေ နိုင်ငံခြားသားတွေ လာကြတယ်၊ သူတို့ပြောကြတယ်၊ သူတို့ဝိပဿနာရှုလို့ မရဘူး၊ စိတ်တွေက ကစားနေကြတယ်၊အာရုံတွေ သိပ်များနေတယ်၊ ဒီလို ပြောကြတယ်၊ အဲဒီလိုအခါမျိုးကျတော့လဲ အာနာပါနနဲ့ ထိန်းလို့မရဘူး၊ခန္ဓာကိုယ်ပေါ်မှာလဲ အာရုံစူးစိုက်လို့မရဘူး၊ စိတ်တွေက အများကြီးဖြစ်ပေါ်နေတယ်ဆိုတဲ့အခါကတော့ သူတို့ချည်းသက်သက် ဘာလိုက်ခိုင်းရလဲဆိုတော့ စိတ္တာနုပဿနာ လိုက်ခိုင်းရတယ်၊ ဖြစ်ပေါ်နေတဲ့ စိတ်ကိုစိတ်ဖြစ်ပေါ်တိုင်း၊ ဖြစ်ပေါ်တိုင်း ဖြစ်တဲ့စိတ်ကို သိနေ၊ မှတ်နေလို့ လိုက်ခိုင်းရပါတယ်။

အာရုံညွှတ်တာ စိတ်နဲ့ ညွှတ်ရတယ်၊ စိတ်နဲ့ ညွှတ်တော့မှ ပေါ်တဲ့ခံစားမှုပေါ်မှာ ကိုယ်က ရုပ်သဘောတရား၊ နာမ်သဘောတရားပဲဆိုပြီး သုံးသပ်တယ်၊အဲဒီလို စိတ်ကလေးဖြစ်ဖြစ်သွားတယ်၊ ဘာကျန်သေးလဲဆိုတော့ ဓမ္မာနုပဿနာတဲ့၊ ဒီလို အာရုံစိုက်လိုက်တယ်၊ စိုက်လိုက်တဲ့အခါ ပူတယ်၊ အေးတယ်ဆိုတဲ့ သဘောတရားလေး၊ ရုပ်သဘော

http://www.dhammadownload.com

တရားပဲ၊ သုံးသပ်တဲ့အပြင် ကိုယ်ကတစ်ခါ၊ စိတ်ကဘယ်လိုသုံးသပ်သေးလဲဆိုတော့ ရုပ်သဘောတရားလေးတွေ သုံးသပ်ရင်းနဲ့ ပြောင်းသွားတာလေးတွေတွေ့တယ်၊ ပူတဲ့သဘောတရားကနေတိုးလာမယ်၊ လျော့လာမယ်၊ ပျောက်သွားမယ်၊ ဒီပြင်ခံစားမှုတွေ ပေါ်လာမယ်ဆိုရင်ကျွန်တော်တို့ ဘယ်လိုမှတ်သွားလဲ ၊ ဒါမမြဲဘူး၊ ဒါအနိစ္စပဲ၊ အနိစ္စဆိုတဲ့ သဘောတရားပဲ၊ ဖြစ်ပျက်တွေကို နှလုံးသွင်းသွင်းသွားတဲ့အခါကျတော့ဘာဖြစ်သွားလဲ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်သွားတယ်။

ဥပမာ–ဝေဒနာတွေဖြစ်လာတယ်၊ ဒါ ဝိပါက်အကျိုးတွေပဲ၊ ကာယဝိညာဏ်စိတ်တွေ ဖြစ်တာပဲ၊ ကာယဝိညာဏ်စိတ်က ဝိပါက်အကျိုးပဲ၊ ဒီလိုတရားနဲ့ နှလုံးသွင်းရတယ်၊ ဒီလိုနှလုံးသွင်းသွားရင် ဓမ္မာနုပဿနာဖြစ်သွားတာပဲ၊ ဒီမှာ တရားကျင့်တဲ့အခါ သတိပဋ္ဌာန်လေးပါးကို အကျုံးဝင်အောင် ကျင့်ခဲ့တယ်၊ပြီးတော့ သမ္မပ္ပဓာန်လေးပါးတဲ့၊ သမ္မပ္ပဓာန် လေးပါးဆိုတာကတော့ ဝိရိယကိုပြောတာ၊ဒါကတော့စပြီးထိုင်လာကတည်းကပြောခဲ့တယ်။

သမ္မာဝါယမကောင်းစွာ အားထုတ်ခြင်းတဲ့၊

http://www.dhammadownload.com

ကောင်းသော ဝီရိယဖြင့် ဆောင်ရွက်ခြင်းတဲ့၊ ကောင်းသော ဝီရိယဆိုတာ ဘာလဲ၊ မဖြစ်ဖူးသေးတဲ့အကုသိုလ်တွေ မဖြစ်ရအောင်၊ ဖြစ်ခဲ့ဖူးတဲ့ အကုသိုလ်တွေ ထပ်မံ မဖြစ်အောင်၊ မဖြစ်ဖူးသေးတဲ့ကုသိုလ်တွေလဲ ဖြစ်အောင်၊ ဖြစ်ပြီးခဲ့တဲ့ ကုသိုလ်တွေလဲ ပွားများအောင်ဆိုတဲ့ ဝီရိယမျိုးကို သမ္မပ္ပဓာန် ဝီရိယလို့ခေါ်တယ်၊ မိမိတို့ ဝီရိယ စိုက်ထုတ်တာရောက်တဲ့ အချိန်ကစပြီး ယခုထိမိမိရဲ့ ဝီရိယ ကဘာကြိုးစားပြီး ဆောင်ရွက်နေတဲ့ ဝီရိယလဲ၊ သမ္မပ္ပဓာန် လေးပါးနဲ့ ပြည့်စုံအောင် ဆောင်ရွက် နေတဲ့ ဝီရိယပဲ။

အကုသိုလ် စိတ်တွေ မဖြစ်အောင် ထိန်းသိမ်းတယ်၊ ကုသိုလ်စိတ်တွေ ဖြစ်အောင်ပွားများတယ်၊ အာနာပါန ကမ္မဋ္ဌာန်းကို ပွားနေတဲ့အချိန်မှာ ဒီ ဝီရိယမျိုးနဲ့ ဝင်လေ ထွက်လေကို သိနေရင် ဝင်လေ ထွက်လေကို သိမှုမှာ ဘာပါသွားလဲ၊ အ,လောဘ၊ အ,ဒေါသ၊ အ,မောဟ ဆိုတဲ့ အခြေခံတဲ့ စေတသိက်၊ ကုသိုလ် စိတ်ဖြစ်တယ်၊ ဒီ ကုသိုလ် တစ်ခါဖြစ်ပြီးရင် နောက်တစ်ခါပွားတယ်၊ ကုသိုလ်တွေ ဖြစ်နေတဲ့ အချိန်မှာ အကုသိုလ်တွေ တားထားတာပဲ၊ အကုသိုလ်တွေ မဖြစ်ဘူး။

http://www.dhammadownload.com

ဘာနဲ့အခြေခံထားလဲ၊ ဝိရိယနဲ့ အခြေခံ ထား တယ်။ ဝိရိယနဲ့ အခြေခံပြီး သတိလေး ဖြစ်လာတယ်။ အဲဒီ သတိနဲ့ ကိုယ်က ဒီမှာ ကုသိုလ်စိတ်တွေ ဖြစ်အောင် ကြိုးစားရမယ်။ ဝိပဿနာ ရှုတော့လဲ ထိုနည်း တူစွာပဲ။ ဒီဝိရိယမျိုးနဲ့ ရုပ်နာမ် ခန္ဓာပေါ်မှာ ဖြစ်တဲ့ ပျက်တဲ့ သဘောတွေကို ထင်အောင် မြင်အောင်ရှုသွားတယ်။ ရုပ်နာမ် ခန္ဓာကို ကွဲပြားအောင် ရှုတယ်။

အဲဒီလို ရှုသွားတဲ့အခါမှာ အကုသိုလ် ကင်းနေတဲ့ အချိန်မျိုးပဲ။ ကုသိုလ်ဖြစ်အောင် စိုက်ထုတ် နေတဲ့ ဝိရိယမျိုးပဲ။ ကျွန်တော်တို့ ဒီမှာ ပွားများခဲ့တာ သမ္မပ္ပဓာန် လေးပါးဆိုတဲ့ ဝိရိယမျိုးနဲ့လည်း ပြည့်စုံတယ်။ ပြီးတော့ ဣဒ္ဓိပါဒ် လေးပါးတဲ့၊ ဣဒ္ဓိပါဒ် ဆိုတာ အကျိုးဖြစ်စေတာ၊ ဆန္ဒိဒ္ဓိပါဒ်ဆိုတာ ရှိတယ်၊ ဝီရိ ဣဒ္ဓိပါဒ်ဆိုတာ ရှိတယ်၊ စိတ္တိဒ္ဓိပါဒ်ဆိုတဲ့ စိတ်ရှိတယ်။ ဝိမံသိဒ္ဓိပါဒ်ဆိုတဲ့ ဝိမံသဆိုတာပညာပေါ့။ ပညာ စေတသိက်ခေါ်တယ်။ အဲဒီ ဣဒ္ဓိပါဒ်လေးပါးက ဘာနဲ့ညီမျှလဲဆိုတော့၊ ဘယ်စေတသိက်နဲ့ ညီမျှလဲ ဆိုတော့ ပဋ္ဌာန်းတရားတော်မှာ အဓိပတိပစ္စည်း ဆိုတာ ရှိတယ်၊ အဓိပတိ ပစ္စည်းဆိုတာ ဘာလဲဆိုတော့ အင်မတန်

http://www.dhammadownload.com

အားကောင်းတဲ့အခါ ဦးဆောင်မှုကို စွမ်းနိုင်တယ်။ ဘာနဲ့ ဥပမာပေးထားသလဲဆိုရင်တော့ အဓိပတိ ထိုက်တယ် ဆိုတာ သာမည မင်းမျိုးမဟုတ်တဲ့ စကြာဝဠာတေးမင်းပဲ။ သာမည မင်းကတော့ မင်းပြိုင် တွေရှိတယ်။ စကြာဝဠာတေးပေါ်လာတဲ့အခါကျတော့ သူနဲ့ ပြိုင်ဖော်ပြိုင်ဖက်မရှိတော့ဘူး။ သူက တစ်ပါးပဲ။ ထိပ်ဆုံးကပဲ၊ အားအကောင်းဆုံးပဲ။ အထက်ဆုံးပဲ။

ဒီတော့ဆန္ဒဆိုတဲ့ သဘောတရားရယ်၊ ဝီရိယ ရယ်၊စိတ်ဆိုတဲ့သဘောတရားရယ်၊ ပညာဆိုတဲ့ သဘောတရားတွေဟာ အဓိပတိထိုက်တဲ့ တရား မျိုးတွေ စွမ်းဆောင်နိုင်ရင် အဓိပတိထိုက်တဲ့ အဆင့် အတန်းကို စွမ်းဆောင်လို့ရတယ်။ သူ့ရဲ့သတ္တိက ဘာလဲဆိုတော့ အဓိပတိထိုက်လောက်အောင် ဆန္ဒာ ရှိရင် ဥပမာ–ပဌာန်းတရားတော်မှာပါတယ်။ ဆန္ဒာ **ဓိပတိ၊ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံတံ သမုဋ္ဌာနာ နဥ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဆန္ဒာဓိပတိ၊** မိမိဆန္ဒ အဓိပတိထိုက်တဲ့ ဆန္ဒမျိုးထိရောက်ခဲ့ သော်။ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ၊ အဓိပတि ထိုက်တဲ့ဆန္ဒနဲ့ လျော်ညီစွာ တခြားတရားတွေ ပါလာပါတယ်။

ဆန္ဒက ဦးဆောင်သွားတယ်။ ဆန္ဒက

http://www.dhammadownload.com

ဦးဆောင်သွားရင် တခြားလိုအပ်တဲ့ စိတ်တွေ စေတသိက်တွေကပါ, ပါလာပါတယ်။ တံသမုဒ္ဓာနာ နဋ္ဌရူပါနံ၊ ထိုနည်းတူစွာ အဓိပတိထိုက်တဲ့စိတ်တွေ ဖြစ်လာရင် ဆန္ဒကနေ ဦးဆောင်သွားရင် လိုအပ်တဲ့ ရုပ်သဘောတရားတွေကလဲ လိုက်လာပါတယ်။အဓိပတိထိုက်တဲ့ ဆန္ဒက ဒီလို ကျေးဇူးပြုနိုင်တဲ့ သဘာဝရှိတယ်။

ထိုနည်းတူစွာပဲ။ ဝီရိယကလဲ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဒ္ဓာနာ နဋ္ဌရူပါနံ အဓိပတိပစ္စယေန ပစ္စယောတဲ့၊ အဓိပတိထိုက်တဲ့ ဝီရိယမျိုး၊ အင်မတန် အားတက်တဲ့ဝီရိယမျိုး ဖြစ်လာလို့ ရှိရင် မိမိလုပ်တဲ့လုပ်ငန်းဟာ ပြီးပြည့်စုံသွားနိုင်တယ်။ ဝီရိယ ဦးဆောင်ပြီးတဲ့အခါ လိုအပ်တဲ့ စိတ်တွေစေတသိက်တွေ ဖြစ်ပေါ်လာနိုင်တယ်။လိုအပ်တဲ့ ရုပ်သဘောတရားဖြစ်ပေါ်လာနိုင်တယ်။ အဲဒီလို အောင်မြင်အောင် ဦးဆောင်သွားနိုင်တယ်။

ကျွန်တော်တို့ ဒီမှာ တရားထိုင်တဲ့အခါမှာ တစ်ခါတလေကျရင် ဒုက္ခတွေ့တဲ့အခါ မျိုးမှာပဲ ဖြစ်ဖြစ်၊ အဓိဋ္ဌာန် ထိုင်တဲ့အခါမျိုးမှာပဲ ဖြစ်ဖြစ်၊ ဥပမာ – ဝေဒနာတွေ တက်လာတယ်။ ကိုယ်က

http://www.dhammadownload.com

လျှောမပေးဘူး။ အဓိဋ္ဌာန်မြောက်အောင် ကြိုးစား သွားရမယ်၊ အဲဒီအခါမှာ မိမိက အဓိဋ္ဌာန်ကို ပြည့်စုံချင်တဲ့ ဆန္ဒမျိုးပြဋ္ဌာန်းပြီး ဆောင်ရွက်သွားမယ်၊ လျှောမပေးဘဲနဲ့ ဆန္ဒကအမတန်အားကောင်းပြီး ပြည့် စုံအောင် ဆောင်ရွက်သွားမယ်။ ဒါမှမဟုတ်ရင် ဝိရိယက ကြိုးစားပြီး (၁၀)ရက်ထိုင်တယ်။ (၁၀) ရက် ထိုင်တဲ့အခါမှာ အချိန်ပြည့်အောင်ထိုင်တယ်။ မလွတ်တမ်းထိုင်တယ်၊ ဝိရိယက ဦးဆောင် သွားပြီးတော့ ထိုင်သွားရင်လဲ အောင်မြင်သွားတာပဲ။ ဒါမှမဟုတ် မိမိစိတ်ကဦးဆောင်သွားရင်လဲ အောင် မြင်သွားတာပဲ။

ဒါမှမဟုတ်ရင်လဲ မိမိရဲ့ပညာအရ ဥပမာ– ဒီတရားကလွဲလို့ နိဗ္ဗာန်ရောက်ကြောင်း တရားမရှိဘူး။ ဝိပဿနာသဘောတရားဟာ ပရမတ္ထသဘောတရား ကို ထင်အောင်မြင်အောင် ရှုရတယ်။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကိုထင်အောင် မြင်အောင် ရှုရမယ်။ အဲဒီလို ရှုနိုင်မှလဲ အောင်မြင် မှုဆိုတဲ့ သစ္စာလေးပါး၊ သိမှုဆိုတဲ့ တစ်မဂ် တစ်ဖိုလ်ရနိုင်ဖို့ဆိုတဲ့စိတ်မျိုး၊ ပညာမျိုးနဲ့ထားပြီး တော့ လုပ်သွားနိုင်တဲ့ ဦးဆောင်သွားနိုင်တဲ့ သတ္တိ

http://www.dhammadownload.com

ရှိတာကို အဓိပတိ ထိုက်တဲ့တရားလို့ခေါ်တယ်။ သူက အင်မတန် အားကောင်းတယ်၊ ဒေါသကအားမ ကောင်းဘူး။ ဒေါသဆိုတဲ့စေတသိက်က အဓိပတိ ထိုက်တဲ့စေတသိက်မျိုး မဟုတ်ဘူး။ ဒါပေမယ့် ဒေါသရှိတယ်။ ဘာကဦးဆောင်ရမလဲဆိုတော့ ဆန္ဒကဆောင်ချင် ဆောင်သွားမယ်။

စိတ်က ဆောင်ချင်ဆောင်သွားမယ်။ ဒေါသ သဘောတရားကတော့ အဓိပတိ မထိုက်ဘူး။ သူ့မှာ ဒီလောက်အား မရှိဘူး။ အားအင်မတန် အကောင်း ဆုံးတရားကတော့ ဆန္ဒရယ်၊ ဝီရိယရယ်၊ စိတ်ရယ်၊ ပညာရယ် ဒီဟာ အား အကောင်းဆုံးပဲ။ ပညာအား ကောင်းလို့လဲ ကျွန်တော်တို့ သံသရာကို ဖြတ်နိုင် စွမ်းရှိတယ်။

ပညာအား ကောင်းလာတဲ့အခါကတော့ သခ်ါရ သဘောတရားတွေ ချုပ်ငြိမ်းပြီး သံသရာကို ဖြတ် ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်အောင် ပို့ဆောင် သွားနိုင်တယ်။ အဲဒါ အဓိပတိလေးပါးက ဘာနဲ့ လျော်ညီသလဲဆိုတော့ ဣဒ္ဓိပါဒ်လေးပါးနဲ့ လျော်ညီတယ်။ နောက်တော့ဗိုလ် (၅)ပါး၊ ကျွန်တော် တို့ စပြောကတည်းကိုက သဒ္ဓါဆိုတဲ့ ယုံကြည်မှု ရှိရမယ်။ ဘုရား ယုံကြည်မှု၊ တရားမှာ ယုံကြည်မှု၊

http://www.dhammadownload.com

သံယာမှာ ယုံကြည်မှု ရှိရမယ်။ ပထမ တရား ထိုင်ခါစ,တုန်းကယုံကြည်မှုနဲ့. ယခုယုံကြည်မှု နဲ့တူချင်မှတူမယ်။တရားထိုင်ခါစတုန်းက ယုံကြည် မှုရှိမယ်။

သို့.သော်လဲ တရားတွေ နှလုံးသွင်းလို့. တိုး တက်လာတဲ့အခါကျတော့ ယုံကြည်မှု သဒ္ဓါတရားကလဲ တိုးလာတယ်။ သဒ္ဓါက ဝီရိယကို ဖြစ်စေတယ်။ ဝီရိယနဲ့. သတိကိုပေါ်ပေါက်စေတယ်။ သတိကောင်း လာတဲ့ အခါကျတော့ သမာဓိ = စိတ်ရဲ့.တည်ကြည် ငြိမ်သက်မှု၊ ဧကဂ္ဂတာ ဆိုတဲ့ တစ်ခုတည်းသော အာရုံ စူးစိုက် နိုင်စွမ်း ဖြစ်လာတယ်။ စူးစိုက်နိုင်စွမ်း ဖြစ်လာတဲ့အခါမှာ ၊ ဝိပဿနာ ရှုတဲ့အခါမှာ ဝိပဿနာ ဉာဏ်တွေ၊ ပညာတွေပေါ်လာတယ်။ အဲဒီတော့ ဗိုလ် ငါးပါး ဆိုတာက သဒ္ဓါရယ်၊ ဝီရိယ ရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်ကို ဗိုလ်ငါးပါး ခေါ်တယ်။ သူတို့.ဦးဆောင်နိုင်လို့. ဗိုလ်ငါးပါးခေါ်တယ်။

ဒီ သဘောတရားတွေ မိမိ တရားထိုင်တဲ့ အခါကျတော့ ပါသွားတာပဲ။ နောက် ဣန္ဒြေငါးပါး တဲ့၊အစိုးရတဲ့သဘော၊ အစိုးရတဲ့အခါကျတော့ မိမိလုပ်တဲ့ လုပ်ငန်း အောင်မြင်အောင် အခြား

http://www.dhammadownload.com

အနောင့်အယှက်တွေ မဝင်အောင် ထိန်းသိမ်းသွား တာကျန်ခြေငါးပါး၊သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ပဲ ဖြစ်တယ်။ မိမိတို့ တရားထိုင်တယ် (၁၀) ရက်မှာ ပြန်စဉ်းစားကြည့် သဒ္ဓါမရှိရင် တရား ထိုင်ရတာပျင်းသွားတာပဲ။သဒ္ဓါထက်ရင် တရား ထိုင်ချင်တယ်။ ဒါထိန်းသိမ်းထားတာပဲ။ဒီပြင် ဟာတွေ မဝင်အောင်၊ ဝိစိကိစ္ဆာတွေ မဝင်အောင် ထိန်းသိမ်းပေးထားတယ်။

ထိန်းသိမ်းထားတော့ သဒ္ဓါထက်လာပြီး ဝီရိယကပါလာတယ်။ ဝီရိယပါလာတော့ သတိ လေးဖြစ်လာတယ်။ သတိဖြစ်လာတော့ ပညာ ရလာတယ်။ ဒါ ကျန်ခြေငါးပါး၊ ဒီတရားတွေ ကျွန်တော်တို့ အသုံးချခဲ့တာပဲ။ ပြီးတော့ကာ ဗောဇ္ဈင် တရား (၇) ပါးတဲ့၊ ဗောဇ္ဈင်တရား (၇) ပါးဆိုတာ ကလဲ ဝိသုဒ္ဓိတရား(၇)ပါးလိုပဲ ဗောဇ္ဈင်တရား (၇)ပါးနဲ့ ကျင့်သွားရင်လဲ မြတ်စွာဘုရား တရား တော်ကတော့ ပြီးပြည့်စုံတာပဲ။

အဲဒီ ဗောဇ္ဈင်တရား(၇)ပါးကတော့ သတိ သမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ပါပဲ။

http://www.dhammadownload.com

ကျွန်တော်တို့တရားများ အားထုတ်တဲ့ အခါမှာ သတိတရားနဲ့ အမြဲတမ်းပွားများ အား ထုတ်ခဲ့ကြတယ်။ သတိတရားနဲ့ ရုပ်နာမ်သစ်ါရ များကို သုံးသပ်ခဲ့တယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုခဲ့ကြတော့ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ပါဝင်လာပါတယ်။ ဒီလို တရားများ အားထုတ်ရာမှာဝီရိယတရား တိုးပွားခဲ့တော့ ဝီရိယသမ္ဗောဇ္ဈင် ပါဝင်လာခဲ့တယ်။

ဒီလုပ်ငန်းမှာ စိတ်မွေ့လျော်လာတဲ့ အခါ ပီတိသမ္ဗောဇ္ဈင် အကျုံးဝင်လာတယ်။ ပီတိတရား ဖြစ်ပွားတဲ့အခါမှာ ပျင်းရိခြင်း၊ ငိုက်မျဉ်းခြင်း စသည်တို့ ကင်းကွာနေတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်လာနိုင်တယ်။

ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို အကြောင်းပြုပြီး၊ သမာဓိ သမ္ဗောဇ္ဈင် ဖြစ်လာပါတယ်။ သမာဓိ သမ္ဗောဇ္ဈင် ကနေတစ်ဆင့် ရုပ်နာမ်သစ်ါရများ အပေါ်မှာ အညီအမျှထားတဲ့ စိတ်နဲ့ ရှုမှတ်နိုင်တဲ့အခါမှာ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်လာပါတယ်။

နောက်ဆုံးက ဘာရှိသလဲဆိုတော့ မဂ္ဂင်ရှစ်ပါး၊ မဂ္ဂင်ရှစ်ပါးက အခြေခံပဲ။ ဒါကတော့ အထူးပြောဖို့ မလိုပါဘူး။

http://www.dhammadownload.com

ပထမက သီလမဂ္ဂင်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုပြီးတော့ ကောင်းသောစကားကို ပြောဆိုခြင်း၊ ကောင်းသောအလုပ်ကို ပြုလုပ်ခြင်း၊ ကောင်းသော အသက်မွေးကျောင်းဖြင့် ပြုလုပ်ခြင်းဆိုပြီးတော့ သီလမဂ္ဂင် သုံးပါး။

ကျွန်တော်တို့ ဒီမှာ တရားပွားတဲ့အခါမှာ စောင်ထိန်းခဲ့တယ်။ ရှစ်ပါးသီလနဲ့ စောင့်ထိန်းခဲ့တယ်။ ပြီးတော့ သမာဓိမဂ္ဂင်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုပြီးတော့ ဝါယာမ စိုက်ထုတ်တယ်။

သတိကပ်တယ်၊ သတိကောင်းလာတဲ့အခါကျတော့ သမာဓိ ဖြစ်တယ်။ သတိ အင်မတန် ကောင်းနေတဲ့အခါကျရင် ကျွန်တော်တို့ ဘယ်အထိထိန်းနိုင်သလဲဆိုတော့ အကုသိုလ်တရားကို ကာယကံပဲဖြစ်ဖြစ်၊ ဝစီကံပဲဖြစ်ဖြစ် ပြုလုပ်တော့မယ် ဆိုရင်၊ ဘယ်ကစလဲ၊ မနောကံက အမြစ်တယ်။ အဲဒီတော့ ဒီသတိ ကောင်းလို့ရှိရင် ကာယကံ တစ်ခုခုပြုလုပ်တော့မယ် ဆိုရင် ကာယကံ မပြုလုပ်မီ စိတ်က ပထမ ဖြစ်ပေါ်တယ်။ ကနဦး စိတ်ကလေး ဖြစ်တယ်ကို သတိက ကောင်းလို့ရှိရင် ကနေဦးစိတ်ကလေး ဖြစ်ပေါ်တာကို တစ်ခါတည်း

http://www.dhammadownload.com

သိလိုက်တယ်။ ဥပမာ –

သာမည်အားဖြင့် ဒီက ထွက်သွားရင်
တံခါးဖွင့် ထွက်တယ်။
စိတ်ကတော့ အမှန်မှာ တံခါးဖွင့်ဖို့
စိတ်က လှုံ့ဆော်သွားတာပဲ။

စေတနာက ပါသွားတာပဲ။ သတိကောင်းလို့ ရှိရင် တံခါး မဖွင့်ရဘူး၊ တံခါးဖွင့်ချင်တဲ့စိတ်ကလေးက ကိုယ်မှာ ဖြစ်ပေါ်ပါလား ဆိုပြီး သတိကလေးကိုယ်မှာ ထင်ရှားလာတယ်။ ကိုယ်ပြုလုပ်တော့မယ့်ကာယကံဟာ သတိက ထင်ရှားနေတယ်။ ကာယကံ ကောင်းတဲ့ အလုပ်လုပ်မယ် ဆိုရင် သဒ္ဓါနဲ့ လုပ်သွားလို့ရတယ်။ မကောင်းတဲ့ အလုပ် ထောက်ပြပြီး ဒီအာရုံဖြစ်နေပြီး မကောင်းတဲ့အာရုံထဲ၊ ဒါဟာ မလုပ်ထိုက်တာပဲဆိုပြီးထိန်းသိမ်းလိုက်ရင် ရတယ်။ သမာဓိနဲ့ သတိရဲ့အစွမ်းက အဲဒီလိုရှိတယ်။ ပြီးတော့မှ နောက်ဆုံး မဂ္ဂင် နှစ်ပါးကျတော့ ပညာမဂ္ဂင် – သမ္မာသင်္ကပ္ပ၊ ရုပ်နာမ် နှစ်ပါးပေါ်မှာ ကောင်းစွာ ဆင်ခြင်သုံးသပ်ခြင်းအားဖြင့် ရုပ်နာမ် သဘောတရားတွေ သိလာတဲ့ အခါကျတော့ သမ္မာဒိट्ठိဆိုပြီးတော့ ကောင်းသော သိခြင်းဆိုတာရတယ်။

http://www.dhammadownload.com

အခု ကျွန်တော်တို့ ကောင်းသော သိခြင်းတွေ မှာကျွန်တော်တို့ တရားထိုင်တဲ့ အခါမှာ ဘာတွေ ဖြစ်လဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတဲ့ ရုပ်နာမ်က လွဲလို့ ဘာမှမရှိပါလားဆိုတာ သဘောတရားလေး တွေ မိမိတို့ သိသင့်သလောက် သိလာမယ်။

ဝိပဿနာ ဉာဏဒဿန သမ္မာဒိဋ္ဌိ ဆိုတဲ့ ဝိပဿနာ ဆိုတဲ့တရားက ရုပ်နာမ်တွေရဲ့ သဘော တရားက သူတို့ရဲ့ လက္ခဏာတွေက၊ အမှတ်အသား တွေကမမြဲပါလား၊ ဆင်းရဲတဲ့ သဘောတရားတွေ ရှိပါလား၊အစိုးမရဘူး၊ အနှစ်သာရမရှိဘူးဆိုတဲ့ သဘောတရားတွေ ရှိ ပါလားစသည် ဖြင့် ဒီလို သမ္မာဒိဋ္ဌိတွေရတယ်။

ဒီလို ရလာတော့ ကျွန်တော်တို့ ဒီမှာ ပြုလုပ် ခဲ့ကြတာ၊ တို့ လုပ်ခဲ့တဲ့လုပ်ငန်းဟာ မဂ္ဂင်ရှစ်ပါးနဲ့ ကိုက်ညီတယ်။ ဗောဓိပက္ခိယတရား (၃၇)ပါးနဲ့ ကိုက်ညီတယ်ဆိုတာ သိသွားရင် တို့လုပ်ခဲ့တာဟာ လမ်းမှန်ကိုရောက်ပြီ၊လမ်းမှန်ကိုရောက်သွား တော့ လမ်းစရသွားပြီ။ ဒီပြင်လမ်း မရှိဘူး။ သစ္စာလေးပါးသိဖို့ကဒီလမ်းပဲရှိတယ်။ ဒီတော့ ဒီလမ်းနဲ့ကိုယ်က မှန်မှန်လမ်းလျှောက်သွားရင် ဒီလမ်းအတိုင်း ဖြောင့်ဖြောင့်မက်မတ် လျှောက်

http://www.dhammadownload.com

သွားလို့ရှိရင် မိမိလိုရာ ခရီးဟာ ဆိုက်ရောက်ဖို့ ဝိရိယအပေါ်မှာ၊ သတိ အပေါ်မှာ၊ ကြိုးစားမှုပေါ်မှာ တည်ပြီးသွားတယ်။ သဒ္ဓါ ပေါ်မှာလဲတည်သွားတယ်။ ဒီဟာတွေနဲ့ ပြည့်စုံအောင်အားထုတ်သွားရင် မရနိုင်စရာ မရှိဘူး။

ရှေးရှေးတုန်းက ရသွားတဲ့အရိယာတွေလဲ အများကြီးပဲ။ သာသနာထဲမှာ မြတ်စွာဘုရားက မိမိ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် သာသနာငါးထောင် ထားခဲ့တယ်။ နောက်ကို အရိယာဖြစ်မယ့် ပုဂ္ဂိုလ်တွေ၊ မဂ်ဖိုလ် ရနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေ ကျန်သေးတယ်။ ဒီပုဂ္ဂိုလ် တွေအတွက် ဆိုပြီး သာသနာငါးထောင်တည် စေဆိုပြီး ထားခဲ့တယ်။ သာသနာငါးထောင် အတွင်းမှာ ယခု (၂၅၀၀) တော့ ကျော်သွားပြီ၊ ကျော်သွားတဲ့အခါကျတော့ ဆရာကြီးကလဲ ပြောသွားပြီ၊ ဝိမုတ္တိခေတ် ရောက်လာပြီ၊ တရားအားထုတ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်တဲ့ခေတ်မျိုး၊ အဲဒီတော့ ကိုယ်က ဒီလို အဖြစ်မျိုးနဲ့ကြုံကြုံကိုက်တဲ့အခါ ဆိုတော့ကြိုးစားအားထုတ်သွားရင် မရစရာတော့မရှိဘူး။ အမြတ်ချည်းပဲ၊ ကြိုးစားနိုင်သလောက် အမြတ်ထွက်လာမှာပဲ။ ကြိုးစားအားထုတ်ဖို့ပဲ လိုကြတယ်။

ဗောဓိပက္ခိတရား (၃၇)ပါးကို ကြည့်လိုက်မယ်

http://www.dhammadownload.com

ဆိုရင် ဘာတွေတွေ့ရမလဲဆိုတော့ ဝိရိယက အများ ဆုံးပါတယ်။ ဝိရိယက ဘယ်မှာပါလဲ။ သမ္မပ္ပဓာန် (၄) ပါးမှာ ပါတယ်။ ဣဒ္ဓိပါဒ်မှာ ဝိရိယဣဒ္ဓိပါဒ် ဆိုပြီးတော့ ဣဒ္ဓိပါဒ်မှာဝိရိယက ပါလာတယ်။ ပြီးတော့ ဗိုလ်(၅)ပါးမှာ တစ်ခါ ပါလာတယ်။ ပြီးတော့ဣန္ဒြေငါးပါးမှာလဲ ပါတယ်။ ဗောဇ္ဈင် (၇)ပါးမှာလဲ ပါလာတယ်။ ဝိရိယသမ္ဗောဇ္ဈင် ဆိုပြီး ပါလာတယ်။

ပြီးတော့မဂ္ဂင်ရှစ်ပါးမှာလဲ ဝိရိယပါလာတယ်၊ သမ္မာဝါယာမ၊ ဒီတော့ (၃၇)ပါးမှာ ဝိရိယချည်းပဲ(၉) ကြိမ်ထည့်သွင်းခဲ့တယ်။ သတိ (၈) ကြိမ်ထည့်သွင်း ခဲ့တယ်၊ သတိက ဘယ်မှာပါလဲ၊ သတိပဋ္ဌာန်လေးပါး ရှိတယ်။ ဣန္ဒြေ(၅)ပါးမှာ သတိပါတယ်။ ဗိုလ်(၅) ပါးမှာ သတိပါတယ်။ ဗောဇ္ဈင်(၇)ပါးမှာသတိပါ တယ်။ မဂ္ဂင်(၈)ပါးမှာ သတိပါတယ်။ သတိက (၃၇)ပါးမှာရှစ်ကြိမ်ပါတယ်။ အများဆုံးပါတာ ကတော့ စေတသိက်တွေထဲမှာ ဝိရိယနဲ့သတိအများ ဆုံးပါတယ်။ သူတို့ပြီးတော့မှ နောက်အများဆုံး ပါတာ ကတော့ ပညာ၊ပညာစေတသိက်က အများဆုံး ပါတယ်။ ပညာမှာဝိရိယနဲ့သတိကိုအားကိုးပြီး ကြိုးစားသွားရင် ပညာကဖြစ် မြောက်လာမယ်။

http://www.dhammadownload.com

တက်လှမ်းနိုင်မယ်။ အားကိုးပြီး ကြိုးစားသွားရင် ပညာကဖြစ်မြောက် လာမယ်။ တက်လှမ်းနိုင်မယ်။

မိမိတို့ နက်ဖြန်ဆိုရင် (၁၀)ရက်ပြည့်သွားပြီ၊ (၁၀)ရက်ပြည့်သွားတော့ မိမိတို့တရားပွားများ အားထုတ်တဲ့နေရာမှာ ဖြောင့်ဖြောင့်တန်းတန်း အားထုတ်သွားနိုင်ကြတော့ အောင်မြင်မှုတစ်ရပ် ရသွားပြီ။ ဒီအာရုံနဲ့ မိမိအိမ်မှာ ကြိုးစားနိုင်ကြရင် အကောင်းဆုံးပေါ့၊မနေ့ကပြောသလို အာစိဏ္ဏာကံ ဖြစ်အောင် လုပ်သွားနိုင်ရင် အကောင်းဆုံးပေါ့၊ မလုပ်နိုင်သည့်တိုင်အောင် ကုသိုလ်ဆိုတာက ယူတတ်ရင်လွယ်ပါတယ်၊အာစိဏ္ဏာကံဖြစ်အောင် နောက်ထပ် မထိုင်သည့်တိုင်အောင် မိမိ ဒီမှာ ထိုင်သွားတာကို မကြာမကြာ နှလုံးသွင်းနေရင် ကုသိုလ် စိတ်ဖြစ်နေမယ်။

ကုသိုလ်ဆိုတာ ယူတတ်ရင်ရပါတယ်။ ဝိရိယနဲ့ သတိနဲ့သွားလိုက်ရင် ခုနပြောသလိုပါရမီကလဲ ရှိကြတယ်၊ ဒီမှာရှိတဲ့ပုဂ္ဂိုလ်တွေဟာ အများအားဖြင့် တိဟိတ်ပုဂ္ဂိုလ်တွေဖြစ်မှာပါ။ ကျွန်တော်တို့ ပဋ္ဌိသန္ဓေ နေတဲ့နေရာမှာ အပါယ်ဘုံက ပဋ္ဌိသန္ဓေစိတ်တစ်မျိုး တည်းပဲရှိတယ်၊ ပဋ္ဌိသန္ဓေစိတ် တစ်မျိုးတည်းနဲ့ အပါယ်ဘုံမှာ သဘောအားဖြင့် အ,လောဘ၊

http://www.dhammadownload.com

အ,ဒေါသ၊အ,မောဟဆိုတဲ့ စေတသိက်မပါဘဲနဲ့၊ အဟိတ်ဝိပါက်နဲ့ ပဋိသန္ဓေနေကြတယ်၊ ဒါကြောင့်လဲ မိမိတို့ပြုခဲ့တဲ့အကုသိုလ်ပေါ်မှာ မှီပြီးတော့ ခန္ဓာအမျိုးမျိုးဖြစ်သွားတယ်။

သို့သော်လဲ ပဋိသန္ဓေနေတဲ့ စိတ်ကတော့ တစ်မျိုးတည်းပဲ၊ သူတို့ကို ဘာခေါ်လဲ ဆိုတော့ ပါဠိလို နာနတ္တကာယဇကတ္တသညီ ခေါ်တယ်၊ နာနတ္တကာယဆိုတာ ရုပ်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အဆင်းသဏ္ဌာန်အမျိုးမျိုး၊ ဘဝအမျိုးမျိုးနဲ့ ဒါပေမယ့်ပဋိသန္ဓေစိတ်ကတော့ တစ်မျိုးတည်းပဲသွားတယ်။

ကာမသုဂတိဘုံကတော့ ကျွန်တော့်မှာ ပဋိသန္ဓေစိတ်(၉)မျိုးရှိတယ်၊ (၉)မျိုးထဲမှာအဟိတ်ကုသလဝိပါက်ဆိုတဲ့ဥပေက္ခာနဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတယ်၊ ဒီတော့ အဟိတ်ဆိုတဲ့ စိတ်မျိုးက အားမရှိဘူး၊ အ,လောဘလဲမရှိပါဘူး၊ ပဋိသန္ဓေနေတဲ့အချိန်မှာ အ,ဒေါသ စေတသိက်လဲ မပါဘူး၊ ပညာဆိုတဲ့အ,မောဟစေတသိတ် မပါဘဲနဲ့ ပဋိသန္ဓေနေတဲ့ လူ့ဘဝတော့ဖြစ်တယ်၊ ကုသလဝိပါက်မို့ လူ့ဘဝတော့ရတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေက မွေးကတည်းက ဆွံ့,အ, နေတယ်၊ အင်္ဂါ ချွတ်ယွင်းနေ

http://www.dhammadownload.com

တယ်၊ ပြင်မရတဲ့ပုဂ္ဂိုလ်တွေ၊ ဒီလို ပဋ္ဌိသန္ဓေစိတ်နဲ့ ဖွားတာ။

ကျန်တဲ့ပဋ္ဌိသန္ဓေရှစ်ပါးကတော့ မဟာ ဝိပါက်စိတ်နဲ့ မွေးတာ၊ မဟာဝိပါက် ပဋ္ဌိသန္ဓေစိတ်ဆိုတာ တိဟိတ်နဲ့ ဒွိဟိတ်ဆိုပြီး (၂)မျိုးခွဲထားတယ်၊ ဒွိဟိတ်ဆိုတာက မိမိပဋ္ဌိသန္ဓေ တည်တဲ့အချိန်မှာ အလောဘ၊ အ, ဒေါသစိတ်နှစ်ပါး ပါတယ်။ အ,မောဟ ဆိုတဲ့ ပညာစေတသိက် မပါဘူး။

အဲဒီလို ဒွိဟိတ်ပုဂ္ဂိုလ်တွေက ဒီဘဝမှာ မိမိကြိုးစားသော်လဲ ပါရမီဖြည့်ဖို့လောက်ပဲ ရတယ်၊ တိဟိတ် ပုဂ္ဂိုလ်တွေကတော့ ပဋ္ဌိသန္ဓေချိန်မှာ ပဋ္ဌိသန္ဓေ တည်ကတည်းက အ,လောဘလဲပါတယ်၊ အ,ဒေါသလဲ ပါတယ်၊ အ,မောဟ ဆိုတဲ့ ပညာစေတသိက်ပါ ပါလာတယ်၊ ပညာဆိုတာက ကျွန်တော်တို့ ဒီမှာ ဘီအေ၊ အမ်အေအောင်တာ ကိုပြောတာမဟုတ်ဘူး၊ သညာဆိုပါတော့ ဉာဏ် အမှတ်ကောင်းလို့ရတာ၊ ပဋ္ဌိသန္ဓေမှာပါတဲ့ ပညာစေတသိက် ဆိုတာကတော့ သူ့ဇာတိမှာကိုက သူများနဲ့ မတူဘူး၊ သိနိုင်စွမ်း သူ့မှာ ထက်တယ်။

ကျွန်တော်တို့ ဒီမှာသခ်ါရကို ရှုတယ်၊ အနိစ္စကို ရှုတယ်။ အနိစ္စကို သိနိုင်စွမ်းတဲ့ ဉာဏ်မျိုး သူ့မှာ

http://www.dhammadownload.com

ရှိတယ်၊ အဲဒါမျိုးကို တိဟိတ်ခေါ်တယ်၊ တိဟိတ် ပဋ္ဌိသန္ဓေ ပုဂ္ဂိုလ်တွေက (၄)မျိုး ရှိတယ်၊ ဒီဘဝမှာ ကြိုးစားရင် တစ်မဂ်တစ်ဖိုလ် ရနိုင်တယ်၊ သေချာ ပေါက်ရနိုင်တယ်၊ လာပြီး တရား အားထုတ်တယ် ဆိုကတည်းက ကိုယ်က တိဟိတ် ပဋ္ဌိသန္ဓေစိတ် မရှိဘဲနဲ့ ဒီတရားမျိုး သိပ်အားမထုတ်ချင်ကြဘူး၊ အင်မတန် ပင်ပန်းတာကိုး၊ ဒီလို ပဋ္ဌိသန္ဓေနဲ့ ယူဆ တော့ ကြိုးစားအားထုတ်လို့ရှိရင် အောင်မြင်မှာပါ။

နောက်ဆုံးပြောလိုက်ချင်တာကတော့ မြတ်စွာ ဘုရားတရားတော်ဟာ ရတောင့်ရခဲ တရားကို(၁၀) ရက်နဲ့ ကြိုးစားအားထုတ်လို့ရတာကို ဆက်ပြီးတော့ ကြိုးစားအားထုတ်ရမယ်။မိမိတို့ ဘဝကောင်း တယ်၊အခါလဲကောင်းတယ်၊ အချိန်ကလဲ ကောင်း တယ်၊ ကျန်းမာရေးနဲ့လဲ ပြည့်စုံတယ်၊ ကျန်းမာရေး နဲ့ ပြည့်စုံတုန်း ကိုယ်ကျင့်တရားကို ရင့်ကျက်သည် ထက်ရင့် ကျက်လာအောင် လုပ်သွားရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ကျန်းမာရေးနဲ့ မပြည့်စုံတဲ့အခါကျတော့ ဥပမာ–နာတယ်၊ ကျဉ် တယ်၊ ထုံတယ်စသည်ဖြင့် အင်မတန်ပင်ပန်းတဲ့ ဝေဒနာဖြစ်လာတဲ့အခါကျတရားထုံနေရင် သက် သက်သာသာ နေလို့ရတယ်၊ ရှုတတ်သွားရင် ရ

http://www.dhammadownload.com

တယ်၊ တရားသိပ်မထုံလို့ရှိရင်တော့ဝေဒနာက ဆွဲသွားရင် မနိုင်တော့ဘူး။

ဒီဌာနမှာတွေ့ဖူးတာကတော့ ကျွန်တော်တို့ ဆီမှာတရားထိုင်သွားပြီး တော်တော်လေးတရား တက်တဲ့ ကျွန်တော်တို့နဲ့အတူ ဆရာကြီး လက်ထက်က တရားစထိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးရှိပါတယ်။ တစ်လောက လေဖြတ်သွားတယ်၊ တော်တော်လေး ကြီးကြီးကျယ်ကျယ် လေဖြတ်တယ်၊ မလှုပ်နိုင်ဘူး၊ စကားမပြောနိုင်ဘူး၊ ဒီထိဖြစ်တယ်၊ ခုတော်တော်လေးကောင်းလာပြီ၊ကျွန်တော်တို့ ဖြစ်ခါစက သွားတော့ မထနိုင်ဘူး၊ မလှုပ်နိုင်ဘူးဆိုပေမယ့် **အင်္ဂါရုပ်ကမကျဘူး၊ မျက်နှာမညှိုးဘူး၊ မျက်နှာ** က ကြည်နေတာပဲ၊ အသားက ကြည်နေတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့တရားကတော်တော်လေးထုံနေတယ်၊ သူကမလှုပ်နိုင်ပေမယ့်တရား အာရုံလေးနဲ့ နေနိုင်စွမ်းရှိတယ်၊ ညည်းလည်း မညည်းဘူး၊ သာမည နဲ့တော့ ဝေဒနာတကယ် ဖြစ်လာပြီဆိုမခံနိုင်ဘူး၊ ဝေဒနာဘက်ပါသွားတယ်၊ တရားကိုကျင့်ထားရင် ဒီအခါမျိုးမှာ ကိုယ့်ကို အထောက်အပံ့ပေးပါတယ်၊ သက်သက်သာသာ နေနိုင်တယ်။

http://www.dhammadownload.com

အဲဒီတော့ ဒီလိုအခါမျိုးတွေကို လောကမှာ ဒီတရားအကျိုးပေးနိုင်တယ်၊ နေတတ်ထိုင်တတ် အောင်သူကကျင့်ပေး၊ကျင့်ပေးသွားတယ်၊ သေတဲ့ အခါမှာလဲ အသေကောင်းအောင်ကျင့်ပေးသွား တယ်၊အဲဒီတော့ ကြိုးစားပြီး အားထုတ်ကြပါလို့ ကျွန်တော်တို့က တိုက်တွန်းလိုက်ပါတယ်။

ဒီကနေ့ဆိုရင်ဒီတရားဌာနမှာတရားအား ထုတ်ကြတာ(၁၀) ရက်မြောက်နေ့ဆိုတော့ နောက် ဆုံးနေ့ပဲဖြစ်ပါတယ်။

ဒီတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို အထူးပြောပြလိုတာက ကိုယ်ရထားတဲ့တရား မပျောက်ပျက်ရအောင်၊ တိုးပွားအောင်၊ နေ့စဉ်မှန်မှန် ကန့်သတ်ပြီး တရားကို ဆက်လက်အားထုတ် သွားဖို့ပဲ ဖြစ်ပါတယ်။ကျွန်တော်တို့ကတော့ မျိုးကောင်းမျိုးသန့် မျိုးစေ့လေးကို ပေးလိုက်ပြီ၊ ဒီမျိုးစေ့လေးကို ဂရုစိုက်ပြီး ရှင်သန်အောင် လုပ်ဖို့က ကိုယ့်တာဝန်ပဲဆိုတာ သိထားရမယ်၊ အဲဒီ တရားအားထုတ်တဲ့အလုပ်ကို အစဉ်ပြုလုပ်တဲ့ အလုပ်မျိုး ဖြစ်လာအောင်ကြိုးစားရမယ်၊ ဒါကို အာစိဏ္ဏက ခေါ်တယ်။

ကိုယ်က ဒီတရားကို ထုံနေအောင် ကျင့်ထား

http://www.dhammadownload.com

မယ်ဆိုရင် သေပေါက်သေဝမှာဖြစ်တဲ့ အာသန္နကံ ဖြစ်ပြီး၊ စုတိစိတ် ကျသွားမယ်ဆိုရင် ကောင်းရာ သုဂတိရောက်မှာ သေချာပါတယ်။ဒီတော့ မဂ္ဂင် လမ်းကြောင်းအတိုင်း သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးကို ကျင့်ကြံ အားထုတ်သွားမယ်ဆိုရင် လောကမှာအနေလဲ တတ်သွားမယ်၊ အသေလဲ တတ်သွားမယ်။

အနေတတ်ဖို့ဆိုတာက သီလကို လုံအောင် ထိန်းပြီး ကာယက်၊ ဝစီကံအားဖြင့် ထိန်းရင် အကုသိုလ်မဖြစ်တော့ဘူး၊ မနောကံကိုတော့ သမာဓိနဲ့ထိန်းမှ လုံမှာဖြစ်တဲ့အတွက် စိတ်ကို သမာဓိနဲ့ ထိန်းရမယ်။

သမာဓိဆိုတာ စိတ်ကို တည်ငြိမ်စေတယ်၊ စိတ်ကိုဖုံးလွှမ်းနေတဲ့ နီဝရဏတရားတွေ ခွာပစ်နိုင်ပါတယ်၊ တစ်နည်းအားဖြင့် စိတ်ကိုဖုံးလွှမ်းနေတဲ့ အကုသိုလ် အညစ်တရားတွေ ခွာပစ်နိုင်ရပါတယ်၊ အကုသိုလ်ကင်းပြီး ကုသိုလ်တရားတွေ ဖြစ်အောင် နေထိုင်ရင်ဒါ အနေတတ်သွားပြီ၊ ချမ်းသာမှုရပြီ။

ပညာစခန်းတက်လှမ်းပြီးတော့ ဝိပဿနာ တရားအားထုတ်တဲ့အခါကျတော့ ပရမတ်တည်း

http://www.dhammadownload.com

ဟူသော ရုပ်နာမ်တို့၏ သဘောနဲ့အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ရဲ့လက္ခဏာလေးကိုကိုယ်တွေ့၊ဉာဏ်တွေ့ တွေ့လာရင် ဒုက္ခသစ္စာကို ပိုင်းခြားသိနိုင်ပြီး ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းတရားဖြစ်တဲ့သမုဒယတဏှာကိုလဲပယ်နိုင်မှာ ဖြစ်ပါတယ်။ နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာ ဖြစ်တဲ့အတွက် ပုထုဇဉ်အနွယ်မှ အရိယာဘဝကို ရောက်နိုင်ပါတယ်။ ဒါကြောင့်အသေတတ်သွားအောင် ဝိပဿနာတရားကို လိုရာခရီးရောက်တဲ့အထိ ပွားများ အားထုတ်ကြပါလို့ တိုက်တွန်း လိုက်ပါတယ်။

ဆရာ ဦးတင့်ရီ၊
ဆရာ ဦးဘဘိုး

http://www.dhammadownload.com